မြန်မာနိုင်ငံ ပရိယတ္တိ သာသနာဝင်

# တိပိဋကဓရ သာသနာ့အာဇာနည် ရဟန်းထူးများ




ဝိဇ္ဇာအထွေထွေဂုဏ်ထူး၊ မဟာဝိဇ္ဇာအမှတ်စဉ်အလိုက် ပထမဘွဲ့ထူးရ
ကဗျာဆရာ၊ စာရေးဆရာ၊ ကျမ်းပြုဆရာ စာပေသုတေသီ

**မောင်ပန်းမွှေး**

အချစ်ဂျာနယ်၊ ဝိဇ္ဇာမဂ္ဂဇင်း အယ်ဒီတာချုပ်၊ သာသနာ့အလင်းဂျာနယ် အယ်ဒီတာချုပ်
မြန်မာနိုင်ငံနယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်း(ဗဟို)
သတင်းနှင့်ပြန်ကြားရေးစာပေသုတေသနဌာန (ဌာနမှူး)
ယခင် ရန်ကုန်တက္ကသိုလ်၊ ပညာရေးတက္ကသိုလ် မြန်မာစာဌာန (မြန်မာစာဆရာ)


**စုစည်းပူဇော်သည်။**

၂၈၂၀၇
၉၂၂.၁၉၁
ပမ
၄-၅၀

## ဒို့တာဝန် အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမှတ် ၂၈၂၀၇
ရက်စွဲ ၈ . ၁ . ၁၄

ကမ္ဘာ့အကြီးဆုံး စာအုပ်ကြီးဖြစ်သော
စကားလုံးပေါင်း (၂၁) သန်း (၅) သိန်းကျော် (၂၁,၅၂၁,၈၁၉) ပါဝင်သည့်
ပိဋကတ်သုံးပုံ စာအုပ်ကြီးကို အာဂုံရေးဖြေ အောင်မြင်တော်မူသောကြောင့်
ကမ္ဘာမှာ မရှိ ၊ မြန်မာမှာသာ ရှိသည့် ရဟန်းထူး၊ ရဟန်းမြတ်များကို
မှတ်တမ်းတင်ထားသည့်

# မြန်မာနိုင်ငံ

# ပရိယတ္တိ သာသနာ့ဝင်

# တိပိဋကဓရ သာသနာ့အာဇာနည်

# ရဟန်းထူးများ

ဝိဇ္ဇာအထွေထွေဂုဏ်ထူး၊ မဟာဝိဇ္ဇာ အမှတ်စဉ်အလိုက် ပထမဘွဲ့ထူး ရ၊
ကဗျာဆရာ၊ စာရေးဆရာ၊ ကျမ်းပြုဆရာ စာပေသုတေသီ၊

## မောင်ပန်းမွှေး

အချစ်ဂျာနယ်၊ ဝိဇ္ဇာမဂ္ဂဇင်း အယ်ဒီတာချုပ်၊ သာသနာ့အလင်းဂျာနယ် အယ်ဒီတာချုပ်၊
မြန်မာနိုင်ငံ နယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်း (ဗဟို)
သတင်းနှင့်ပြန်ကြားရေး စာပေသုတေသန ဌာန၊ ဌာနမှူး
ယခင် ရန်ကုန်တက္ကသိုလ်၊ ပညာရေးတက္ကသိုလ် မြန်မာစာဌာန၊ မြန်မာစာဆရာ

## စုစည်း ပူဇော်သည်။

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၆၀၁၁၁၃၁၂၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၆၀၀၀၃၀၀၁၁၂ |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းမိုး(မြ-၀၃၉၀၀) |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဦးလှိုင်ဝင်းမိုး(အဋ္ဌာရသအော့ဖ်ဆက်)<br>အမှတ်-၁၅၉၊ ၃၉-လမ်း၊<br>ကျောက်တံတားမြို့နယ်။ |
| ထုတ်ဝေခြင်း | - | ပထမအကြိမ်<br>၂၀၁၂ ခုနှစ်၊ မေလ။ |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | ၄၀၀၀ ကျပ် |

မောင်ပန်းမွှေး ၂၉၄.၃

မြန်မာနိုင်ငံ ပရိယတ္တိသာသနာဝင်

တိပိဋကဓရသာသနာ့အာဇာနည်ရဟန်းထူးများ/

မောင်ပန်းမွှေး။ - ရန်ကုန်။

တော်ဝင်မြို့မစာပေ၊ ၂၀၁၂။

၂၂၁ စာ၊ ၁၈ . ၅ စင်တီ × ၂၆ . ၂ စင်တီ

(၁) မြန်မာနိုင်ငံ ပရိယတ္တိသာသနာဝင်

တိပိဋကဓရ သာသနာ့အာဇာနည်ရဟန်းထူးများ

# မာတိကာ


၁။ သတ္တမသင်္ဂါယနာကို ရည်မျှော်ပူဇော်လျက် နှစ်ပေါင်း (၂၅၀၀) ပရိယတ္တိ သာသနာ့သမိုင်း ၅

၂။ တိပိဋက သာသနာ့အာဇာနည် ပုဂ္ဂိုလ်ထူးကြီးများ ဖြစ်ပေါ်လာပုံ ၁၃

၃။ တိပိဋက စိတ်ကူးအစ သာသနာနုဂ္ဂဟက တိပိဋက ရွေးချယ်ပွဲအစ ဆာဦးသွင်က ၁၈

၄။ မျက်မြင်ကိုယ်တွေ့မှတ်တမ်း တိပိဋကဓရ ရွေးချယ်ပွဲကြီး ကျင်းပပုံ ၂၂

၅။ တိပိဋကဓရ ရှာပုံတော် ၂၉

၆။ ဝိနည်းငါးကျမ်း ပထမဆုံး အာဂုံဂုဏ်ထူးဆောင်၊ တိပိဋကဓရ ရွေးချယ်ပွဲမှ အဦးဆုံး အထူးဆုံး ပထမဆုံး ပေါ်ထွက်ခဲ့သော ဝိသိဋ္ဌဝိနယဓရဘွဲ့ရှင် ရှင်ပညာသာရ (၁၉၂၃ – ၁၉၇၇) ၃၅

၇။ (၁၉၅၃) ခုနှစ်၊ ပထမ တိပိဋကဓရ မင်းကွန်းဆရာတော်ကြီး ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ (၁၉၁၁ – ၁၉၉၃) ၄၉

၈။ (၁၉၅၉) ခုနှစ်၊ ဒုတိယ တိပိဋကဓရ ပခုက္ကူဆရာတော်ကြီး ဘဒ္ဒန္တနေမိန္ဒ (၁၉၂၈ – ၁၉၉၁) ၆၉

၉။ (၁၉၆၃) ခုနှစ်၊ တတိယ တိပိဋကဓရ ပြည်ဆရာတော်ကြီး ဘဒ္ဒန္တကောသလ္လ (၁၉၂၇ – ၁၉၉၅) ၈၃

၁၀။ (၁၉၇၂) ခုနှစ်၊ စတုတ္ထ တိပိဋကဓရ မဟာဂန္ဓာရုံဆရာတော်ကြီး ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ (၁၉၄၆ – ၂၀၀၆) ၉၅

၁၁။ (၁၉၀၄) ခုနှစ်၊ ပဉ္စမ တိပိဋကဓရ ယောဆရာတော်ကြီး ၁၀၉
ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (၁၉၄၃ ဖွား – သက်ရှိထင်ရှား)
၁၂။ (၁၉၉၄) ခုနှစ်၊ ဆဋ္ဌမ တိပိဋကဓရ ရေစကြိုဆရာတော်ကြီး ၁၂၁
ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ (၁၉၅၅ ဖွား – သက်ရှိထင်ရှား)
၁၃။ (၁၉၉၉) ခုနှစ်၊ သတ္တမ တိပိဋကဓရ မော်ကျွန်းဆရာတော်ကြီး ၁၃၇
ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ (၁၉၆၄ ဖွား – သက်ရှိထင်ရှား)
၁၄။ (၁၉၉၉) ခုနှစ်၊ အဋ္ဌမ တိပိဋကဓရ မြင်းမူဆရာတော်ကြီး ၁၅၁
ဘဒ္ဒန္တဝံသပါလာလင်္ကာရ (၁၉၆၅ ဖွား – သက်ရှိထင်ရှား)
၁၅။ (၂၀၀၀) ခုနှစ်၊ နဝမ တိပိဋကဓရ မြင်းခြံဆရာတော်ကြီး ၁၆၅
ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရ (၁၉၆၈ ဖွား – သက်ရှိထင်ရှား)
၁၆။ (၂၀၀၃) ခုနှစ်၊ ဒသမ တိပိဋကဓရ စွန်းလွန်းဆရာတော်ကြီး ၁၇၉
ဘဒ္ဒန္တသုန္ဒရ (၁၉၅၅ ဖွား – သက်ရှိထင်ရှား)
၁၇။ (၂၀၀၃) ခုနှစ်၊ ဧကာဒသမ တိပိဋကဓရ ရမ္မာဝတီဆရာတော်ကြီး ၁၉၁
ဘဒ္ဒန္တကုဏ္ဍလ (၁၉၆၀ ဖွား – သက်ရှိထင်ရှား)
၁၈။ (၂၀၀၉) ခုနှစ်၊ ဒွါဒသမ တိပိဋကဓရ စစ်ကိုင်းဆရာတော်ကြီး ၂၀၅
ဘဒ္ဒန္တအဘိဇာတာဘိဝံသ (၁၉၆၈ ဖွား – သက်ရှိထင်ရှား)
၁၉။ (၂၀၁၂) ခုနှစ် ၊ တေဒသမ တိပိဋကဓရ ဘုတလင်ဆရာတော်ကြီး ၂၁၅
ဘဒ္ဒန္တကုဏ္ဍာစရိယ (၁၉၆၄ ခု ဖွား – ယခု သက်ရှိထင်ရှား)

◆◆◆

**သတ္တမသင်္ဂါယနာကို ရည်မျှော် ပူဇော်လျက်**
**နှစ်ပေါင်း (၂၅၀၀) ပရိယတ္တိ သာသနာ့သမိုင်း**

၅၈၉ ဘီစီ ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် (၅၈၉) ဘီစီ၊ ဧပြီလ (၃၀) ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဘုရားရှင်အဖြစ်သို့ ရောက်တော်မူကြောင်း ကျွန်ုပ်တို့ သိပြီးဖြစ်ပါသည်။

၅၄၄ ဘီစီ ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီး (၅၄၄) ဘီစီ (၃) လအလွန် (၄) လမြောက်တွင် ရဟန္တာ မထေရ် (၅၀၀) တို့ ပထမသင်္ဂါယနာတင်ပွဲ ဆင်နွှဲခဲ့ကြသည်။ ထိုအခါက ရဟန္တာ မထေရ်တို့သည် ပိဋကတ်သုံးပုံကို နှုတ်တက်အာဂုံဆောင်တော်မူကြောင်း မှတ်တမ်း ရှိပြီး ဖြစ်ပါသည်။
(ထိုအချက်ကို တိပိဋက ပါဠိ-မြန်မာ အဘိဓာန် နိဒါန်းစာတမ်း၊ စာ-၁၉၊ ဦးယံ၏ ပိဋကတ်တော်သမိုင်း၊ စာ-၃၀၈၊ ဒေါက်တာတင်အောင်အေး၏ တိပိဋကသာသနာဝင်၊ စာ-၁၁ တို့တွင် အသေအချာ ပြဆိုထားပါသည်။)

၄၄၄ ဘီစီ ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီး အနှစ် (၁၀၀) မြောက်သောအခါ (၄၄၄) ဘီစီတွင် ဒုတိယသင်္ဂါယနာ တင်ခဲ့ကြပြန်သည်။ ထိုအခါလည်း ပိဋကတ်သုံးပုံ နှုတ်တက်အာဂုံဆောင်သော ရဟန္တာမထေရ် (၇၀၀) တို့ဖြင့် သင်္ဂါယနာတင်ခြင်း ဖြစ်သည်။

၃၀၉ ဘီစီ ၎င်းနောက် (၃၀၉) ဘီစီတွင် တတိယသင်္ဂါယနာ တင်ပြန်သောအခါ ရဟန္တာ မထေရ် (၁၀၀၀) တို့ သည် ပိဋကတ်သုံးပုံကို နှုတ်တက်အာဂုံဆောင်တော်မူကြောင်း သိရှိရသည်။ (မှန်နန်းရာဇဝင်ကြီး၊ ပထမတွဲ၊ စာ-၁၄၃ ကိုကြည့်၊ ဗုဒ္ဓနိုင်ငံ၊ အရှင်သံဝရာဘိဝံသ၏ စာအုပ်ကြီး၊ တတိယတွဲ၊ စာ-၂/၃ တို့တွင် ကြည့်)

၉၄ ဘီစီ (၉၄) ဘီစီတွင် စတုတ္ထသင်္ဂါယနာ တင်ပြန်သောအခါတွင်ကား ပိဋကတ်တော်ကို အာဂုံဆောင်ရန် ခဲယဉ်းကြတော့မည်ကို သိရှိကြသဖြင့် ရဟန္တာမထေရ်မြတ် (၅၀၀) တို့သည် ပေထက်အက္ခရာတင်တော်မူကြောင်း သိရှိရသည်။
(ထိုအချက်ကို ဒေါက်တာမြတ်မြတ်ထွန်း၏ ဆဋ္ဌသင်္ဂါယနာတင် မော်ကွန်းစာတမ်းကြီးတွင်လည်း ကြည့်ရှုနိုင်ပါသည်။)

၁၈၁၄ မင်းတုန်းမင်းကြီးလက်ထက် အေဒီ (၁၈၁၄-၁၈၇၈) ကာလတွင် ပဉ္စမသင်္ဂါယနာ တင်တော်မူသောအခါ ကျောက်ထက်အက္ခရာ တင်တော်မူခဲ့ကြသည်။
(စာတွေ့ မဟုတ်၊ ငါတွေ့အဖြစ် ရတနာပုံ မန္တလေး နေပြည်တော်ကြီးတွင် မန္တလေး တောင်ခြေ၌ ယခုတိုင် မြင်နိုင်ပါသေးသည်။)

၁၉၅၆ အေဒီ (၁၉၅၆) ခုနှစ်၊ သာသနာ (၂၅၀၀) တင်းတင်းပြည့်သော ကာလတွင် ဆဋ္ဌသင်္ဂါယနာ တင်တော်မူသောအခါ ပုံနှိပ်၊ ရွတ်ဆိုခြင်း နှစ်ပါးစုံဖြင့် တင်တော်မူခဲ့ကြသည်။

၁၉၄၂ ခရစ် (၁၉၄၂) ခုနှစ်တွင် သူဌေးကြီး သတိုးသီရိသုဓမ္မ ဆာဦးသွင်သည် ပိဋကတ်သုံးပုံ စာပြန်ပွဲများ ကျင်းပရန် ကြိုးစားခဲ့ကြောင်း သိရှိရပါသည်။

၁၉၄၇ ၎င်းနောက် (၁၉၄၇) ခုနှစ်၊ နိုဝင်ဘာလ (၁၃) ရက်နေ့တွင် ဝန်ကြီးချုပ်နေအိမ်၌ အစည်းအဝေးကျင်းပ၍ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီးကို ဆာဦးသွင်သည် ဦးဆောင် ဖွဲ့စည်းခဲ့ပါသည်။ ထိုအဖွဲ့ကြီး၏နာယကအဖြစ် သမ္မတကြီးက ဆောင်ရွက်ခဲ့၏။ ဥက္ကဋ္ဌအဖြစ် ဆာဦးသွင်က တာဝန်ယူခဲ့၏။
(၁၄-ကြိမ်မြောက်၊ တိပိဋကဓရ ရွေးချယ်ပွဲ နှစ်ချုပ်အစီရင်ခံစာ၊ စာ-၁၉၊ ဒေါက်တာတင်အောင်အေး၏ စာ-၆၆)

၁၉၄၉ ပထမအကြိမ် တိပိဋကရွေးချယ်ပွဲကို (၁၉၄၉) ခုနှစ်၊ ဖေဖော်ဝါရီလ (၃) ရက်၊ ကြာသပတေးနေ့တွင် စတင်ကျင်းပခဲ့သည်။

၁၉၄၉ ဒုတိယအကြိမ် ရွေးချယ်ပွဲကို (၁၉၄၉) ခုနှစ်၊ ဒီဇင်ဘာလ (၂၅) ရက်၊ တနင်္ဂနွေနေ့တွင် ကျင်းပခဲ့ကြပြန်သည်။ (တိပိဋကဓရ ရွေးချယ်ရေးသမိုင်း၊ စာ-၁၄/၁၅)

၁၉၅၁ တတိယအကြိမ် ရွေးချယ်ပွဲကို (၁၉၅၁) ခုနှစ်၊ ဇန်နဝါရီလ (၂၉) ရက်၊ တနင်္လာနေ့တွင် ကျင်းပခဲ့ပါသည်။

၁၉၅၁ စတုတ္ထအကြိမ် ရွေးချယ်ပွဲကို (၁၉၅၁) ခုနှစ်၊ ဒီဇင်ဘာလ (၂၃) ရက်၊ တနင်္ဂနွေနေ့တွင် ကျင်းပခဲ့ကြပါသည်။ တိပိဋကဓရ ရွေးချယ်ပွဲများကို ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်ကပင် ဆက်လက်တာဝန်ယူ ကျင်းပခဲ့၏။ (ယင်းစာ-၁၄/၁၅)

၁၉၅၃ ပဉ္စမအကြိမ်၊ ဆဋ္ဌမအကြိမ် ရွေးချယ်ပွဲများကို ဆက်လက်ကျင်းပခဲ့ကြ၏။ ဆဋ္ဌမအကြိမ် ရွေးချယ်ပွဲကို (၁၉၅၃) ခုနှစ်၊ ဒီဇင်ဘာလ (၂၀) ရက်၊ တနင်္ဂနွေနေ့မှစ၍ ရက်ပေါင်း (၃၂) ရက်တိုင်တိုင် ကျင်းပခဲ့ကြသည်။ ထိုအခါ ပိဋကတ်သုံးပုံအလုံးစုံကို အာဂုံရေးဖြေ နှစ်ထွေစလုံး ဂုဏ်ထူးဖြင့် အထူးအောင်မြင်တော်မူသော

မင်းကွန်း ဓမ္မနာဒဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ထေရ်အရှင်မြတ် ပွင့်ပေါ် ခဲ့ပါသည်။ (ဒေါက်တာတင်အောင်အေး၊ စာ-၆၉)

၁၉၆၀ ၎င်းနောက် (၁၉၆၀) ပြည့်နှစ်တွင် ကျင်းပသော ဒွါဒသမအကြိမ် ရွေးချယ်ပွဲတွင် ဘဒ္ဒန္တနေမိန္ဒ အရှင်မြတ်သည် ပိဋကတ်သုံးပုံ အာဂုံဂုဏ်ထူးနှင့် ရေးဖြေအလုံးစုံကို အောင်မြင်ပွင့်ပေါ်ခဲ့ပြန်ပါသည်။ (မောင်အုံ၊ မဟာဝိဇ္ဇာ၊ ဘုံဘော၊ ရွှေရတုတိပိဋကဓရ သာသနာ့အာဇာနည် ပုဂ္ဂိုလ်များ၊ ရွှေရတုစာစောင်၊ စာ-၁၈၅)

၁၉၆၀ (၁၉၆၀) ပြည့်နှစ်၊ ဩဂုတ်လ၊ ပါလီမန်တွင် တိပိဋကရွေးချယ်ရေးအဖွဲ့ အက်ဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။
(တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့ အက်ဥပဒေ၊ အမှတ်-၂၈၊ ၁၉၆၀ ပြည့်အကြောင်းကို ဒေါက်တာတင်အောင်အေး၏ စာ-၇၃ ကိုကြည့်)

၁၉၆၃ (၁၉၆၃) ခုနှစ်၊ ဒီဇင်ဘာလ (၂၉) ရက်၊ တနင်္ဂနွေနေ့မှစ၍ (၃၂) ရက်တိုင်တိုင် ကျင်းပသော (၁၆) ကြိမ်မြောက် တိပိဋကရွေးချယ်ပွဲကြီးတွင် အရှင်ကောသလ္လ အရှင်မြတ်သည် ပိဋကတ်သုံးပုံ အလုံးစုံ၏ အာဂုံရေးဖြေ စာမေးပွဲများ အောင်တော်မူခဲ့ပြန်ပါသည်။ တတိယမြောက် တိပိဋကဓရ ဆရာတော် ဖြစ်၏။
(၂၆- ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့ အစီရင်ခံစာကို ကြည့်)

၁၉၇၂ (၁၉၇၂) ခုနှစ်တွင် သာသနာရေးဦးစီးဌာနဟူ၍ စတင်ပေါ်ပေါက်ခဲ့ပါသည်။ (ဒေါက်တာတင်အောင်အေး၊ စာ-၇၄)

၁၉၇၄ (၁၉၇၄) ခုနှစ်တွင် (၂၆) ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီးကို ကျင်းပခဲ့ရာ အရှင်သုမင်္ဂလာလင်္ကာရသည် ပိဋကတ်သုံးပုံ အလုံးစုံကို ဖြေဆိုအောင်မြင်ခဲ့ပြန်၏။ စတုတ္ထမြောက် တိပိဋကဓရ ဆရာတော်ဖြစ်လာ၏။
(၁၆ ကြိမ်မှ ၂၆-ကြိမ်မြောက် နှစ်ချုပ်အစီရင်ခံစာများ၊ ဒေါက်တာတင်အောင်အေး၊ စာ-၇၄)

၁၉၈၀ (၁၉၈၀) ပြည့်နှစ်၊ မေလတွင် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး ပေါ်ပေါက်ခဲ့၏။

၁၉၈၁ (၁၉၈၁) ခုနှစ်၊ ဇွန်လ (၁၆) ရက်နေ့တွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးကြီးတွင် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲ စည်းမျဉ်းသစ်ကို အတည်ပြုခဲ့ကြပြန်သည်။

၁၉၈၂ (၁၉၈၂) ခုနှစ်မှစ၍ စည်းမျဉ်းသစ်နှင့်အညီ စတင်အကောင်အထည်ဖော်ခဲ့၏။ တိပိဋကဓရ ရွေးချယ်ပွဲကြီး ကျင်းပခဲ့ပြန်၏။

၁၉၈၄ (၁၉၈၄) ခုနှစ်၊ ဒီဇင်ဘာလ (၃၀) ရက်နေ့မှစ၍ (၃၇) ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ပွဲကြီးကို (၃၃) ရက်တိုင်တိုင် ကျင်းပခဲ့ပြန်၏။ ထိုအခါ ထိုနှစ်တွင် ပဉ္စမမြောက် တိပိဋကဓရ ဆရာတော်တစ်ပါး ပေါ်ထွန်းခဲ့ပြန်သည်။ ထိုဆရာတော်သည် အရှင်သီရိန္ဒာဘိဝံသ ဖြစ်၏။

၁၉၉၄ (၁၉၉၄) ခုနှစ်အထိ တိပိဋကရွေးချယ်ပွဲကြီးကို (၄၆) ကြိမ်တိုင်တိုင် သာသနာ့ရိပ်သာ ဖလ်ယဉ်ဓမ္မာရုံတွင် ကျင်းပခဲ့၏။ နောက်နှစ် (၁၉၉၅) ခုနှစ်မှစ၍ တိပိဋကဓရရွေးချယ်ပွဲကြီးကို သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်သို့ ရွှေ့ပြောင်းကျင်းပခဲ့၏။ (ဒေါက်တာတင်အောင်အေး၊ စာ-၇၇)

၁၉၉၅ (၁၉၉၅) ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့မှစ၍ (၃၃) ရက်တိုင်တိုင် ကျင်းပသော တိပိဋကဓရ ရွေးချယ်ပွဲကြီးတွင် အရှင်ဝါယာမိန္ဒာဘိဝံသ တည်းဟူသော ဆဋ္ဌမမြောက် တိပိဋကဓရဆရာတော် ပေါ်ထွန်းလာခဲ့ကြောင်း တွေ့ရှိရပါသည်။ (ယင်းစာ- ၇၇)

၁၉၉၇ (၁၉၉၇) ခုနှစ်၊ ဇန်နဝါရီလ (၇) ရက်နေ့မှစ၍ (၃၃) ရက်တိုင်တိုင် ကျင်းပသော (၄၉) ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ပွဲကြီးတွင် အရှင်ကောဏ္ဍည တည်းဟူသော ပိဋကတ်သုံးပုံ အာဂုံဆောင် တိပိဋကဓရ ရဟန်းထူးတစ်ပါး ပေါ်ထွန်းခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။
(အထူးမှတ်သားရန်မှာ ထိုဆရာတော်သည် ပိဋကတ်သုံးပုံ အာဂုံပြန်ဆိုစဉ်က သက်တော်-၅၅ နှစ်အရွယ်တော် ဖြစ်ပါသည်။ နောက်ထပ် ဆက်လက်ဖြေဆိုကြောင်း မှတ်တမ်းရှာမတွေ့သဖြင့် ထိုဆရာတော်ရှိရာ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မင်းကွန်းတောရကျောင်းတိုက်သို့ ရှာဖွေသွားရောက်၍ အရှင်ကောဏ္ဍည အရှင်မြတ်ကို သွားရောက်ရှာဖွေ ဖူးမြော်ခဲ့ပါသည်။ ဆရာတော်မှာ

ယခင်နှစ်များက ကျန်းမာရေးမကောင်းသဖြင့် ရေးဖြေ မဖြေဆိုနိုင်ခဲ့ကြောင်း သိရှိရပါသည်။ ယခုနှစ်တွင် ဝင်ရောက်ဖြေဆိုရန် ကြိုးပမ်းလျက်ရှိကြောင်း (၅. ၉. ၂၀၁၁) စနေနေ့က သိရှိခဲ့ရပါသည်။)

(ပျောက်ဆုံးနေသော တိပိဋကဓရ ဆရာတော်ကို ရှာဖွေတွေ့ရှိ ဖူးမြော်ခြင်း အကြောင်း၊ မြန်မာနိုင်ငံနယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်း၏ သာသနာ့အလင်းဂျာနယ်၊ အတွဲ-၁၊ အမှတ်-၂၁၊ စာ-၂ ကိုကြည့်)

၁၉၉၇ (၁၉၉၇) ခုနှစ်၊ ဒီဇင်ဘာလ (၂၈) ရက်နေ့မှစ၍ (၃၃) ရက်တိုင်တိုင်ကျင်းပသော အကြိမ် (၅၀) မြောက် ရွှေရတုတိပိဋကဓရ ရွေးချယ်ပွဲတွင် ပိဋကတ်သုံးပုံ အာဂုံ ဆောင် အရှင်မြတ် (၂) ပါး ပေါ်ထွန်းခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ ထို အရှင်မြတ်နှစ်ပါးမှာ အရှင်သီလက္ခန္ဓာဘိဝံသနှင့် အရှင်ဝံသပါလာလင်္ကာရ အရှင်မြတ်တို့ ဖြစ်ကြပါသည်။ ထိုအရှင်မြတ်တို့သည် တိပိဋကဓရ ဘွဲ့တံဆိပ်တော် ကို ခံယူရရှိကြပါသည်။

၁၉၉၉ (၁၉၉၉) ခုနှစ်တွင် ကျင်းပခဲ့သော (၅၂) ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ပွဲ ကြီးတွင်လည်း ပိဋကတ်သုံးပုံ အာဂုံရေးဖြေ နှုတ်ထွေစလုံး အောင်မြင်တော်မူသော အရှင်မြတ်နှစ်ပါး ပေါ်ထွန်းခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ ထိုအရှင်မြတ် နှစ်ပါးမှာ အရှင်သီလက္ခန္ဓာဘိဝံသ (မော်လမြိုင်ကျွန်း) နှင့် အရှင်ဝံသပါလာ လင်္ကာရ (မြင်းမူ) အရှင်မြတ်တို့ ဖြစ်ကြပါသည်။

၁၉၉၉ ထို (၁၉၉၉) ခုနှစ်မှာပင် အရှင်ဂန္ဓမာလာလင်္ကာရ (မြင်းခြံ) အရှင်မြတ်သည်လည်း ပိဋကတ်သုံးပုံ အာဂုံဆောင်စာမေးပွဲ အောင်မြင်တော်မူကြောင်း တိပိဋကဓရ ဘွဲ့တံဆိပ်တော် ခံယူကြောင်း ထူးခြားစွာ လေ့လာတွေ့ရှိရပါသည်။

၂၀၀၀ (၂၀၀၀) ပြည့်နှစ်တွင် ကျင်းပသော (၅၃) ကြိမ်မြောက် တိပိဋကဓရရွေးချယ်ပွဲ ကြီးတွင်ကား အာဂုံရေးဖြေ နှုတ်ထွေ အောင်မြင်တော်မူသော အရှင်မြတ် (၁) ပါး ပေါ်ထွန်းခဲ့ပါသည်။ ထိုအရှင်မြတ်သည် အရှင်ဂန္ဓမာလာလင်္ကာရ ဖြစ်ပါ၏။

၂၀၀၀ ထို (၂၀၀၀) ပြည့်နှစ်မှာပင် ထူးထူးခြားခြားအားဖြင့် ပိဋကတ်သုံးပုံ အာဂုံဆောင် အရှင်မြတ် (၂) ပါးလည်း ပေါ်ထွန်းလာခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ ထို

အရှင်မြတ် (၂) ပါးမှာ အရှင်ဣန္ဒပါလ (ရမ်းဗြဲ) နှင့် အရှင်သုန္ဒရ (မြိုင်) တို့ ဖြစ်ကြပါသည်။

၂၀၀၃ (၂၀၀၃) ခုနှစ်ရောက်ပြန်သောအခါ တိပိဋကဓရ စာမေးပွဲကြီးသည် (၅၆) ကြိမ် မြောက်ခဲ့ပြီ ဖြစ်ပါသည်။ ထိုနှစ်တွင် အာဂုံရေးဖြေ နှစ်ထွေစလုံး အောင်မြင်တော် မူသော ပိဋကတ်သုံးပုံဆောင် အရှင်မြတ် (၂) ပါး ထူးထူးခြားခြား ပေါ်ထွန်းခဲ့ ပါသည်။ ထိုအရှင်မြတ် (၂) ပါးမှာ အရှင်သုန္ဒရ (မြိုင်) နှင့် အရှင်ဣန္ဒပါလ (ရမ်းဗြဲ) တို့ ဖြစ်ကြကြောင်း လေ့လာတွေ့ရှိရပါသည်။

၂၀၀၃ ထို (၂၀၀၃) ခုနှစ်မှာပင် ထူးထူးခြားခြား တိုက်တိုက်ဆိုင်ဆိုင်ပင်လျှင် ပိဋကတ် သုံးပုံ အလုံးစုံ အာဂုံဆောင်တော်မူသော အရှင်မြတ် (၁) ပါး ပေါ်ထွန်းခဲ့ပါကြောင်း လေ့လာတွေ့ရှိရပါသည်။ ထိုအရှင်မြတ်မှာ အရှင်ဣန္ဒာစရိယ (ဘုတလင်) ဖြစ်ပါ သည်။

ဤသို့အားဖြင့် ပိဋကတ်သုံးပုံ အာဂုံဆောင်သည့် အရှင်မြတ်များလည်း ထူးထူး ခြားခြား ပေါ်ထွန်းခဲ့ပါသည်။ ထိုမျှသာမကသေး ပိဋကတ်သုံးပုံစလုံး အာဂုံရေးဖြေ နှစ်ထွေ အောင်မြင်တော်မူသော အရှင်မြတ်များလည်း ထူးထူးခြားခြား ပေါ်ထွန်း ခဲ့ပါသည်။ ဘယ်ခေတ်နှင့်မှမတူ ထူးခြားသော (၂၀) ရာစု ခေတ်သစ်ကာလဟု မှတ်တမ်းတင်ရမည် ဖြစ်ပါသည်။

၂၀၀၄ တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီးကို (၁၉၄၉) ခုမှစ၍ ပထမအကြိမ် ကျင်းပ ခဲ့ရာ (၂၀၀၄) ခုနှစ်သို့ ရောက်သောအခါ အကြိမ်ပေါင်း (၅၇) ကြိမ်အထိ ကျင်းပ ပြီးစီးခဲ့ကြောင်း သိရှိရပါသည်။

ဤတွင် ဒေါက်တာတင်အောင်အေး၏ သမိုင်းမှတ်စု သုတေသနကျမ်းအရ တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီးနှင့် စပ်လျဉ်း၍ (၂၀၀၄) ခုနှစ်အထိ ဘွဲ့ရ အရှင်မြတ်ပေါင်း ၉၀၄ ပါး ပေါ်ထွန်းခဲ့ကြောင်း ထူးထူးခြားခြား မှတ်တမ်းတွင် ဖတ်ရှုရပါသည်။

(၂၀၁၀) ပြည့်နှစ်၊ (၆၂) ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲတွင်ကား ဘဒ္ဒန္တအဘိဇာတာဘိဝံသ ဘွဲ့တော်ရှိသော ရဟန်းကျော်သည် တိပိဋကဓရ၊ တိပိဋကကောဝိဒ ဖြစ်တော်မူပါသည်။

(၆၃-ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ပွဲတွင် အောင်မြင်တော်မူကြသော သာသနာ့အာဇာနည် အရှင်သူမြတ်တို့၏ ထေရုပ္ပတ္တိများ၊ ၂၀၁၁-ခုနှစ်၊ သာသနာရေးဝန်ကြီးဌာန၊ ကမ္ဘာအေးပုံနှိပ်တိုက်၊ စာ-၈)

ခြုံငုံ၍ သုံးသပ်ရလျှင် တိပိဋကဓရ အရှင်မြတ်များတွင် အာဂုံရေးဖြေ နှစ်ထွေ နှစ်မျိုးစလုံး အောင်မြင်တော်မူကြသော တိပိဋကဓရ၊ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း ခံတော်မူရသော ထူးထူးခြားခြား ကမ္ဘာမှာ မရှိ၊ မြန်မာမှာသာရှိသည့် ဆရာတော်ကြီးများကို ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ခွဲခြားလေ့လာသောအခါ အောက်ပါအတိုင်း တွေ့ရှိရပါသည်။

(၁) မကွေးတိုင်းဒေသကြီး (၄) ပါး။
(၂) စစ်ကိုင်းတိုင်းဒေသကြီး (၃) ပါး။
(၃) မန္တလေးတိုင်းဒေသကြီး (၂) ပါး။
(၄) ပဲခူးတိုင်းဒေသကြီး (၁) ပါး။
(၅) ဧရာဝတီတိုင်းဒေသကြီး (၁) ပါး။
(၆) ရခိုင်ပြည်နယ် (၁) ပါး ဟူ၍ လေ့လာတွေ့ရှိရပါသည်။ စုစုပေါင်း (၁၂) ပါး ရှိ၏။ ထို (၁၂) ပါးသည် ကမ္ဘာမှာမရှိ မြန်မာမှာသာရှိသော တိပိဋကဓရ သာသနာ့အာဇာနည်များဖြစ်ကြောင်း ဂုဏ်ယူဝင့်ကြွားနိုင်ပါသည်။

မကွေးတိုင်းဒေသကြီးတွင် (၄) ပါး ရှိ၏ဆိုသည်မှာ -
(က) မြိုင်မြို့နယ်၊ ဆင်ကန်ရွာမှ ပခုက္ကူဆရာတော်လည်း (၁) ပါး။
(ခ) မြိုင်မြို့နယ်၊ ကျောက်တိုင်ရွာမှ စွန်းလွန်းဆရာတော်လည်း (၁) ပါး။
(ဂ) ဂန့်ဂေါမြို့နယ်၊ လက်ပံရွာမှ ယောဆရာတော်လည်း (၁) ပါး။
(ဃ) ရေစကြိုမြို့နယ်၊ ရွှေကျောင်းရွာမှ ရေစကြိုဆရာတော်လည်း (၁) ပါး ဟူ၍ လေ့လာတွေ့ရှိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးမှာ (၃) ပါး ရှိသည် ဆိုသည်မှာ -
(က) ဝက်လက်မြို့နယ်၊ အင်ကြင်းပင်ရွာမှ မဟာဂန္ဓာရုံဆရာတော်လည်း (၁) ပါး။
(ခ) ဝက်လက်မြို့နယ်၊ ဆင်နင်းရွာမှ စစ်ကိုင်းဆရာတော်လည်း (၁) ပါး။

(ဂ) မြင်းမူမြို့နယ်၊ ခွက်ခွင်းရွာမှ မြင်းမူဆရာတော်လည်း (၁) ပါး ဟူ၍ လေ့လာ တွေ့ရှိရပါသည်။

မန္တလေးတိုင်းဒေသကြီးမှာ (၂) ပါး ရှိသည်ဆိုသည်မှာ -
(က) မြင်းခြံမြို့နယ်၊ ကျည်းပင်ရွာမှ မင်းကွန်း ဆရာတော်လည်း (၁) ပါး။
(ခ) မြင်းခြံမြို့နယ်၊ ကျောင်းကုန်းရွာမှ မြင်းခြံဆရာတော်လည်း (၁) ပါး ဟူ၍ လေ့လာ တွေ့ရှိရပါသည်။

ပဲခူးတိုင်းဒေသကြီးမှာ (၁) ပါး ရှိသည် ဆိုသည်မှာ -
(က) ပြည်မြို့နယ်၊ ဝါးရုံဆိပ်ရွာမှ ပြည်ဆရာတော် ဟူ၍ လေ့လာတွေ့ရှိရပါသည်။

ဧရာဝတီတိုင်းဒေသကြီးမှာ (၁) ပါး ရှိသည်ဆိုသည်မှာ -
(က) မော်လမြိုင်ကျွန်းမြို့နယ်၊ ပန်းတော်စုရွာမှ မော်ကျွန်းဆရာတော်လည်း (၁) ပါး ဟူ၍ လေ့လာ တွေ့ရှိရပါသည်။

ရခိုင်ပြည်နယ်မှာ (၁) ပါး ရှိသည် ဆိုသည်မှာ -
(က) ရမ်းပြဲမြို့နယ်၊ မန်ကျည်းကျွန်းရွာမှ ရမ္မာဝတီဆရာတော်လည်း (၁) ပါးဟူ၍ လေ့လာတွေ့ရှိရ ပါသည်။

ဤသို့အားဖြင့် တိပိဋကဓရ အာဂုံရေးဖြေ နှစ်ထွေ အောင်မြင်တော်မူကြသော တိပိဋကဓရ၊ တိပိဋကကောဝိဒ အကျော်အမော် (၁၂) ပါးကို လေ့လာတွေ့ရှိရ ပါသည်။

ထို ပုဂ္ဂိုလ်ထူးများသည် ဖြစ်တောင့်ဖြစ်ခဲ၊ ကြုံတောင့်ကြုံခဲ ထွန်းပေါက်အောင်မြင် တော်မူသော သာသနာ့အာဇာနည် သူရဲကောင်းများဖြစ်ကြောင်း မှတ်တမ်းတင်ရ ပေမည်။ ထို မဟာထေရုပ္ပတ္တိသည်ပင်လျှင် (၂၀) ရာစု မြန်မာနိုင်ငံတော်ကြီး၏ ပရိယတ္တိ သာသနာဝင် တိပိဋကဓရ သာသနာ့အာဇာနည်များ ဖြစ်ကြောင်း ခိုင်ခိုင်မာမာ ပြောဆိုနိုင်ပါသည်။

## တိပိဋက သာသနာ့အာဇာနည် ပုဂ္ဂိုလ်ထူးကြီးများ ဖြစ်ပေါ်လာပုံ

၁၉၇၈ တိပိဋက သာသနာ့အာဇာနည်ပုဂ္ဂိုလ်ထူးများအကြောင်းကို ရှာဖွေရာတွင် ရန်ကုန်မြို့၊ ဗုဒ္ဓဓမ္မလောကစာစောင် အယ်ဒီတာချုပ် မင်္ဂလာဦးအောင်မြင့်၏ ထောပနာစာတမ်းကြီးကို ကျွန်ုပ်တို့ လေ့လာတွေ့ရှိရပါသည်။ ထိုစာတမ်းမှာ (၁၉၇၈) ခုနှစ်တုန်းက ပြည်မြို့နယ်လုံးဆိုင်ရာ တိပိဋကဓရ အရှင်မြတ်လေးပါး ပူဇော်ရေးအဖွဲ့က တိပိဋကဓရ သာသနာ့အာဇာနည်လေးပါး ချီးကျူးပူဇော်ပွဲကို (၁၉၇၈) ခု၊ ဧပြီလ (၈) ရက်၊ စနေနေ့က ပြုလုပ်ခဲ့စဉ်က ဆရာကြီးမင်္ဂလာဦးအောင်မြင့် ရေးခဲ့သော စာတမ်းကြီးဖြစ်သည်။ လောကီလောကုတ် ကျွမ်းကျင်သော ထိုဆရာကြီး၏ အမြင်သည် အလွန်စေ့စပ်သေချာသဖြင့် ကျွန်ုပ်က ကံကောင်းထောက်မစွာ ကိုးကားဖော်ပြပါမည်။ ဆရာကြီး၏ အဆိုအမိန့်ကို ကြည့်ပါ။

### ဗုဒ္ဓရှေ့လက်ထက်တော်က

၅၈၉ ဘီစီ "တိပိဋကဓရ သာသနာ့အာဇာနည်ပုဂ္ဂိုလ်ထူးတို့ ပေါ်ပေါက်လာပုံကို မပြောမီ စကားပလ္လင်အနေအားဖြင့် ဗုဒ္ဓမြတ်ဘုရား ရှေ့လက်ထက်တော်က သာသနာ တည်လာပုံကို အနည်းငယ် ပြောပြလိုပါတယ်။ ဗုဒ္ဓမြတ်စွာဘုရားဟာ သဗ္ဗညုတရွှေဉာဏ်တော်ကို ရတော်မူပြီးတဲ့နောက် ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားကို ဟောတော်မူပြီးတဲ့အခါမှာ ဗုဒ္ဓ-ဓမ္မ-သံဃာရယ်လို့ ရတနာမြတ်သုံးပါး ပေါ်လာပါပြီ။ ဒီအချိန်မှာပဲ ပရိယတ္တိသဒ္ဓမ္မ၊ ပဋိပတ္တိသဒ္ဓမ္မ၊ ပဋိဝေဓသဒ္ဓမ္မဆိုတဲ့ သဒ္ဓမ္မသုံးဖြာ သာသနာသုံးရပ် ပေါ်လာပါပြီ။

(ကျမ်းကိုး။ ပြည်မြို့နယ်လုံးဆိုင်ရာ တိပိဋကဓရ အရှင်မြတ်လေးပါးအား ပူဇော်ရေးအဖွဲ့၊ တိပိဋကဓရသာသနာ့ အာဇာနည်လေးပါး၏ ထေရုပ္ပတ္တိအကျဉ်းနှင့် ချီးကျူးပူဇော်ပွဲမှတ်တမ်း၊ ၁၉၇၈ ခု၊ ဧပြီလ၊ ၈ ရက်၊ စာ-၁၅)

၅၈၈ ဘီစီ ဗုဒ္ဓမြတ်ဘုရား မိဂဒါဝုန်မှာ ပထမဝါကပ်လို့ သီတင်းဝါလ ကျွတ်တော်မူတဲ့အခါမှာတော့ ဗုဒ္ဓသာသနာတော်မှာ - ဗုဒ္ဓမြတ်ဘုရား (၁)၊ ပဉ္စဝဂ္ဂီ (၅)၊ ယသသူဌေးသား (၁)၊ ယသ၏သူငယ်ချင်း သူဌေးသား (၄)၊ ယသ၏သူငယ်ချင်း ဇနပုဒ်သား (၅၀) ပေါင်း (၆၁) ပါး။ သာသနာတော်မှာ တည်ရှိတော်မူတဲ့ အခါဖြစ်ပါတယ်။ ဗုဒ္ဓမြတ်ဘုရားက ရဟန္တာ (၆၀) ပါးတို့ကို ခေါ်တော်မူကာ နတ်လူတို့၏ အကျိုးငှာ သာသနာပြုစေလွှတ်ခဲ့ပါတယ်။ ဒီတုန်းက ဗုဒ္ဓမြတ်ဘုရားက 'ချစ်သားတို့ အစ၊

အလယ်၊ အဆုံးတို့၌ ကောင်းခြင်းရှိတဲ့အနက် သဒ္ဒါနဲ့ ပြည့်စုံတဲ့တရားတို့ကို ဟောကြ၊ အလုံးစုံ ပြည့်စုံသော ထက်ဝန်းကျင် စင်ကြယ်သော အကျင့်ကိုလည်း ပြကြ၊ မြတ်သောအကျင့်ကိုလည်း ပြကြ'လို့ ဩဝါဒပေးတော်မူလိုက်ပါတယ်။ (ယင်းကျမ်း၊ စာ-၁၆)

ဒီတော့ကာ ဗုဒ္ဓမြတ်ဘုရား၏ တရားတော်တို့ကို နာကြားလိုက်ရတဲ့သူတွေထဲက ပဋိသမ္ဘိဒါပတ္တ ရဟန္တာကြီးတွေ၊ ဆဠဘိည ရဟန္တာကြီးတွေ၊ တေဝိဇ္ဇာ ရဟန္တာကြီးတွေ၊ တိပိဋကဓရ ပုဂ္ဂိုလ်ထူးကြီးတွေ၊ အနာဂါမ်ပုဂ္ဂိုလ် သကဒါဂါမ်ပုဂ္ဂိုလ် သောတာပန်ပုဂ္ဂိုလ်တွေ ဖြစ်ကုန်ကြပါတယ်။ ဗုဒ္ဓမြတ်ဘုရား ဟောကြားသမျှ တရားတော်တို့ကို မှတ်မိကြတဲ့ ပုဂ္ဂိုလ်တွေကများလို့ စာနဲ့ပေနဲ့ ရေးမှတ်ထားဖို့ရာ မလိုတဲ့ခေတ်ပေါ့ခင်ဗျာ။ (ယင်းကျမ်း၊ စာ-၁၆)

**သင်္ဂါယနာ သုံးတန်မှာ တိပိဋကဓရ ပုဂ္ဂိုလ်ထူးများ ရှိသေးခြင်း**

ဗုဒ္ဓမြတ်ဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူပြီးတဲ့နောက် လေးလမြောက် ပထမသင်္ဂါယနာတင်တဲ့အခါ၊ နှစ်တစ်ရာမြောက် ဒုတိယသင်္ဂါယနာတင်တဲ့အခါ၊ နှစ်နှစ်ရာသုံးဆယ့်ငါးနှစ်မြောက် တတိယသင်္ဂါယနာတင်တဲ့အခါတို့မှာတောင် ပဋိသမ္ဘိဒါပတ္တ၊ ဆဠဘိည၊ တေဝိဇ္ဇ၊ တိပိဋကဓရ ရဟန္တာကြီးများ သာသနာတော်မှာ ရှိတော်မူသေးလို့ စောစောက ကျွန်တော်ပြောခဲ့တဲ့ ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ် ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်တို့ကို စာနဲ့ပေနဲ့ ရေးမှတ်ထားခြင်း မရှိသေးပဲ ရဟန္တာမထေရ်ကြီးများရဲ့ နှလုံးသားမှာပဲ ကိန်းဝပ်စံပယ်လျက် ရှိပါသေးတယ်။ (ယင်းကျမ်း၊ စာ-၁၇)

**ပေထက်အက္ခရာတင်ခြင်း**

၈၇ ဘီစီ သာသနာ လေးရာ့ငါးဆယ်ခုနစ် စတုတ္ထသင်္ဂါယနာတင်ခေတ်ရောက်တဲ့အခါကျတော့ ပိဋကတ်သုံးပုံကို အာဂုံဆောင်နိုင်သူ နည်းပါးလို့ ပိဋကတ်သုံးပုံကို မပျောက်ပျက်ရအောင် လေးလေးနက်နက် ဆောင်ရွက်စောင့်ရှောက်လိုသော ပုဂ္ဂိုလ်တို့က မိမိတို့ စွမ်းဆောင်နိုင်သမျှ တစ်ကိုယ်တစ်ပုံစီ၊ နှစ်ပုံစီ၊ တစ်ကျမ်းစီ၊ နှစ်ကျမ်းစီ စသည်ဖြင့် အာဂုံနှုတ်တက် ဆောင်ရွက်နေတော်မူကြကာ သီဟိုဠ်ကျွန်း၊ ဝဋ္ဋဂါမဏိမင်းလက်ထက်မှာ ပေအက္ခရာ တင်တော်မူကြလေသည်လို့ ပိဋကပါရဂူ ဆရာကြီး ဦးလင်းက မှတ်တမ်းပြုခဲ့ပါတယ်။ (ယင်းကျမ်း၊ စာ-၁၇)

**ပဉ္စမသင်္ဂါယနာခေတ်က တိပိဋကဓရ ပုဂ္ဂိုလ်**

၁၈၇၁ မြန်မာပြည် သာသနာရောက်လို့ မင်းတုန်းမင်းတရားကြီးလက်ထက်မှာ သာသနာ (၂၄၁၅) ခုနှစ်၊ ကောဇာသက္ကရာဇ် (၁၂၃၃) ခုနှစ်တွင် ဇာဂရာဘိဝံသ တိပိဋကဓရ မဟာဓမ္မရာဇာဓိ ရာဇဂုရုဆရာတော် သုမင်္ဂလသာမိ သိရီပဝရ မဏိဇေ မဟာဓမ္မရာဇာဓိရာဇဂုရု မြင်းဝန်တိုက် ဆရာတော်နှင့် နရိန္ဒာဘိ သီရိသဒ္ဓမ္မ ဇောတိပါလ မဟာဓမ္မရာဇာဓိ ရာဇဂုရု ဆီးပန်းနီဆရာတော်တို့ အမှူးပြုသော သံဃာတော် နှစ်ထောင်ကျော်တို့က ပဉ္စမသင်္ဂါယနာတင်တော်မူခဲ့တယ်ဆိုတဲ့ သာသနာမှတ်တမ်း များအရ ပဉ္စမသင်္ဂါယနာခေတ်မှာ တိပိဋကဓရပုဂ္ဂိုလ် တည်ရှိပါသေးတယ်လို့ မှတ်ယူရပါတယ်။ (ယင်းကျမ်း၊ စာ-၁၇)

**ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီး ပေါ်လာခြင်း**

၁၉၄၇ မြန်မာပြည်လွတ်လပ်ရေးကြီးရတဲ့အခါမှာ ဗုဒ္ဓသာသနာတော်ကို လွတ်လပ်သော မြန်မာပြည်သားများအနေနဲ့ ထူးထူးခြားခြား မြင့်မြင့်မားမား ကိုးကွယ်ဖို့ရန် အလေး အနက်ထားပြီး စဉ်းစားကြတဲ့ ပုဂ္ဂိုလ်တွေထဲမှာ သူဌေးကြီး သတိုးသီရိသုဓမ္မ ဆာဦးသွင်ဟာ တစ်ဦးအပါအဝင် ဖြစ်ခဲ့ပါတယ်။ ဆာဦးသွင်ဟာ ဆန္ဒတူ၊ သဘောတူတဲ့ပုဂ္ဂိုလ်တွေကို စုဝေးပြီး ဗုဒ္ဓမြတ်စွာရဲ့ ပရိယတ္တိသာသနာတော်ကို အစွမ်းကုန် ချီးမြှောက်ရေး၊ ပဋိပတ္တိသာသနာတော်ကို အစွမ်းကုန် ချီးမြှောက်ရေး ဆိုတဲ့ ဦးတည်ချက်နှစ်ရပ်အရ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီးကို (၁၉၄၇) ခုနှစ်မှာ စတင်တည်ထောင်ခဲ့ပါတယ်။ (ယင်းကျမ်း၊ စာ-၁၈)

**တိပိဋကဓရ သာသနာ့အာဇာနည် ရွေးပွဲကြီး**

ပရိယတ္တိသာသနာတော်ကို အစွမ်းကုန်ချီးမြှောက်ဖို့ရာ တိပိဋကဓရ ရွေးချယ်ရေး အဖွဲ့ခွဲတစ်ဖွဲ့ဖွဲ့ပြီး သတိုးသီရိသုဓမ္မ ဆာဦးသွင်က ဥက္ကဋ္ဌ၊ ပထမကျော် ဦးကြီးဖေ က အကျိုးတော်ဆောင်အဖြစ် ပါဝင်ပြီး ခြောက်ထပ်ကြီးဘုရားကြီးဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဦးကောဏ္ဍည အမှူးပြုတဲ့ နာယကဆရာတော်ကြီး ကိုးပါးတို့၏ ဩဝါဒတော်ကိုနာယူကာ ပထမအကြိမ် တိပိဋကဓရ ရွေးချယ်ပွဲကြီးကို ကျင်းပ ဖို့ရာ ကြေညာခဲ့ပါတယ်။ (ယင်းကျမ်း၊ စာ-၁၈)

ဒီတုန်းက ဆန္ဒမတူကြတဲ့ ပုဂ္ဂိုလ်များက (၁) တိပိဋကဓရ ရွေးချယ်ပွဲလည်း ဖြစ်မှာ မဟုတ်ပါဘူး။ (၂) ဝင်ရောက်ဖြေဆိုမယ့် ပုဂ္ဂိုလ်လည်း ရှိမှာမဟုတ်ပါဘူး။

(၃) အောင်မယ့်ပုဂ္ဂိုလ်လည်း ရှိမှာမဟုတ်ပါဘူးလို့ စကားဦးသန်းကြပါသေးတယ်။ သန်းမယ်ဆိုရင်လည်း သန်းနိုင်ဖွယ်ရာရှိပါတယ်ခင်ဗျား။ စာမျက်နှာ ရှစ်ထောင်ကျော်ကို အာဂုံနှုတ်တက် ပြန်နိုင်မယ့်ပုဂ္ဂိုလ်ပေါ်လာဖို့ရာ ဆိုတာကတော့ လွယ်ကူတဲ့ အလုပ်မဟုတ်ပါဘူး။ (ယင်းကျမ်း၊ စာ-၁၈)

အရှင်အာနန္ဒာ ရတော်မူတဲ့ ဓမ္မဘဏ္ဍာဂါရိကဘွဲ့ကို နိုင်ငံတော်အစိုးရက ဒီအရှင်မြတ်လေးပါးကို ဆက်ကပ်ထားတာဖြစ်ပါတယ်။ ဗုဒ္ဓမြတ်ဘုရား ရှေ့လက်ထက်တော်တုန်းက ပုဏ္ဏားတစ်ယောက်က ဗုဒ္ဓမြတ်ဘုရားအား
"တပည့်တော်တို့သည် ဗုဒ္ဓမြတ်ဘုရားကို သက်တော်ထင်ရှား ဖူးတွေ့နေရလို့ ကိုးကွယ်ပူဇော်ရန် လွယ်ကူပါသည်။ သံဃာတော်ကိုလည်း သက်တော်ထင်ရှား ဖူးတွေ့နေရလို့ ပူဇော်ရန်လွယ်ကူပါသည်။ တရားတော်ကိုမူ အထင်အရှား မမြင်ရသောကြောင့် ပူဇော်ရန် ခက်ခဲပါသည်။ မည်သို့ ပူဇော်ရပါအံ့နည်း"လို့ လျှောက်ထားပါတယ်။

ဒီတော့ ဗုဒ္ဓမြတ်ဘုရားက "အာနန္ဒာသည် ပိဋကတ်နှုတ်ငုံဆောင် ဓမ္မဘဏ္ဍာဂါရိကဖြစ်သည်။ အာနန္ဒာအား ပူဇော်လော့။ အာနန္ဒာအား ပူဇော်လျှင် တရားတော်ကို ပူဇော်သည်မည်တယ်"လို့ အမိန့်ရှိပါတယ်။

(ပြည်မြို့နယ်လုံးဆိုင်ရာ တိပိဋကဓရ အရှင်မြတ်လေးပါးအား ပူဇော်ရေးအဖွဲ့၊ တိပိဋကဓရ သာသနာ့အာဇာနည်လေးပါး၏ ထေရုပ္ပတ္တိအကျဉ်းနှင့် ချီးကျူးပူဇော်ပွဲမှတ်တမ်း၊ ၁၉၇၈ ခု၊ ဧပြီလ ၈ ရက်၊ စာ-၂၇)



ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ကြီး၏ ဥက္ကဋ္ဌ သတိုးသီရိသုဓမ္မဆရာဦးသွင်

## တိပိဋက စိတ်ကူးအစ သာသနာနုဂ္ဂဟက
## တိပိဋက ရွေးချယ်ပွဲအစ ဆာဦးသွင်က

တိပိဋက ပုဂ္ဂိုလ်များဇာတ်လမ်းအစကို ပြောပြရလျှင် မော်လမြိုင်သားသူဌေးကြီး သတိုးသီရိသုဓမ္မ ဆာဦးသွင်က စရပေလိမ့်မည်။ ထိုစိတ်ကူးမျိုး ပေါ်သည်မှာလည်း အခြားသူများ ရှိကောင်းရှိပေလိမ့်မည်။ သို့သော်လည်း ပေါ်ပေါ်လွင်လွင် ထင်ထင်ရှားရှား တိုင်းသိ၊ ပြည်သိဖြစ်အောင်လုပ်သူကား သူဌေးကြီး ဆာဦးသွင်ကသာလျှင် အဦးအစ ဖြစ်ပေသည်ဟု ဆိုထိုက်ပါသည်။ ထိုအချက်ကို အောင်သပြေ (တိပိဋကဓရ စာမေးပွဲဌာန) ၏ စုံစမ်းလေ့လာချက်များအရ ခိုင်လုံစွာ သိရှိရပေသည်။ ဓမ္မစာရေးဆရာ အောင်သပြေက တိပိဋက ရွှေရတုစာစောင်တွင် ပြန်လည်တင်ပြသည်မှာ သမိုင်းသုတေသီများအတွက်သော်လည်းကောင်း၊ သာသနာဝင် ကျမ်းပြုများအတွက်သော်လည်းကောင်း၊ မျိုးဆက်သစ်များအတွက်သော်လည်းကောင်း၊ ခေတ်ပြိုင်အဖြစ်မှန် အထောက်အထားတစ်ရပ်အဖြစ် မှတ်ယူရပါမည်။ ထိုအချက်ကို ပြန်လည်တင်ပြပါမည်။

မြန်မာနိုင်ငံတော်ကြီး လွတ်လပ်ရေးမရမီ (၁၀) နှစ်လောက်ဆီက သူဌေးကြီး ဆာဦးသွင်နှင့် သူဌေးကတော် ဒေါ်ဒေါ်သိန်းတို့ မိသားစုသည် သီဟိုဠ် (ယခု သီရိလင်္ကာနိုင်ငံ) ရှိ ဗုဒ္ဓစွယ်တော်ကို ဖူးမြော်ရန် သီဟိုဠ်နိုင်ငံသို့ သွားရောက်ကြလေသည်။ ထိုစဉ်အခါ စွယ်တော်မြတ်ကို မဖူးမီ စွယ်တော်လုံခြုံရေး တာဝန်ရှိ အကြီးအကဲပုဂ္ဂိုလ်တစ်ဦးနှင့် ဆာဦးသွင်တို့ တွေ့ဆုံ၍ နှုတ်ဆက်စကား၊ စပ်မိစပ်ရာစကားပြောကြရာ စွယ်တော်တာဝန်ရှိ ပုဂ္ဂိုလ်ကြီးက "ခင်ဗျားတို့ မြန်မာနိုင်ငံမှာ စာတတ်ပုဂ္ဂိုလ်၊ ကျမ်းတတ်ပုဂ္ဂိုလ်၊ ကျမ်းပြုပုဂ္ဂိုလ်တွေကတော့ ပေါပါတယ်။ သို့သော်လည်း တိပိဋကဓရ ပုဂ္ဂိုလ်ရယ်လို့ မကြားဖူးပါ" ဟု ပြောရာ "ဟုတ်ကဲ့ . . ကျွန်တော်တို့လည်း မကြားဖူးပါ" ဟု ဆာဦးသွင်စိတ်ထဲတွင် အောင့်သက်သက်ဖြင့် ဝန်ခံအဖြေပေးခဲ့ရလေသည်။ (ပထမဦးဆုံး ဝိသိဋ္ဌဝိနယဓရ၊ အောင်သပြေ (တိပိဋကဓရ စာမေးပွဲဌာန)၊ ရွှေရတုစာစောင်၊ စာ-၁၆၂)

ဗုဒ္ဓမြတ်စွယ်တော်ကို အားရကြည်နူးစွာ ဖူးမြော်ကန်တော့ရင်း "တပည့်တော်တို့ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပါက အမြင့်ဆုံးဖြစ်သော တိပိဋကဓရ စာတော်ပြန်ပွဲကြီးကို ကျင်းပပူဇော်နိုင်ရပါလို၏" ဟု ဆုတောင်းခဲ့လေသည်။
(ယင်းကျမ်း၊ စာ-၁၆၂)

ထို့အပြင် ပါဠိဆရာကြီး ဆရာဝကိုလည်း ထိုသီဟိုဠ်နိုင်ငံသားတို့ကပင် "ဗုဒ္ဓသာသနာ အထွန်းကားဆုံးပါ ဆိုတဲ့ ခင်ဗျားတို့နိုင်ငံမှာ တိပိဋကဓရ ပုဂ္ဂိုလ်ကျော်များ ပေါ်ပေါက်ဖူးပါသလား" ဟု မေးမြန်းဖူးရာ "တိပိဋကဓရ မပေါ်ပေါက်ဖူးကြောင်း"ကိုသာ ဖြေကြားရလေသည်။ ယင်းသို့ ဖြေနေကြရသည်ကိုပင် ဆာဦးသွင်စိတ်ထဲ အစဉ်အမြဲ ဝမ်းနည်းလျက် မသက်မသာ ဖြစ်နေခဲ့လေ၏။
(ယင်းကျမ်း၊ စာ-၁၆၂)

မြန်မာနိုင်ငံသို့ ဂျပန်များမဝင်မီ တစ်နှစ်ခန့်က ဤသို့ တွေးတောကြံစည်ခဲ့လေ၏။ 'မြတ်စွာဘုရား ဟောကြားထားသည့် တရားတော်များကို သက်ဝင်ယုံကြည်၍ ကံ ကံ၏အကျိုးတရားများကို ကျင့်ကြံကြလိမ့်မည်။ သို့ဖြစ်၍ မြတ်စွာဘုရား ဟောကြားတော်မူသည့် သုံးပုံသော ပိဋကတ်၊ ပရိယတ်တရားတော်များ ပြန့်ပွားဖို့လိုသည်။ ပိဋကတ် တစ်ပုံဖြစ်စေ၊ နှစ်ပုံဖြစ်စေ၊ သုံးပုံလုံးကိုဖြစ်စေ ပြန်ဆိုနိုင်သည့် ပိဋကတ်သုံးပုံ စာပြန်ပွဲကြီး ကျင်းပရလျှင် ကောင်းမှာပဲ၊ ပိဋကတ်သုံးပုံ ပြန်ဆိုနိုင်သည့် ပုဂ္ဂိုလ်ပေါ်ပေါက်လာပါက ဆဋ္ဌသင်္ဂါယနာတင်၍ သာသနာတော်မြတ်ကြီးကို ချီးမြှောက်ရလျှင် ကောင်းမှာပဲ' ဟု ကြံစည်ခဲ့လေသည်။
(ယင်းကျမ်း၊ စာ-၁၆၃)

ယင်းသို့ ဖြစ်ပေါ်လာသည့် အကြံအစည်များကို မိမိ ရဟန်းခံထားသည့် ဓမ္မနာဒ ဆရာတော်ဖြစ်စ အရှင်ဝိစိတ္တသာရာဘိဝံသအား ဖွင့်ဟလျှောက်ထားလေရာ ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသက ဘာမျှမပြော တုဏှိဘော နေခဲ့လေ၏။ ထို့နောက် အဂ္ဂမဟာပဏ္ဍိတ ဆရာကြီးဦးလင်းအား ဖွင့်ဖော်ပြောကြားရာ "သူဋ္ဌေးကြီးရယ် ပိဋကတ်သုံးပုံ စာပြန်ပွဲ ကျင်းပဖို့ရော ဆဋ္ဌသင်္ဂါယနာတင်ဖို့ဆိုတာတွေဟာ အလွန်ကြီးကျယ်ပါတယ်။ ကျွန်တော့်ဉာဏ် တစ်ဉာဏ်တည်းနဲ့ လုံလောက်မည် မဟုတ်ပါ။ မြန်မာနိုင်ငံ အထက်အောက်မှာ ပညာရှိ သာသနာ့ဝန်ဆောင် ဆရာတော်တွေ ရှိပါတယ်။ ဆရာတော်များထံမှ အကြံဉာဏ်တောင်း၍ ပြန်ကြားစာရရှိပါက ကျွန်တော် ဝေဖန်ဆောင်ရွက်ပါမယ်" ဟု ပြန်ပြောခဲ့လေသည်။

၁၉၄၂ ထို့နောက် ဂျပန်များဝင်ရောက်နေချိန် ၁၉၄၂ ခုနှစ်လောက်တွင်လည်း ဆရာလင်းအား ဒုတိယအကြိမ် တိုင်ပင်ပြန်ရာ ဆရာလင်းက ရှေးနည်းတူပင် ပြန်ပြောရလေသည်။ (ယင်းကျမ်း၊ စာ-၁၆၃)

တစ်နေ့သောအခါ သူဌေးကြီးဆာဦးသွင်သည် သူ၏နေအိမ်သို့ ဆရာတော်ကြီး များနှင့် အခြား လူကြီးလူကောင်း ပရိသတ်များကို ပင့်ဖိတ်ပြီး တိုင်ပင်လေ၏။ ထိုအခါ အချို့ဆရာတော်များက "ကောင်းပါတယ်" ဟု သာမန်မျှ ပြောဆိုကြ၏။ တချို့က "အလကား၊ ရဟန်းငယ်များ ဒုက္ခရောက်အောင် လုပ်တာပါ" ဟု သူဌေး ကြီး ကြားအောင် မပြောသော်လည်း အချင်းချင်း ပြောဆိုကြလေ၏။ (ယင်းကျမ်း၊ စာ-၁၆၃)

၁၉၇၇ (၁၉၇၇) ခုနှစ်တွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တိုင်ပင်ရာ နိုင်ငံတော်ဝန်ကြီးချုပ်က လည်း များစွာ စိတ်ဝင်စားမှုရှိသဖြင့် (၁၉၇၇) ခုနှစ်၊ နိဝင်ဘာလ (၁၃) ရက်၊ ကြာသပတေးနေ့တွင် မိမိနေအိမ်သို့ လူကြီးလူကောင်းများ ဖိတ်ကြားကာ စည်းဝေး တိုင်ပင်ကြပြီးလျှင် သူဌေးကြီးဆာဦးသွင်ကို ဥက္ကဋ္ဌအဖြစ် တင်မြှောက်ကာ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီးကို ဖွဲ့စည်းခဲ့လေသည်။ အဖွဲ့ကြီး၏ ရည်ရွယ်ချက်မှာ ပရိယတ္တိ သာသနာတော်နှင့် ပဋိပတ္တိသာသနာတော် ထွန်းကားရေးအတွက် အမြင့်မားဆုံး ချီးမြှောက်ရန် ဖြစ်လေသည်။ ထို့နောက် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ ကြီးမှ တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့တစ်ခု ဖွဲ့စည်းပြီးလျှင် တိပိဋကဓရ ရွေးချယ်ပွဲ ဆိုင်ရာ စည်းမျဉ်း ဥပဒေကို ရေးသားစေ၏။ ထိုဥပဒေစည်းမျဉ်းကို ရေးဆွဲရာ၌ နော်မံကျောင်းကြီး ဆရာတော်၊ ဘုရားကြီးတိုက်ဆရာတော်၊ သူဌေးကြီး ဆာဦးသွင်၊ အဂ္ဂမဟာပဏ္ဍိတ ဆရာလင်း၊ မေဓာဝီဆရာဆိုင်၊ ပထမကျော် ဦးကြီးဖေ၊ သီဟိုဠ် ဆရာညဏ်တို့ ပါဝင်ကြရာ ဘုရားကြီးဆရာတော်က ဥက္ကဋ္ဌ၊ ပထမကျော် ဦးကြီးဖေ က အကျိုးတော်ဆောင်အဖြစ် ဆောင်ရွက်လေသည်။ (ယင်းကျမ်း၊ စာ-၁၆၃)

ထို့နောက် စာပြန်ပွဲစာမေးပွဲ ဝင်ရောက်လိုသည့်ပုဂ္ဂိုလ်များ ပေါ်ပေါက်လာစေရန် နိုင်ငံတော်အနှံ့အပြား ရဟန်းသံဃာတော်များထံ စာပြန်ပွဲရက်များနှင့် စာပြန်ဆို ရမည့် ကျမ်းစာစည်းမျဉ်းအကျဉ်းကို သတင်းစာမှလည်းကောင်း၊ လက်ကမ်း စာစောင်ဖြင့်လည်းကောင်း၊ ပို့ဆောင်ဖြန့်ဝေကြရာ ပထမအကြိမ် တိပိဋကဓရ စာပြန်ပွဲကြီးပြန်ဆိုရန် လက်မှတ်ထိုးသော ဆရာတော် (၁၇) ပါးရှိခဲ့လေသည်။ (ယင်းကျမ်း၊ စာ-၁၆၄)

၁၉၄၉ ပထမအကြိမ် တိပိဋကဓရ ရွေးချယ်ပွဲကြီးကို (၁၉၄၉) ခု၊ ဖေဖော်ဝါရီလ (၃) ရက်၊ ကြာသပတေးနေ့၌ စ၍ကျင်းပခဲ့သည်။ စာပြန်ပွဲပြန်ဆိုရန် လက်မှတ်ထိုး

သံဃာ (၁၇) ပါး ရှိခဲ့သော်လည်း (၁၁) ပါးမှာ အကြောင်းမညီညွတ်၍ မပြန်ဆိုနိုင်ကြပဲ (၆) ပါးသာ ပြန်ဆိုခဲ့လေသည်။ ၎င်း (၆) ပါးမှာ -

(၁) ဝါးခယ်မမြို့ မန္တလေးကျောင်း ဆရာတော် ဦးကလျာဏ၊ သက်တော် (၅၂)၊ သိက္ခာတော် (၃၂) ဝါ၊

(၂) ကျိုက်ထိုမြို့ မရမ်းချိုကျောင်းဆရာတော် ဦးသာဂရ၊ သက်တော် (၄၉)၊ သိက္ခာ (၂၉)ဝါ၊

(၃) မြိတ်ခရိုင်၊ ပုလောမြို့ မော်သာယာဆရာတော် ဦးဃောသဓမ္မ၊ သက်တော် (၄၀)၊ သိက္ခာတော် (၂၀) ဝါ၊

(၄) စစ်ကိုင်းတောင်ရိုး၊ မဟာဂန္ဓာရုံ ဆရာတော် ဦးတိက္ခ၊ သက်တော် (၃၇)၊ သိက္ခာ (၁၇) ဝါ။

(၅) မင်းလှစံကျောင်း ဆရာတော် ဦးကုသလ သက်တော် (၃၅)၊ သိက္ခာ (၁၅) ဝါ။

(၆) လှည်းကူးမြို့ ဝါးရုံကျောင်း ဆရာတော် ဦးပဒုမတို့ ဖြစ်ကြ၏။ (ယင်းကျမ်း၊ စာ-၁၆၄)

အထက်ပါ ဆရာတော် (၆) ပါးတွင် လှည်းကူးမြို့ ဝါးရုံကျောင်းဆရာတော် ဦးပဒုမမှာ ပထမနေ့မှာပင် ကျန်းမာရေးချို့တဲ့သွားသဖြင့် စာပြန်ရပ်နားလိုက်ရလေ၏။ ကျန် (၅) ပါးမှာ အစအဆုံး ပြန်ဆိုတော်မူကြ၏။ (ယင်းကျမ်း၊ စာ-၁၆၄)

## မျက်မြင်ကိုယ်တွေ့ မှတ်တမ်း
## တိပိဋကဓရ ရွေးချယ်ပွဲကြီး ကျင်းပပုံ

တိပိဋကဓရ ရွေးချယ်ပွဲကြီးမှာ မြန်မာနိုင်ငံ သာသနာ့သမိုင်းတွင် မည်သည့်အခါကမှ မရှိခဲ့ဖူးသော စာမေးပွဲအမျိုးအစား ဖြစ်ပေသည်။ နယ်ချဲ့ကိုလိုနီခေတ်ကလည်း လုံးဝမရှိခဲ့။ ကုန်းဘောင်ခေတ်မှာလည်း လုံးဝမရှိခဲ့။ ဒီထက်စောသော အင်းဝခေတ်၊ ပုဂံခေတ်ကလည်း ထိုစာမေးပွဲမျိုး မရှိခဲ့ချေ။ တစ်ပုံဆောင်၊ နှစ်ပုံဆောင်၊ သုံးပုံဆောင် ပုဂ္ဂိုလ်ကျော်များ ရှိခဲ့သော်လည်း စာမေးပွဲသဘောမျိုး မဟုတ်ခဲ့ပါ။ ယခု တိပိဋကဓရ ရွေးချယ်ပွဲကြီးကား အာဂုံဆောင်က တစ်မျိုး၊ ရေးဖြေက တစ်မျိုး ဖြစ်၏။ ကမ္ဘာ့အကြီးဆုံး စာမေးပွဲကြီးလည်း ဖြစ်၏။ ကမ္ဘာ့အရှည်ကြာဆုံး စာမေးပွဲကြီးလည်း ဖြစ်၏။ ပထမအကြိမ် စာမေးပွဲလုပ်စဉ်က အာဂုံပြန်ဆိုရေး ပြီးစီးရန် (၂၈) ရက် ကြာတတ်သည်။ တစ်ဖန် အာဂုံစာမေးပွဲအောင်ပြီးနောက် ရေးဖြေစာမေးပွဲ ဆက်လက်ကျင်းပပြန်သည်။ ထိုအခါ (၅) ရက်ကြာပါသည်။ ထို့ကြောင့်ပင် ကမ္ဘာ့အရှည်ကြာဆုံး စာမေးပွဲကြီးဟု ဆိုရခြင်းဖြစ်ပါသည်။

၁၉၅၉ ထို ကမ္ဘာ့ပထမစာမေးပွဲကြီးကို (၁၉၄၉) ခုနှစ်တွင် ပထမအကြိမ် ကျင်းပခဲ့ရာ မျက်မြင်ကိုယ်တွေ့မှတ်တမ်းသည် သာသနာဝင်၊ သမိုင်းဝင်၊ ဂန္ထဝင်မြောက် မှတ်တမ်းဖြစ်၏။ တိပိဋကဓရ ရွှေရတုစာစောင်တွင် ထိပေသျှင် အမည်ခံ ပုဂ္ဂိုလ်ကြီး ရေးထားသောစာအရ နောင်လာနောက်သားများ ရှာဖွေရခက်ခဲမည့် မျက်မြင်ကိုယ်တွေ့ မှတ်တမ်းကြီးကို ဖတ်ရှုရမည်ဖြစ်ပါသည်။ ထိုမှတ်တမ်းကောက်နုတ်ချက်ကို ကျွန်ုပ်တို့ စုဆောင်းထားသည့်အတိုင်း နောင်လာနောက်သားများအတွက် သမိုင်းတွင်ရစ်အောင် ပြန်လည်ထုတ်နုတ်ပြပါမည်။

### တိပိဋကဓရ ရွေးချယ်ပွဲ ဖွင့်ပွဲအခမ်းအနား

မြန်မာနိုင်ငံ၌ တိပိဋကဓရ ရွေးချယ်ပွဲကြီးသည် အခက်ခဲဆုံးနှင့် အမြင့်မားဆုံး စာမေးပွဲကြီးဖြစ်ပြီး ရက်အရှည်ကြာဆုံးနှင့် ပြဋ္ဌာန်းချက်ကျမ်းစာ အများဆုံးဖြစ်ပါသည်။ ကျင်းပသည်မှာလည်း အခမ်းနားဆုံး ဖြစ်၏။ ထိုစာမေးပွဲ ကျင်းပရာတွင် ပထမအကြိမ် ဖွင့်ပွဲအခမ်းအနား၌ သမ္မတကြီးကိုယ်တိုင် ဖွင့်လှစ်ပေးပါသည်။ (ထိပေသျှင်၊ တိပိဋကဓရ ရွေးချယ်ပွဲကြီး ကျင်းပပုံ၊ ရွှေရတုစာစောင်၊ စာ-၂၁၁)

စာပြန်ပွဲကျင်းပသော မင်္ဂလာမဏ္ဍပ်တော်ကြီး၏ ကြီးကျယ်ခမ်းနားပုံကို တိပိဋကဓရ ရွေးချယ်ပွဲကြီး၏ နေ့စဉ်မှတ်တမ်းတွင် ရန်ကုန်မြို့ ဟာမစ်တစ်လမ်းရှိ သာသနာ့ရိပ်သာအတွင်း၌ အလျားပေ (၁၀၀)၊ အနံပေ (၆၀) ရှိ မဏ္ဍပ်တော်ကြီးကား အရှေ့ဘက်ထိပ်ထက်မှ ဘုံငါးဆင့်ရှိသော ပြာသာဒ်ဆောင်ဖြင့် တင့်တယ်စွာ ကျက်သရေကို ဆောင်လျက်ရှိပါသည်။ (ယင်းကျမ်း၊ စာ-၂၁၁)

၁၉၄၉ (၁၉၄၉) ခုနှစ်၊ ဖေဖော်ဝါရီလ (၃) ရက်၊ ကြာသပတေးနေ့၊ မင်္ဂလာ နံနက် (၇) နာရီခွဲအချိန်တွင် တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့ခွဲ၏ နာယက ဆရာတော်ကြီးများ၊ စာထောက်စာမ ဆရာတော်များ၊ စာတော်ပြန် ရဟန်းတော်များ၊ စာထောက်စာမ (စာမှတ်) လူပုဂ္ဂိုလ် ပါဠိဆရာများသည် သာသနာ့ရိပ်သာ မင်္ဂလာ စံကျောင်းတော်သို့ ရောက်ရှိလာကြပါသည်။ ထိုအချိန်၌ပင် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ဝင် လူကြီးများနှင့် တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့ဝင် လူကြီးများသည် မင်္ဂလာမဏ္ဍပ်တော်သို့ ရောက်ရှိလာကြပါသည်။ နံနက် (၇) နာရီ (၄၅) မိနစ်အချိန်တွင် နိုင်ငံတော်သမ္မတကြီးနှင့် သမ္မတကတော်၊ ဝန်ကြီးချုပ်နှင့် ဥပါသကာ၊ ဥပါသိကာပေါင်း (၁၀၀) တို့ ကြွရောက်လာရာ ဧည့်ခံကော်မတီလူကြီးများက ကြိုဆိုကြပါသည်။ နံနက် (၈)နာရီအချိန်တွင် မင်္ဂလာမဏ္ဍပ်တော်သို့ ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြရာ နိုင်ငံတော်သမ္မတကြီးနှင့် ဧည့်ခံကော်မတီလူကြီးများက ကြိုဆိုကြပါသည်။ (ယင်းကျမ်း၊ စာ-၂၁၂)

နံနက် (၈) နာရီ (၅) မိနစ်အချိန်တွင် နာယကဆရာတော်ကြီးများထံမှ ငါးပါးသီလ ခံယူကြပါသည်။ နံနက် (၈) နာရီ (၁၅) မိနစ်တွင် သံဃာတော် အရှင်မြတ်များက မင်္ဂလသုတ်၊ မေတ္တသုတ်၊ ပရိတ်တော်များကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြပါသည်။ နံနက် (၈) နာရီ မိနစ် (၃၀) တွင် တိပိဋကဓရ ရွေးချယ်ပွဲ ဧည့်ခံကော်မတီ ဥက္ကဋ္ဌဖြစ်သူ ပြန်ကြားရေးဌာန အတွင်းဝန် ဦးအောင်သန်းက နှုတ်ခွန်းဆက်စကား ပြောကြားပါသည်။ (ယင်းကျမ်း၊ စာ-၂၁၂)

နံနက် (၈) နာရီ (၃၅) မိနစ်တွင် သုဓမ္မဝတီ ဦးပန်းမောင်က ဝိဇယမင်္ဂလာဂါထာတော်ဖြင့် တိပိဋကဓရ ရွေးချယ်ရေးပွဲ၏ ဧည့်ခံအခမ်းအနား ဖွင့်လှစ်ပါသည်။ နံနက် (၈) နာရီ၊ မိနစ် (၄၀) တွင် အာယုဗ္ဗေဒဆေးဆရာကြီး ဦးစံတင့်က ဓမ္မာသနပလ္လင်တော်များနှင့် ကနက္ကဒဏ်ထီးဖြူတော်များကို အဘိသေက မန္တန်တော်ဖြင့် အဘိသိက်သွန်းပါသည်။ (ယင်းကျမ်း၊ စာ-၂၁၂)

နံနက် (၈) နာရီ (၄၅) မိနစ်တွင် ဓမ္မာစရိယ ဦးခင်မောင်လင်းက ရွေးချယ်ပွဲဝင် အာဇာနည်ပုဂ္ဂိုလ်တို့အား ဓမ္မာသနပလ္လင်သို့တက်ရန် အဘိယာစန ဂါထာတော်ဖြင့် ပင့်လျှောက်ပါသည်။ နံနက် (၈) နာရီ (၅၀) မိနစ်တွင် နိုင်ငံတော်သမ္မတကြီးက သာသနာတော်ချီးမြှောက်ရန်ကိစ္စကို ဆရာတော်၊ သံဃာတော်များအား လျှောက်ထားပြီးလျှင် တိပိဋကဓရ ရွေးချယ်ပွဲကြီးကို ဖွင့်လှစ်ပါသည်။ နံနက် (၉) နာရီတွင် တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ပုဇွန်တောင်၊ နော်မံကျောင်းကြီး ဆရာတော် ဦးဉာဏက သာသနာတော်ကြီးကို မည်ကဲ့သို့ ချီးမြှောက်ရမည့်အကြောင်းကို ပြန်ကြားမိန့်မြွက်တော်မူပါသည်။ နံနက် (၉) နာရီ (၁၅) မိနစ်တွင် အရပ်ပူဇော်ရေးအဖွဲ့ ဦးလှစိန်က မင်္ဂလာဩဘာစာကို ဖတ်ကြားပါသည်။ နံနက် (၉) နာရီ (၂၅) မိနစ်တွင် ဒဂုံဦးဘတင်က မင်္ဂလာရတုပိုဒ်စုံကို ဖတ်ကြားပူဇော်ပါသည်။ နံနက် (၉) နာရီ (၃၅) မိနစ်တွင် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီး ဥက္ကဋ္ဌ သူဌေးကြီးဆာဦးသွင်က ဆရာတော်၊ သံဃာတော်တို့နှင့် ဧည့်သည်တော် ပရိသတ်တို့အား ကျေးဇူးတင်ကြောင်း နိဂုံးစကားပြောကြားပါသည်။
(ယင်းကျမ်း၊ စာ-၂၁၃)

တိပိဋက ရွေးချယ်ပွဲ မင်္ဂလာအခမ်းအနား အဖွင့်ကွင် အခမ်းအနားမှူးအဖြစ် ပထမကျော် ဦးကြီးဖေက ဆောင်ရွက်ပါသည်။ တိပိဋကဓရ ရွေးချယ်ပွဲ မင်္ဂလာအခမ်းအနားဖွင့်ပွဲအပြီး နံနက် (၉) နာရီ (၄၅) မိနစ်တွင် ဆရာတော်၊ သံဃာတော်တို့အား ဆွမ်း၊ ခဲဘွယ်ဘောဇဉ် ဆက်ကပ်လှူဒါန်းကြပါသည်။
(ယင်းကျမ်း၊ စာ-၂၁၃)

ဧည့်သည်တော်များကို နိဗ္ဗာန်ဈေးဖြင့် ဧည့်ခံကျွေးမွေးကြပါသည်။ မင်္ဂလာအခမ်းအနားကို ဖွင့်ပွဲ၏ရှေ့အဖို့၌ လည်းကောင်း၊ နောက်အဖို့၌ လည်းကောင်း၊ မင်္ဂလာစည်တော်ကြီး တီးမှုတ်ကျူးရင့်ကြပါသည်။ ဤသို့လျှင် နံနက်ပိုင်း တိပိဋကဓရ ရွေးချယ်ပွဲ မင်္ဂလာအခမ်းအနား ဖွင့်ပွဲပြီးဆုံးပါသည်။ (ယင်းကျမ်း၊ စာ-၂၁၃)

**စာဖြေပုဂ္ဂိုလ်၏ အရည်အချင်း**

တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကို လူပုဂ္ဂိုလ်များ ဖြေဆိုခွင့်မရှိပါ။ ရဟန်းတော်များနှင့် သာမဏေများသာ ဖြေဆိုခွင့်ရှိပါသည်။ ရဟန်းတော်နှင့် သာမဏေများသည်လည်း ပထမပြန်စာမေးပွဲ၊ ပထမကြီးတန်းကို ဖြစ်စေ၊ စေတိယင်္ဂဏနှင့်

သကျသီဟ စာမေးပွဲစာသင်တန်းကို ဖြစ်စေ၊ တစ်ခုခုကို အောင်မြင်ပြီးသူများသာ ဖြေဆိုခွင့်ရှိပါသည်။ အခြားပုဂ္ဂိုလ်များ ဖြေဆိုခွင့်မရှိပါ။ ထိုဖြေဆိုခွင့်ရှိသော ပုဂ္ဂိုလ်များသည်လည်း ရဟန်းရှင်လူ ပြည်သူတို့၏ ကြည်ညိုဖွယ် ပါသာဒိကဂုဏ်နှင့် ပြည့်စုံရပါမည်။ ထို့အပြင် တိပိဋကဓရ ဩဝါဒါစရိယအဖွဲ့က ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာနေသူများ ဖြစ်ရပါမည်။ သာမန်ပုဂ္ဂိုလ်များ ဖြေဆိုခွင့် မရှိပါ။ ဤသည်မှာ စာဖြေပုဂ္ဂိုလ်၏ အရည်အချင်း ဖြစ်ပါသည်။ (ယင်းကျမ်း၊ စာ-၂၀၃)

အာဂုံပြန်ဆိုပွဲ ကျင်းပခြင်း

ထိုနေ့ (၁) နာရီအချိန်တွင် မူလက စီစဉ်ထားသော မင်္ဂလာမဏ္ဍပ်တော်ကြီး အတွင်းဝယ် ရွေးချယ်ပွဲဝင် သံဃာတော်တို့အတွက် ဓမ္မာသနပလ္လင်တော်အထက်၌ စိုက်ထူထားသော ကနက္ကဒဏ် ထီးဖြူတော်ကြီးကား သာသနာ့အောင်လံသဖွယ် အလွန်တင့်တယ်လှ၏။ ဓမ္မာသနပလ္လင်တော်၏ လေးမျက်နှာတို့၌ တံခွန်၊ ကုက္ကား၊ မုလေးပွားတို့မှာ သာသနာတော်မြတ်ကို အလွန်လေးစား အရိုအသေပေးနေကြဟန် ရှိပေသည်။ (ယင်းကျမ်း၊ စာ-၂၀၄)

နာယကဆရာတော်ကြီးအတွက် ပက်လက်ကြိမ်ကုလားထိုင်ကြီးနှင့် စာထောက်စာမ ဆရာတော်တို့အတွက် စားပွဲ၊ ကုလားထိုင်တို့ကို လည်းကောင်း၊ လူပုဂ္ဂိုလ်စာထောက်စာမ (စာမှတ်ဟူ၍လည်း ခေါ်ပါသည်) အတွက် အနိမ့်စားပွဲ သင်ဖြူးဖျာတို့ဖြင့် ခမ်းနားတင့်တယ်စွာ စီမံထားလေသည်။ (ယင်းကျမ်း၊ စာ-၂၀၄)

ထိုတွင် နာယကဆရာတော် (၉) ပါး ရောက်တော်မူသောအခါ စာပြန်ပွဲစတင်ကျင်းပပါသည်။ အာဂုံပြန်ပွဲ ကျင်းပပုံမှာ စာဖြေဓမ္မာသနပလ္လင်တော်တစ်ခုတွင် စာဖြေပုဂ္ဂိုလ်တစ်ပါး၊ ပက်လက်ကြိမ်ကုလားထိုင်ကြီးတွင် နာယကဆရာတော်ကြီးတစ်ပါး၊ စားပွဲနှစ်လုံးနှင့် မတ်တတ်ကုလားထိုင် တစ်ခုစီတွင် စာထောက်စာမဆရာတော်နှစ်ပါး၊ အနိမ့်စားပွဲတွင် လူပုဂ္ဂိုလ်စာထောက်စာမ (စာမှတ်) တစ်ယောက် ပေါင်း လေးဦးတို့ထိုင်လျက် စာတော်ပြန်ရဟန်းတော်က စာပြန်ဆိုရာတွင် ဦးစွာ ဝိနည်းပိဋကတ်ကို ပြန်ဆိုရပါသည်။ ထူးကဲ သန့်ရှင်းစွာ ပြန်ဆိုနိုင်၊ မပြန်ဆိုနိုင် ကြားနာ၍ စာလိုစာကျ မရှိခြင်း၊ အခုန်အကျော် လုံးဝမရှိခြင်း၊ အထောက်အမ လုံးဝမရှိခြင်း၊ ဟောတိကို ဘဝတိ စသည်ဖြင့် အစားထိုး ပြန်ဆို

ခြင်းမရှိလျှင် ထူးကဲသန့်ရှင်းစွာ ပြန်ဆိုနိုင်၍ 'ဝိသိဋ္ဌ' အောင်ဟု သတ်မှတ်ရပါသည်။ အထောက်အမ စသည်ရှိလျှင် အာဂုံပြန် 'သာမန်အောင်' ဟု သတ်မှတ်ပါသည်။ (ယင်းကျမ်း၊ စာ-၂၁၄)

အာဂုံပြန် တစ်ရက်လုံးအတွက် အများဆုံး (၅) ကြိမ်သာ ထောက်မပေးရလေသည်။ (၅) ကြိမ်ထက်ပိုလျှင် 'ကျရှုံး' သည်ဟု သတ်မှတ်ရပါသည်။ ဝါကျတစ်ခုလုံး ထောက်မပေးပါလျက် မပြန်ဆိုနိုင်လျှင်လည်း 'ကျရှုံး' သည်ဟု သတ်မှတ်ရပါသည်။ ထောက်မပေးပါလျက် တစ်မိနစ်မျှ တွေးတောစဉ်းစား၍ မပြန်ဆိုနိုင်လျှင် (မ) မှတ်သား၍ ပြန်ဆိုနိုင်လျှင် (ရ) ဟု မှတ်သားရပါသည်။ (မ) ဟု အမှတ်အသားခံရလျှင် 'ကျရှုံး' သည်ဟု မှတ်ရပါသည်။ ဤနေရာတွင် ထူးခြားချက်မှာ အခြား အခြားသော စာမေးပွဲများ၌ ခုံအမှတ်ဟု သုံးစွဲသော်လည်း ဤတိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီး၌ကား ခုံအမှတ်ဟု မသုံးနှုန်းပဲ ပလ္လင်တော်အမှတ်ဟု အသုံးအနှုန်းပြုပါသည်။ (ယင်းကျမ်း၊ စာ-၂၁၄)

အာဂုံပြန်ပွဲတွင် ယခင်က မိမိပြန်ဆိုလိုရာ ပိဋကတ်ကျမ်းကို စတင်ပြန်ဆိုနိုင်သော်လည်း (ဥပမာ ဒီဃနိကာယ် ၃-ကျမ်းက စတင်ပြန်ဆိုလိုက စတင်ပြန်ဆိုနိုင်သော်လည်း) နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ပေါ်ပေါက်လာသောအခါ ဝိနည်းပိဋကကို (၂) ပိုင်းခွဲ၍ ဝိနည်းပိဋက ပထမပိုင်းမှ စတင်ပြန်ဆိုရပါသည်။ ဝိနည်းပိဋက ဒုတိယပိုင်းပါ အားလုံးပြန်ဆို၍ ရေးဖြေအောင်ပြီးမှ အခြား ဒီဃနိကာယ်နှင့် အဘိဓမ္မာတို့တွင် မိမိကြိုက်နှစ်သက်ရာ ဒီဃနိကာယ်ကို ဖြစ်စေ၊ အဘိဓမ္မပိဋကတ်ကိုဖြစ်စေ ပြန်ဆိုနိုင်ပါသည်။ ရည်ရွယ်ချက်မှာ ရဟန်းတော်များ 'ဝိနယေဋ္ဌိတေ သာသနံ ဋ္ဌိတံ' ဆိုသည့်အတိုင်း ဝိနည်းတော်ကို လေးစားနေသမျှ ကာလပတ်လုံး သာသနာတော် တည်တံ့နေမည်သာဖြစ်၍ ဝိနည်းပိဋကတော်ကို ဦးစွာပြန်ဆိုစေခြင်း ဖြစ်ပါသည်။ (ယင်းကျမ်း၊ စာ-၂၁၄)

အာဂုံပြန်ဆိုပွဲ၌ အာဂုံပြန်ဆိုသော ပုဂ္ဂိုလ်များသည် တစ်နေ့လျှင် ပျမ်းမျှခြင်းအားဖြင့် ဆဋ္ဌသင်္ဂါယနာမူ စာမျက်နှာ (၁၀၀) မှ (၁၅၀) ခန့် ပြန်ဆိုရပါသည်။ တိပိဋကဓရ ရွေးချယ်ပွဲ အခမ်းအနားဖွင့်ပွဲနေ့တွင် နေ့လယ် (၁) နာရီမှ အာဂုံတစ်ကြိမ်သာ ပြန်ဆိုရပါသည်။ ကျန်နေ့များတွင် အာဂုံပြန်ပွဲကို နေ့စဉ် နံနက် (၈) နာရီမှ (၁၀) နာရီထိ တစ်ကြိမ်၊ နေ့လယ် (၁) နာရီမှ (၄) နာရီ အထိ

တစ်ကြိမ် တစ်နေ့လျှင် နှစ်ကြိမ် ကျင်းပပါသည်။ အာဂုံပြန်သောအခါ (၁) နာရီအတွင်း အများဆုံး တစ်ကြိမ်လျှင် (၁၀) မိနစ်မှ (၁၅) မိနစ်အထိ အဖွဲ့က သတ်မှတ်ပေးသည့်အတိုင်း အနားယူရပါသည်။ (ယင်းကျမ်း၊ စာ-၂၁၅)

| နံနက်ပိုင်း စာပြန်ချိန် | အနားယူချိန် |
|---|---|
| (၈) နာရီမှ (၈) နာရီ (၂၅) မိနစ် | (၁၀) မိနစ် |
| (၈) နာရီ (၃၅) မိနစ်မှ (၉) နာရီထိ | (၁၀) မိနစ် |
| (၉) နာရီ (၁၀) မိနစ်မှ (၉) နာရီ (၃၅) မိနစ်ထိ | (၁၀) မိနစ် |
| (၉) နာရီ (၄၅) မိနစ်မှ (၁၀) နာရီ (၁၅) မိနစ်ထိ | (၁၀) မိနစ် |

သံဃာတော်များအား ဆွမ်းကပ်ရန်အချိန်မှာ (၁၀) နာရီ မိနစ် (၃၀) ဖြစ်ပါသည်။

| နေ့လယ်ပိုင်း စာပြန်ချိန် | အနားယူချိန် |
|---|---|
| (၁) နာရီမှ (၁) နာရီ (၂၅) မိနစ် | (၁၀) မိနစ် |
| (၁) နာရီ (၃၅) မိနစ်မှ (၂) နာရီထိ | (၁၀) မိနစ် |
| (၂) နာရီ (၁၀) မိနစ်မှ (၂) နာရီ (၃၅) မိနစ်ထိ | (၁၀) မိနစ် |
| (၂) နာရီ (၄၅) မိနစ်မှ (၃) နာရီ (၁၅) မိနစ်ထိ | (၁၀) မိနစ် |

(၃) နာရီ (၂၅) မိနစ်မှ (၄) နာရီထိ ဖြစ်ပါသည်။ (ယင်းကျမ်း၊ စာ-၂၁၅)

ထိုတွင် အာဂုံပြန် သံဃာတော်များအား အဖျော်ရည်ကပ်ချိန်မှာ (၃) နာရီ (၁၅) မိနစ်၊ လူစာထောက်စာမများအား လက်ဖက်ရည်ပေးသောက်ချိန်မှာ (၂) နာရီ (၃၅) မိနစ် ဖြစ်ပါသည်။ အချက်ပေး ကြေးစည်တီးရန်မှာ အထက်၌ ဖော်ပြထားသော အချိန်များတွင် (၅) မိနစ်ခန့် ကြိုတင်၍ သတ်မှတ်ထားသော အချိန်အတိုင်း တိကျစွာ တီးရပါမည်။ စည်တီးရန် အချက်အရေအတွက်မှာ သံဃာပင့်ရန် (၇) ချက် တီးရပါသည်။ စာပြန်စာဖြေရန် (၄) ချက်တီးရပါသည်။ အနားပေးရန် (၂) ချက် တီးရပါသည်။ (၄) နာရီထိုး၍ အချိန်စေ့သောအခါ (၇) ချက်တီးရပါသည်။ ဤသို့လျှင် စနစ်တကျ တီးရပါသည်။ (ယင်းကျမ်း၊ စာ-၂၁၅)

အာဂုံပြန်ဆိုပွဲကို နေ့စဉ် ကျင်းပပါသည်။ တစ်ကျမ်းလျှင် (၃) ရက် ပြန်ဆိုရ၍ (၃) ရက်ပြည့်ပြီးသောအခါ (၁) ရက် နားရပါသည်။ ဂဝေဇက်ဝင်ရက်ကြီးများနှင့် တိုက်ဆိုင်သောအခါ နားရပါသည်။ အာဂုံပြန်ပြီးသောအခါ အာဂုံပြန်ဆိုသူများ

အား စိစစ်ရန်အတွက် တိပိဋကဓရ ဩဝါဒါစရိယဆရာတော်များအဖွဲ့နှင့် လူပုဂ္ဂိုလ် တိပိဋကဓရ ရွေးချယ်ရေးအမှုဆောင်အဖွဲ့တို့ စည်းဝေး၍ အာဂုံပြန် အမှတ်ပေး စာရင်းကို စိစစ်ကြပါသည်။ စိစစ်ပြီးသောအခါ အာဂုံပြန်အောင် ဂေဇက်ထုတ်ပြန် ပါသည်။ ထို့ကြောင့် အာဂုံပြန်ဆိုရေးအားလုံး ပြီးစီးရန်အတွက် (၂၈) ရက်အထိ ကြာတတ်ပါသည်။ (ယင်းကျမ်း၊ စာ-၂၁၅)

**သဘောရေးဖြေစာမေးပွဲ**

အာဂုံပြန်စာမေးပွဲ ဂေဇက်ထွက်ပြီးနောက် သဘောရေးဖြေစာမေးပွဲကို ဆက်လက် ကျင်းပပါသည်။ ရေးဖြေစာမေးပွဲမှာ (၅) ရက် ကြာပါသည်။ ပထမအကြိမ် တိပိဋကဓရ ရွေးချယ်ပွဲတွင် အာဂုံပြန်ပြီးသောအခါ ရေးဖြေစာမေးပွဲ ကျင်းပ ကြောင်းတွေ့ရပါသည်။ ညနေ (၄) နာရီအချိန်အထိ ဖြစ်ပါသည်။ ပထမနှစ်တွင် တစ်ပါးမှ အောင်မြင်ခြင်း မရှိပါ။ (ယင်းကျမ်း၊ စာ-၂၁၅)

အထက်ပါ အချက်အလက်များကို စိတ်မျက်စိတွင် ကွင်းကွင်းကွက်ကွက်ပေါ် အောင် သိရှိရသည်မှာ မှတ်တမ်းတင်ခဲ့သူ ထိပေသျှင် အမည်ခံပုဂ္ဂိုလ်၏ စာကြောင့် ဖြစ်သည်။ တိပိဋကဓရ ရွှေရတုစာစောင်တွင် အကျယ်တဝံ့ ဖတ်ရှုနိုင်ပါသည်။

တိပိဋကဓရ ရှာပုံတော်

အောင်မြင်သည့်ပုဂ္ဂိုလ်မရှိက တိပိဋကဓရ စာပြန်ပွဲကြီး ဖျက်ပစ်ရန်

၁၉၄၉ (၁၉၄၉) ခုနှစ်သို့ ရောက်သောအခါ ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ကြီး၏ သင်းလုံးကျွတ်အစည်းအဝေးတွင် ယခုနှစ် ဒုတိယအကြိမ် ကျင်းပလို့မှ အောင်မြင်သည့် ပုဂ္ဂိုလ်တစ်ပါးမှမပေါ်ထွက်လျှင် တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲကြီးကို ဆက်လက်မကျင်းပပဲ ဖျက်ပစ်ရန် သဘောတူ ဆုံးဖြတ်ချက်ချခဲ့လေသည်။ ဆာဦးသွင်သည် 'ငါ အနှစ်နှစ်၊ အလလ ကြိုးပမ်းခဲ့ရသည့် စာမေးပွဲကြီးကို အောင်မြင်သူတစ်ပါးမှ မရှိလို့ ဖျက်ပစ်လိုက်ရလျှင်တော့' တွေးတောမိရာ လွန်စွာ စိတ်မကောင်းဖြစ်မိလေ၏။ (ရွှေရတုစာစောင်၊ စာ-၁၆၇) ဟု ရေးသားထားရာ ပြန်လည်ဖတ်ရှုရသူပင် စိတ်မကောင်း ဖြစ်မိပါသည်။

ပထမ ဝိနယဓရ ရှာပုံတော်

ဒုတိယအကြိမ် တိပိဋကဓရ စာပြန်ပွဲကြီး နီးလာပြန်၏။ ပြန်ဆိုရန် လက်မှတ်ထိုးထားသည့် အရှင်မြတ်များမှာလည်း မနှစ်က ဆရာတော်များပင် ဖြစ်ကြ၏။ (၂) နှစ်တောင် လေ့ကျက်လာခဲ့ပြီမို့ ယခုနှစ်တော့ အောင်မြင်လောက်ရဲ့ ဟု မျှော်မှန်းကြ၏။ သို့သော် သက်တော်၊ ဝါတော် ကြီးကြသည့်အပြင် ပြုဖွယ်ကိစ္စ များကြသည့် ကျောင်းပိုင်၊ ကျောင်းထိုင်ဆရာတော်များဖြစ်ကြ၍ အတိအကျ အောင်မြင်ကြလိမ့်မည်ဟု ရဲရဲဝံ့ဝံ့ မမျှော်မှန်းနိုင်ကြ။ (ယင်းကျမ်း၊ စာ-၁၆၇)

၁၉၄၉ ပထမကျော် သကျသီဟ ဝင့်သကာ အရှင်ဝိစိတ္တသာရာဘိဝံသသည်လည်း ဝိနည်းငါးကျမ်း ပါဠိတော်ကို (၁၉၄၉) ခု၊ မေလ (၁၂) ရက်၊ ကြာသပတေးနေ့မှစ၍ ကျက်ရာ ပရိဝါပါဠိတော် အနည်းငယ်ကျန်ရှိ၍ ထိုနှစ်က လက်မှတ်မထိုးခဲ့ပေ။ (ယင်းကျမ်း၊ စာ-၁၆၇) ဟု ဖတ်ရှုရပါသည်။ နောက်နှစ်အတွက် အံခဲထားခြင်း ဖြစ်၏။

အောင်မြင်တဲ့ပုဂ္ဂိုလ် တစ်ပါးမှမရှိလို့ ဖျက်လိုက်ရလျှင်တော့ စသည့် အတွေးရှည်ကြီးများဖြင့် စိတ်မကောင်းဖြစ်နေကြသည့် ဆာဦးသွင်နှင့် နိုင်ငံတော်သမ္မတကြီး၊ နိုင်ငံတော်ဝန်ကြီးချုပ် စသူတို့နှင့် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ဝင် ဦးပွင့်ကောင်းတို့ တွေ့ဆုံကြ ရာ ဦးပွင့်ကောင်းက "ကျွန်တော် ပဋ္ဌင်းခံထားတဲ့ ရဟန်းတစ်ပါးရှိတယ်။ ဝိနည်း ငါးကျမ်းကို ရဟန်းဖြစ်စကပင် အထောက်အမလွှတ် ပြန်ဆိုတာ ဖြစ်ပါ

တယ်။ ကျွန်တော့် ဦးပဥ္စင်းကို ပင့်ပေးပါဆိုရင် ကျွန်တော် ပင့်ပေးပါ့မယ်။ ခေါင်းဆောင်ကြီးများကသာ ဦးပဥ္စင်းကို ဝိနည်းငါးကျမ်း ပြန်ဆိုချင်အောင် တိုက်တွန်းဖို့လိုပါတယ်” ဟု ပြောပြလေသည်။ (ယင်းကျမ်း၊ စာ-၁၆၈)

ထိုအခါ သမ္မတကြီး စဝ်ရွှေသိုက်၊ ဥက္ကဋ္ဌကြီး ဆာဦးသွင် အမှူးပြုသော ခေါင်းဆောင်ကြီးများက “ဟာ . . . ဒီလိုဆို ဦးပွင့်ကောင်းရဲ့ ဦးပဥ္စင်း ဘယ်မှာ သီတင်းသုံးလဲ။ အမြန်ဆုံး ပင့်ပေးပါ” ဟု တိုက်တွန်းကြသဖြင့် ဦးပွင့်ကောင်းသည် နောက်တစ်နေ့တွင် ပဲခူးတောထဲသို့ ဂျစ်ကားတစ်စီးဖြင့် သွားရောက်ရှာဖွေလေသည်။ ယာလုပ်နေသောသူများ လိုက်လံပြသချက်အရ ရွာနှင့်မနီးမဝေး တောကြီးထဲတွင် အဖော် ဦးပဥ္စင်း ဦးနန္ဒဝံသနှင့်အတူ သီတင်းသုံးနေသော တဲကျောင်းကလေး၌ တွေ့ရလေသည်။ တွေ့လျှင်တွေ့ချင်း ဦးပွင့်ကောင်း၏ ဦးပဥ္စင်း ဦးပညာသာရက “ဒကာကြီး ဘာလို့ လိုက်လာတာလဲ” ဟု မေးလေ၏။ ဦးပွင့်ကောင်းက “ဝိနည်းငါးကျမ်းကို အာဂုံပြန်ဆိုပေးဖို့ နိုင်ငံတော်သမ္မတကြီး၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် သူဌေးကြီး ဆာဦးသွင်တို့က အပင့်ခိုင်း၍ လာရောက်ပင့်ရခြင်း ဖြစ်ကြောင်း” လျှောက်လေရာ အရှင်ပညာသာရက “ပရိယတ္တိကိုဖြတ်၍ ပဋိပတ်ကို ကြိုးစားရန် အဓိဋ္ဌာန်ပြီးသားဖြစ်သောကြောင့် စာမဖြေလိုကြောင်း” ငြင်းလေ၏။

ထိုအခါ ဦးပွင့်ကောင်းက “တပည့်တော်ရဲ့တာဝန်မှာ အရှင်ဘုရားကို အစိုးရအဖွဲ့ခေါင်းဆောင်များနဲ့ တွေ့ဆုံဖို့သာ တာဝန်ယူခဲ့ပါတယ်။ တိပိဋကရေ ရွေးချယ်ပွဲဝင်၊ မဝင်ဆိုတဲ့ကိစ္စမှာ တပည့်တော်နဲ့ပြောဖို့ မလိုပါ ဘုရား။ တိုင်းပြည်ခေါင်းဆောင်ကြီးများနဲ့ တွေ့တဲ့အခါမှသာ အရှင်ဘုရားအနေနဲ့ ငြင်းတာပေါ့”ဟု လျှောက်လေ၏။ ထိုအခါ အတူနေ ဦးနန္ဒဝံသ ဆရာတော်က “အစိုးရခေါင်းဆောင်များက ဖွေ့လို၍ ရဟန်းဒကာက လာပင့်တာ လိုက်သွားမှ တော်မှာပါ။ ကြွလိုက်ပါဦး” ဟု တိုက်တွန်းသဖြင့် ဦးပညာသာရ လိုက်သွားလေ၏။ (ယင်းကျမ်း၊ စာ-၁၆၈)

ဦးပွင့်ကောင်း၏မိတ်ဆွေတစ်ဦးက တယ်လီဖုန်းသတင်းပေးချက်အရ ခေါင်းဆောင်ကြီးများနှင့် ဆာဦးသွင်တို့သည် ဖလ်ယဉ်မွှာရဲ့ မြေနေရာတွင် ဆောက်လုပ်ထားသည့် သံဖြူမဏ္ဍပ်ကြီးမှ အဆင်သင့် စောင့်နေလေ၏။ ဦးပညာသာရ ရောက်လာသည့်အခါ မဏ္ဍပ်ကြီးအတွင်းရှိ ပလ္လင်ပေါ်သို့ ပင့်လျှောက် သီတင်းသုံးနေစေပြီးလျှင် ဖူးမြော်ကန်တော့ကြလေ၏။ ဦးချ ကန်တော့ပြီးသောအခါ ဥက္ကဋ္ဌကြီး

ဆာဦးသွင်က "အရှင်ဘုရား ဝိနည်းငါးကျမ်းကို တစ်ဆက်တည်း အထောက်အမလွတ် ပြန်ဆိုနိုင်ခဲ့သည်ဆိုတာ မှန်ပါသလား ဘုရား" ဟု မေးလေ၏။ ဦးပညာသာရက မှန်ကန်ကြောင်း ဖြေဆိုရာ - "ယခုနေ အရှင်ဘုရား ပြန်ဆိုမည်ဆိုလျှင် အာဂုံပြန် ဖြေဆိုနိုင်ပါ့မလား"ဟု ဆာဦးသွင်က မေးလေ၏။ "ကျင်းပမည့်အချိန် ဘယ်လောက်လိုသေးသလဲ"ဟု ဦးပညာသာရက ပြန်မေးသဖြင့် "ယခုနေ့ကစပြီးတော့ ရက်ပေါင်း (၅၀) ခန့် လိုသေးကြောင်း" ဆာဦးသွင်က ပြောဆိုလျှောက်ထားလေ၏။ "စာချမည့်ပုဂ္ဂိုလ်ရှိ၍ ကျန်းမာရေးကောင်းလျှင် ဖြစ်နိုင်ပါကြောင်း၊ သို့သော်လည်း ဦးပဥ္စင်းက ပရိယတ္တိ မလုပ်တော့ဘူးလို့ အဓိဋ္ဌာန်ပြီးတောထဲမှာနေတာမို့ စာပြန်ပွဲဝင်ရောက်ပြန်ဆိုရန် မဆောင်ရွက်နိုင်ကြောင်း" အမိန့်ရှိလေ၏။

သမ္မတကြီးနှင့်တကွ ကျန်ခေါင်းဆောင်များက အထပ်ထပ်တိုက်တွန်းသော်လည်း ဦးပညာသာရက အထပ်ထပ် ယတိပြတ် ငြင်းဆိုပါတော့သည်။ သမ္မတကြီးနှင့်ကျန်ပုဂ္ဂိုလ်အပေါင်းတို့သည် တောင်းပန်၍မရသဖြင့် မျက်စိမျက်နှာပျက်ပြီးငြိမ်သက်နေလေရာ ထိုအခြေအနေကိုမြင်ရသည့် ဦးပွင့်ကောင်းမှာ အမျိုး၊ ဘာသာ၊ သာသနာတော်အတွက် ခေါင်းဆောင်နေကြသည့် ပုဂ္ဂိုလ်ကြီးများကို မသနား၊ မငဲ့ညှာပဲ မနေနိုင်အောင် စိတ်ထဲမှာ ဖြစ်ပေါ်လာရသည်ဟု ဆို၏။ (ယင်းကျမ်း၊ စာ-၁၆၈/၁၆၉)

သို့အတွက် ကြားဝင်၍ ဦးပညာသာရအား လျှောက်ထားသည်မှာ "အရှင်ဘုရားကို ရှင့်ဒကာ ရဟန်းဒကာအဖြစ် သုံးခါပင် ဒကာခံခဲ့ပြီး ဖြစ်ပါသည်။ အရှင်ဘုရားဆန္ဒသဘောရှိတိုင်း ဆောင်ရွက်လိုသမျှ တပည့်တော် ကန့်ကွက်ခြင်း၊ တားဆီးခြင်း မပြုခဲ့ပါ။ အရှင်ဘုရား အလိုတော်ကျ လိုက်လျောခဲ့သည်ချည်း ဖြစ်ပါသည်။ ယခုအခါမှာတော့ တိုင်းပြည်ခေါင်းဆောင်ကြီးများရဲ့ သာသနာပြုကိစ္စနှင့် အမျိုး၊ ဘာသာ၊ သာသနာကို ငဲ့ညှာသောအားဖြင့် အရှင်ဘုရားရဲ့ အဓိဋ္ဌာန်ကိုဖျက်ပြီး ဒီတစ်ကြိမ်လောက်တော့ တိပိဋကဓရစာပြန်ပွဲကြီးကို ဝင်ရောက်ပြန်ဆိုပေးပါရန် အထူးတောင်းပန်ပါတယ်။ ဒီတစ်ကြိမ်ပြန်ဆိုပြီး အောင်သည်ဖြစ်စေ၊ မအောင်သည် ဖြစ်စေ အရှင်ဘုရား ဆန္ဒအတိုင်းလိုက်လျောပြီး ဆောင်ရွက်ပေးပါမည်ဘုရား" ဟု လျှောက်ထားလေ၏။

ယင်းသို့ လျှောက်ထားသောအခါ အရှင်ပညာသာရသည် ခဏမျှ တွေဝေစဉ်းစား၍ အမိန့်ရှိသည်မှာ -

"ရဟန်းဒကာကြီးရဲ့ တောင်းပန်ချက်အရ ဒီတစ်ခါတော့ ဝင်ရောက်ပြန်ဆိုပေးပါ့မယ်။ နောက်ထပ် ဆက်လက်ပြီး ပရိယတ္တိကို ဘယ်အကြောင်းနှင့်မှ ပြန်ဆိုဖို့ မခိုင်းပါနဲ့"ဟု ဖြစ်လေ၏။ ဦးပညာသာရ၏ မိန့်ကြားချက်ကို ကြားရသည်နှင့် တစ်ပြိုင်နက် ခေါင်းဆောင်ကြီးများသည် အလွန်အမင်း ဝမ်းမြောက်သည့်ပုံစံမျိုးနှင့် "ဦးပဥ္စင်း စာပြန်နိုင်ရန် လိုအပ်သောအကူအညီများကို ပေးသွားကြပါမည်ဘုရား" ဟု လျှောက်ထားကြလေ၏။ (ယင်းကျမ်း၊ စာ-၁၆၉)

ထို့နောက် ဦးပညာသာရသည် မဟာစည်ရိပ်သာမှ ဗဟန်း ညောင်တုန်းကျောင်းတိုက်ဆရာတော် ဦးဓမ္မသေနထံ (၇) ရက် စာလိုက်ခဲ့လေသည်။ ဦးပွင့်ကောင်းက ကားဖြင့် နေ့စဉ်ပုံမှန်လိုက်ပို့ပေး၏။ နောက် မဟာစည်ဆရာတော်ထံ (၂၁) ရက်မျှ စာလိုက်ရာ လိုအပ်သောနေရာများ၌ မေးမြန်းခြင်း၊ မှတ်သားခြင်းတို့ဖြင့် စာလိုက်သည့်ကိစ္စကို ရက်ပေါင်း (၂၀) ကျော်မျှဖြင့် ပြီးဆုံးစေ၏။ ဦးပွင့်ကောင်းသည် ဦးပညာသာရ စာကျက်ပုံကိုသိလို၍ နားထောင်လေ့လာရာ စာအံသံ၊ စာကျက်သံကို တစ်ခါမျှမကြားရချေ။ စကြံလျှောက်၍သော်လည်းကောင်း၊ ထိုင်ရင်းသော်လည်းကောင်း၊ လဲလျောင်းအနားယူရင်းသော်လည်းကောင်း၊ အသံတိတ်စာကျက်စာပြန်သည်ကို တွေ့ရလေသည်။ (ယင်းကျမ်း၊ စာ-၁၆၉)

ဒုတိယအကြိမ် တိပိဋကဓရ ရွေးချယ်ရေး စာပြန်ပွဲ

၁၉၄၉ ဒုတိယအကြိမ် တိပိဋကဓရ ရွေးချယ်ရေးစာပြန်ပွဲကို (၁၉၄၉) ခု၊ ဒီဇင်ဘာလ (၂၅) ရက်၊ တနင်္ဂနွေနေ့မှစ၍ ရက်ပေါင်း (၂၀) တိုင်တိုင် ကျင်းပ၏။ မူလလက်မှတ်ထိုးထားသော အရှင်မြတ် (၉) ပါး ရှိသော်လည်း တချို့ပုဂ္ဂိုလ်တို့မှာ ကျန်းမာရေးမပြည့်စုံကြ၍ (၅) ပါးမျှသာ ပြန်ဆိုတော်မူကြကုန်၏။
(ယင်းကျမ်း၊ စာ-၁၆၉) ဟု ဖတ်ရှုရပါသည်။

ဒုတိယအကြိမ်ရွေးချယ်ရေးစာပြန်ပွဲကြီး၌ ဝိနည်း (၅) ကျမ်းကို ပြန်ဆိုသော အရှင်မြတ် (၃) ပါး၊ သုတ္တန်ပိဋကတ် ဒီဃနိကာယ်ကို ပြန်ဆိုသော အရှင်မြတ် (၁) ပါး၊ အဘိဓမ္မာကို ပြန်ဆိုသော အရှင်မြတ် (၁) ပါး၊ ဤသို့ ပိဋကတ်သုံးပုံပြန် အစေ့အစုံရှိသောကြောင့် တစ်နေရာတည်းဖြင့် ပိဋကတ် (၃) ပုံပြန် အရှင်မြတ်များကို ဖူးမြင်ရ၊

နာကြားရပေသည်။ ထို့ကြောင့် နိုင်ငံတော်သမ္မတကြီး၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ သူဌေးကြီးဆာဦးသွင် စသော ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ဝင်အပေါင်းတို့သည် အားရ ရွှင်လန်း ဝမ်းပန်းတသာ ဖြစ်ရှိကြလေ၏။ (ယင်းကျမ်း၊ စာ-၁၇၀) ဟု ရေးသားထား ကြောင်း ဖတ်ရှုရ၏။ ပြန်လည် စဉ်းစားမိလျှင်ပင် အဆိုပါ ပုဂ္ဂိုလ်ကြီးတို့၏ ဝမ်းသာ မှုကို ခန့်မှန်းနိုင်ပါသည်။

**ပထမဦးဆုံး ဝိသိဋ္ဌဝိနယဓရ ပေါ်ပေါက်ခြင်း**

စာပြန်ဆရာတော် (၅) ပါး စာပြန်ရာသို့ နိုင်ငံတော်သမ္မတကြီးနှင့် ဝန်ကြီးချုပ်တို့ သည်လည်းကောင်း၊ သံရုံးများမှ အချို့သော သံအရာရှိများသည်လည်းကောင်း၊ အခြားသော ရဟန်းရှင်လူအပေါင်းတို့သည်လည်းကောင်း လာရောက်လေ့လာ ကြည်ညိုနာယူကြကုန်၏။ (ယင်းကျမ်း၊ စာ-၁၇၀)

ပလ္လင်နံပါတ် (၅) တွင် ပြန်ဆိုသော အရှင်ပညာသာရသည် (၁၅) ရက်ပြန်ဆို သော်လည်း တစ်ချက်မျှမထောက်ရ။ အမှားအချော်မရှိ။ အထစ်အငေါ့မရှိ။ အံ့သြ ဖွယ်ကောင်း လက်ခမောင်းခတ်လောက်အောင် ပြန်ဆိုတော်မူခဲ့လေသည်။ အာဂုံ (၁၅) ရက် ပြန်ဆိုပြီး၍ ရေးဖြေ (၅) ရက်ဖြေပြီးနောက် အောင်စာရင်း ထုတ်ပြန် ကြေညာသောအခါ အရှင်ပညာသာရတစ်ပါးတည်းသာ အာဂုံတွင် ဂုဏ်ထူးဖြင့် အောင်မြင်၍ ဝိသိဋ္ဌဝိနယဓရဘွဲ့ရရှိကာ ရေးဖြေပိုင်းတွင် (၂) ကျမ်းသာ အောင်မြင် ခဲ့လေသည်။ နိုင်ငံတော်အကြီးအကဲများနှင့် ဆာဦးသွင် အစရှိသော ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ကြီးမှာ လွန်စွာအားရ ဝမ်းမြောက်မှုဖြစ်ကြလေ၏။
(ယင်းကျမ်း၊ စာ-၁၇၀)

**သမိုင်းတွင်သော ချီးကျူးပူဇော်ပွဲ**

ဝိနည်း (၅) ကျမ်းကို အထောက်အမ လွတ်ကင်း၍ သန့်ရှင်းစွာ ပြန်ဆိုနိုင်သော ကြောင့် ဝိသိဋ္ဌဝိနယဓရဘွဲ့ ရရှိတော်မူသော အရှင်ပညာသာရအား (၁၉၅၀) ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၃) ရက်၊ အင်္ဂါနေ့တွင် နိုင်ငံတော်အစိုးရပိုင်းမှ နိုင်ငံတော် သမ္မတကြီးအိမ်တော်၌ ကြီးကျယ်ခမ်းနားသည့် ဘွဲ့တံဆိပ်တော်၊ အောင်လက်မှတ် တော် စသည့် အဆောင်အယောင်များကို ဆက်ကပ်ကာ များစွာသော ပူဇော်ဖွယ် ဝတ္ထု အစုစုတို့ဖြင့် လှူဒါန်းပူဇော်ကြလေသည်။ (ယင်းကျမ်း၊ စာ-၁၇၀) ဟု သိရ သည်။

၁၉၅၀ ခက်ခက်ခဲခဲဖြင့် ရအပ်သော တိပိဋကရေ စာပြန်ပွဲကြီး မပျက်စီးရပဲ ဆက်လက်ကျင်းပနိုင်ရန် အောင်လံလွှင့်ထူတော်မူခဲ့သော အာဇာနည်အရှင်ပညာသာရအား (၁၉၅၀) ခု၊ ဖေဖော်ဝါရီလ (၄) ရက်၊ တနင်္ဂနွေနေ့တွင် ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ကြီးက ကြီးမှူးကာ သာသနာ့ရိပ်သာ မင်္ဂလာမဏ္ဍပ်တော်ကြီး၌ ထောင်ပေါင်းများစွာသော ပရိသတ်တို့သည် ဒုတိယအကြိမ် ချီးကျူးပူဇော်ပွဲ ကျင်းပ၍ ပူဇော်ကြလေသည်။ (ယင်းကျမ်း၊ စာ-၁၇၀)

ဝိနည်းငါးကျမ်း ပထမဆုံး အာဂုံဂုဏ်ထူးဆောင်၊ တိပိဋကဓရ ရွေးချယ်ပွဲမှ
(၁၉၄၉) ခုနှစ်တွင် အဦးဆုံး အထူးဆုံး ပထမဆုံး ပေါ်ထွက်ခဲ့သော ဝိသိဋ္ဌဝိနယဓရဘွဲ့ရှင်

# ရှင်ပညာသာရ

(၁၉၂၃ – ၁၉၈၇)



တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲတွင် ဝိနည်းငါးကျမ်းကို အထောက်အမလွတ် သန့်ရှင်းကြည်လင် ပြတ်သားစွာ အာဂုံပြန်ဆိုနိုင်၍ ပထမဆုံး ဝိသိဋ္ဌ ဝိနယဓရဘွဲ့ ဆက်ကပ်ခြင်းခံရသည်။
(ကျမ်းကိုး။ မောင်ဇေယျာ၊ ရှင်ကျော် (၁၀၀)၊ ဝိနည်း ငါးကျမ်း ပထမဆုံး အာဂုံဂုဏ်ထူးဆောင် ရှင်ပညာသာရ၊ ပညာရွှေတောင် စာအုပ်တိုက်၊ စာ-၂၉၅)

ကိုရင်ဝတ်ဖြင့် ပထမကြီးစာမေးပွဲ အောင်မြင်ခဲ့သည်။ ရဟန်းဖြစ်စမှာပင် ဝိနည်း ငါးကျမ်း အာဂုံဆောင်နိုင်၍ ပရိယတ်ရပ်တန့်ပြီး ပဋိပတ်ကိုသာ ကျင့်ကြံအားထုတ်ရန် ပဲခူးတောရတွင် အဓိဋ္ဌာန်ဖြင့် သီတင်းသုံးခဲ့သည်။ (ယင်းကျမ်း၊ စာ-၂၉၅။)

ဒုတိယအကြိမ် တိပိဋကဓရ စာမေးပွဲကျင်းပရန် ရက် (၅၀) ခန့်အလိုတွင် ဗုဒ္ဓ သာသနာနုဂ္ဂဟအဖွဲ့ လူကြီးများနှင့် ရဟန်းဒါယကာ ဦးပွင့်ကောင်းတို့၏ အကြိမ် ကြိမ် လျှောက်ထားတောင်းပန်၍ ဤတစ်ကြိမ်သာ ဝင်ရောက်ပြန်ဆိုခဲ့ခြင်း ဖြစ် သည်။ ဝိသိဋ္ဌဝိနယဓရဘွဲ့ ဆက်ကပ်ခံရပြီး နောက် အဓိဋ္ဌာန်အတိုင်း ပျံလွန်သည့် တိုင် တစ်ပါးတည်း ပဋိပတ်ကို ကျင့်ကြံအားထုတ်ခဲ့သည်။ (ယင်းကျမ်း၊ စာ-၂၉၅)

အရှင်ပညာသာရ၏ ဂုဏ်ကျေးဇူးကို တိပိဋကဓရ မင်းကွန်းဆရာတော်က - "ဘုန်းကြီးတို့ တိပိဋကဓရ ဖြစ်ရတာ ဦးပညာသာရကြောင့်ပဲ။ ဦးပညာသာရသာ တိပိဋကဓရ စာမေးပွဲကြီး ဝင်ရောက်ပြန်ဆိုမှုမပြုလျှင် အဲဒီနှစ်က စာပြန်ပွဲကြီး ဖျက်ပစ်လိုက်ရမှာပဲ။ ဦးပညာသာရ ဝင်ရောက်ပြန်ဆိုရာမှာ အောင်မြင်မှုရရှိသွားလို့ စာမေးပွဲကြီးကို ဆက်လက် ကျင်းပနိုင်ပြီး ဘုန်းကြီးတို့ တိပိဋကဓရ (၄) ပါးနဲ့ အခြား ပိဋကတ် နှစ်ပုံအောင်၊ တစ်ပုံအောင် ပုဂ္ဂိုလ်တွေ ပေါ်ထွက်လာရတာပါ" ဟု ချီးကျူးစကား မိန့်ကြားခဲ့သည်။ (ယင်းကျမ်း၊ စာ-၂၉၆)

၁၉၂၃ (၁၉၂၃) ခုနှစ်၊ အောက်တိုဘာလ (၁၈) ရက်၊ ကြာသပတေးနေ့တွင် သာယာဝတီ ခရိုင်၊ သုံးဆယ်မြို့၊ သစ်ရာကုန်းရွာ၌ ဖွားသည်။

၁၉၃၅ (၁၂) နှစ်တွင် ဆဋ္ဌမတန်း စာမေးပွဲအောင်သည်။ (ယင်းကျမ်း၊ စာ-၂၉၆)

၁၉၃၉ (၁၆) နှစ်တွင် သုံးဆယ်မြို့မောင်းထောင်တိုက် တတိယဆရာတော် ရှင်ဉာဏကို ဥပဇ္ဈာယ်ပြု၍ သာမဏေဖြစ်သည်။

၁၉၄၃ အသက် (၂၀) ပြည့်ချိန် (၁၉၄၃) ခုနှစ်၊ မတ်လ (၂၀) ရက်၊ စနေနေ့တွင် ညောင်တုန်း ရွှေဟင်္သာတောရ ပထမစံကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဖြစ်သည်။ ရဟန်း ဒါယကာမှာ ဦးပွင့်ကောင်း၊ ဒေါ်ခင်နွဲ့ရီ ဖြစ်သည်။ (ကျမ်းကိုး။ ယင်းကျမ်း၊ စာ-၂၉၈)

ရဟန်းဒါယကာမများက ရဟန်းခံပွဲအတွက် သံဃာ (၁၀၀) ပင့်ခဲ့သည်။ ရဟန်းဘွဲ့ ရှင်ပညာသာရ ဖြစ်သည်။ ရဟန်းဖြစ်စမှာပင် ညောင်တုန်း ရွှေဟင်္သာတောရတွင် ကျင်းပသည့် ရွှေကျင် နိကာယ ဝိနည်းစာပြန်ပွဲတွင် ဝိနည်းငါးကျမ်းကို အထောက်အမလွတ် အာဂုံပြန်ဆိုခဲ့သည်။ (ယင်းကျမ်း၊ စာ-၂၉၈)

၁၉၄၅ မင်းကွန်း ဇေတဝန်ဆရာတော် ရှင်နာရဒထံ သတိပဋ္ဌာန်နည်းအရ ကျင့်ကြံအားထုတ်သည်။ (ယင်းကျမ်း၊ စာ-၂၉၈)

၁၉၄၅ (၁၉၄၅) ခုနှစ်တွင် ရွှေဟင်္သာတောရ စံကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ဒုတိယအကြိမ် ရဟန်းခံသည်။

ရဟန်းဒါယကာမှာ ဦးပွင့်ကောင်း၊ ဒေါ်ခင်နွဲ့ရီ မိသားစု ဖြစ်သည်။ (ယင်းကျမ်း၊ စာ-၂၉၈)

၁၉၄၉ ဒုတိယအကြိမ် တိပိဋကဓရ ရွေးချယ်ပွဲကျင်းပမည့် (၁၉၄၉) ခုနှစ်၊ ဒီဇင်ဘာလ (၂၅) ရက် မတိုင်မီ ရက်ပေါင်း (၅၀) ခန့်အလိုတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု၊ သူဌေးကြီး ဆာဦးသွင်နှင့် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ လူကြီးများ၏ ဆန္ဒအရ ရဟန်းဒါယကာ ဦးပွင့်ကောင်းကိုယ်တိုင် ပဲခူးတောတွင်းသို့ လိုက်လံပင့်ဆောင်ခဲ့သည်။ (ယင်းကျမ်း၊ စာ-၂၉၉)

၁၉၄၉ ဒုတိယအကြိမ် တိပိဋကဓရ စာမေးပွဲတွင် ရဟန်း (၅) ပါး ဝင်ရောက်ဖြေဆိုရာ ရှင်ပညာသာရ မှာ ခုံအမှတ် (၅) ဖြစ်သည်။ ဝိနည်းပိဋကတ် ပါဠိတော်ငါးကျမ်း စာမျက်နှာပေါင်း (၁၉၈၈) ကို (၁၅) ရက်ကြာ နေ့စဉ်ပြန်ဆိုရာ အထောက်အမ လွတ်ကင်းပြီး သန့်ရှင်းကြည်လင်ပြတ်သား စွာ အာဂုံပြန်ဆိုနိုင်၍ ဝိသိဋ္ဌဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။ ပထမဆုံး 'ဝိသိဋ္ဌ ဝိနယဓရဘွဲ့' ဆက်ကပ်ခံရသည်။ (ယင်းကျမ်း၊ စာ-၂၉၉)

အထက်ပါအချက်များမှာ ပညာရွှေတောင်စာအုပ်တိုက်ထုတ် မောင်ဇေယျာ၏ ရှင်ကျော် (၁၀၀) စာအုပ်ပါ အချက်အလက်များ ဖြစ်ပါသည်။ ထို ကတ်တလောက် သည် ပြည့်ပြည့်စုံစုံ ရှိပါသည်။ ကျွန်ုပ်၏ ထိုမှတ်စုကို တိပိဋကရွှေရတုစာစောင် စာမျက်နှာ (၁၆၇) နှင့် နှိုင်းယှဉ်လေ့လာလိုက်လျှင် တိပိဋက သာသနာ့အာဇာနည် လမ်းကြောင်းကို ခက်ခက်ခဲခဲ ထိထွင်ခဲ့ရကြောင်း၊ လျှောက်လှမ်းခဲ့ရကြောင်း သိရှိ နိုင်ပါလိမ့်မည်။

အောင်သပြေ (တိပိဋကဓရ စာမေးပွဲဌာန) ၏ စာတွင် လူသိနည်းသေးသော အခြား ကြည်ညိုဖွယ်ရာ ဂုဏ်ရည်များကို ဖတ်ရှုရပါသေးသည်။ အတွင်းကျကျ လေ့လာထားချက်များဖြစ်သဖြင့် အနီးနေ ပုဂ္ဂိုလ်များသာ သိနိုင်ပါသည်။ ထိုအချက် တို့ကို အောင်သပြေက တင်ပြထား၏။ ထိုအချက်တို့မှာ ကြည်ညိုဖွယ်လည်း ကောင်း၏။ ပြန်လည် စဉ်းစားလျှင်လည်း လူတို့သဘောနှင့်ပြောရလျှင် အလွန် လွန်းလောက်သော အချက်အလက်များ ဖြစ်ပါသည်။ ထို့ကြောင့် ဤကျမ်းပြုသူ သည် ဆရာတော် ဦးပညာသာရကို အလွန်ကြည်ညိုသဖြင့် ထပ်ဆင့်တင်ပြပါ သည်။ ထိုအချက်တို့ကို ကျောက်တော်ကြီးဘုရား ပင့်စဉ်က လစဉ်ထုတ်စာစောင် တစ်ခုတွင် ဖတ်ခဲ့ရသော်လည်း ဝိုးတိုးဝါးတား ဖြစ်နေခဲ့ပါသည်။ ယခု အောင်သပြေ တိပိဋကဓရ စာမေးပွဲဌာန၏ ဆောင်းပါးစာကို ဖတ်သောအခါမှ ထင်ထင်လင်း လင်းကြီး သိရပါတော့သည်။ အောက်တွင် ဆက်၍ ဖတ်ကြည့်ပါ။ ပို၍ ကြည်ညို လာပါလိမ့်မည်။

၁၉၃၅ ‘နောင်သောအခါ သုံးဆယ်မြို့သို့ ပြောင်းရွှေ့နေထိုင်ကြရာ (၁၂) နှစ်အရွယ်တွင် သုံးဆယ်မြို့၊ ဆရာကြီး ဦးစံဖေကျောင်းမှ ဆဋ္ဌမတန်းကို အောင်မြင်ခဲ့လေသည်။ ဦးစံဖေကျောင်း၌ နေစဉ်ကပင် ထူးချွန်သောကျောင်းသားဟု ဆရာကြီးဦးစံဖေနှင့် အများကပါ ဝိုင်းဝန်းချီးကျူးကြလေသည်။

၁၉၃၉ နောင်သောအခါ ဘုန်းတော်ကြီးကျောင်းသို့ ပြောင်းရွှေ့ပညာသင်၍ (၁၆) နှစ်အရွယ်တွင် သုံးဆယ်မြို့၊ မောင်းထောင်တိုက်ဆရာတော် ဦးဉာဏကို ဥပဇ္ဈာယ်ပြုကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့လေသည်။ ကိုရင် မဝတ်ခင်က အငယ်တန်းစာမေးပွဲဖြေရာ အောင်မြင်ခဲ့သည်ဟု ဆို၏။

နောင်တွင် ညောင်တုန်းမြို့ရှိ ရွှေဟင်္သာတောရကျောင်းတိုက် ဆရာတော် (ရွှေကျင်ဂိုဏ်း၏ ဒုတိယသာသနာပိုင် ဆရာတော်) ဦးဝါယမထံ မောင်လွင်ဟူသော ကျောင်းသားတစ်ယောက် အဖြစ်ဖြင့် ရောက်ရှိလာရာ ဆရာတော်ကြီးက (ထိုအချိန်တွင် ညောင်တုန်းမြို့၌ နေထိုင်သော) ဦးပွင့်ကောင်းကိုခေါ်၍ ထိုကျောင်းသားကို ကိုရင်ဝတ်ပေးဖို့ အမိန့်ရှိသဖြင့် ဦးပွင့်ကောင်းက ရှင့်ဒကာခံကာ ရှင်သာမဏေပြုပေးခဲ့သည်။ ဘွဲ့အမည်မှာ ရှင်ပညာသာရပင် ဖြစ်၏။ ကိုရင်အဖြစ်နှင့် အလတ်တန်း၊ အကြီးတန်းတို့ကို ဆက်တိုက်အောင်မြင်ခဲ့လေ၏။

၁၉၄၂ (၁၉၄၂) ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈) ရက်၊ စနေနေ့တွင် ညောင်တုန်းမြို့၊ ရွှေဟင်္သာတောရ ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ဦးပွင့်ကောင်း၊ ဒေါ်ခင်နွဲ့ရီတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့လေသည်။
ဤတွင် သက်တော်ထင်ရှား စံကျောင်းဆရာတော်ဘုရားကြီး၏ စကားတစ်ခွန်းမှာ အလွန် အရေးပါကြောင်း စာရေးသူက ဖော်ပြခဲ့၏။ ထိုစကားမှာ ဤသို့ဖြစ်၏။

“ဒီမောင်ပဥ္စင်းလောင်းဟာ ထူးခြားမည့်ပုဂ္ဂိုလ်ဖြစ်သည့်အတွက် သိမ်ဝင်သံဃာ အပါးတစ်ရာနှင့် ရဟန်းခံပေးရမည်”ဟု မိန့်ကြားခဲ့ခြင်း ဖြစ်၏။ ဦးပွင့်ကောင်း၊ ဒေါ်ခင်နွဲ့ရီတို့သည် အရှင်ပညာသာရ ရဟန်းခံပွဲတွင် သိမ်ဝင်သံဃာ အပါး (၁၀၀) ပင့်၍ အလှူကြီးလှူကာ ဥပသမ္ပဒမင်္ဂလာပွဲ ကြီးကို ကျင်းပခဲ့လေသည်။

ထိုစဉ်ကတည်းက ဝိနည်း (၅) ကျမ်း အာဂုံဆောင်နိုင်ကြောင်း အောင်သပြေက မှတ်တမ်းပြုခဲ့၏။

ရဟန်းဖြစ်စဥ်ပင် အရှင်ပညာသာရသည် ညောင်တုန်းမြို့၊ ရွှေဟင်္သာတောရတွင် ကျင်းပသည့် ဝိနည်းပြန်ဆိုပွဲ၌ ဝိနည်း (၅) ကျမ်းလုံးကို အထောက်အမလွတ် ပြန်ဆိုနိုင်လေသည်။

ထိုစဉ်ကတည်းက ပဋိပတ္တိ သာသနာတော်ကို စိတ်ဝင်စားခဲ့ကြောင်း တွေ့ရှိရ၏။ ထို့နောက် ပရိယတ္တိကို ရပ်တန့်၍ ပဋိပတ်ကို အားထုတ်တော့မည်ဟု ဆုံးဖြတ်ကာ စံကျောင်းဆရာတော်ဘုရားကြီးထံ ခွင့်ပန်၍ လည်းကောင်း၊ ဦးပွင့်ကောင်းအား အကြောင်းကြား၍ လည်းကောင်း၊ ညောင်တုန်းမြို့မှ သထုံမြို့သို့ ကြွရောက်ခဲ့လေသည်။ ထို့နောက် မင်းကွန်းဇေတဝန်ဆရာတော်ဘုရားကြီးထံ နည်းခံ ဝိပဿနာတရားများကို အားကြိုးမာန်တက် (၂) ဝါတိုင်တိုင် အားထုတ်တော်မူလေသည်။

ထိုစဉ် ဖြစ်တတ်သောသဘာဝကလေးအတိုင်း အဖြစ်အပျက်တစ်ခု ရှိခဲ့၏။ ရဟန်းဘဝမှ သာမဏေဘဝသို့ ပြန်လည်ဝင်စားခဲ့ရပြန်၏။ သာမဏေဘဝနှင့်ပင် ဖခင်ကြီးအား ဝတ်ကြီးဝတ်ငယ် ပြုစုရ၏။

ယင်းသို့ အားထုတ်နေစဉ် သုံးဆယ်မြို့ရှိ ခမည်းတော်ကြီး ဦးဖိုးဘ အသည်းအသန် နေမကောင်းကြောင်း သိရ၍ သုံးဆယ်မြို့သို့ ပြန်ကြွခဲ့လေသည်။ သုံးဆယ်မြို့သို့ ပြန်ရောက်သောအခါ အိပ်ရာထဲမှ မထနိုင်သော ခမည်းတော်ကြီးအား အနီးကပ် လွတ်လပ်စွာ ပြုစုနိုင်ရန် ရဟန်းသိက္ခာချ၍ သာမဏေဘဝနှင့် ပြုစုတော်မူလေသည်။

၁၉၄၅ ဦးပွင့်ကောင်းသည် ရဟန်းဒကာအဖြစ် နှစ်ကြိမ်တိုင်တိုင် ကံကောင်းခဲ့၏။ ထိုအချက်ကို ဤသို့ ဖော်ပြခဲ့၏။ အတိအကျ ဖြစ်၏။

ခမည်းတော်ကြီး အနိစ္စရောက်ပြီးနောက် (၁၉၄၅) ခုနှစ်တွင် ညောင်တုန်းမြို့ ရွှေဟင်္သာတောရကျောင်းတိုက်သို့ ပြန်လည်ရောက်ရှိလာရာ ဦးပွင့်ကောင်းနှင့် ဒေါ်ခင်နွဲ့ရီမိသားစုကပင် ဒုတိယအကြိမ် ရဟန်းခံပေးခဲ့လေသည်။

ရဟန်းဖြစ်ပြီးနောက် အရှင်ပညာသာရသည် ရွှေဟင်္သာတောရဆရာတော်ကြီးထံ ခွင့်တောင်း၍ တရားအားထုတ်ရန် ရန်ကုန်သို့ ခရီးစတင်ထွက်ခွာတော်မူခဲ့လေသည်။

ထိုစဉ်က ပဲခူး-နာရဏီသိမ်နေရာသည် တောကြီးမျက်မည်းဖြစ်၏။ ထိုနေရာတွင်လည်း နောင်သောအခါ ရှမ်းပြည်နယ်၌ ဝက်သကင်ဆရာတော်ဟု အကျော်တစောရှိသော ဆရာတော်ကြီးလည်း တရားအားထုတ်ဖူး၏။ ယခုလည်း ရှင်ပညာသာရသည် ထိုတော၌ပင် တရားအားထုတ်တော်မူခဲ့ကြောင်း တွေ့ရ၏။

ရန်ကုန်-အင်းစိန်ရှိ မင်းကွန်း ဇေတဝန်ကျောင်းတိုက်ကြီးတွင် ခေတ္တမျှ သီတင်းသုံး တရားအားထုတ်တော်မူပြီးနောက် ပဲခူး-နာရဏီသိမ်ရှိရာ တောထဲသို့ ကြွရောက်တော်မူပြီး ဆရာတော် ဦးနန္ဒဝံသနှင့်အတူ တဲကျောင်းကလေးတစ်ကျောင်းတွင် တရားအားထုတ်တော်မူလေသည်။ ယင်းသို့ တရားအားထုတ်ခိုက်တွင် တိပိဋကဓရ စာပြန်ပွဲကြီး ဝင်ရောက်ပြန်ဆိုရန် ဦးပွင့်ကောင်း သွားရောက်ပင့်ဆောင်ခြင်း ဖြစ်၏။

ဤတွင် တိပိဋကဓရ စာမေးပွဲကြီးနှင့် စပ်လျဉ်းသောကိစ္စကိုသာလျှင် ပြောပြရပါတော့မည်။ ထူးထူးခြားခြား အောင်မြင်တော်မူပြီးနောက် ဖြစ်ပျက်သော အဖြစ်အပျက် အချို့တို့မှာ ဆရာတော်ကြီး၏ အလိုနည်းပုံကို ဖော်ပြလျက်ရှိ၏။ အောက်တွင် ဖတ်ကြည့်ပါ။

တိပိဋကဓရ စာပြန်ပွဲကြီး ပြန်ဆိုပြီး၍ ပူဇော်ပွဲကြီး နှစ်ကြိမ်ကျင်းပပြီးနောက် ပူဇော်ပွဲ ရရှိလာသည့် လှူဖွယ်ဝတ္ထုပစ္စည်းတို့ကို အရှင်ပညာသာရထံ လာရောက်ပို့ဆောင်ရာ လော်လီကားကြီး နှစ်စီးတိုက် အပြည့်ပါသည် ဆို၏။ အရှင်ပညာသာရ

သည် နာရီတစ်လုံးနှင့် သက္ကလတ်ခြုံထည် သက်န်းတစ်ထည်မျှသာ ယူတော်မူ၍ ကျန်ပစ္စည်းများကို သင့်လျော်ရာ ကျောင်းတိုက်များရှိ သံဃာအသီးသီးသို့ ခွဲဝေပေးပို့ လှူဒါန်းလိုက်လေသည်။

ဝိသိဋ္ဌ ဝိနယဓရပွဲတော် ရရှိချိန်တွင် အရှင်ပညာသာရသည် သက်တော် (၂၆) နှစ်မျှသာ ရှိသေး၍ သာမန်ပုဂ္ဂိုလ်တို့အဖို့ စိတ်ဓာတ်တက်ကြွ ရွှင်ပြမြူးတူးရရှိသည့် အခြေအရံဂုဏ်ထူး၌ ယစ်မူးမေ့လျော့မည့်အရွယ်သာ ရှိသေး၏။ သို့သော် အရှင်ပညာသာရကား ဘာကိုမျှ လိုချင်မက်မောခြင်း မရှိ။ နိုင်ငံတော်သမ္မတကြီး၊ နိုင်ငံတော်ဝန်ကြီးချုပ်တို့နှင့် ရင်းနှီးမှုကိုလည်း မသာယာ၊ မမက်မော၊ မိမိ စာပြန်ပွဲကိစ္စပြီးက ပဲခူးတောထဲသို့ ပြန်ကြွရန်သာ ဆန္ဒရှိတော့၏။

ထိုအခါ ဦးပွင့်ကောင်းက အရှင်ပညာသာရအား တောသို့ ပြန်လည်မဝင်စေလိုသဖြင့် ပရိယာယ်သဘောဖြင့် အမှန်လည်း ဖြစ်၊ မြို့မှာနေစေချင်သော သဘောလည်း ဖြစ် ဟူ၍ ဤသို့ပြောသည်ဟု ဆိုပါသည်။
"အရှင်ဘုရား ယခုအချိန်မှာ ပဲခူးဝန်းကျင်တွင် ရောင်စုံ သောင်းကျန်းသူများ ရှိနေပါတယ်။ အရှင်ဘုရားကို အစိုးရဘုန်းကြီး၊ တပည့်တော် ရဲ့ဘုန်းကြီးလို့ သိသွားကြပြီမို့ အရှင်ဘုရား တောထဲမှာ သီတင်းသုံးပါက ဖမ်းဆီး ပြီး ပြန်ပေးဆွဲ ငွေတောင်းပါလိမ့်မယ်။ ပဲခူး တောထဲကိုတော့ ပြန်မကြွပါနဲ့။ ရန်ကုန် အနီးတစ်ဝိုက်တွင် လုံခြုံစိတ်ချရပြီး ဦးပဥ္စင်းလည်း သဘောကျမည့် တောရကျောင်းလို နေရာမျိုး တွေ့ရှိပါက ဝယ်၍လှူဒါန်းပါမည်" ဟု လျှောက်ထားသဖြင့် ပဲခူး တောထဲသို့ ပြန်မကြွတော့ချေ။

၁၉၅၀ (၁၉၅၀) ခုနှစ်၊ ဝါဆိုကာနီးတွင် ပြည်မြို့၊ ရတနာ မာန်အောင်နှင့် စိမ်းလဲ့ကျွန်းသို့ ဦးပွင့်ကောင်း ပင့်ဆောင်သဖြင့် ထိုနှစ်က ပြည်မြို့ စိမ်းလဲ့ကျွန်းတွင် ဝါဆိုခဲ့၏။

၁၉၅၁ ထိုစဉ်က ပြည်မြို့၊ ရတနာမာန်အောင် ဆိုသည်မှာ ရတနာမာန်အောင်တောရကျောင်းတိုက် ဟူ၍ပင် ဖြစ်လေသဘော မသိပါ။ ထိုစဉ်က ရတနာမာန်အောင်တောရဆရာတော်ဘုရားကြီးသည် နောင်သောအခါ ရွှေဖျိုင်းနားဆရာတော်ဟူ၍ ဟိုးဟိုးကျော်ခဲ့၏။ အမည်တူသဖြင့် ဆက်လက်လေ့လာရဦးမည် ဖြစ်ပါသည်။

၁၉၅၁ (၁၉၅၁) ခုနှစ်အခါက ယခု တွေ့နေရသော ကမ္ဘာအေးဘုရားနှင့် မိုးလေဝသ ဌာနတို့လည်း မရှိသေး။ ယခုတွေ့နေရသည့် အိမ်ခြေအဆောက်အအုံများလည်း မရှိသေး။ ရေကူး၊ ကံဘဲ့ စသော ရွာများမှာလည်း အိမ်ခြေကျိုးတိုးကျဲတဲသာ ရှိသေး၏။ ကုက္ကိုင်းလမ်းမကြီးတစ်လျှောက်တွင်လည်း နေ့ဘက်၌သာ လူသွားလူလာများ၏။ ညဘက်တွင် လူများ လုံးဝသွားလာမှုမရှိပဲ ပြတ်စဲနေ၏။ ယခု လမ်းဝခေါ်သည့် လမ်းဆုံအနီးတစ်ဝိုက်တွင်လည်း ရာဘာတောကြီးများ၊ ခြံမြေများ၊ စိတ္တဇဆေးရုံဝင်း၊ အုတ်ပုံဆိပ်လမ်းတို့သာ ရှိနေသေး၏။ ဤသို့ ဆိတ်ငြိမ်၍ တရားအားထုတ်ရန် သင့်လျော်သည့် ခြံမြေကွက်တစ်ကွက်ကို ဝယ်၍ သစ်သားနှစ်ထပ်ကျောင်းကလေးတစ်လုံး ဆောက်လုပ်ကာ (၁၉၅၁) ခုနှစ်၊ ဝါဆိုလအမီ မဟာစည်ဆရာတော်ကြီးအားလည်း ယင်းကျောင်းဆောင်သစ်သို့ပင့်ကာ ဝါဆိုသင်္ကန်းကပ်လှူရင်း အရှင်ပညာသာရအား ကျောင်းဆောင်သစ်ကို လှူဒါန်းခဲ့လေသည်။

ထိုနေရာသည် ယခု မရမ်းကုန်းမြို့နယ်၊ တံတားကလေးလမ်းဝအနီး မြန်မာနိုင်ငံ နယ်စပ်နှင့်တောင်တန်းဒေသ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်းကြီး တည်ရာ ဇမ္ဗူသီရိဝိမာန်တော်ကြီးနှင့် ခြံချင်းဆက်လျက် ရှိ၏။

ကျောင်း၏အမည်မှာ မဟာဂန္ဓာရုံ ဖြစ်၏။ ယခု အပြည်ပြည်ဆိုင်ရာ မဟာဂန္ဓာရုံ ကျောင်းတိုက်ကြီးတွင် တွေ့မြင်ရသည့် သိမ်တိုက်ကြီးကိုကား (၁၉၆၀) ပြည့်နှစ်က သားများ၊ တူများ၊ ကိတ္တိမသားများကို ရှင်ပြုရင်း တစ်ဦးတည်းသောသမီးကို သီလရှင်ဝတ်ပွဲ ကျင်းပ၍ ရေစက်ချလှူဒါန်းခဲ့လေသည်။ ရေစက်ချအလှူပွဲတွင် အသုံးပြုလိုက်ရသော ငွေမှာ (၁၁) သိန်းဖြစ်၏။

၁၉၆၀ (၁၉၆၀) ပြည့်နှစ်ကစ၍ သိမ်တိုက်ထဲ၌ အမြဲမပြတ် တရစပ် တရားအားထုတ်တော်မူလေ၏။ ဦးပွင့်ကောင်းနှင့်ဒေါ်ခင်နွဲ့ရီတို့ကလည်း “တပည့်တော်တို့ ကျောင်းဒကာ၊ ကျောင်းအမ မိသားစုအနေနဲ့ နှစ်ထပ်သစ်သား ကျောင်းဟောင်းလေးမှာ နေ၍ ဆွမ်းချက်၊ ဆွမ်းကပ် တာဝန်ယူပါရစေ ဘုရား” ဟု ခွင့်တောင်းကာ ဆွမ်းကပ်နေလေ၏။

၁၉၆၄ (၁၉၆၄) ခုနှစ်က ဦးပွင့်ကောင်းတို့သည် စိတ်အေးချမ်းမှုရှိစေရန် ဥပုသ်စောင့် အနားယူရင်း သစ်သားကျောင်းကလေး၌နေကြကာ အရှင်ပညာသာရအား ဆွမ်းဝတ်ပြုနေကြလေ၏။ အေးချမ်းငြိမ်သက်သော အရှင်ပညာသာရ၏ အကျင့်ပဋိပတ်ကို နေ့တစ်ပတ်မှ ဆွမ်းကပ်ချိန်ကလေးတွင် ဖူးမြင်ကြရင်း စိတ်သက်သာမှု၊ အေးချမ်းမှုကို ရယူနေကြလေ၏။

ဦးပွင့်ကောင်းတို့ မိတ်ဆွေများကလည်း ဦးပွင့်ကောင်းအား လာရောက်တွေ့ဆုံကြရင်း ဆရာတော် အရှင်ပညာသာရအား လာရောက်ဖူးမြော်ကြလေ၏။ တစ်လလောက်ကြာသောအခါ ဆရာတော်အရှင်ပညာသာရက ကျောင်းဒကာကြီး ဦးပွင့်ကောင်းတို့ မိသားစုကို ဤသို့ အမိန့်ရှိလေသည်။

"ဒကာကြီး၊ ဒကာမကြီးတို့ ကျေးဇူးကို ဆပ်သည့်အနေနှင့် ရဟန်းကိစ္စပြီးအောင် အားထုတ်ချင်တယ်။ ဒီကျောင်း၌ ဆက်လက်အားထုတ်မယ်ဆိုရင် ကျောင်းဒကာကြီးတို့ မိသားစုနှင့်တကွ အခြား ဒကာ၊ ဒကာမတွေကိုပါ အတွေ့ခံနေလို့ မဖြစ်ပေဘူး။ ဦးဇင်း မိခင်ကြီးရှိရာ ဗွဲဖုံရွာတွင် ဆယ်အိမ်လောက်ထိ ဆွမ်းခံဘုဉ်းပေးပါ့မယ်။ ဆွမ်းခံပြန်လျှင် လိုအပ်တာကလေး အကပ်ခံပြီး ဝင်းတံခါး ပိတ်ထားပါမယ်။ ဒကာကြီးတို့လည်း ကိုယ့်အိမ်ကိုယ်ပြန်ပြီး နေကြပါတော့။ ဦးဇင်းလိုအပ်လို့ ခေါ်မှသာလာခဲ့ပါ။ ဒီအစီအစဉ်ကို ဒကာကြီး လက်ခံသဘောတူပါ။ သဘောမတူဘူးဆိုရင် ဒီကျောင်းမှာမနေတော့ပဲ တောထဲကို ပြန်ကြွတော့မယ်" ဟူ၍ ဖြစ်၏။

အရှင်ပညာသာရက မိမိအနီး၌ နေခွင့်မပေးပဲ အိမ်သို့အပြန်ခိုင်းသည့်အတွက် အလွန်ဝမ်းနည်း စိတ်မကောင်း ဖြစ်လေ၏။ ခွင့်တောင်းသော်လည်း မရခဲ့။ သို့ဖြင့် လက်လျှော့ကာ မိမိတို့အိမ်သို့ပြန်ရန် ပြင်ဆင်ကြ၏။ အိမ်ပြန်ကာနီးတွင် အရှင်ပညာသာရအား ဝမ်းနည်းစွာ သွားရောက်ဦးချ ကန်တော့ကြလေ၏။ ယခု ရှိခိုးဦးချ ကန်တော့နေကြခြင်းသည် အသက်ထင်ရှားရှိသော အရှင်ပညာသာရအား နောက်ဆုံးဦးချ ကန်တော့နေခြင်းဟု မည်သူမျှ မသိကြပါချေ။ သိကြလျှင်ကား ရှိုက်ကြီးတငင် ငိုပွဲဆင်၍ ကန်တော့ကြမည်သာ ဖြစ်၏။

ကျောင်းဒကာ ဦးပွင့်ကောင်းတို့ မိသားစုသည် ဖွဲဖုံရွာထဲမှ နီးရာနီးစပ် ဒကာ၊ ဒကာမများအား မဟာဂန္ဓာရုံဆရာတော်အား ကြည့်ရှုစောင့်ရှောက်ပြီး လိုအပ်တာကို ဆောင်ရွက်ပေးရင်း ကုသိုလ်ယူကြဖို့ မှာကြားကာ မိမိတို့နေအိမ်သို့ ပြန်ကြလေသည်။

အိမ်သို့ပြန်ရောက်လာသည့်အခါ ဦးပွင့်ကောင်း၏စိတ်တွင် အရှင်ပညာသာရ၏ အပြုအမူကိုသာ ဝမ်းနည်းစွာ တွေးနေမိ၏။

ဆရာတော်အရှင်ပညာသာရ၏ အပြုအမူသည် သူတို့အပေါ်မှာ မငဲ့မညှာ အလွန်တင်းမာလွန်းသည်ဟု ယူဆကာ ဤအကြောင်းကို အရှိန်အဝါရှိသည့် ဆရာတော်ကြီးများအား လျှောက်ထားမည်။

ထိုအခါ ဆရာတော်ကြီးတစ်ပါးပါးက 'ကိုယ့်ကျောင်းဒကာ၊ ကိုယ့်ရဟန်းဒကာ ကျေးဇူးဆပ်လိုလျှင် ကုသိုလ်ပြုခွင့်ပေးခြင်းဖြင့် ကျေးဇူးဆပ်နိုင်ပါတယ်' ဟု အမိန့်ရှိခဲ့မည်ဆိုက ထိုဩဝါဒစကားဖြင့် အရှင်ပညာသာရအား လျှောက်ထား၍ ပြန်လည်ချဉ်းကပ် လုပ်ကျွေးမည်" ဟူသော ရည်ရွယ်ချက်ဖြင့် မဟာစည်ဆရာတော်ဘုရားကြီးအား လျှောက်ထားလေ၏။

မဟာစည်ဆရာတော်ဘုရားကြီးက အရှင်ပညာသာရ၏ ဆန္ဒကိုသာ လိုက်လျောခွင့်ပြုရန် မိန့်တော်မူလိုက်လေ၏။ ထို့နောက် မြောင်းမြဆရာတော်ကြီးနှင့် တောင်မြို့ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသတို့အား လျှောက်ထားရာတွင်လည်း "ဦးပဉ္စင်း အမိန့်ရှိသလို သဘောတူလိုက်ပါ။ ဘုန်းကြီးတို့လည်း ရန်ကုန်ရောက်သည့်အခါ သူ့ကျောင်းကို မသွားပဲ နေ၂ါမယ်"ဟုသာ မိန့်တော်မူကြလေ၏။ ဘယ်သူကမှ ထောက်ခံမဲ့ မရသော ဦးပွင့်ကောင်းအဖို့ အရှင်ပညာသာရထံ ချဉ်းကပ်ရေးအတွက် လက်လျှော့လိုက်ရလေတော့၏။

ကျောင်းဒကာကြီးတို့ မိသားစု အိမ်ပြန်ကြသောအခါ အရှင်ပညာသာရသည် ဖွဲဖုံရွာထဲသို့ ဆွမ်းခံကြွတော်မူလေ၏။ သတိပဋ္ဌာန်အကျင့်ဖြင့် ဣန္ဒြေရစွာ ဆွမ်းခံ

ကြွလာသော အရှင်ပညာသာရ၏ အမူအရာသည် တွေ့မြင်ရသူ လူအပေါင်းအား ဆွမ်းလောင်းလိုစိတ် ယိုဖိတ်စေခဲ့၏။ သဒ္ဓါတရား ဖြစ်ပွားထက်သန်စေခဲ့၏။ လူတို့သည် တွေ့မြင်ကာစအနေဖြင့် ဤရဟန်းတော်အရှင်မြတ်သည် ဘယ်လောက်အထိ ကျင့်ကြံအားထုတ်နေသည်ဟု မသိရှာကြသေးပေ။ နောင်တဖြည်းဖြည်း သိရှိလာသည့်အခါတွင် များစွာ ရိုသေမြတ်နိုးမှု ပြုလာကြ၏။

ဖွဲဖုံရွာထဲတွင် အရှင်ပညာသာရ၏ မယ်တော်ကြီး ရှိ၏။ မယ်တော်ကြီးကို ဆွမ်းခံကြွရင်း ဆွမ်းခံရပ်ရင်းက တွေ့တော်မူ၏။ မယ်တော်ကြီး နေမကောင်းဟု ကြားသိရသည့်အခါတွင်လည်း ဆွမ်းခံကြွရင်းသာ လူမမာမေးခြင်းကိုစ္စ ပြုတော်မူ၏။

ဆွမ်းခံချိန်ကလွဲလျှင် သီးသန့်ကြွတော်မမူခဲ့ချေ။ ဆရာတော်အရှင်ပညာသာရသည် ဆွမ်းခံပြန်လျှင် ကျောင်းကို တစ်ခါတည်းပိတ်၍ တရားကိုသာ အဆက်မပြတ် ကြိုးစားအားထုတ်တော်မူလေ၏။ အရှင်ပညာသာရနေသောကျောင်းသည် ခြံတံခါး အမြဲတမ်းပိတ်ထားသဖြင့် ရဟန်းမရှိသည့် ကျောင်းကဲ့သို့ ဖြစ်နေ၏။ အကြောင်းကို မသိသူတို့က ရဟန်းမရှိဟု မှတ်ထင်ကြ၏။ သိရှိကြသောသူတို့မှာ အရှင်ပညာသာရ ဆွမ်းခံကြွလာမည်ကို စောင့်မျှော်လျက် လှူဒါန်းဖွယ်တို့ကို ပြင်ဆင်ထားကြလေ၏။ တဖြည်းဖြည်း သဒ္ဓါတရား တိုးပွားလွန်ကဲလာကြသည့်အခါ ဆွမ်းခံကြွမည့်လမ်းတွင် ဖြူစင်သည့်အဝတ်များကို ခင်းထားသူက ခင်းထားကြ၏။ အချို့သော အမျိုးသမီးများက ပဝါခင်းကာ ထိုပဝါပေါ်တွင် ဦးခေါင်းကို ငုံ့လျက် လက်အုပ်ချီကာ ဆံပင်များကို ဖြန့်ခင်းထားကြကုန်၏။ ဒကာ၊ ဒကာမများက ကုသိုလ်လိုလား၍ အစွမ်းကုန်ပြုစုကြ၏။ အရှင်ပညာသာရက အနှောင့်အယှက်ဖြစ်သည်ဟု နှလုံးသွင်းလျက် ထိုမျှ အလွန်အကဲပြုလုပ်ကြသည့်လမ်းသို့ ဆွမ်းခံကြွတော်မမူခဲ့ချေ။

၁၉၇၅ (၁၉၇၅) ခုနှစ်နောက်ပိုင်းတွင် ဆွမ်းခံကြွရာ၌ အနှောင့်အယှက်ဖြစ်သည်ဟု ယူဆကာ ရပ်ကွက်ထဲ ဆွမ်းခံကြွခြင်းကို လုံးဝရပ်ဆိုင်းလိုက်ပြီး ဝင်ပေါက်တံခါးတွင်သာ လိုအပ်သလောက် တစ်ပါးစာ ဆွမ်းခံပြီး ပြန်ဝင်ခဲ့လေသည်။

ဤသို့လျှင် ပရိယတ္တိကို ရပ်တန့်၍ မိမိရဟန်းကိစ္စ ပြီးမြောက်ရေးကို မျှော်တွေးလျက် အဆက် မပြတ် တရားအားထုတ်လာခဲ့သည်မှာ ဆယ်စုနှစ် နှစ်ခု ကျော်လွန်ခဲ့လေပြီ။

တိပိဋကဓရ ရွေးချယ်ရေးစာပြန်ပွဲကြီးလည်း အကြိမ် (၃၀) နီးပါး ကျင်းပလာခဲ့ရာ တိပိဋကဓရ ပုဂ္ဂိုလ်ကျော် (၄) ပါးတို့ပင် ပေါ်ထွန်းလာကြလေပြီ။

အရှင်ပညာသာရ သက်တော်ထင်ရှား ရှိစဉ်ကပင်လျှင် တိပိဋကဓရ သာသနာ့အာဇာနည် ပုဂ္ဂိုလ်ကျော် (၄) ပါး ပေါ်ထွန်းခဲ့ပြီး ဖြစ်လေသည်။ ထို (၄) ပါးတို့မှာ- ပထမ တိပိဋကဓရ မင်းကွန်းဆရာတော်၊ ဒုတိယ တိပိဋကဓရ ပခုက္ကူဆရာတော်၊ တတိယ တိပိဋကဓရ ပြည် ဆရာတော်၊ စတုတ္ထ တိပိဋကဓရ မဟာဂန္ဓာရုံ ဆရာတော်တို့ ဖြစ်ကြပါသည်။

တစ်ခါသော် အရှင်ပညာသာရအား စွဲစွဲမြဲမြဲ အနီးကပ် ပူဇော်ကြည်ညိုကြသော ဖွဲ့ဖုံ့ရွာ တည်စကပင် ရှိနေကြသည့် ဦးကံမြင့်-ဒေါ်ခင်ရီတို့သည် မင်းကွန်းဆရာတော်ဘုရားကြီးထံ ဖူးမြော်ရောက်ရှိကြသည်။ ဦးပညာသာရအကြောင်းနှင့် စပ်မိ၍ လျှောက်ထားပြောဆိုကြရာ မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးက- "ဘုန်းကြီးတို့ တိပိဋကဓရဖြစ်ရတာ ဦးပညာသာရကြောင့်ပဲ ဦးပညာသာရသာ တိပိဋကဓရ စာပြန်ပွဲကြီး ဝင်ရောက်ပြန်ဆိုမှုမပြုလျှင် အဲဒီနှစ်က စာပြန်ပွဲကြီး ဖျက်ပစ်လိုက်ရမှာပဲ။ ဦးပညာသာရ ဝင်ရောက်ပြန်ဆိုရာမှာ အောင်မြင်မှုရရှိသွားလို့ စာမေးပွဲကြီး ဆက်လက်ကျင်းပနိုင်ပြီး ဘုန်းကြီးကို့ တိပိဋကဓရ ပုဂ္ဂိုလ် (၄) ပါး နှင့် အခြား ပိဋက (၂) ပုံအောင်၊ (၁) ပုံအောင် ပုဂ္ဂိုလ်တွေ ပေါ်ထွက်လာရတာပဲ။ ဦးပညာသာရဟာ သူကိုယ်တိုင် ပိဋကတ်သုံးပုံ မပြန်ဆိုနိုင်သော်လည်း ပိဋကတ်သုံးပုံ ပြန်ဆိုနိုင်တဲ့လမ်းကြောင်းကြီးကိုတော့ သူက ဖောက်ပေးသွားတာပဲ" ဟု ချီးကျူးစကား မိန့်ကြားကြောင်း သိရပါသည်။

ဤသို့လျှင် တိပိဋကဓရ ပုဂ္ဂိုလ်ကျော်များ ပေါ်ထွက်လာရေးအတွက် လမ်းကြောင်းဖောက်လုပ်သုတ်သင်သည့်အနေဖြင့် ပထမဦးဆုံး ဝိနည်းငါးကျမ်းကို အထောက်

အမ လွတ်ကင်းစွာ ပြန်ဆိုခဲ့သော အာဒိကမ္မိက ဝိသိဋ္ဌ ဝိနယဓရ အရှင်မြတ်သည် ရဟန်းကိစ္စ ပြီးမြောက်ရန် ထက်သန်သောစိတ်ဓာတ်ဖြင့် အားထုတ်လာခဲ့ရာ နောက်ဆုံး သုံးရက်တွင် မမာမကျန်းဖြစ်သော်လည်း ဘယ်ဆရာဝန်၊ ဘယ်သမားတော်နှင့်မှ အတွေ့မခံပဲ မိမိ တရားအားထုတ်သော သိမ်တိုက်ပေါ်တွင် (၁၉၈၇) ခုနှစ်၊ သကြြန်အကြိုနေ့လောက်၌ တရားအားထုတ်ရင်း သက်တော်-၆၃ နှစ်၊ ဝါတော် ၄၂-ဝါအရတွင် ဘဝနိဂုံး အဆုံးသတ်တော်မူလေသည်။

အထက်ပါအတိုင်း အောင်သပြေ၏ မှတ်တမ်းတွင် ကြည့်ရှုရပါသည်။ တစ်ဘဝ ခန္ဓာချုပ်ငြိမ်းမှုနှင့်ပတ်သက်၍ နေ့စွဲ၊ ရက်စွဲ၊ အတိအကျ လိုချင်သဖြင့် လိုက်ရှာသောအခါ မောင်ဇေယျာ၏ မှတ်တမ်းတွင် အောက်ပါအတိုင်း တွေ့ရှိရပါသည်။

သက်တော် (၆၄) နှစ်၊ သိက္ခာတော် (၄၂) ဝါအရ (၁၉၈၇) ခုနှစ်၊ ဧပြီလ (၁၂) ရက်၊ တနင်္ဂနွေနေ့တွင် ရန်ကုန်မြို့၊ ကမ္ဘာအေး မဟာဂန္ဓာရုံကျောင်းတိုက်၌ တစ်ဘဝ ချုပ်ငြိမ်းခဲ့၏ ဟူ၍ ဖြစ်၏။ (မောင်ဇေယျာ၊ စာ-၃၀၀)

ဝိနည်း (၅) ကျမ်း အာဂုံဆောင်ခြင်းမှာ တိပိဋကဓရ စာမေးပွဲသမိုင်း၊ သာသနာ့သမိုင်းတွင် အရှင်ပညာသာရသည် ပထမဦးဆုံး၊ အထူးဆုံး ဖြစ်ကြောင်း သိရှိခဲ့ရပါ၏။ ကိုလိုနီခေတ်တွင်လည်း ဝိနည်း (၅) ကျမ်း အာဂုံဆောင်ပုဂ္ဂိုလ် (၂) ပါး ရှိသေးကြောင်းကို ဒေါက်တာတင်အောင်အေးသည် မိမိ၏ တိပိဋကဓရ သာသနာဝင် စာ-၆၄ တွင် ဖော်ပြထားကြောင်း ဆက်စပ်လေ့လာတွေ့ရှိရပါသည်။

(၁၉၅၃) ခုနှစ်တွင် ဦးစွာပထမ အောင်မြင်တော်မူသောကြောင့်
ကမ္ဘာမှာ မရှိ၊ မြန်မာမှာသာ ရှိသော ရဟန်းထူး၊ ရဟန်းမြတ်
ပထမ တိပိဋကဓရ မင်းကွန်းဆရာတော်ကြီး

# ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ

(၁၉၁၁ - ၁၉၉၃)



သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊ အစိုးရပဋ္ဌမကျော်၊ ပရိယတ္တိ သာသနဟိတ (သကျသီဟ)၊ ဓမ္မာစရိယ ဝင့်သကာ၊ ဝိသိဋ္ဌ
ဝိနယဓရ မဟာဝိနယ ကောဝိဒ၊ ဝိသိဋ္ဌ အာဘိဓမ္မိက မဟာအာဘိဓမ္မကောဝိဒ၊ ဝိသိဋ္ဌ ဒီဃဘာဏက မဟာဒီဃနိကာယကောဝိဒ၊
ဗုဒ္ဓသာသန ဝိသိဋ္ဌ တိပိဋကဓရ မဟာတိပိဋက ကောဝိဒ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆဋ္ဌသင်္ဂါယနာ ဝိသဇ္ဇက၊
နိကာယ်သာသနာတော် ထွန်းကားရေးအသင်း ဩဝါဒါစရိယ၊ မန္တလေးမြို့ မင်းကွန်းတောင်ရိုး ဓမ္မနာဒချောင် ဆရာတော်

# အရှင်ဝိစိတ္တသာရာဘိဝံသ

(၁၉၁၁-၁၉၉၃)





Tipitakadhara Written Examination

တိပိဋကဓရ စာမေးပွဲ ရေးဖြေ ဖြေနေစဉ်က ပုံတော်



Tipitakadhara Oral Examination

တိပိဋကဓရ အာဂုံပြန်စာမေးပွဲ ဝင်ရောက်ဖြေဆိုတော်မူစဉ်

## မင်းကွန်းဆရာတော် တိပိဋကဓရ ဘွဲ့တော်ရသောနေ့က ပုံတော်



# ကမ္ဘာတွင်

# စံပြုထားသော မှတ်တမ်းများ

# Guinnesss Book of World Records 1990



ကမ္ဘာပေါ်၌ မှတ်ဉာဏ်အကောင်းဆုံး ပုဂ္ဂိုလ်ထူး

မင်းကွန်း တိပိဋကဓရ ဆရာတော်

ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ မဟာထေရ်

မြန်မာပြန်ဆိုသူ

ဆရာဝန်တင်ရွှေ + မသက်သက်ရွှေ

# ကမ္ဘာ့အကြီးဆုံး စာအုပ်ကြီးကို
# အရကျက်ထားနိုင်သူ



အရှင့်ဂုဏ်တော် ပုတီးစိပ်ပုံညွှန်း

၁။ သံသရာဝဋ်ဆင်းရဲ အပါယ်ဝဋ်ဆင်းရဲတို့
အကြောင်း မကောင်းမှုဟူသော တထောင့်ငါးရာ
ကိလေသာရန်သူတို့ကို အရဟတ္တမဂ်ဉာဏ်သန်လျက်ဖြင့် အကြွင်းမဲ့ပယ်သတ်။

၂။ ငါ့သန္တာန်ဝယ်တည်ရှိသော တထောင့်ငါးရာ ကိလေသာရန်သူတို့မှ ဝေးကွာ။

၃။ ဆိတ်ကွယ်ရာ၌ မကောင်းမှုကို မပြု၊

၄။ ဖြစ်မှုကြောင်းဖြင့် အတန်တန်လည်ပတ်သော
သံသရာစက်ဝန်း အတန့်ကိုဖျက်ဆီး။

၅။ ကိုးပါးလွန်မြတ် ဂုဏ်အနန္တကြောင့်
လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ပူဇော်အထူးကိုခံထိုက်။

တသောင်းတိုက်လုံး ခြိမ့်ခြိမ့်သည်း (အရှင့်အရှင်
ဟူသောဂုဏ်တော်ကြီးဖြင့် တကာနှိုင်း ဗြဟ္မာမြင့်
တိုင် မြင့်မိုင်ကျော်စောလျှံ ပေါက်မြတ်စွာဘုရား။
ဒေါ အာရ ဓါ ဉာဏ်ပြည့် အရှင်။ ။

(တခေါက်ဆိုမှ ပုတီးတလုံးချလော)

ဦးဝိစိတ္တသာရာဘိဝံသ (-၁၃-၅-၅၇)
တိပိဋကဓရ
မင်းကွန်း

မြန်မာ့သာသနာကို ကမ္ဘာဖြန့်လျက်ရှိသော ဂုရုကြီးဂိုအင်ကာသည် အရှင်ဝိစိတ္တသာရာဘိဝံသအကြောင်းကို ကမ္ဘာပတ်၍ ဟောလေ့ရှိရာ တစ်ခုသောစာစောင်တွင်ကား အောက်ပါအတိုင်း ကြည်ညိုဖွယ်ရာ ဖတ်ရှုရပါသည်။

ကမ္ဘာအရပ်ရပ်၌ ဝိပဿနာဌာနပေါင်း (၂၂) ဌာန ဖွင့်လှစ်ပြသကာ အင်္ဂလိပ်ဘာသာ၊ ဟိန္ဒီဘာသာ နှစ်မျိုးဖြင့်လည်း ဝိပဿနာစာစောင်နှစ်စောင်ကို တစ်ကမ္ဘာလုံးသို့ ဖြန့်ဝေလျက်ရှိပါသည်။ လွန်ခဲ့သော နယုန်လပြည့်ထုတ် ဟိန္ဒီလို ဝိပဿနာစာစောင်တစ်ခုလုံး မြန်မာနိုင်ငံမှ ရဟန်းသံဃာတော်များအကြောင်းကို ရေးထားသည်ကို ဖတ်ရှုရင်း သံဃာတော်များကျေးဇူးကြောင့် တောင်ပေါ်ဒေသရှိ ကလေးသူငယ်များပင် စာတတ်ကြကြောင်း၊ ရဟန်းသံဃာတော်တို့၏ ကျေးဇူး ကြီးမားလှကြောင်း၊ ဆရာတော် ဦးသေဋ္ဌိလ၊ အရှင်ဇနကာဘိဝံသ၊ အရှင်ဝိစိတ္တသာရာဘိဝံသစသော ဆရာတော်များအကြောင်းကိုလည်း အကျယ်ရေးသားဖော်ပြထားပါသည်။ (ကျမ်းကိုး။ ဓမ္မာစရိယဦးဌေးလှိုင်၊ ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးကို အရကျက်ထားနိုင်သူ၊ ရတနာမွန်မဂ္ဂဇင်း၊ အတွဲ-၂၀၊ အမှတ်-၄၊ ၁၉၉၃ ခု၊ ဧပြီလ၊ စာ-၂၄)

အိန္ဒိယနိုင်ငံသူ၊ နိုင်ငံသားများ မြန်မာနိုင်ငံ၏ ကျေးဇူး၊ ဗုဒ္ဓစာပေနှင့် မြန်မာရဟန်းသံဃာတော်များ၏ ကျေးဇူးကို သိရှိကြည်ညိုလေးစားနိုင်ကြစေရန် ရည်သန်ရေးသားထားကြောင်း တွေ့မြင်ရပါသည်။ (ယင်းကျမ်း၊ စာ-၂၄)

အထက်ပါစာစောင်မှ မင်းကွန်းဆရာတော်ကြီးအကြောင်းကို ဓမ္မာစရိယဦးဌေးလှိုင်နှင့် သာဟိကျရတနဘွဲ့ရ ဆရာရာမ်ပူဂျန်ဗားမားတို့နှစ်ဦးက မြန်မာစာဖတ်ပရိသတ်များ သိရှိကြည်ညိုနိုင်ကြစေရန် အကျဉ်းချုံးပြီး ဘာသာပြန်ထားခြင်း ဖြစ်ပါကြောင်း ဖော်ပြထားလေသည်။ (ယင်းကျမ်း၊ စာ-၂၄)

ပဥ္စမသင်္ဂါယနာအချိန်ကာလတွင် မြန်မာနိုင်ငံ ရတနာပုံ မန္တလေးမြို့တည်နန်းတည် မင်းတုန်းမင်းတရားကြီးသည် ဗုဒ္ဓစကားတော် (ပါဠိတော်) များကို စကျင်ကျောက်ပြား၌ ထွင်းထုစေခဲ့သည်။ ဒုတိယကမ္ဘာစစ်မတိုင်မီက ကျွန်ုပ်သည် မန္တလေးမြို့တွင် နေထိုင်ခဲ့ရသဖြင့် ၎င်းကျောက်စာတော်တို့ကို မန္တလေးတောင်ခြေ၌ တွေ့မြင်ခဲ့ရဖူးပါသည်။ ၎င်း ကျောက်စာများကို တွေ့ရှိရသောအခါ ကျွန်ုပ်၏စိတ်တွင် ဗုဒ္ဓစာပေနှင့်စပ်၍ အသိဉာဏ် တစ်စုံတစ်ရာ မရှိသေးသော လူငယ်ပီပီဘာမျှအကျိုးထူးရှိသော အလုပ်မဟုတ်။ မှားယွင်းသောအလုပ်ဟုပင် ထင်ခဲ့မိပါ

သည်။ ကြီးပြင်းလာ၍ အမှန်တရားကို သိမြင်လာသောအခါ ထိုကျွန်ုပ်အထင်မှာ ရယ်ရွှင်ဖွယ်ဖြစ်ရုံမျှမက အလွန်ရှက်ဖွယ်ကောင်းသော ထင်မြင်မှု ဖြစ်ကြောင်း တွေ့လာရသည်ဟု ဦးဂိုအင်ကာက မိန့်ဆိုပါသည်။

**အိန္ဒိယသားတို့ ရှက်စရာ**

ကျောက်စာတော်တစ်ချပ် တစ်ချပ်တွင် ဘေးမှဖတ်ရှုလို့ရအောင် အကာအကွယ် မပါဘဲ အပေါ်၌ စေတီငယ်များ ပေါက်ပြီး တန်းစီတည်ဆောက်ထားရာ ကမ္ဘာပေါ်တွင် အကြီးဆုံးစာအုပ်ကြီးဟုပင် ပြောစမှတ်ပြုကြပါသည်။ ကျောက်စာတော်များကို တစ်ချပ်ပေါ်တစ်ချပ် ထပ်ဆင့်စီထားပါမူ အမှန်တကယ်ပင် ကမ္ဘာ့အကြီးဆုံး စာအုပ်ကြီးဖြစ်လာမည်ဟု သေချာလှပါသည်။ အိန္ဒိယပြည်သူပြည်သားများ မိမိတို့၏ တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်းရတနာကို မြန်မာ တို့က ယခုကဲ့သို့ ထိန်းသိမ်းထားကြသည်ကို မသိကြသည်မှာ ကံဆိုးလှသည့်အပြင် အလွန်ပင် ရှက်စရာကောင်းလှပါသည်။ မြန်မာနိုင်ငံမှာနေသော အိန္ဒိယနွယ်ဖွားတို့ မသိကြသည်မှာ ပို၍ပင်ရှက်ဖွယ်ကောင်းပါသည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးသည့် နောက် မြန်မာနိုင်ငံ လွတ်လပ်ရေးရ၍ ဆဋ္ဌသင်္ဂါယနာတင်ဖို့ စီမံကြသောအခါ ဗုဒ္ဓစာပေများ၏ ကြီးမားကျယ်ပြန့် မြင့်မြတ်ပုံကို ပို၍သိမြင်လာရပါသည်။ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ အနုဋီကာ၊ ဒီပနီ စသည်ဖြင့် အမှန်တကယ်ပင် ကြီးမား၍၊ ကျယ်ပြန့်၍ အံ့ဘနန်းရှိသည်ကို သိလာရသောအခါ အိန္ဒိယနိုင်ငံကြီး၏ တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်း စာပေရတနာ ပေါကြွယ်ဝခြင်းကို ဆုံးရှုံးခဲ့ကြရလေစွ။ အစဉ်သဖြင့် မေ့ပျောက်နေကြလေစွဟု စိတ်မကောင်းခြင်း ဖြစ်ခဲ့ရပါသည်။ သို့ရာတွင် မြန်မာ၊ သီရိလင်္ကာ၊ ထိုင်းနှင့် ကမ္ဘောဒီးယား၊ လာအိုနိုင်ငံရှိ သံဃာတော်များက နှစ်ပေါင်း နှစ်ထောင်ရောက်သည့်တိုင်အောင် မူရင်းမပျက် လက်ဆင့်ကမ်း ထိန်းသိမ်းတော်မူခဲ့ကြ၍ ဝမ်းမြောက်ရပါသည်ဟု ဂုရုကြီးက ဝန်ခံပါ၏။ ဂုဏ်မြောက်ပါ၏။ ပူဇော်ပါ၏။

**ကွဲလွဲမှုရှိသော ပင်ရင်းမူမှန်**

ဆဋ္ဌသင်္ဂါယနာတင်သောအခါ ထိုနိုင်ငံတို့မှ ရဟန်းတော် (၂၅၀၀) ကျော်တို့ မိမိတို့ ကျမ်းစာများကို အသီးသီး ယူဆောင်လာကြကာ စည်းဝေးတိုင်ပင်၍ တည်းဖြတ်ကြပါသည်။ ဒေသအလိုက် အသံထွက်ပုံ၊ အက္ခရာအရေးအသား ကွဲလွဲခြင်း၊ အနည်း

အကျဉ်း စာလုံးအရေးအသား ချွတ်ချော်ခြင်းမှအပ အဓိပ္ပါယ်ပျက်ပြားအောင် မှားယွင်းမှု တစ်စုံတစ်ရာမျှ မတွေ့ရှိခဲ့ကြရပေ။ ဝိနယပိဋက၊ သုတ္တန္တပိဋက၊ အဘိဓမ္မပိဋက မည်သည့်နေရာ၌မျှ မှားယွင်းမှု၊ ကွဲလွဲမှု မရှိရအောင် ရဟန်းသံဃာတော်များက မူရင်းမပျက် နှုတ်ငုံဆောင် ကျက်မှတ်ထိန်းသိမ်းတော်မူခဲ့ကြသည်ကို သိရသောအခါ ရဟန်းသံဃာတော်များအပေါ် အလွန်ကြည်ညို လေးစားမှု တိုးပွားခဲ့ရပါသည်။ ပိဋကတ်သုံးပုံကို ထိုသို့ နှုတ်ငုံ အာဂုံအရ ကျက်ဆောင်ထားနိုင်သော ရဟန်းတော်ကို တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက (တရားဘဏ္ဍာစိုးကြီး) ဟု ခေါ်ဆိုခဲ့ကြပါသည်။ ပဋိဘာန်ဉာဏ်ထက်မြက်၍ မှတ်သတိဉာဏ် အလွန်ကောင်းသော ရဟန်းပုဂ္ဂိုလ်ထူးများ အခါအားလျော်စွာ ဖြစ်ပေါ်လာတတ်ပါသည်။

စင်စစ် အရှင်ဝိစိတ္တသာရာဘိဝံသကား ပါဠိတော် စာအုပ်ကြီးများကိုသာမက အဋ္ဌကထာ၊ ဋီကာ၊ အနုဋီကာ စသည်တို့ကိုပါ အုပ်ပေါင်း (၂၀၀) ခန့်ကို လိုအပ်သောနေရာများကို လိုသလို ကျက်မှတ်ဆောင်ယူနိုင်သော တကယ့်အာဇာနည် အရှင်မြတ်ကြီး ဖြစ်ပါသည်ဟု ဂုရုကြီးက ကမ္ဘာသိ ကြေညာခဲ့ဖူးပါသည်။ အရှင်ဝိစိတ္တသာရာဘိဝံသ၏ ဘဝဖြစ်စဉ်ကို အောက်ပါအတိုင်း မှတ်သားရပါသည်။

၁၉၁၁ အရှင်ဝိစိတ္တသာရာဘိဝံသည် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ကျည်းပင်ရွာ၊ သူကြီးဦးဆုံ သူကြီးကတော်-ဒေါ်ဆင်တို့မှ (၁၉၁၁) ခုနှစ်၊ နိုဝင်ဘာလ (၁) ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်သော သားသမီးသုံးယောက်အနက် သားလတ်ရတနာ ဖြစ်သည်။ လူအမည် မောင်ခင် ခေါ်တွင်ပါသည်။
(တိပိဋကဓရ သာသနာ့အာဇာနည်လေးပါး၏ ထေရုပ္ပတ္တိအကျဉ်းနှင့် ချီးကျူးပူဇော်ပွဲမှတ်တမ်း၊ ပြည်မြို့နယ်လုံးဆိုင်ရာ တိပိဋကဓရ အရှင်မြတ်လေးပါးအား ပူဇော်ရေးအဖွဲ့၊ ၁၉၇၈ ခု၊ မတ်လ၊ ပထမအကြိမ်၊ စာ-၃၁)

၁၉၁၇ (၆) နှစ်အရွယ်တွင် အဘိုးဆရာကြီးဦးချယ်၊ အဘွား ဒေါ်အုံ့တို့က ရှင်ပြုကြပါသည်။ ငယ်သေးသဖြင့် သက်န်းမဆီးရသေးပါ။

၁၉၂၇ (၁၀) နှစ်အရွယ်တွင် မိခင် ဒေါ်ဆင်က ရှင်ပြုပြန်မှ သာမဏေအဖြစ်ရောက်ကာ ရှင်ဝိစိတ္တသာရဘွဲ့မည် မှည့်တော်မူသည်။

၁၉၃၀ ၃. ၄. ၁၉၃၀ ပြည့်နှစ်၊ ဧပြီလ (၃) ရက်၊ ကြာသပတေးနေ့တွင် မင်းကွန်း ဓမ္မနာဒ ဆရာတော် အရှင်ပညာစက္က မထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရန်ကုန်မြို့၊ သူဌေး ဆာဦးသွင်၊ သူဌေးကတော် ဒေါ်ဒေါ်သိန်းတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။ (ယင်းကျမ်း၊ စာ-၃၁)

မြင်းခြံမြို့၊ မင်းကျောင်းတိုက် ဆရာတော် ဦးသောဘိတ၊ မင်းကွန်း ဓမ္မနာဒဆရာတော် အရှင်ပညာစက္ကတို့ ဖြစ်ကြသည်။ (ယင်းကျမ်း၊ စာ-၃၁)

၁၉၂၄ အသက် (၁၃) နှစ်အရွယ်တွင် မြင်းခြံမြို့နယ်လုံးဆိုင်ရာ ဝိနည်းစာပြန်ပွဲ၌ ကစ္စည်းသဒ္ဒါကြီးရှစ်စောင်ကို အံ့လောက်မခန်း ပြန်ဆိုနိုင်ခဲ့၏။

၁၉၂၅ (၁၄) နှစ်တွင် သင်္ဂဟ (၉) ပိုင်းကို ထိုနည်းအတူ ပြန်ဆိုအောင်မြင်သည်။

၁၉၂၆ (၁၅) နှစ်တွင် အစိုးရပထမငယ်တန်း။

၁၉၂၇ (၁၆) နှစ်တွင် ပထမလတ်တန်း နှစ်ချင်းစွဲ အောင်မြင်သည်။

၁၉၃၁ (၂၀) နှစ်တွင် ရဟန်း ဖြစ်စ ဝါမရမီ ပထမကြီးတန်းအောင်၏။

၁၉၃၃ ရဟန်း (၃) ဝါအရတွင် ပထမကျော် အောင်သည်။

၁၉၃၂ (၂) ဝါအရတွင် သကျသီဟ စာသင်တန်းအောင်၏။

၁၉၃၃ (၃) ဝါအရတွင် သကျသီဟ စာချတန်း ဆက်တိုက်အောင်သဖြင့် ရှေးက မရှိစဖူး ထူးထူးခြားခြား စံတင်လိုက်ကာ ဓမ္မာစရိယဝင်နှံသကာဘွဲ့ထူးကို ဂုဏ်ထူးဖြင့် အောင်မြင်သဖြင့် ပရိယတ္တိသာသနဟိတ ဓမ္မာစရိယဘွဲ့ကို ရရှိသည်။

၁၉၅၀ (၃) ကြိမ်မြောက် တိပိဋကရွေးချယ်ပွဲ၌ ဝင်ရောက်ပြန်ဆိုရာ ဝိနယပိဋက (ဝိနည်း ငါးကျမ်း) စာမျက်နှာ (၂၀၀၀) ကို အာဂုံသဘော ရေးဖြေနှစ်မျိုးလုံးတွင် ဂုဏ်ထူးဖြင့် အောင်မြင်သောကြောင့် ဝိသိဋ္ဌ ဝိနယဓရ မဟာဝိနယကောဝိဒ ဘွဲ့ ဆက်ကပ်ခံယူသည်။

၁၉၅၁ (၄) ကြိမ်မြောက် ရွေးချယ်ပွဲ၌ အဘိဓမ္မပိဋက ပထမပိုင်း ငါးကျမ်း စာမျက်နှာ (၁၁၀၀) ကျော်ကို အာဂုံသဘောရေးဖြေ ဂုဏ်ထူးဖြင့် အောင်သည်။

၁၉၅၂ (၅) ကြိမ်မြောက် ပွဲ၌ အဘိဓမ္မပိဋက ဒုတိယပိုင်း (၂) ကျမ်း၊ စာမျက်နှာ (၃၅၀၀) ကို အာဂုံ သဘောရေးဖြေ ဂုဏ်ထူးဖြင့်ပင်အောင်၍ ဝိသိဋ္ဌ အာဘိဓမ္မိက မဟာအဘိဓမ္မကောဝိဒဘွဲ့ ဆက်ခံယူပြန်သည်။

၁၉၅၃ (၆) ကြိမ်မြောက်ပွဲ၌ သုတ္တန္တပိဋက (ဒီဃ နိကာယ်) သုံးကျမ်း၊ စာမျက်နှာ (၆၀၀) ကျော်ကို အာဂုံသဘော ရေးဖြေနှစ်ရပ်လုံး ဂုဏ်ထူးဖြင့်အောင်၍ ဝိသိဋ္ဌ ဒီဃဘာဏက မဟာဒီဃနိကာယ ကောဝိဒဘွဲ့ ဆက်ကပ်ခံယူပြီး ပိဋကတ်သုံးပုံ အောင်မြင်ပြီးစီးသဖြင့် ဗုဒ္ဓသာသနဝိသိဋ္ဌ တိပိဋကဓရ မဟာတိပိဋက ကောဝိဒ ဟူသော အောင်လက်မှတ်၊ ဘွဲ့တံဆိပ်တော်အပြင် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဟူသည့် အက္ခရာ တံဆိပ်ပါ ဆင်စွယ်ယပ်ဝန်းတော်၊ အရိုးဝါ ကနက္ကဒဏ် ထီးတော် (၃) လက် အမှတ်တံဆိပ်ပါ သာသနာ့အောင်လံတော်၊ ကုန်း၊ ရေ၊ လေ သုံးဌာန အခမဲ့ စီးနင်းလိုက်သည့် အထူးလက်မှတ်တော်များ ချီးမြှင့်ဆက်ကပ်ခံယူရရှိတော်မူပါသည်။ ထိုတိပိဋကဓရ ဘွဲ့တော်အတွက် နှစ်စဉ် ဆွမ်းဆန်တော်ကိုလည်း နိုင်ငံတော်အစိုးရက ရာသက်ပန် လှူဒါန်းထောက်ပံ့ပါသည်။ (ကျမ်းကိုး။ ယင်းကျမ်း၊ စာ-၃၂)

တိပိဋကဓရပုဂ္ဂိုလ်ဖြစ်ပြီးနောက် ဆဋ္ဌသင်္ဂါယနာတင် ပါဠိဝိသောဓကအဖွဲ့တွင် မင်းကွန်းပါဠိဝိသောဓကအဖွဲ့၌ အကျိုးဆောင်အတွင်းရေးမှူးအဖြစ် ဆောင်ရွက်၍ သုတ်သင်ပေးပြီးလျှင် ပဋိဝိသောဓကအဖွဲ့တွင် ပါဝင်တော်မူသည့်အတိုင်း မန္တလေးမြို့၊ တောင်ပြင်ပဋိဝိသောဓက ဆရာတော်များနှင့် နေ့ရောညပါ သုတ်သင် ဆောင်ရွက်ပေးရာ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ကြီးနှင့်တကွ အဖွဲ့ဝင် ဆရာတော်များအားလုံး၏ ကျေနပ်နှစ်သိမ့်မှုရစေပါသည်။

ဆဋ္ဌသင်္ဂါယနာတင်သဘင်ကြီး ဆင်ယင်ကျင်းပရာတွင် မဟာစည်ဆရာတော်ကြီး၏ ပုစ္ဆကပြု၍ အရှင်ဝိစိတ္တသာရာဘိဝံသက ဝိဿဇ္ဇနကပြု ဖြေတော်မူသော အစီအစဉ်သည် သာသနာ့သမိုင်းတွင် ထင်ရှားသောမှတ်တိုင်အဖြစ် တည်ရစ်ပါမည်။ ထိုနှစ်များမှအစပြု၍ ဆရာတော်၏ ဓမ္မကထိက သာသနပြုလုပ်ငန်းသည် နိုင်ငံတော်တစ်ဝန်းလုံး ထက်အောက်ကြေညာ နေရာအနှံ့ အသံတော်ပြန့်၍ တရားနာပရိသတ်၏ ဘဝင်နှလုံးကို ရွှင်ပြုံးအေးငြိမ့်နေပါသည်။

မစိုးရိမ်ဆရာတော်ကြီး၏ နိကာယ်သာသနာ ဖြစ်ထွန်းစေလိုသော ဆန္ဒကို ဝိဒေဟရာဇ်ဘုရင် အလိုကျ မဟောသဓာသုခမိန်က ပြောင်မြောက်စွာ စွမ်းဆောင်စေသကဲ့သို့ စွမ်းဆောင်စေလိုသည်ဟု ဆရာတော်ကြီး နှုတ်မြွက်ချက်အရ နိကာယဂ္ဂဏ္ဍောတက သမိတိအဖြစ်ဖြင့် ရန်ကုန်မြို့ နိကာယ် သာသနာထွန်းကားရေး အသင်းပေါ်ထွန်းလာရာတွင် ဗိသုကာဖြစ်တော်မူခဲ့ပါသည်။
(ကျမ်းကိုး။ ယင်းကျမ်း၊ စာ-၃၂)

၁၉၅၄ ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး ကျင်းပတော်မူကြသောအခါ ဆရာတော်သည် အဖြေဝိသဇ္ဇက ဆရာတော်အဖြစ် ဆောင်ရွက်တော်မူခဲ့ပါသည်။

၁၉၅၆ ပါဠိသင်္ဂါယနာတင်ပြီးသောအခါ (၁၉၅၆) ခုနှစ်မှစ၍ အတွဲ (၆) တွဲ၊ စာအုပ် (၈) အုပ်၊ စာမျက်နှာ (၄၀၀၀) ကျော်ရှိ မဟာဗုဒ္ဓဝင်ကျမ်းကြီးကို ရေးသားပြုစုတော်မူရာ (၁၉၆၉) ခုနှစ်၊ ဇူလိုင်လ (၁၂) ရက်၊ စနေနေ့၊ နံနက် (၁၀) နာရီတွင် ပြီးစီးပါသည်။ (ကျမ်းကိုး။ ရွှေရတုစာစောင်၊ စာ-၃၂)

၁၉၈၀ (၁၉၈၀) ပြည့်နှစ် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းကြီး ပေါ်ပေါက်လာသောအခါ ဆရာတော်သည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီး၌ အကျိုးတော်ဆောင်ချုပ်အဖြစ် ဆောင်ရွက်တော်မူခဲ့ပါသည်။

၁၉၈၂ ပြည်တွင်းပြည်ပ ထေရဝါဒသာသနာပြုနိုင်ရေးအတွက် (၁၉၈၂) ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်နေ့မှစ၍ ရန်ကုန်နှင့်မန္တလေးမြို့ကြီးတို့၌ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီး (၂) ခုကို ကြီးပမ်းတည်ထောင်တော်မူခဲ့ပါသည်။

၁၉၇၈ ဆရာတော်သည် (၁၉၇၈) ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့၊ (၁၉၈၄) ခုနှစ်တွင် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ခြင်းခံရပါသည်။

ဤသို့အားဖြင့် ဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသည် သာသနာတော်အကျိုးများကို မနေမနားထမ်းဆောင်ရင်း (၁၉၉၃) ခုနှစ်၊ ဖေဖော်ဝါရီလ (၉) ရက်၊ အင်္ဂါနေ့တွင် တစ်ဘဝအတွက် ငြိမ်းတော်မူသည်။
(ကျမ်းကိုး။ ယင်းကျမ်း၊ စာ-၃၂) (အကျယ်ကို မောင်ပန်းမွှေး၏ ရဟန္တာနှင့်ရဟန်းထူးများတွင် ကြည့်ရှုနိုင်ပါသည်။)

ဆရာတော်ကြီးသည် သာမဏေဘဝမှ ရဟန်းဘဝအထိ ပရိယတ္တိစာမေးပွဲ အောင်လက်မှတ်များနှင့် ဂုဏ်ပြုလက်မှတ်တော်များ အများဆုံး ဆက်ကပ်ခံရသော ဆရာတော်ကြီး တစ်ပါးဖြစ်သည်။ (ကျမ်းကိုး။ ဖြိုးဝေမိုး၊ စာအောင်လက်မှတ်နှင့် ဂုဏ်ပြုလက်မှတ်တော်အရရှိဆုံး ဆရာတော်ကြီး၊ မြတ်မင်္ဂလာမဂ္ဂဇင်း၊ စာ-၉)

ယင်းလက်မှတ်များမှာ -

၁၉၂၄ (၁) မြင်းခြံမြို့၊ ဝိနည်းစာပြန်ပွဲ သဒ္ဒါကြီးရွစ်စောင် အာဂုံပြန် အောင်လက်မှတ် (အသက် ၁၃ နှစ်)

၁၉၂၅ (၂) မြင်းခြံမြို့၊ ဝိနည်းစာပြန်ပွဲ သင်္ဂြိုဟ် (၉) ပိုင်း အာဂုံပြန်အောင်လက်မှတ် (အသက် ၁၄ နှစ်)

၁၉၂၆ (၃) အစိုးရပထမငယ်တန်းအောင်လက်မှတ် (အသက် ၁၅ နှစ်)

၁၉၂၇ (၄) အစိုးရပထမလတ်တန်း အောင်လက်မှတ် (အသက် ၁၆ နှစ်)

၁၉၃၁ (၅) အစိုးရ ပထမကြီးတန်းအောင်လက်မှတ် (အသက် ၂၀ နှစ်)

၁၉၃၂ (၆) အမျိုးသား ပထမကြီးတန်းစာမေးပွဲအောင်လက်မှတ် (အသက် ၂၁ နှစ်)

၁၉၃၃ (၇) ပရိယတ္တိ သက္ကျသီဟစာသင်တန်း စာမေးပွဲ။ ပရိယတ္တိသာသနဟိတ သီးခြားစာသင်တန်းအောင်လက်မှတ် (အသက် ၂၂ နှစ်)

၁၉၃၃ (၈) အစိုးရ ပထမကြီးတန်း အောင်လက်မှတ် (တစ်ဂဏန်းပြ၍ ဒုတိယတစ်ဖန် အောင်မြင်ခြင်း) (အသက် ၂၂ နှစ်)

၁၉၃၄ (၉) ပရိယတ္တိ သက္ကျသီဟ စာချတန်း စာမေးပွဲ ပရိယတ္တိသာသနဟိတ သီးခြားစာချတန်း အောင်လက်မှတ် (အသက် ၂၃ နှစ်)

၁၉၃၄ (၁၀) အစိုးရပထမကျော် အောင်လက်မှတ် (အသက် ၂၃ နှစ်)

၁၉၄၁ (၁၁) အစိုးရစာချတန်း အောင်လက်မှတ် (ဂုဏ်ထူးဖြင့်) (အသက် ၂၉ နှစ်)

၁၉၄၄ (၁၂) စစ်ကိုင်း မြို့မ နာယကလက်မှတ် (အသက် ၃၃ နှစ်)

၁၉၅၁ (၁၃) ၃-ကြိမ်မြောက် အစိုးရ တိပိဋကဓရ စာမေးပွဲဝိနည်း (၅) ကျမ်း၊ အာဂုံရေးဖြေ အောင်လက်မှတ် (အသက် ၃၉ နှစ်)

၁၉၅၂ (၁၄) ၄-ကြိမ်မြောက် အစိုးရတိပိဋကဓရ စာမေးပွဲ (အဘိဓမ္မာရှေ့ပိုင်း ၅-ကျမ်း၊ အာဂုံရေးဖြေ အောင်လက်မှတ် (အသက် ၄၀ နှစ်)

၁၉၅၃ (၁၅) ၅-ကြိမ်မြောက် အစိုးရ တိပိဋကဓရ စာမေးပွဲ အဘိဓမ္မာနောက်ပိုင်း ၂-ကျမ်း၊ အာဂုံရေးဖြေအောင်လက်မှတ် (အသက် ၄၁ နှစ်)

၁၉၅၄ (၁၆) ၆-ကြိမ်မြောက် အစိုးရတိပိဋကစာမေးပွဲသုတ် ၃-ကျမ်း (ဒီဃနိကာယ်) အာဂုံ ရေးဖြေအောင်လက်မှတ် (အသက် ၄၂-နှစ်)

၁၉၅၄ (၁၇) တိပိဋကစာမေးပွဲ အစိုးရ တိပိဋကဓရအောင်လက်မှတ် (သင်ရိုးပိဋက သုံးပုံပြန်-ဖြေ-ပြီးဆုံး) အသက် ၄၂ နှစ်)

၁၉၅၄ (၁၈) တိပိဋကဓရ စာမေးပွဲ သင်ရိုး ပိဋကသုံးပုံ ဂုဏ်ထူး (၂) ခုစီနှင့် ပြန်-ဖြေ ပြီးဆုံး၍ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက လက်မှတ်တော်။ (အသက် ၄၂ နှစ်)

၁၉၅၇ (၁၉) ဆဋ္ဌသံဂီတိ ဓမ္မဝိသဇ္ဇက ဆဋ္ဌသင်္ဂါယနာဝင် သာသနာပြု လက်မှတ် (အသက် ၄၅ နှစ်)

၁၉၅၇ (၂၀) ဆဋ္ဌသံဂီတိ ကာရက ဆဋ္ဌသင်္ဂါယနာဝင် သာသနာပြုလက်မှတ် (အသက် ၄၅ နှစ်)

၁၉၅၇ (၂၁) ဆဋ္ဌသံဂီတိဘာဏက ဆဋ္ဌသင်္ဂါယနာဝင် သာသနာပြုလက်မှတ် (အသက် ၄၅ နှစ်)

၁၉၅၇ (၂၂) ဆဋ္ဌသံဂီတိ ဘာရနိတ္ထာရက ဆဋ္ဌသင်္ဂါယနာဝင် သာသနာပြုလက်မှတ် (အသက် ၄၅ နှစ်)

၁၉၅၇ (၂၃) ဆဋ္ဌသံဂီတိ ပါဠိဝိသောဓက ဆဋ္ဌသင်္ဂါယနာဝင် သာသနာပြုလက်မှတ် (အသက် ၄၅ နှစ်)

၁၉၅၇ (၂၄) ဆဋ္ဌသံဂီတိ ပါဠိပဋိဝိသောဓက၊ ဆဋ္ဌသင်္ဂါယနာဝင် သာသနာပြုလက်မှတ် (အသက် ၄၅ နှစ်)

၁၉၅၇ (၂၅) ဆဋ္ဌသံဂီတိ ဩဘာသ သောဓေယျ ပတ္တပါဠက သာသနာပြုလက်မှတ် (အသက် ၄၅ နှစ်)

၁၉၆၂ (၂၆) အဋ္ဌကထာ သံဂီတိကာရက သာသနာပြုလက်မှတ် (အသက် ၅၀ နှစ်)

၁၉၆၂ (၂၇) ဋီကာသံဂီတိ ကာရက သာသနာပြုလက်မှတ်။ (အသက် ၅၀ နှစ်)

၁၉၇၉ (၂၈) အဂ္ဂမဟာပဏ္ဍိတ လက်မှတ် (အသက် ၆၈ နှစ်)

၁၉၈၁ (၂၉) နိုင်ငံတော် သံဃမဟာနာယက အကျိုးတော်ဆောင်လက်မှတ်။ (အသက် ၇၀ နှစ်)

၁၉၈၄ (၃၀) အဘိဓဇ မဟာရဋ္ဌဂုရု လက်မှတ် (အသက် ၇၃ နှစ်)

၁၉၈၆ (၃၁) နိုင်ငံတော် သံဃမဟာနာယကလက်မှတ် (သက်တော် ၇၅ နှစ်)

၁၉၉၁ (၃၂) အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက လက်မှတ်။ (သက်တော် ၈၀ နှစ်) စသည်တို့ ဖြစ်ကြသည်။ (ယင်းကျမ်း၊ စာ-၃၂)

ဗုဒ္ဓစကားတော် နှစ်ဆယ့်တစ်သန်းကျော်

ပိဋကတ်သုံးပုံဟူသည် ဝိနယငါးကျမ်း၊ သုတ္တန္တနှစ်ဆယ့်လေးကျမ်း၊ အဘိဓမ္မ ဆယ့်နှစ်ကျမ်းအားဖြင့် ကျမ်းစာအုပ်ပေါင်း (၄၁) အုပ် ရှိပါသည်။ ပိဋကတ်သုံးပုံ ပါဠိတော်ကို ယခုခေတ်ပေါ် ကွန်ပျူတာ၌ ထည့်သွင်းကြည့်ရှုသောအခါ ပိဋကတ်သုံးပုံရှိ မြတ်စွာဘုရားရှင်၏ စကားလုံးပေါင်း (၂၁) သန်း (၅) သိန်းကျော် (၂၁၅၂၁၈၁၉) ရှိကြောင်း တွေ့ရှိရပါသည်။

(ကျမ်းကိုး။ ဓမ္မာစရိယဦးဌေးလှိုင်၊ ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးကို အရကျက်ထားနိုင်သူ၊ ရတနာမွန်မဂ္ဂဇင်း၊ အတွဲ-၂၀၊ အမှတ်-၄၊ ၁၉၉၃ ခု၊ ဧပြီလ၊ စာ-၂၂)

ထိုစကားလုံးများတွင်လည်း အက္ခရာတစ်လုံးတည်းပါသော စကားလုံး၊ သမာသ်စပ်ထားသဖြင့် အက္ခရာတစ်ရာကျော်ပါဝင်သော စကားလုံးများအထိ ပါဝင်သည်။ ထို့မှ ထုထည်ကြီးမား၍ အပြောကျယ်လှသော ကျမ်းစာများကို အလွတ်ကျက်မှတ်နိုင်ခြင်း၊ မည်သည့်နေရာကမဆို ကောက်ကာငင်ကာ ရွတ်ပြနိုင်ခြင်း ဟူသော စွမ်းရည်သတ္တိထူးရှိသော ပုဂ္ဂိုလ်မျိုးကား ကမ္ဘာကျော် အထွတ်အထိပ် မှတ်တမ်းတင်ရမည့် ပုဂ္ဂိုလ်ဖြစ်ပါသည်။ (ယင်းကျမ်း၊ စာ-၂၂)

ဆဋ္ဌသင်္ဂါယနာတင်မည်ရှိသောအခါ မြန်မာနိုင်ငံ၌ ထိုသို့သော အာဇာနည်ပုဂ္ဂိုလ်ထူးတစ်ပါး ဦးစွာပေါ် ပေါက်ခဲ့ပါသည်။ သူကား အရှင်ဝိစိတ္တသာရာဘိဝံသ ဖြစ်ပါသည်။ ကမ္ဘာ့ပုဂ္ဂိုလ်ကျော်များ မှတ်တမ်းစာအုပ်ကြီးတွင် အရှင်ဝိစိတ္တသာရာဘိဝံသအား နှစ်ကြိမ်တိုင်တိုင် မှတ်တမ်းတင် နေရာပေးခဲ့ပါသည်။ (ယင်းကျမ်း၊ စာ-၂၂)

အရှင်ဝိစိတ္တသာရာဘိဝံသကား ကမ္ဘာပေါ်တွင် အကြီးဆုံးစာအုပ်ကြီးကို ပထမဆုံး အလွတ်ရအောင် နှုတ်ငုံဆောင် ကျက်မှတ်နိုင်သော အရှင်မြတ်ကြီးပါတည်း။ စင်စစ် အရှင်ဝိစိတ္တသာရာဘိဝံသကား ပါဠိတော်အုပ်ကြီးများကိုသာမက အဋ္ဌကထာ၊ ဋီကာ၊ အနုဋီကာ စသည်တို့ကိုပါ အုပ်ပေါင်းနှစ်ရာခန့်ကို လိုအပ်သော နေရာများကို လိုသလို ကျက်မှတ်ဆောင်ယူနိုင်သော တကယ့်အာဇာနည် အရှင်မြတ်ကြီး ဖြစ်ပါသည်။ (ယင်းကျမ်း၊ စာ-၂၂)

အရှင်အာနန္ဒာသည် ပထမသင်္ဂါယနာတင်ခါနီးမှ ကပ်ပြီးတရားပြည့်စုံသူဖြစ်၍ သင်္ဂါယနာတွင် အဖြေရှင်ဖြစ်တော်မူသကဲ့သို့ အရှင်ဝိစိတ္တသာရာဘိဝံသသည်

လည်း ဆဋ္ဌသင်္ဂါယနာတင်ခါနီးမှ ကပ်၍ထွက်ပေါ်လာသော ပထမဆုံးသော ပိဋကဆောင် တရားဘဏ္ဍာစိုးကြီး ဖြစ်လာခဲ့သည် မဟုတ်ပါလော။ သင်္ဂါယနာတင်သောအခါတွင်လည်း အမေးရှင်များ အပြောင်းအလဲရှိစေကာမူ အဖြေရှင် အရှင်ဝိစိတ္တသာရာဘိဝံသကား အစမှအဆုံး တောက်လျှောက် ပင်တိုင်ဖြေဆိုနိုင်သော ပုဂ္ဂိုလ်ထူးကြီး ဖြစ်ပါသည်။ (ယင်းကျမ်း၊ စာ-၂၂)

ဘွဲ့အားလုံးတို့၏ ပိုင်ရှင်

ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရက အရှင်ဝိစိတ္တသာရာဘိဝံသအား အမြင့်ဆုံးဘွဲ့ထူးကြီးများဖြင့် ဂုဏ်ပြုပူဇော်ခဲ့ကြပါသည်။ သူကား မြန်မာနိုင်ငံရှိ ဘွဲ့ထူး၊ ဂုဏ်ထူး (၃၀) ကျော်ကို ပိုင်ဆိုင်သော တကယ့်အာဇာနည်ကြီး ဖြစ်ပါသည်။ (ယင်းကျမ်း၊ စာ-၂၃)

အရှင်ဝိစိတ္တသာရာဘိဝံသည် ပါဠိဘာသာသာကိုသာမက မြန်မာဘာသာတွင်လည်း အလွန်ကျွမ်းကျင်နိုင်နင်းတော်မူပါသည်။ (၆) အုပ် ရှစ်တွဲ စာမျက်နှာပေါင်း (၅၅၁၆) မျက်နှာရှိ ဗုဒ္ဓဝင်စာအုပ်ကြီးကိုလည်း မြန်မာဘာသာဖြင့် ရေးသားပြုစုတော်မူထားပါသည်။ အခြားကျမ်းများ၊ ကဗျာလင်္ကာများကိုလည်း ပြုစုထားပါသည်။ အရှင်ဝိစိတ္တသာရာဘိဝံသ၏ ဗုဒ္ဓဝင်ကျမ်းကြီးကိုသာ ဟိန္ဒူဘာသာ ပြန်ဆိုနိုင်ကြပါမူ ဟိန္ဒူစာပေနှင့် ဟိန္ဒူလူမျိုးတို့အတွက် များစွာ အကျိုးဖြစ်ထွန်းမည်မှာ မလွဲပါ။ (ယင်းကျမ်း၊ စာ-၂၃)

ကမ္ဘာပေါ်တွင် နှစ်ဦးမရှိသော ပုဂ္ဂိုလ်ထူးကြီးနှင့် တွေ့ကြုံဖူးမြော်ခွင့်ရသည်မှာ ကျွန်ုပ်တို့ ကံကောင်းထောက်မခြင်းပင် ဖြစ်ပါတော့သည်။ (ယင်းကျမ်း၊ စာ-၂၃)

အောက်ပါအချက်အလက်များကို ဆရာဦးသော်ဇင်ထံမှရရှိပါသည်။ ထူးခြားသည်ဟု ထင်သဖြင့် ထပ်ဆင့် ဖော်ပြကူးသိုလ်ယူစေလိုပါသည်။ ဖတ်ကြည့်ပါဦး။

**ဒိန္နာလင်္ကာရကျမ်းလာ 'နမောတဿ'**

**နမော တဿ ယတော မဟိမတော ယဿ တမောန**

၁၉၅၀ အထက်ဖော်ပြပါ 'နမောတဿ' သည် (၁၉၅၀) ပြည့်နှစ် တိပိဋကဓရ ရွေးချယ်ပွဲကြီး၌ ဝိနယပိဋကကို အာဂုံရေးဖြေတော်မူရန် ကြွရောက်လာတော်မူသော မင်းကွန်းဓမ္မနာဒ ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသက ကျွန်ုပ်တို့အား ချီးမြှင့်

တော်မူသော 'နမောတဿ' ဘုရားရှိခိုး ဖြစ်ပါ၏။ ကျွန်ုပ်တို့သည် ယင်း 'နမောတဿ' ကို ငယ်ရွယ်စဉ်က ကျမ်းတစ်စောင်၌ တွေ့ဖူး၊ ဖတ်ဖူးသော်လည်း နှုတ်တက်ရအောင်လည်း မဆောင်ခဲ့ပါ။ ရွတ်ဆို၍ ဘုရားရှိခိုးရန်လည်း စိတ်မဝင်စားခဲ့ပါ။ ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ ချီးမြှင့်မှုပင် တန်ဖိုးကိုသိ၍ အရဆောင်ပြီးလျှင် သတိရတိုင်း ရွတ်ဆို၍ ဘုရားရှိခိုးခဲ့ပါသည်။ ယင်း 'နမောတဿ' သည် စာလုံးရေ (၁၅) လုံးရှိသော ပဋိလောမယမကဂါထာဖြစ်ကြောင်း၊ ဇိနာလင်္ကာရဋီကာဆရာ အရှင်ဗုဒ္ဓရက္ခိတမထေရ်က စာမျက်နှာ (၂၀၉) ၌ ဖွင့်ထားခဲ့ပါ၏။ ယင်း ပဋိလောမယမကဂါထာကို အသေအချာ ကြည့်ပါလျှင် 'ဟိ' အက္ခရာသည် အလယ်တည့်တည့်၌ တည်ရှိပါ၏။ ယင်း 'ဟိ' အက္ခရာ၏ ဝဲယာတို့၌ ရှိသောအက္ခရာတို့သည် အနုလောမ အစဉ်အတိုင်းပင် ဖတ်ဖတ်၊ ပဋိလောမ နောက်ပြန်ပင် ဖတ်ဖတ် 'န-မော-တ-ဿ-ယ-တော-မ-ဟိ-မတော-ယ-ဿ- တ-မော-န' ဟူ၍ပင် တွေ့ရပါမည်။ ထို့ကြောင့်ပင် ပဋိလောမ ယမကဂါထာဟူ၍ ခေါ်ဝေါ်ခြင်းဖြစ်ကြောင်း သိနိုင်ပါသည်။ တွေ့ရခဲ့သော ဝိသေသပါဠိဂါထာပါတည်း။

ဂါထာအနက်မှာ - ယတောမဟိမတော- အကြင် ပါရမီဆယ်ပါး စွန့်ခြင်းကြီးငါးပါး၊ စရိယသုံးပါးတို့ကို ဖြည့်ကျင့်တော်မူခဲ့သော တန်ခိုးသိဒ္ဓိ အစွမ်းကြောင့်၊ ဝါ-ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါးတို့ကို သိမြင်တော်မူသော တန်ခိုးသိဒ္ဓိအစွမ်းကြောင့်၊ ဝါ-မာရ်ငါးပါးကို အောင်မြင်တော်မူသော တန်ခိုးသိဒ္ဓိအစွမ်း ကြောင့်၊ ယဿဗုဒ္ဓ- အကြင်ဗုဒ္ဓမြတ်ဘုရားအား၊ တမော- ကိလေသာတည်းဟူသော အမိုက်မှောင်သည်၊ န-ရှိတော်မမူ၊ တဿဗုဒ္ဓဿ- ကိလေသာအမိုက်မှောင် ကင်းတော်မူသော ထိုသိဒ္ဓိတန်ခိုးရှင် ဗုဒ္ဓမြတ်ဘုရားအား၊ မေ-အကျွန်ုပ်၏၊ နမော-ရှိခိုးခြင်းသည်၊ အတ္ထု-ဖြစ်ပါစေသတည်း။

ဤ နမောတဿ ယမကဂါထာကို နေ့စဉ်ရွတ်ပါ။ ဘုရားရှိခိုးပါ။ ကြံတိုင်းအောင်မြင်၍ ဆောင်ရွက်တိုင်း ကိစ္စပြီးပါသည်။ အန္တရာယ် ကင်း၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပြီးလျှင် လိုရာဆန္ဒပြည့်ဝနိုင်ပါသည်။

(ဦးသော်ဇင်၊ နမောတဿ ဘုရားရှိခိုးအဖွင့်)

ထို တိပိဋကဓရ ဆရာတော်ကြီး သီတင်းသုံးတော်မူသောကျောင်းမှာ ဓမ္မနာဒ ကျောင်းတိုက်၊ မင်းကွန်း၊ စစ်ကိုင်းမြို့ ဖြစ်ကြောင်း သိရှိရပါသည်။

၁၉၉၃ (၁၉၉၃) ခုနှစ်က ပျံလွန်တော်မူပြီး ဖြစ်သဖြင့် ဤဘဝ၊ ဤသံသရာတွင် ဆုံခဲ့၊ ကြုံခဲ့သော အခွင့်အရေးကြီး လက်လွတ်သွားကြရပါသည်။

ဤသံသရာ၌ နောက်ထပ်တစ်ဖန် ဆုံတွေ့ရန် မဖြစ်နိုင်တော့ပါ။ ဆရာတော်ကား အထက်ဘုံသို့ တစ်ဆင့်ပြီးတစ်ဆင့် တက်တော်မူလေပြီဟူ၍ ဓမ္မာစရိယဦးဌေးလှိုင်က ရေးသားခဲ့ပါသည်။ ဆရာတော်၏ ထေရုပ္ပတ္တိ အချက်အလက်အချို့ကို မောင်ပန်းမွှေး ပြုစုသော မြန်မာနိုင်ငံ ရဟန္တာနှင့်ရဟန်းထူးများ၊ တော်ဝင်မြို့မ စာအုပ်တိုက်ထုတ်၊ ဒုတိယတွဲစာအုပ်တွင် အသေအချာ ဖတ်ရှုကြည့်ညှိနိုင်ပါသည်။

**ကျမ်းကိုး**

ဖြိုးဝေမိုး၊ စာအောင်လက်မှတ်နှင့် ဂုဏ်ပြုလက်မှတ်တော် အရရှိဆုံး ဆရာတော်ကြီး၊ မြတ်မင်္ဂလာမဂ္ဂဇင်း၊ စာ-၉။

တိပိဋကဓရ သာသနာ့ အာဇာနည်လေးပါး၏ ထေရုပ္ပတ္တိ အကျဉ်းနှင့် ချီးကျူးပူဇော်ပွဲမှတ်တမ်း၊ ၁၉၇၈ ခု၊ ဧပြီလ (၈) ရက်၊ ပြည်မြို့နယ်လုံးဆိုင်ရာ တိပိဋကဓရ အရှင်မြတ်လေးပါးအား ပူဇော်ရေးအဖွဲ့။ In Honour of Mingun Sayadaw's 80 th Birthday, S.E 2535, AD 1991, M.E-1353, TI=NI Publishing Centre, First Edition, 1991 November.

(၁) ကြိမ်မှ (၂၈) ကြိမ်မြောက်အထိ တိပိဋကဓရရွေးချယ်ပွဲ အစီရင်ခံစာ။ ဖေဖော်ဝါရီလ၊ ၁၉၇၈ ခု၊ စာ-၈၅-၁၁၃။

ဘဝ၏နောက်ဆုံးနေ့တွင် ခန္ဓာဝန်မချမီ၊ သတိမလစ်မီအချိန်ကလေးအထိ ဒေသနာကြားတော်မူခဲ့သော

(၁၉၅၉) ခုနှစ်တွင် အောင်မြင်တော်မူသော ဒုတိယမြောက် တိပိဋကဓရ သာသနာ့အာဇာနည်

# ပခုက္ကူ ဆရာတော်ကြီး ဘဒ္ဒန္တနေမိန္ဒ

(၁၉၂၈ – ၁၉၉၀)





သာသနဓဇ သိရီပဝရ ဓမ္မာစရိယ သိရောမဏိ၊ ဗုဒ္ဓသာသန ဝိသိဋ္ဌဝိနယဓရ မဟာဝိနယကောဝိဒ၊ ဝိသိဋ္ဌ ဒီဃဘာဏက
ဒီဃနိကာယကောဝိဒ၊ ဝိသိဋ္ဌအာဘိဓမ္မိက အဘိဓမ္မကောဝိဒ၊ ဗုဒ္ဓသာသန ဝိသိဋ္ဌ တိပိဋကဓရ တိပိဋကကောဝိဒ၊
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ နိကာယ်သာသနာတော်ထွန်းကားရေးအသင်း ဩဝါဒါစရိယ၊
ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဘာရနိတ္ထာရက ဆရာတော်
အရှင်နေမိန္ဒ (ပခုက္ကူ) (၁၉၂၈-၁၉၉၁)

၁၉၅၃ (၁၉၅၃) ခုနှစ်တွင် တစ်ခေတ်မှာတစ်ခါ တစ်ကမ္ဘာမှာ တစ်ခါ ကြုံရခဲလှသော ပိဋကတ်သုံးပုံ အာဂုံဆောင် ရေးဖြေအောင် ထူးထူးခြားခြား ဦးဦးဖျားဖျား မင်းကွန်း ဓမ္မနာဒဆရာတော်ကြီး ပေါ်လာသောအခါ မြန်မာနိုင်ငံတော်ကြီးတစ်ခုလုံး အုံးအုံး ကျွက်ကျွက်ဖြစ်လျက် မယုံနိုင်သူလည်း ရှိ၊ ယုံနိုင်သူလည်း ရှိ၊ တအံ့တသြ ဖြစ်ကြ ရ၏။ ဤသို့ဖြင့် နောက်တစ်ပါး ပေါ်နိုးနိုး မျှော်ကိုးကြပြန်၏။ ဤသို့သော အခြေ အနေတွင် ပထမတိပိဋကဓရဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ ပေါ်ထွန်း တော်မူလာပြီးနောက် (၆) နှစ်ကြာသောအခါ မြန်မာနိုင်ငံ၌ ဒုတိယမြောက် တိပိဋကဓရဆရာတော်တစ်ပါး ပေါ်ထွန်းလာပြန်သည်။ ထိုဆရာတော်သည်ကား 'ပခုက္ကူတိပိဋကဓရဆရာတော်' ဟု လူသိများ ထင်ရှားသော ဆရာတော် ဘဒ္ဒန္တနေမိန္ဒပင် ဖြစ်လေသည်။

၁၉၇၈ အရှင်နေမိန္ဒ (ပခုက္ကူ)၏ ထေရုပ္ပတ္တိကို ရှာကြရာတွင် ပြည်မြို့နယ်လုံးဆိုင်ရာ တိပိဋကဓရ အရှင်မြတ်လေးပါးအား ပူဇော်ရေးအဖွဲ့မှ ထုတ်ဝေသော **တိပိဋကဓရ သာသနာ့အာဇာနည်လေးပါး၏ ထေရုပ္ပတ္တိအကျဉ်းနှင့် ချီးကျူးပူဇော်ပွဲ မှတ်တမ်း၊ (၁၉၇၈) ခု၊ ဧပြီလ၊ (၈) ရက်၊ စနေနေ့** စာအုပ်ပါးပါးကလေးကို ဦးစွာပထမ ဖတ်ရှုရ၍ ဝမ်းမြောက်ဝမ်းသာ ရှိမိပါသည်။ ထိုပထမအကြိမ်ထုတ် စာအုပ်ကလေးကို ရန်ကုန်မြို့၊ ရွှေဂုံတိုင်စာတိုက်၊ အာဇာနည်ဗိမာန်လမ်း၊ အရှင်ဦးတိလောကသာရက ထုတ်ဝေသည်ဟု ရေးသားထားပါသည်။ လှိုင် ရတနာပုံနှိပ်တိုက်၊ ရန်ကုန်မြို့တွင် ပုံနှိပ်ခြင်းဖြစ်သည်။ (၁၉၇၈) ခုနှစ်၊ ပထမ အကြိမ်ထုတ် စာစောင် စာ-၃၅၊ ၃၆ တွင် ထေရုပ္ပတ္တိအကျဉ်းကို ဖတ်ရှုရပါသည်။ ၎င်းနောက် တိပိဋကဓရ ရွှေရတုစာစောင်၊ စာ-၃၉၊ ၄၀ တွင် ထေရုပ္ပတ္တိအကျဉ်းကို ထပ်မံတွေ့ရှိရသည်။ ထို့ထက် ပြည့်ဝစုံလင်စွာ တွေ့ရှိရသည်မှာ မောင်သုတ စုစည်းပူဇော်သည့် သုတပုဒ္ဓမည်ရထင်ရှား တိပိဋကဓရ ဆရာတော်များ၏ ဘဝ ဖြစ်တော်စဉ်၊ သုဟ ဗုဒ္ဓဝင် ဖြစ်၏။ ရန်ကုန်တက္ကသိုလ် အငြိမ်းစားပါမောက္ခချုပ်၊ တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင်အေး ပြုစုရေးသားသည့် တိပိဋကဓရ သာသနာဝင် သမိုင်းမှတ်တမ်း သုတေသနကျမ်းသည်လည်း ကြီးစွာ သော အထောက်အပံ့ကို ပေးခဲ့ပါသည်။ ထိုစာအုပ်ကြီးကို (၂၀၀၆) ခုနှစ်၊ နိုဝင်ဘာလတွင် တက္ကသိုလ်များ ပုံနှိပ်တိုက်မှ ပထမအကြိမ် ရိုက်နှိပ်သည်ကို လေ့လာတွေ့ရှိရပါသည်။ ထိုစာအုပ်ကြီးတွင် ပါရှိသော အချက်အလက်များသည်

မှတ်တမ်းဝင်၊ သမိုင်းဝင်၊ ဂန္ထဝင်မြောက် ခေတ်ပြိုင်မှတ်တမ်းများ ဖြစ်ပါသည်။ ထိုမှတ်တမ်းများကို ကောက်နုတ်လျက် အောက်ပါထေရုပ္ပတ္တိကို ရေးသားစီရင်ခြင်း ဖြစ်ပါသည်။

**နှိုင်းယှဉ်စရာ ဆရာတော် (၂) ပါး**

ဆရာတော်ဘဒ္ဒန္တနေမိန္ဒသည် ဝိနည်းလေးစားသည့်နေရာ၌ မင်းကွန်းဆရာတော်ကြီးကို အမှီလိုက်နိုင်သူဖြစ်သည်ဟူ၍ပင် မှတ်တမ်းပြုကြရ၏။

**ဇာတိ မြိုင်မြို့နယ်၊ ငွေးပင်တွင်းရွာသား**

၁၉၂၈ မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ မြို့တင်ဘင်းကန်တိုက်နယ်၊ ငွေးပင်တွင်းရွာ၌ ဖခမည်းတော် ဦးဘိုးတစ်+မယ်တော် ဒေါ်ထွားတုတ်တို့မှ (၁၉၂၈) ခုနှစ်၊ ဇန်နဝါရီလ (၁၄) ရက်၊ စနေနေ့တွင် ဖွားသန့်စင်ခဲ့သည်။

**ငယ်မည် စနေသား မောင်ထွန်းရှိန်**

သားသမီး (၂) ဦးအနက် သားဦးရတနာဖြစ်ပြီး ငယ်မည်မှာ 'မောင်ထွန်းရှိန်' ဖြစ်လေသည်။

**သာမဏေရ ရှင်နေမိန္ဒ**

၁၉၃၄ မောင်ထွန်းရှိန် (၆) နှစ်သားအရွယ်သို့ရောက်သောအခါ ငွေးပင်တွင်းရွာ ပေတော ကျောင်းဆရာတော် ဦးနာရဒထံ သင်ပုန်းကြီး၊ မင်္ဂလသုတ်၊ အပြင် အောင်ခြင်း၊ အတွင်းအောင်ခြင်း၊ နမက္ကာရ၊ လောကနီတိ၊ ပရိတ်ကြီး၊ စကားကြီးဆယ်ခွန်းလင်္ကာ၊ ရှင်မဟာရဋ္ဌသာရဆုံးမစာ၊ ရှင်မဟာသီလဝံသ ဆုံးမစာ၊ ဖိုးသူတော်ဦးနုစကားပုံ စသော အခြေခံပညာများကို သင်ကြားဆည်းပူးခဲ့သည်။

**ကိုရင်ဘဝ ရှင်နေမိန္ဒ**

၁၉၃၈ (၁၀) နှစ်သားအရွယ်သို့ ရောက်သောအခါ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ပေတောကျောင်းဆရာတော်ကိုပင် ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ ဘွဲ့အမည်မှာ ရှင်နေမိန္ဒ ဖြစ်ပေသည်။

**ဉာဏ်ကောင်းသော ကိုရင်လေး ဖြစ်ခဲ့**

ရှင်နေမိန္ဒသည် အနေအထိုင် ကျစ်လစ်သိပ်သည်းလှသည်။ ဉာဏ်ပညာလည်း လွန်စွာထက်မြက်ပြီး တစ်ထိုင်တည်း စာကျက်ရုံဖြင့် များများလည်း ရတတ်သလို ရသမျှလည်း မေ့ပျောက်ခဲသည်။

နာမည်ကျော် ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်သို့ ရောက်

၁၉၄၅ (၁၉၄၅) ခုနှစ်၊ အသက် (၁၈) နှစ်သားအရွယ်တွင် ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်ကြီးသို့ ရောက်ရှိတော်မူခဲ့သည်။

**(၁၇) နှစ်သား ပထမငယ်**

၁၉၄၆ (၁၉၄၆) ခုနှစ်တွင် အစိုးရပထမပြန်စာမေးပွဲ ပထမငယ်တန်းကို ဖြေဆိုအောင်မြင်တော်မူခဲ့သည်။

**ရဟန်းဘဝ နေမိန္ဒ**

၁၉၄၇ (၁၉၄၇) ခုနှစ်၊ ဇူလိုင်လ ၃ ရက်၊ ကြာသပတေးနေ့တွင် ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်၊ သာသနဇောတိပါလသိမ်တော်ကြီး၌ အဓိပတိ မဟာနာယက၊ အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော် ဘဒ္ဒန္တသုန္ဒရ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ဘကြီးအရင်းဖြစ်သူ ဦးဘိုးမြစ်၊ ဒေါ်ဖွားရှင် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သောရဟန်းဘဝကို ရရှိတော်မူခဲ့ကြောင်း မှတ်တမ်းရှိ၏။

**လွတ်လပ်ရေးအကြိုခေတ်**

လွတ်လပ်ရေးအကြိုခေတ်တွင်လည်း နိုင်ငံရေးတွေ၊ ဘာတွေ ရှုပ်ရှုပ်ထွေးထွေးကြားထဲ၊ ရောင်စုံသူပုန်ခေတ်ကြားထဲမှာပင် စာမေးပွဲ ဆက်ဖြေခဲ့သော အာဇာနည်တစ်ပါး ဖြစ်ခဲ့၏။ ထိုအချက်ကို ဤသို့ တွေ့ရ၏။

**ပထမလတ် အောင်**

၁၉၄၇ ရဟန်းဖြစ်ပြီးနောက် စာမေးပွဲ ဆက်လက်ဖြေဆိုရာ (၁၉၄၇) ခုနှစ်တွင် ပထမလတ်တန်းကို အောင်မြင်တော်မူသည်။

**ပထမကြီး အောင်**

၁၉၅၁ (၁၉၅၁) ခုနှစ်ကျမှ ပြန်လည်ဖြေဆိုရာ ပထမကြီးတန်းကို ဖြေဆိုအောင်မြင်တော်မူခဲ့သည်။

၁၉၄၈ (၁၉၄၈) ခုနှစ်၊ လွတ်လပ်ရေးရပြီးသောကာလတွင် ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ အမျိုး၊ ဘာသာ၊ သာသနာအတွက် ပြန်လည်မြှင့်တင်ရန် ကြိုးစားခဲ့ကြသည်။ ထိုအချိန်တွင် မြန်မာနိုင်ငံတော်ကြီးတစ်ခုလုံးတွင် ကိုလိုနီခေတ်က မှေးမှိန်နေသော

သာသနာတော်ကြီးကို တစ်ဆင့်ပြီးတစ်ဆင့် အဆင့်ဆင့် မြှင့်တင်ရာတွင် တိပိဋကဓရ စာမေးပွဲကြီးသည် အလွန်အရေးပါလျက် ရှိ၏။ ထိုအချိန်တွင် အရှင်နေမိန္ဒသည်လည်း တိပိဋကဓရလမ်းကြောင်းသို့ ရောက်ရှိနေကြောင်း မှတ်တမ်းများ တွေ့ရှိရပါသည်။

**ဦးခေါင်းပေါ်က ပတ္တမြား ဟူသော သိရောမဏိ ဘွဲ့ကို ရခဲ့**

၁၉၅၂ (၁၉၅၂) ခုနှစ်၊ အစိုးရဓမ္မာစရိယစာမေးပွဲကို ဝင်ရောက်ဖြေဆိုရာ ကျမ်းရင်း (၃) ကျမ်း၊ ဂုဏ်ထူးဆောင် (၆) ကျမ်း၊ စုစုပေါင်း (၉) ကျမ်းလုံးကို အကုန်အစင် တစ်နှစ်တည်းဖြင့် ဖြေဆိုအောင်မြင်တော်မူသဖြင့် 'သာသနဓဇ သီရိပဝရ ဓမ္မာစရိယ သိရောမဏိ' ဘွဲ့ကို ရရှိတော်မူသည်ဟု မှတ်တမ်းတွင် တွေ့ရပါသည်။

သိရောမဏိ- ဆိုသည်မှာ ဓမ္မာစရိယတန်းဆိုင်ရာ (၉) ကျမ်းစလုံးကို တစ်နှစ်တည်း အောင်မြင်၍ အထူးပြုဆက်ကပ်သောဘွဲ့ ဖြစ်သည်။ 'ဦးခေါင်းပေါ်က ပတ္တမြားရတနာ' ဟု အဓိပ္ပါယ်ရသည်။ ရဟန်းတော်များထဲတွင် ဤဘွဲ့မျိုး ရရှိသူဟူ၍ များများစားစား မရှိပေ။ အရှင်နေမိန္ဒသည် ပထမကြီးတန်းအောင်မြင်ပြီး နောက်နှစ်မှာပင် (နှစ်မခြားပဲ) ရှားပါးလှသည့် ဓမ္မာစရိယ သိရောမဏိဘွဲ့ကို ရရှိတော်မူခဲ့သည်မှာ အံ့သြစရာပင် ဖြစ်ပေသည်။

**သံဃမဟာနာယက ဥက္ကဋ္ဌ မကွေးဆရာတော်နှင့် တစ်နှစ်တည်း ဘွဲ့ရ**

ထိုနှစ်မှာပင် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးဆရာတော် ဘဒ္ဒန္တကုမာရ၊ မန္တလေး ပေါက်မြိုင် ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသာဘိဝံသတို့လည်း 'ဓမ္မာစရိယ သိရောမဏိ' ဘွဲ့ကို ရရှိတော်မူခဲ့ကြသည် ဟု မှတ်တမ်းတွင် တွေ့ရှိရပါသည်။

**ဆဋ္ဌသင်္ဂါယနာတာဝန်လည်း ထမ်းဆောင်ခဲ့၏**

အရှင်နေမိန္ဒသည် စာပေများပို့ချပေးရင်း ဆဋ္ဌသင်္ဂါယနာ မဟာဓမ္မသဘင်ကြီးတွင် မူလဝိသောဓကတာဝန်၊ ပဋိဝိသောဓက တာဝန်များကိုလည်း ထမ်းဆောင်တော်မူခဲ့ပေသည်ဟု မှတ်တမ်းတွင် တွေ့ရပါသည်။

**ပထမ တိပိဋကဓရ ဆရာတော်ကို တွေ့ဖူး၍ အားကျခဲ့**

ထိုအချက်ကို တွေ့ရှိရသဖြင့် ပထမတိပိဋကဓရ ဆရာတော်၏ဓာတ်သည် ဒုတိယ

တိပိဋကဓရ ဆရာတော်သို့ ဆက်လက်ပြန့်ပွား စီးဝင်သွားကြောင်း တွေးမိလျှင် သဘောပေါက်နိုင်ပါသည်။ ထို့ကြောင့်ပင် ပထမတိပိဋကဓရ ဆရာတော်ကို မြင်လျှင်မြင်ခြင်း ဒုတိယတိပိဋကဓရ ဆရာတော်လောင်းလျာက အားကျခဲ့ကြောင်း မှတ်တမ်းတင်ခြင်း ဖြစ်ပေလိမ့်မည်။ အောက်တွင် ကြည့်ပါ။

၁၉၅၃ အရှင်နေမိန္ဒ ဆဋ္ဌသင်္ဂါယနာတာဝန်များကို ထမ်းဆောင်နေစဉ် မင်းကွန်းဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ (၁၉၅၃) ခုနှစ်တွင် ပိဋကတ်သုံးပုံ အကုန်အစင် အောင်မြင်သွားသည်ကို တွေ့ရသည့်အခါ 'ငါလည်း သူ့လို ကြိုးစားကြည့်ရင် ဖြစ်နိုင်လောက်တယ်' ဟု စဉ်းစားမိပြီး ဝိနည်းပါဠိတော်ကြီးများကို ကျက်မှတ်ကြည့်သည်။ ကျက်မှတ်ရင်း အဋ္ဌကထာ၊ ဋီကာများကိုပါ တစ်ပါတည်း ကြည့်ရှုလေ့လာသွားသည်။ ကျက်မှတ်လေ့လာနေစဉ် မင်းကွန်းဆရာတော် သင်္ဂါယနာ ဝိဿဇ္ဇကတာဝန်ယူတော်မူသည်ကို တွေ့မြင်သိရှိရသောအခါ ကြည်ညိုလေးစား အားကျစိတ်များ ပိုမိုဖြစ်ပေါ်လာပြီးနောက် ဆထက်ထမ်းပိုး တိုး၍ ကြိုးစားတော်မူသည် ဟု သိရပါသည်။

**ပိဋကတ် တစ်ပုံအောင်**

ထို့ကြောင့်ပင်လျှင် အရှင်နေမိန္ဒသည် ပိဋကတ်တစ်ပုံကို အာဂုံရေးဖြေ အောင်မြင်ခဲ့ကြောင်း ဆက်စပ်တွေးမိပါသည်။

၁၉၅၄ ကြိုးစားကျက်မှတ်လေ့လာပြီးနောက် (၁၉၅၄) ခုနှစ် (၇) ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ပွဲတွင် ဝင်ရောက်ဖြေဆိုရာ အထောက်အမ လွတ်ကင်းပြီး သန့်ရှင်းပီပြင်စွာ ပြန်ဆိုနိုင်သည့်အပြင် သဘောရေးဖြေပွဲတွင်လည်း (၅) ကျမ်းလုံးကို ဂုဏ်ထူးဖြင့် ဖြေဆိုအောင်မြင်သဖြင့် 'ဝိသိဋ္ဌဝိနယဓရ မဟာဝိနယကောဝိဒ' ဘွဲ့တံဆိပ်တော်၊ အောင်လက်မှတ်၊ အရိုးဝါ ကနက္ကဒဏ်ထီးဖြူတော်တစ်လက် တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်နှင့် ကုန်းလမ်း-ရေလမ်း၊ အထက်တန်း အခမဲ့ ခရီးသွားလက်မှတ် စသည့် အဆောင်အယောင်များကို အလှူခံရရှိတော်မူခဲ့လေသည်ဟု မှတ်တမ်းတင်ကြရသည်။ ဤသို့ဖြင့် ပိဋကတ်တစ်ပုံ အောင်ခဲ့လေသည်။ သို့ဖြင့် တစ်ပုံအောင်၊ တစ်ပုံဆောင်ဘဝမှ သုံးပုံအောင်၊ သုံးပုံဆောင်ဘဝသို့ ရောက်အောင် ဆက်လက် ကြိုးပမ်းတက်လှမ်းခဲ့လေသည်။

**ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့**

၁၉၅၅ (၁၉၅၅) ခုနှစ် (၈) ကြိမ်မြောက် စာမေးပွဲကြီးတွင် သုတ္တန်ပိဋက ဒီဃနိကာယ (၃) ကျမ်းကို ဝင်ရောက်ပြန်ဆိုရာ ဂုဏ်ထူးဖြင့်ပင် ပြန်ဆိုအောင်မြင်တော်မူ၍ 'ဝိသိဋ္ဌဒီဃဘာဏက' ဘွဲ့ကို ရရှိတော်မူသည်။

**ပိဋကတ် နှစ်ပုံ အောင်မြင်ခဲ့**

၁၉၅၆ (၁၉၅၆) ခုနှစ်၊ (၉) ကြိမ်မြောက် စာမေးပွဲတွင် ဒီဃနိကာယ (၃) ကျမ်း၏ သဘောရေးဖြေအပိုင်းကို ဝင်ရောက်ဖြေဆိုအောင်မြင်သဖြင့် 'ဒီဃနိကာယကောဝိဒ' ဘွဲ့တော်ကို ရတော်မူပြန်သည်။ (၃) နှစ်အတွင်း အရှင်နေမိန္ဒ ပိဋကတ်နှစ်ပုံ အောင်မြင်သွားခဲ့လေပြီဟု ဝမ်းပန်းတသာ မှတ်တမ်းတင်ကြ၏။

အထက်ပါ လေ့လာချက်များကို ထောက်ရှုလျှင် အရှင်နေမိန္ဒသည် သုံးနှစ်အတွင်းမှာပင် ပိဋကတ်နှစ်ပုံ အောင်သည်ဟူသော အောင်မြင်မှုကို လေ့လာတွေ့ရှိရပါသည်။ ထိုအချက်ကို ဤသို့ တွေ့ရ၏။

**ဂုဏ်ထူးအောင် ဂုဏ်ထူးဆောင် ဆရာတော်**

၁၉၅၇ (၁၉၅၇) ခုနှစ်၊ (၁၀) ကြိမ်မြောက် စာမေးပွဲတွင် အဘိဓမ္မပိဋက အဘိဓမ္မာရှေ့ပိုင်း (၅) ကျမ်းကို ဂုဏ်ထူးဖြင့် ပြန်ဆိုအောင်မြင်ပြီး သဘောရေးဖြေပွဲကိုလည်း ဆက်လက်ဖြေဆိုအောင်မြင်သဖြင့် အသိအမှတ်ပြုလက်မှတ်ကို ခံယူရရှိတော်မူသည်။

**ကြိုးကြိုးစားစား နားနားနေနေ**

ဤသို့ ဆိုရသည်မှာ အရှင်နေမိန္ဒသည် ကျန်းမာရေးအတွက် ရက်ပေါင်း (၃၆၅) ရက်၊ နားနားနေနေ နေခဲ့သောကြောင့် ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် လာမည့်နှစ်တွင် ဆရာတော်သည် ထီးဖြူတော်သုံးလက်၊ သာသနာ့အောင်လံတော်ကို စိုက်ထူမည့် အတိတ်ဆောင်၊ နိမိတ်ဆောင်သော ကာလဖြစ်သောကြောင့် ဖြစ်ပေသည်။ ထိုအချက်ကို အောက်တွင်ကြည့်ပါ။ မှတ်တမ်းရှိ၏။

**ပိဋကတ်သုံးပုံ ဒုတိယတစ်ပါး ပေါ်ထွန်းပြန်ပြီ**

၁၉၅၈ (၁၉၅၈) ခုနှစ်၊ တစ်နှစ်အနားယူ၍ ကြိုးစားကျက်မှတ်လေ့လာနေခဲ့သည်။ (၁၉၅၉) ခုနှစ်၊ (၁၂) ကြိမ်မြောက် စာမေးပွဲတွင် ဝင်ရောက်ဆင်နွှဲရာ စာမျက်နှာ (၃၅၀၀) ကျော်ရှိ ယမိုက်-ပဋ္ဌာန်းကျမ်းကြီးများကို ဂုဏ်ထူးဖြင့်ပြန်ဆိုနိုင်သည့်ပြင် သဘော

ရေးဖြေကိုပါ ဆက်လက်ဖြေဆိုအောင်မြင်သဖြင့် 'ဝိသိဋ္ဌအာဘိဓမ္မိက အဘိဓမ္မကောဝိဒ' ဘွဲ့တံဆိပ်တော်၊ အောင်လက်မှတ်တော်နှင့် အရိုးဝါ ကနက္ကဒဏ်ထီးဖြူတော် သုံးလက် တံဆိပ်ပါရှိသော သာသနာ့အောင်လံတော် စသည့် အဆောင်အယောင်များကိုပါ အလှူခံရရှိတော်မူခဲ့လေသည်။

**မြန်မာနိုင်ငံတွင် ဒုတိယမြောက် တိပိဋကဓရ အာဂုံရေးဖြေအောင်**

ဆရာတော် အရှင်နေမိန္ဒသည် သင်ရိုးပိဋကတ်သုံးပုံလုံးကို အာဂုံရော၊ သဘောရေးဖြေပါ (အာဂုံပြန်တွင် ပိဋကသုံးပုံလုံး ဂုဏ်ထူးဖြင့်) အပြီးအစီး အောင်မြင်တော်မူသွားပြီဖြစ်၍ 'ဝိသိဋ္ဌတိပိဋကဓရ တိပိဋကကောဝိဒ' ဘွဲ့တံဆိပ်တော်၊ အောင်လက်မှတ်တော် ၊ အရိုးဝါကနက္ကဒဏ် ထီးဖြူတော်သုံးလက် တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်နှင့် ကုန်း၊ ရေ၊ လေ သုံးဌာန၌ နောက်ပါတပည့်နှစ်ဦးနှင့်အတူ အခမဲ့စီးနင်းခွင့် ခရီးသွားလက်မှတ်လည်း လက်ခံရရှိတော်မူ၏။ ထိုခေတ်က ငွေဖြင့် လစဉ် ဆွမ်းဆန်တော် ၂၇၅-၆၀ါးတို့ကို လစဉ် လက်ခံရရှိတော်မူသည်။

၁၉၆၀ သက်တော် (၃၂) နှစ်မှာ ပိဋကတ်သုံးပုံ အာဂုံဆောင်ခဲ့ ရေးဖြေအောင်ခဲ့၍ ဤသို့ဖြင့် မြန်မာနိုင်ငံတော်၌ ဒုတိယမြောက် တိပိဋကဓရဆရာတော် ပေါ်ထွန်းလာခဲ့ပြန်ချေပြီ။ ထိုအချိန် ဆရာတော်၏သက်တော်မှာ (၃၂) နှစ်သာ ရှိသေးပေသည်ဟု သုတပုဒ္ဓဝင်တွင် မှတ်တမ်းတင်ထား၏။

**တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက**

ထိုခေတ်က နိုင်ငံတော်သမ္မတကြီးသည် ဦးဝင်းမောင် ဖြစ်၏။ ကရင်တိုင်းရင်းသားဖြစ်၍ မန်းဝင်းမောင်ဟူ၍ လူသိများ၏။ ထိုသမ္မတကြီးကိုယ်တိုင်ပင်လျှင် (၁၉၆၀) ပြည့်နှစ်တွင် ထူးထူးခြားခြား ပေါ်ထွန်းလာသော မြန်မာနိုင်ငံတွင်သာရှိသည့် ကမ္ဘာမှာ မရှိသေးသော ဒုတိယမြောက် တိပိဋကဓရဆရာတော်ကို ဘွဲ့နှင်းသဘင် အဆောင်အယောင်များ ဆက်ကပ်ခဲ့ကြောင်း သုတပုဒ္ဓဝင်တွင် မှတ်တမ်းတင်ခဲ့ပါ၏။

**မင်းကွန်း တိပိဋကဓရ ဆရာတော်နောက် ပေါ်ပေါက်တော်မူသော နောက်ထပ် တိပိဋကဓရ တစ်ပါး။**

၁၉၆၀ နိုင်ငံတော်၌ ဒုတိယမြောက်ထူးထူးခြားခြား ပေါ်ထွန်းတော်မူလာသည့် တိပိဋကဓရ

ဆရာတော် အရှင်နေမိန္ဒအား နိုင်ငံတော်သမ္မတကြီး အဂ္ဂမဟာသီရိသုဓမ္မ ဦးဝင်းမောင် (မန်းဝင်းမောင်) က (၁၉၆၀) ပြည့်နှစ်၊ ဇွန်လ (၂၆) ရက်၊ တနင်္ဂနွေနေ့တွင် မန္တလေးမြို့၊ သာသနာ့ဗိမာန်တော်ကြီး၌ ဂုဏ်ပြုပူဇော်ပွဲ ကျင်းပပြီး တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်၊ ဘွဲ့လက်မှတ်တော်၊ တိပိဋကဓရ ဆရာတော်တစ်ပါး၏ အမှတ်သင်္ကေတအဆောင်အယောင်ဖြစ်သော ဘဒ္ဒန္တနေမိန္ဒ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက စာတန်းပါ ဆင်စွယ်ယပ်ဝန်းတော်တို့ကို ဆက်ကပ်လှူဒါန်းခဲ့လေသည်ဟု အတိအကျ သိရပါသည်။

**နေနှင့်လ ဟူသော ဥပမာစကား**

သမ္မတကြီး၏ ဂါရဝတရား ပူဇော်မှုစကားကို မှတ်မှတ်သားသား မှတ်မိသူများ ရှိကောင်းရှိပေလိမ့်မည်။ သာမန်အားဖြင့် မေ့ကောင်းမေ့မည်ဖြစ်သော်လည်း သုတဗုဒ္ဓဝင်တွင်ကား မမေ့မပျောက် အသေအချာ မှတ်တမ်းတင်ထားကြောင်း ဖတ်ရှုရပါသည်။

ဂုဏ်ပြုချီးကျူးပူဇော်ပွဲနှင့် ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲတွင် နိုင်ငံတော်သမ္မတကြီးက -

"ကမ္ဘာသူ ကမ္ဘာသားအပေါင်းတို့သည် နေနှင့်လနှစ်ပါးကို တောင့်တကြသကဲ့သို့ ဗုဒ္ဓဘာသာဝင် ရှင်လူအပေါင်းတို့သည်လည်း ပိဋကတ်သုံးပုံ နှုတ်ငုံဆောင် သာသနာ့အာဇာနည်ပုဂ္ဂိုလ်ထူးတို့ကို တောင့်တခဲ့ကြရာတွင် အရှင်ဝိစိတ္တသာရာဘိဝံသ တည်းဟူသော တိပိဋကဓရ နေမင်းကြီးတစ်ဆူ ထွက်ပြူတော်မူခဲ့ပြီးနောက် အရှင်နေမိန္ဒတည်းဟူသော တိပိဋကဓရ လမင်းကြီးတစ်ဆူ ထွက်ပြူ၍ လာပြန်ပြီတကားဟု နှစ်ထောင်းအားရ ဝမ်းမြောက်ကြရပါကြောင်း" ဟုလည်း ထပ်ဆင့်လျှောက်ထားသွားလေသည်။

**သာသနာ့တာဝန် (၃) နှစ်**

၁၉၇၅ ဆရာတော်ဘဒ္ဒန္တဂန္ဓမာသည် မိမိမဟာနာယကအဖြစ် တာဝန်ယူပြီး၍ (၃) နှစ်အကြာ (၁၉၇၅) ခုနှစ်၊ ဧပြီလ (၁၈)ရက်၊ သောကြာနေ့တွင် တိုက်အုပ်၊ တိုက်ကြပ်၊ ဂဏဝါစက စာချဆရာတော်များ၊ ကျောင်းအုပ်ဘုန်းတော်ကြီးများကို စုဝေးခေါ်ယူပြီး "မိမိသည် အသက်ကြီးပြီဖြစ်၍ မဟာဝိသုတာရာမတိုက်ကြီး အစွန့်ရှည်တည်တံ့ပြီး တိုးတက်သည်ထက် တိုးတက်အောင် ဆောင်ရွက်နိုင်စေရန် တိပိဋက

ဓရ ဆရာတော် ဦးနေမိန္ဒအား ကျောင်းတိုက်ကြီး၏ တာဝန်အရပ်ရပ်ကိုလွှဲအပ်လိုက်ပါကြောင်း" အဓိပ္ပါယ်ပါရှိသော စကားကို မိန့်ကြား၍ တိုက်တာကို လွှဲအပ်တော်မူသည်။ တိပိဋကဓရဆရာတော်က လက်မခံပဲ ဆရာတော်ကြီးကိုပင် ပြန်လည်လွှဲအပ်သည်ဟု အံ့သြစရာ ဖတ်ရှုရပါသည်။

ဒုတိယအကြိမ်မြောက် လွှဲပြောင်းခြင်းကိုလည်း ငြင်းဆန်ခဲ့ကြောင်း အံ့ဖွယ် ဆရာတော်ကြီး ဘဒ္ဒန္တဂန္ဓမာသည် စိတ်မကောင်းဖြစ်သွား၏။ ဒုတိယကြိမ် ထပ်မံအပ်နှံပြန်၏။ တိပိဋကဓရဆရာတော်ကလည်း ဒုတိယအကြိမ် ငြင်းပြန်၏။ ဆရာတော်သည် ဤသို့အားဖြင့် နှစ်ကြိမ်တိုင်တိုင် ငြင်းပယ်ခဲ့ပါ၏။ သို့သော်လည်း မလွှဲမရှောင်သာ၍ တတိယအကြိမ်မြောက်တွင်ကား လက်ခံခဲ့ကြောင်း တွေ့ရှိရပါ၏။

အခိုင်အမာ အပ်နှံခဲ့

၁၉၇၉ ဆရာတော်ကြီး ဘဒ္ဒန္တဂန္ဓမာသည် (၁၉၇၉) ခုနှစ်၊ ဇွန်လ (၂၃) ရက်၊ စနေနေ့တွင် သံဃာတော် (၅၃၀) ကျော်တို့၏ရှေ့မှောက်၌ တတိယအကြိမ် ထပ်မံအပ်နှံပြန်သောအခါ နှုတ်ဖြင့်သာ အပ်နှံခြင်းမဟုတ်ပဲ စာတမ်းဖတ်ကြား၍ အခိုင်အမာ အပ်နှံသည်။

၁၉၈၀ ဆရာတော်ကြီး ဘဒ္ဒန္တဂန္ဓမာသည် တစ်နှစ်ခန့်အကြာ (၁၉၈၀) ပြည့်နှစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားသည်။

ထေရ်ကြီး၊ ဝါကြီးများအား ပြန်လည်အပ်နှံခဲ့

တိပိဋကဓရဆရာတော်သည် နဂိုကပင် မိမိ ကြံစည်စိတ်ကူးထားသည့်အတိုင်း ကျောင်းတိုက်ကြီး၏ မဟာနာယကတာဝန်ကို ထေရ်ကြီးဝါကြီး ဆရာတော်များအား ပြန်လည်လွှဲပြောင်းအပ်နှံတော်မူခဲ့သည်။

ပဋိပတ်နယ်ပယ်သို့ ကူးပြောင်းခဲ့

ဆရာတော်သည် ပရိယတ္တိအရာတွင် အထွတ်အထိပ်သို့ ရောက်ခဲ့ကြောင်းကို ပိဋကတ်သုံးပုံ အာဂုံဆောင် ရေးဖြေအောင် ဘဝဖြစ်စဉ်က သက်သေပြခဲ့ပြီးဖြစ်၏။ သို့သော်လည်း ဆရာတော်သည် စာတွေ့မှ ငါတွေ့သို့ ကူးပြောင်းလိုသဖြင့်

ပရိယတ္တိနယ်ပယ်မှ ပဋိပတ္တိတစ်ဖက်ကမ်းသို့ ကူးမြောက်လိုကြောင်းကို အောက်ပါ အထောက်အထားဖြင့် သိရှိရပါသည်။

ဆရာတော်သည် လွှဲအပ်ပြီးနောက် ပရိယတ်နယ်တွင် နှစ်ပေါင်း (၄၀) ကျော် ကျင်လည်ခဲ့ပြီးဖြစ်၍ ပဋိပတ်နယ်ပယ်သို့ကူးရန် တန့်ကြည့်တောင်သို့ ကြွရောက် သီတင်းသုံးကာ တရားဘာဝနာများကို ကြိုးစား ပွားများ အားထုတ်တော်မူသည်။

**ပဋိပတ္တိ အတွေ့အကြုံ**

တရားအားထုတ်စဉ် ကြုံတွေ့ခဲ့ရသော အတွေ့အကြုံများကိုလည်း မှတ်တမ်းအနေ ဖြင့် ရေးသားတော်မူခဲ့ကြောင်း သိရှိရသည်မှာ နောင်လာနောက်သားများအတွက် မှတ်သားဖွယ် ဖြစ်၏။ မှတ်တမ်းမှာ ဤသို့ ဖြစ်၏။

တရားအားမထုတ်သေးခင် အမှုမဲ့ အမှတ်မဲ့နေခဲ့စဉ်တုန်းက အတော်အတန် ကြီးမားသည့် အကုသိုလ်အမှုကြီးများပင် စိတ်ထဲမပေါ်ပဲ မေ့ပျောက်သလိုဖြစ် နေတတ်သော်လည်း တရားအားထုတ်လိုက်သည့်အခါတွင်မူ အမှတ်မထင်ပြုခဲ့ မိသည့် အကုသိုလ်အမှု သေးသေးကလေးများပင် စိတ်ထဲမှာ ပေါ်ပေါ်လာပြီး အနှောင့်အယှက်ပေးတတ်ကြောင်း၊ အကုသိုလ်များသည် အလွန်ကြောက်စရာ ကောင်းလှကြောင်းကို ရေးသားထားသော ကိုယ်တွေ့မှတ်တမ်းမှာ နောင်လာ နောက်သားများအတွက် သတိမူစရာ သံဝေဂယူစရာပင် ဖြစ်ပေတော့သည် ဟု တွေ့ရှိရပါသည်။ အသေအချာ သိသူများက အသေ အချာ မှတ်တမ်းတင်ခဲ့ခြင်း ဖြစ်ပေလိမ့်မည်ဟု သေသေချာချာ သိရပါသည်။

**တန့်ကြည်တောင်၌ (၁) နှစ်ကြာ**

ဘုရားရှင် ကြွတော်မူခဲ့ဖူးသည့် တန့်ကြည်တောင်တွင် (၁) နှစ်တာမျှ သီတင်းသုံး တော်မူပြီးနောက် မျိုးဆက်သစ်များအတွက် ကျောင်းသစ်ထူထောင်ကြောင်း လေ့လာတွေ့ရှိရပြန်သည်။

၁၉၈၁ တန့်ကြည့်တောင်၌ တစ်နှစ်မျှ သီတင်းသုံးတော်မူပြီးခဲ့၏။ (၁၉၈၁) ခုနှစ်တွင် မော်လမြိုင်မြို့၊ တောင်ဝိုင်းအရပ်၌ 'မဟာဝိသုတာရာမ ဓမ္မဗိမာန်' ဟူသော ကျောင်းတိုက်တစ်ခုကို ထူထောင်ကာ ကြွရောက်သီတင်းသုံး သာသနာပြုတော် မူသည်။ ပဋိပတ်လုပ်ငန်းဘက်၌ ပိုမိုအားသန်သည့်အားလျော်စွာ ကမ္မဋ္ဌာန်းတိုက် သဘောမျိုး တည်ထောင်တော်မူခြင်း ဖြစ်၏။

မဟာဝိသုတာရာမ ဓမ္မဗိမာန်ကျောင်းတိုက်ထဲသို့ သွားကြည့်လိုက်လျှင် အမြဲတမ်း တိတ်ဆိတ်၍သာ နေသည်။ တောင်ဝိုင်းရပ် ဆိုသည်ကလည်း မော်လမြိုင်မြို့စွန် မှာ ဖြစ်သဖြင့် ပို၍တိတ်ဆိတ်ငြိမ်သက်နေသည်။ ကြောက်တတ်သူများအဖို့ ကြောက်စရာနေရာတစ်ခုပေတည်း။ ထိုကြောက်စရာနေရာ၌ပင် ဆရာတော်ကြီး သည် ပျော်မွေ့စွာ သီတင်းသုံးတော်မူသည်။ တရားကိုဖိ၍ အားထုတ်တော်မူ သည်။

ဆရာတော်ကြီးသည် နေ့ခင်းဘက်၌ တပည့်များအား နိကာယ်စာဝါများ ပို့ချပေး ၏။ ဂန္ထဓုရကို ထမ်းဆောင်တော်မူ၏။ ညပိုင်း၊ နံနက်စောစောပိုင်းတို့၌ တရား အားထုတ်၏။ ဝိပဿနာဓုရကို ထမ်းဆောင်တော်မူ၏။

တိပိဋကဓရ ရပြီးနောက် နှစ်ပေါင်း (၃၀) အကြာမှာ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တော်ရ
၁၉၈၉ ပခုက္ကူတိပိဋကဓရ ဆရာတော်ကြီးအား နိုင်ငံတော်အစိုးရက (၁၉၈၉) ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခဲ့၏။

**ခန္ဓာဝန်ချတော်မူခြင်း**

၁၉၉၁ ဆရာတော်ကြီးသည် (၁၉၉၁) ခုနှစ်၊ မေလ (၂၇) ရက်၊ တနင်္လာနေ့၊ နေ့လယ် (၁၂) နာရီ (၁၂) မိနစ်အချိန်တွင် ရန်ကုန်မြို့၊ အထွေထွေရောဂါကုဆေးရုံသစ် ကြီး၌ ဘဝနတ်ထံ စံလွန်တော်မူသည်။ ထိုအချိန်တွင် ဆရာတော်ကြီး၏ သက်တော်မှာ (၆၄) နှစ်သာ ရှိသေးသည်။

**အံ့ဖွယ် တိုက်ဆိုင်မှုဟု ဆိုရမည်လော မသိ။**

ဆရာတော်ကြီးသည် သက်တော် (၃၂) နှစ်တွင် တိပိဋကဓရ ဘွဲ့တော်ကို ရရှိခဲ့ ခြင်းဖြစ်ရာ တိပိဋကဓရ မဖြစ်မီက သက်တော် (၃၂) နှစ်ဖြစ်သလို တိပိဋကဓရ ဖြစ်ပြီးနောက် တိပိဋကဓရ သက်တမ်းသည်လည်း (၃၂) နှစ်ပင်ဖြစ်နေသည်ကို ထူးခြားစွာ တွေ့ရပေသည်။

**ဝိနည်းတရား လွန်လေးစား**

ဆရာတော်သည် ဦးနှောက်တွင်း အကြိတ်ဖြစ်နေခြင်းဖြစ်၏။ နောက်ဆုံးအချိန် တွင် သတိလစ်သွားတော်မူ၏။ သတိမလစ်မီအချိန်ထိ ဒေသနာကြားတော်မူခဲ့ သေးသည်ကို အံ့ဩဖွယ် ကြည်ညိုကြရလေသည်။

**စိတ်ထားကောင်းရေး အခါက**

ဆရာတော်ကြီးသည် တရားဒေသနာတော်များ ဟောကြားရာတွင် စိတ်ကောင်းထားရေးကို ဦးစားပေး၍ အကြိမ်များစွာ ဟောတော်မူခဲ့လေသည်ဟု မှတ်သားရပါသည်။

(ကျမ်းကိုး။ မောင်သုတ၊ သုတဗုဒ္ဓဝင်၊ သုတဗုဒ္ဓ မည်ရထင်ရှား တိပိဋကဓရ ဆရာတော်များ၏ ဘဝဖြစ်တော်စဉ်၊ စာ-၁၇၂၊ ၁၇၃၊ ၁၇၄၊ ၁၇၅၊ ၁၇၆၊ ၁၇၇၊ ၁၇၈၊ ၁၇၉၊ ၁၈၀၊ ၁၈၁၊ ၁၈၂၊ ၁၈၃၊ ၁၈၄၊ ၁၈၅၊ ၁၈၆၊ ၁၈၇၊ ၁၉၂၊ ၁၉၆၊ ၂၀၁၊ ၂၀၃၊)

၁၉၉၁ ထို တိပိဋကဓရ ဆရာတော်ကြီး သီတင်းသုံးတော်မူသောကျောင်းမှာ မဟာဝိသုတာရာမတိုက်၊ ပခုက္ကူမြို့ ဖြစ်ကြောင်း သိရှိရပါသည်။ (၁၉၉၁) ခုနှစ်က ပျံလွန်တော်မူပြီး ဖြစ်သဖြင့် ဤဘဝ၊ ဤသံသရာတွင် ဆုံခဲ၊ ကြုံခဲသော အခွင့်အရေးကြီး လက်လွတ်သွားကြရပါသည်။

တော်လှန်ရေးအစိုးရလက်ထက်တွင် ပထမဆုံး ပေါ်ထွက်လာခဲ့သော

(၁၉၆၃) ခုနှစ်တွင် အောင်မြင်တော်မူသော တတိယမြောက်

တိပိဋကဓရ သာသနာ့အာဇာနည်

# ပြည်ဆရာတော်ကြီး ဘဒ္ဒန္တကောသလ္လ

(၁၉၂၇ - ၁၉၉၅)





သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊ ဗုဒ္ဓသာသန ဝိသိဋ္ဌ ဒီဃဘာဏက ဒီဃနိကာယကောဝိဒ၊ ဗုဒ္ဓသာသန ဝိနယဓရ ဝိနယကောဝိဒ၊ အာဘိဓမ္မိက အဘိဓမ္မကောဝိဒ၊ တိပိဋကဓရ တိပိဋက ကောဝိဒ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ နိကာယ်သာသနာတော်ထွန်းကားရေးအသင်း ဩဝါဒါစရိယအဖွဲ့ အကျိုးဆောင်၊ ရန်ကုန်မြို့ ရန်ကင်း ပဉ္စနိကာယ သာသနပိမာန်

ဆရာတော် အရှင်ကောသလ္လ (ပြည်)

**တော်လှန်ရေးအစိုးရလက်ထက် ပထမ တိပိဋကဓရ**

တော်လှန်ရေးအစိုးရလက်ထက်တွင် ပထမဦးဆုံး ပေါ်ပေါက်ခဲ့သော တိပိဋကဓရ ဆရာတော် ဖြစ်၏။ သို့သော် တိပိဋကဓရ သာသနာဝင်တွင်ကား တတိယမြောက် တိပိဋကဓရ ဆရာတော်ဟု မှတ်တမ်းတင်ကြ၏။

**တိပိဋကဓရ သာသနာဝင်တွင် တတိယ တိပိဋကဓရ**

ဒုတိယတိပိဋကဓရဆရာတော် အရှင်နေမိန္ဒ ပေါ်ထွန်းတော်မူလာပြီးနောက် (၄) နှစ်ကြာသောအခါ နိုင်ငံတော်ဝယ် တတိယမြောက် တိပိဋကဓရဆရာတော် (၁) ပါး ပေါ်ထွန်းလာပြန်သည်။ ထိုဆရာတော်ကား ပြည်တိပိဋကဓရဆရာတော် ဟု လူသိများ ထင်ရှားသော ဆရာတော်ဘဒ္ဒန္တကောသလ္လပင် ဖြစ်ပေသည်။

တိပိဋကဓရ ဆရာတော် တစ်ပါးတစ်ပါးပေါ်ဖို့ အတော်ကလေး စောင့်ကြရ၏။ ကံကောင်းထောက်မ၍သာ ပေါ်ထွန်းကြခြင်း ဖြစ်၏။ စောင့်တိုင်းလည်း ပေါ်သည် မဟုတ်ချေ။ ခေတ်အဆက်ဆက် မရှိခဲ့သော တိပိဋကဓရရွေးချယ်ပွဲ စာမေးပွဲကြီး ကြောင့်သာ ဖြစ်ကြောင်း လူတိုင်းသိကြ၏။ သာသနာ့နုဂ္ဂဟအသင်းကြီး၏ ကျေးဇူး လည်း ဖြစ်ပေ၏။

ဦးကောသလ္လ ပြည်၏ ထေရုပ္ပတ္တိကို ရှာကြရာတွင် ပြည်မြို့နယ်လုံးဆိုင်ရာ **တိပိဋကဓရ အရှင်မြတ်လေးပါးအား ပူဇော်ရေးအဖွဲ့မှ ထုတ်ဝေသော တိပိဋကဓရ သာသနာ့အာဇာနည်လေးပါး၏ ထေရုပ္ပတ္တိအကျဉ်းနှင့်** ချီးကျူးပူဇော်ပွဲမှတ်တမ်း၊ (၁၉၇၈) ခု၊ ဧပြီလ (၈) ရက်၊ စနေနေ့၊ စာအုပ်ပါးပါး ကလေးကို ဦးစွာပထမ ဖတ်ရှုရ၍ ဝမ်းမြောက်ဝမ်းသာ ရှိမိပါသည်။ ထိုပထမ အကြိမ်ထုတ်စာအုပ်ကလေးကို ရန်ကုန်မြို့၊ ရွှေဂုံတိုင်စာတိုက်၊ အာဇာနည်ဗိမာန် လမ်း၊ အရှင်ဦးတိလောက သာရကထုတ်ဝေသည်ဟု ရေးသားထားပါသည်။ လှိုင်ရတနာပုံနှိပ်တိုက်၊ ရန်ကုန်မြို့တွင် ပုံနှိပ်ခြင်းဖြစ်သည်။ (၁၉၇၈) ခုနှစ်၊ ပထမအကြိမ်ထုတ် စာစောင် စာ-၃၉၊ ၄၀ တွင် ထေရုပ္ပတ္တိအကျဉ်းကို ဖတ်ရှုရပါ သည်။ ၎င်းနောက် တိပိဋကဓရ ရွှေရတုစာစောင်၊ စာ-၄၃၊ ၄၄ တွင် ထေရုပ္ပတ္တိ အကျဉ်းကို ထပ်မံတွေ့ရှိရသည်။ ထို့ထက် ပြည့်ဝစုံလင်စွာ တွေ့ရှိရသည်မှာ မောင်သုတ စုစည်းပူဇော်သည့် သုတဗုဒ္ဓမည်ရထင်ရှား တိပိဋကဓရ ဆရာတော် များ၏ ဘဝဖြစ်တော်စဉ်၊ သုတ ဗုဒ္ဓဝင်ဖြစ်၏။ ရန်ကုန်တက္ကသိုလ် အငြိမ်းစား

ပါမောက္ခချုပ်၊ တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင်အေး ပြုစုရေးသားသည့် တိပိဋကဓရ သာသနာဝင် သမိုင်းမှတ်တမ်း သုတေသနကျမ်းသည်လည်း ကြီးစွာသော အထောက်အပံ့ကို ပေးခဲ့ပါသည်။ ထိုစာအုပ်ကြီးကို (၂၀၀၆) ခုနှစ်၊ နိုဝင်ဘာလတွင် တက္ကသိုလ်များ ပုံနှိပ်တိုက်မှ ပထမအကြိမ် ရိုက်နှိပ်သည်ကို လေ့လာတွေ့ရှိရပါသည်။ ထိုစာအုပ်ကြီးတွင် ပါရှိသော အချက်အလက်များသည် မှတ်တမ်းဝင်၊ သမိုင်းဝင်၊ ဂန္ထဝင်မြောက် ခေတ်ပြိုင်မှတ်တမ်းများ ဖြစ်ပါသည်။ ထိုမှတ်တမ်းများကို ကောက်နုတ်လျက် အောက်ပါထေရုပ္ပတ္တိကို ရေးသားစီရင်ခြင်း ဖြစ်ပါသည်။

**ဇာတိမှာ ပြည်၊ ဝက်ထီးကန်၊ ဝါးရုံဆိပ် ရွာသား။**

၁၉၂၇ ဆရာတော်လောင်းလျာကို ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်၊ ဝက်ထီးကန် ဝါးရုံဆိပ်ရွာ ခမည်းတော် ဦးဘိုးရင်၊ မယ်တော် ဒေါ်ဒေါင်းစိန်တို့မှ (၁၉၂၇) ခုနှစ်၊ စက်တင်ဘာလ (၅) ရက်၊ တနင်္လာနေ့တွင် ဖွားမြင်တော်မူသည်။

**ငယ်မည် မောင်ကျော်စိန်**

မွေးချင်း (၃) ယောက်ရှိ၏။ သားဦးဖြစ်၏။ ငယ်မည်မှာ မောင်ကျော်စိန် ဖြစ်၏။

**အတန်းကျောင်း (၇) တန်းအောင်**

၁၉၄၀ လောကီစာတွင် အတန်းကျောင်းကို (၇) တန်း အောင်ခဲ့၏။

**ကိုရင်ဘဝ ရှင်ကောသလ္လ**

၁၉၄၀ အသက် (၁၃) နှစ်သားအရွယ်တွင် ကိုရင်ဝတ်ခဲ့၏။ (၁၉၄၀) ခုနှစ်၊ မတ်လ (၁၁) ရက်၊ အင်္ဂါနေ့တွင် ရှင်သာမဏေ ဖြစ်၏။ ဝါးရုံဆိပ်ရွာကျောင်းဆရာတော် ဦးဣန္ဒာစက္ကကို ဥပဇ္ဈာယ်ပြု၏။ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၏။ ရှင်ဘွဲ့အမည်မှာ ရှင်ကောသလ္လ ဖြစ်၏။

**ပြည်၊ ဝေဠုဝန် နိကာယာဓိပတိထံ ပညာသင်ခဲ့**

၁၉၄၆ အသက် (၁၉) နှစ်သားအရွယ်တွင် ပြည်မြို့၊ ပွင့်လှသိမ်ကုန်း ကျောင်းတိုက်၊ ဝေဠုဝန်နိကာယာဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ကြီးထံတော်မှောက်သို့ ချဉ်းကပ်ရောက်ရှိ၏။ ဆက်လက်ပညာသင်ကြားခဲ့၏။

**မြင့်မြတ်သော ရဟန်းဘဝ**

၁၉၄၇ (၁၉၄၇) ခုနှစ်၊ မတ်လ (၆) ရက်၊ ကြာသပတေးနေ့တွင် မြင့်မြတ်သောရဟန်းဘဝ ရောက်ခဲ့၏။ ပွင့်လှသိမ်ကုန်းကျောင်းတိုက် ခဏ္ဍသိမ်တော်၌ ပွင့်လှသိမ်ကုန်း ဆရာတော်ကြီးကိုပင် ဥပဇ္ဈာယ်ပြု၏။ ဝါးရုံဆိပ်ရွာ၊ ကျောင်းဒါယကာကြီး ဦးချစ်စု၊ ကျောင်းအမကြီး ဒေါ်မယ်တင် မိသားစု၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းဘဝ ဒုလ္လဘသို့ ရောက်ခြင်း ဖြစ်၏။

**အသက် (၂၀) မှာ ပထမငယ်တန်း။**

၁၉၄၇ ပထမငယ်တန်း။

**အသက် (၂၁) မှာ ပထမလတ်တန်း။**

၁၉၄၈ ပထမလတ်တန်း။

**အသက် (၂၃) မှာ ပထမကြီးတန်း။**

၁၉၅၀ ပထမကြီးတန်းတို့ကို အောင်မြင်ခဲ့၏။

**ဆရာတော်၏ ဆရာများမှာ**

သင်ဆရာများမှာ- ရန်ကုန်မြို့၊ ခြောက်ထပ်ကြီး ဘုရားကြီးတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဏ္ဍညလည်း ဖြစ်၏။ ဗဟန်း ညောင်တုန်းကျောင်း တိုက် ဆရာတော်လည်း ဖြစ်ခဲ့၏။ မန္တလေးမြို့ တောင်ပြင် ဒက္ခိဏာရာမ ဘုရားကြီး တိုက်ဆရာတော်လည်း ပါဝင်၏။ အနောက်ပြင် စကုတိုက် ဆရာတော်၊ မိုးကောင်း တိုက် ဆရာတော်၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသုန္ဒရ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒဝံသ၊ တိုက်အုပ် ဆရာတော် အရှင်နန္ဒိယ၊ အရှင်မာဃိန္ဒတို့လည်း ပါဝင်ခဲ့၏။ ဓမ္မာစရိယ စာချတန်းနည်းလမ်းများနှင့် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ ကျမ်းအဖြာဖြာကို သေချာစွာ လေ့လာဆည်းပူးခဲ့၏ဟု သိရ၏။

**အသက် (၂၅) နှစ်မှာ တစ်နိုင်ငံလုံး ဒုတိယ**

၁၉၅၂ နိုင်ငံတော်အစိုးရ ဓမ္မာစရိယစာချတန်းစာမေးပွဲကို ဝင်ရောက် ဖြေဆိုခဲ့၏။ ကျမ်းရင်းသုံးကျမ်းလုံးကို ဂုဏ်ထူးဆောင်ကျမ်းများနှင့်တကွ အောင်ခဲ့၏။ တစ်နိုင်ငံ လုံး ဒုတိယအမှတ်အများဆုံးရခဲ့၏။ 'သာသနဓဇ သိရိပဝရ ဓမ္မာစရိယ' ဘွဲ့ကို ရတော်မူခဲ့၏။

**ထူးဆန်းသော တိုက်ဆိုင်မှု**

မွေးသက္ကရာဇ် တူသော ပခုက္ကူဆရာတော် အရှင်နေမိန္ဒနှင့် တစ်နှစ်တည်း ဓမ္မာစရိယဘွဲ့ရတော်မူသည်မှာ ထူးခြားမှုတစ်ခုပင် ဖြစ်၏။

**ဆဋ္ဌသင်္ဂါယနာမှာ ပါဝင်ခဲ့ဖူး**

အရှင်ကောသလ္လသည် ဆဋ္ဌသင်္ဂါယနာကာလတွင် ရန်ကုန်မြို့၌ ရှိနေ၏။ တိုက်တိုက်ဆိုင်ဆိုင် ကြုံလာသော ဆဋ္ဌသင်္ဂါယနာ မဟာဓမ္မသဘင်ကြီး၌ ပါဠိဝိသောဓကအဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ရ၏။ ဤသို့ဖြင့် သာသနာရေးကိစ္စများကို အားကြိုးမာန်တက် ဆောင်ရွက်တော်မူခဲ့ကြောင်း သိရ၏။

**ပိဋကတ်တစ်ပုံအောင် အရှင်နေမိန္ဒနှင့် တွေ့ခဲ့**

ဆဋ္ဌသင်္ဂါယနာကာလတွင် အရှင်နေမိန္ဒနှင့် တွေ့ခဲ့၏။ အရှင်နေမိန္ဒသည် ပိဋကတ်တစ်ပုံ အောင်မြင်ပြီးဖြစ်၏။ နောင်သောအခါ အရှင်နေမိန္ဒသည် ပခုက္ကူ တိပိဋကဓရ ဆရာတော်ဟူ၍ ကျော်ကြားတော်မူခဲ့၏။ 'ပိဋကတ်သုံးပုံနှုတ်ငုံဆောင်၍ တိပိဋကဓရဖြစ်အောင် ပြုလုပ်စေချင်ပါသည်' ဟူသော အဓိပ္ပာယ်ပါရှိသည့် အားကျဖွယ်ရာ တိုက်တွန်းစာကို အရှင်နေမိန္ဒထံမှ ရရှိခဲ့၏။ အားတက်လှသဖြင့် သုတ္တန္တပိဋက ဒီဃနိကာယ်သုံးကျမ်းကို စတင်ကျက်မှတ်ခဲ့၏ဟု သိရပါသည်။ ဤသို့ဖြင့် တိပိဋကဓရလောကသို့ ခြေချတော်မူခဲ့ခြင်း ဖြစ်သည်။ ဤသည်မှာလည်း ထူးခြားမှုတစ်ခုပင်တည်း။

**အသက် (၂၈) နှစ်အရွယ်မှာ တိပိဋကဓရ စာမေးပွဲဝင်ခြေခဲ့**

၁၉၅၅ (၈) ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီး၌ သုတ္တန်ပိဋကကို ဝင်ရောက်ပြန်ဆိုခဲ့၏။ အထောက်အမ လွတ်ကင်းပြီး သန့်ရှင်းစွာ ပြန်ဆိုနိုင်ခဲ့၏ဟု မှတ်တမ်းရှိ၏။ ဝိသိဋ္ဌဒီဃဘာဏက ဘွဲ့တံဆိပ်တော်ကို ရရှိတော်မူခဲ့၏။

**ရှုံးသောနှစ်များရှိခဲ့**

၁၉၅၆ စာမေးပွဲများ၌ ရှုံးသောနှစ်လည်း ရှိ၏ဟု ထူးထူးဆန်းဆန်း သိရ၏။ သို့သော် ဝီရိယ အဓိကဖြစ်၏။ ပထမတစ်ကြိမ် သုတ္တန်ပိဋကရေးဖြေကို ဝင်ရောက်ဖြေဆိုခဲ့သော်လည်း အောင်မြင်မှုမရခဲ့။ ကျရှုံးခဲ့၏ဟု ဆိုခဲ့၏။

**ပိဋကတ် တစ်ပုံဆောင်ဘဝသို့**

၁၉၅၈ စာမေးပွဲလည်း ကျခဲ့ဖူး၏။ အားမလျှော့။ ဆက်ဖြေ၏။ နောက်နှစ်မှ အောင်မြင်တော်မူ၏။ ဒီဃနိကာယ ကောဝိဒဘွဲ့တံဆိပ်တော်၊ အောင်လက်မှတ်တော်နှင့် ပိဋကတ်တစ်ပုံအောင်ပုဂ္ဂိုလ်၏ အဆောင်အယောင်များ အလှူခံရရှိတော်မူခဲ့လေသည်။

**ပိဋကတ် နှစ်ပုံခွဲဆောင်ဘဝ**

၁၉၅၉ တိပိဋကဓရစာမေးပွဲတွင် ဝင်ရောက်ဆင်နွှဲခဲ့၏။ အာဂုံပြန်နှင့် သဘောရေးဖြေ နှစ်ရပ်စလုံးကို အောင်မြင်တော်မူခဲ့၏။ ဝိနယဓရ ဝိနယကောဝိဒဘွဲ့တံဆိပ်တော် ရရှိတော်မူ၏။ ပိဋကတ်နှစ်ပုံအောင် ပုဂ္ဂိုလ်၏ အဆောင်အယောင်များကို အလှူခံရရှိတော်မူခဲ့၏။

**တစ်နှစ်တည်း မွေးခဲ့သော အရှင်နေမိန္ဒက ပိဋကတ်သုံးပုံ အရင်ဆောင်ခဲ့**

ယင်းနှစ်မှာပင် ပခုက္ကူဆရာတော် အရှင်နေမိန္ဒသည် ပိဋကတ်သုံးပုံ အောင်မြင်ပြီးဆုံးခဲ့၏။ အရှင်နေမိန္ဒသည် အရှင်ကောသလ္လအား တိပိဋကဓရဖြစ်အောင် လုပ်ဖို့တိုက်တွန်းခဲ့သူ ဖြစ်၏။ အရှင်နေမိန္ဒသည် ဝိသိဋ္ဌ တိပိဋကဓရ၊ တိပိဋကကောဝိဒ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တော်များကို ရရှိခဲ့၏။ ထိုအခါ အရှင်ကောသလ္လမှာ အားကျသထက်ကျခဲ့၏ဟု သိရှိရ၏။ တိပိဋကဓရ မဖြစ်ဖြစ်အောင် ကြိုးစားဖို့ ခိုင်ခိုင်မာမာ သန္နိဋ္ဌာန်ချမှတ်တော်မူခဲ့ကြောင်း သိရှိရပါသည်။

**ပိဋကတ် နှစ်ပုံခွဲဆောင် ဘဝ**

၁၉၆၀ အရှင်ကောသလ္လသည် တိပိဋကဓရစာမေးပွဲကြီးတွင် အဘိဓမ္မာရှေ့ပိုင်း (၅) ကျမ်းကို အာဂုံရေးဖြေ နှစ်ထွေလုံး အောင်မြင်တော်မူသည်။ ပိဋကတ်နှစ်ပုံခွဲအောင် အသိအမှတ်ပြု အောင်လက်မှတ်တော်ကို အလှူခံရရှိတော်မူခဲ့သည်။ ပိဋကတ်သုံးပုံ ရေးဖြေ အာဂုံအောင်ရန် လက်တစ်လှမ်းသာလိုတော့၏။

**စာမေးပွဲ ရှုံးပြန်သော ကာလ**

၁၉၆၂ အရှင်ကောသလ္လ၏ ဖွဲ့မှာ အံ့ဖွယ် ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် (၁၉၆၂) ခုနှစ်တွင် ကျန်ရှိသည့် အဘိဓမ္မာနောက်ပိုင်း ယမိုက်-ပဋ္ဌာန်းကျမ်းကြီးများကို ကျက်မှတ်လေ့လာပြီး ဝင်ရောက်ဖြေဆိုရာ အောင်မြင်မှုမရခဲ့သောကြောင့် ဖြစ်၏။

ပိဋကတ်သုံးပုံ အာဂုံဆောင် ရေးဖြေကိစ္စမှာ အာဇာနည်တို့၏ လုပ်ရပ်ထူးသာ ဖြစ်၏။

**ပိဋကတ် သုံးပုံဆောင် ဘဝ**

၁၉၆၃ (၁၉၆၃) ခုနှစ်တွင်ကား အရှင်ကောသလ္လသည် အာဂုံပြန်အပိုင်းနှင့် သဘော ရေးဖြေ အပိုင်းနှစ်ပိုင်းစလုံးကို အောင်မြင်တော်မူခဲ့၏။ အာဘိဓမ္မိက အဘိဓမ္မ ကောဝိဒဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်။ ဤသို့ဖြင့် တိပိဋကဓရ အာဇာနည် ဖြစ်တော်မူ၏။

**တတိယ တိပိဋကဓရ ပေါ်ထွန်းပြီ။**

ဆရာတော်အရှင်ကောသလ္လသည် သင်ရိုးပိဋကတ်သုံးပုံလုံး အာဂုံရော ရေးဖြေပါ အောင်မြင်ပြီးဆုံးပြီဖြစ်၍ တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်၊ အောင် လက်မှတ်တော်လည်း ရတော်မူ၏။ အရိုးဝါ ကနက္ကဒဏ် ထီးဖြူတော် သုံးလက် တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်လည်း ရတော်မူ၏။ နောက်ပါ တပည့် နှစ်ဦးနှင့်အတူ ကုန်း-ရေ-လေ အခမဲ့ အထက်တန်းခရီးသွားလက်မှတ် စသော ပိဋကတ်သုံးပုံအောင်ပုဂ္ဂိုလ်၏ အဆောင်အယောင်များ၊ လစဉ်ဆွမ်းဆန်တော် ၁၆ဂို-၅၀ါး စသည်တို့ကို အလှူခံ ရရှိတော်မူခဲ့သည်။ နိုင်ငံတော်၌ တတိယမြောက် တိပိဋကဓရဆရာတော် ဖြစ်၏။ ဤသို့ဖြင့် အနှစ်နှစ် အလလက မျှော်ခဲ့ရသော တိပိဋကဓရ သာသနာ့အာဇာနည် သူရဲကောင်းများသည် သုံးပါးတိတိ ပေါ်ထွန်း ခဲ့ပြီ ဖြစ်၏။

**ရှင်အာနန္ဒာ ရတော်မူခဲ့သော တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဝ**

၁၉၆၄ အရှင်ကောသလ္လသည် တော်လှန်ရေးအစိုးရလက်ထက်တွင် ပထမဆုံးပေါ်လာ သော တိပိဋကဓရ သာသနာ့အာဇာနည် ဖြစ်၏။ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရကလည်း မိမိတို့လက်ထက်၌ ပထမ ဆုံးပေါ်ထွက်လာသော တိပိဋကဓရဆရာတော်ကို (၁၉၆၄) ခုနှစ်၊ မတ်လ (၁၅) ရက်၊ တနင်္ဂနွေနေ့တွင် ဂုဏ်ပြုပူဇော် ပွဲ ကျင်းပပူဇော်ပြီး တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်နှင့် တိပိဋကဓရ ဆရာတော်တစ်ပါး၏ အဆောင်အယောင် အထိမ်းအမှတ်ဖြစ်သော ဆင်စွယ် ယပ်ဝန်းတော်တို့ကို အခမ်းအနားဖြင့် ဆက်ကပ်လှူဒါန်းခဲ့သည်။

**အကျိုးတော်ဆောင်တာဝန်လည်း ထမ်းခဲ့**

၁၉၆၄ အရှင်ကောသလ္လ တိပိဋကဓရဖြစ်ပြီး၍ (၁) နှစ်အကြာတွင်ကား သာသနာ့တာဝန်များသည် အရှင်ကောသလ္လ၏ ပခုံးပေါ် ကျရောက်ခဲ့ပြန်၏။ (၁၉၆၅) ခုနှစ်၊ မတ်လ (၁၇) ရက်၊ ဗုဒ္ဓဟူးနေ့တွင် ပခုက္ကူမဟာဝိသုတာရာမတိုက် အဘိဇဓမဟာရဋ္ဌဂုရု ဘဒ္ဒန္တသုန္ဒရ ဆရာတော်ကြီး ဦးစီး၍ ကျင်းပပြုလုပ်သော သံဃာတော် (၂၀၀၀) ကျော်ပါဝင်သည့် သာသနာသန့်ရှင်းပြန့်ပွားရေး အစည်းအဝေးကြီးတွင် ဦးစီးဆရာတော် (၂၁) ပါး ပါဝင်သော အဖွဲ့တစ်ဖွဲ့ရှိခဲ့ရာ ပြည်ဆရာတော် အရှင်ကောသလ္လသည် အဆိုပါအဖွဲ့၏ အကျိုးတော်ဆောင်တာဝန်ကို ထမ်းဆောင်တော်မူခဲ့သည်။

**သာသနာ့တာဝန် နောက်ထပ် (၁၀) နှစ် ထမ်းဆောင်ခဲ့**

အရှင်ကောသလ္လကို ပြည် တိပိဋကဓရ ဆရာတော်ဟု လူသိများ၏။ အရှင်ကောသလ္လသည် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့ ရပြီးနောက် ပွင့်လှသိမ်ကုန်းဆရာတော်ကြီး၏ ချီးမြှောက်မှုဖြင့် ပြည်မြို့၊ ပွင့်လှသိမ်ကုန်းကျောင်းတိုက်တွင် သာသနာ့တာဝန်များကို (၁၀) နှစ်ကျော် ထမ်းဆောင်ခဲ့သည်။

**ပွင့်လှသိမ်ကုန်းမှ မစိုးရိမ်သို့**

၁၉၇၄ ပြည် ဦးကောသလ္လ ဆရာတော်ကို မစိုးရိမ်ဆရာတော်ကြီးကလည်း နှစ်သက်သဘောကျတော်မူ၏။ ထို့ကြောင့် သာသနာ့တာဝန် ထမ်းဆောင်ရန် မစိုးရိမ်ဆရာတော်သည် ပြည် ပွင့်လှသိမ်ကုန်းဆရာတော်ကြီးထံမှ အရှင်ကောသလ္လကို တာဝန်များ ထမ်းဆောင်ရန် အထူးတောင်းခံတော်မူကြောင်း သိရသည်မှာ အံ့ဖွယ်ဖြစ်၏။ ပွင့်လှသိမ်ကုန်းဆရာတော်ကြီးထံကလည်း ခွင့်ပြုချက်ရပြီးနောက် (၁၉၇၄) ခုနှစ်၊ နိုဝင်ဘာလ (၂၇) ရက်၊ ဗုဒ္ဓဟူးနေ့တွင် ပြည်ဆရာတော် အရှင်ကောသလ္လသည် ပြည်မြို့မှ ရန်ကုန် မစိုးရိမ်ဆရာတော်ကြီး၏ ခြေတော်ရင်းသို့ ရောက်ရှိခဲ့သည်။

**မစိုးရိမ် အကျိုးတော်ဆောင် ဘဝ**

၁၉၇၅ မစိုးရိမ်ဆရာတော်ထံသို့ ရောက်သောအခါ မစိုးရိမ်ဆရာတော် ပေးအပ်သော နိကာယ်သာသနာ ထွန်းကားရေးကိစ္စ ဆောင်ရွက်ရ၏။ (၁၉၇၅) ခုနှစ်၊ နိုဝင်ဘာလ (၃၁) ရက်၊ မစိုးရိမ်ဆရာတော်ကြီး ဘဝနတ်ထံ ပျံလွန်တော်မူသွားပြီးနောက်ပိုင်းတွင်ကား အကျိုးတော်ဆောင် ဆရာတော်အဖြစ်ဖြင့် နိကာယ်သာသနာ

တော် ထွန်းကားရေးလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူခဲ့သည်။ ဆရာ့ခြေရာကို ဆရာ့အမိန့်အတိုင်း ဆက်ခံခြင်းဖြစ်၏။

**အသစ်အဆန်း ပဥ္စနိကာယ သာသနာ့ဗိမာန်**

၁၉၇၆ ထိုစဉ်အခါက ထိုကျောင်းနေရာသည် 'ပဥ္စနိကာယ သာသနာ့ဗိမာန် နာမည်မတွင်သေး။ လူပျံတော် ပတ္တမြားဦးမောင်မောင် မှည့်ခေါ်ခဲ့သည့်အတိုင်း 'တိပိဋက ရိပ်သာ မစိုးရိမ် ကျောင်းတိုက်'ဟုသာ အမည်တွင်နေသေးသည်။ (၁၉၇၆) ခုနှစ်တွင် ကျောင်းတိုက် ရေစက်ချပွဲကျင်းပရာ မင်းကွန်းတိပိဋကဓရ ဆရာတော် ကြီးက 'ပဥ္စနိကာယ သာသနာ့ဗိမာန်' ဟု အမည်တော် ဖွင့်ဟပြောကြားသဖြင့် ပဥ္စနိကာယ သာသနာ့ဗိမာန်ဟူ၍ နာမည်တွင်သွားခြင်း ဖြစ်ပေသည်။ မူလ တိပိဋကဓရ ရိပ်သာ အမည် မပေါ်လွင်တော့ချေ။

**ကျမ်းစာများ ရေးသားပြုစု ရေးသားခဲ့**

ဆရာတော်အရှင်ကောသလ္လသည် စွယ်စုံဆရာတော် ဖြစ်၏။ ကျမ်းလည်း ပြု၏။ ကျောင်းတိုက် စီမံအုပ်ချုပ်မှု၊ စာပေပို့ချမှု၊ ဟောမှု၊ ပြောမှု လုပ်ငန်းများလည်း ပြုလုပ်၏။ ဆရာတော် အရှင်ကောသလ္လ ပြုစုသော ကျမ်းတို့ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်။
(၁) ပွင့်လှသိမ်ကုန်း ထေရုပ္ပတ္တိကျမ်း၊ (၂) အဘိဓမ္မတ္ထသရူပ မာလာ အဖွင့် အဓိပ္ပါယ်ကျမ်း။ (၃) အနုဂါရိကဂုဏ်တော် နှင့် အဂါရိယရှုဖွယ်ကျမ်း၊ (၄) အခြေခံ သာသနာရေးကျမ်း၊ (၅) ဒီဃနိကာယ် မြန်မာစကားပြေကျမ်း၊ (၆) အင်္ဂုတ္တရ နိကာယ် မြန်မာစကားပြေကျမ်း စသည်တို့ကိုလည်း ရေးသားပြုစုတော်မူခဲ့သည်။

**တိပိဋကဓရ ညီနောင်တို့၏ ဘဝတူ၊ အဖြစ်တူ ဖြစ်စဉ်များ အံ့ဖွယ်တိုက်ဆိုင်မှုများ**

တိပိဋကဓရ လောကတွင် ထူးဆန်း တိုက်ဆိုင်စွာပင် တိပိဋကဓရ ညီနောင် ဟူသော စကားကို ကြားရ၏။ အကြောင်းရင်းကို စုံစမ်းသောအခါ ပခုက္ကူဆရာတော်နှင့် ပြည်ဆရာတော်တို့ကို တိပိဋကဓရ ညီနောင်ဟု ခေါ်ဆိုကြကြောင်း တွေ့ရှိရပါသည်။ အဘယ့်ကြောင့်နည်းဟု ဆက်လက်စုံစမ်းပြန်သောအခါ ဤသို့ တွေ့ရ၏။
တိပိဋကဓရ ညီနောင်ဟု ခေါ်ဆိုကြရသည့် ပခုက္ကူဆရာတော်နှင့် ပြည်ဆရာတော် တို့သည် ဖွားသက္ကရာဇ်လည်း တူကြ၏။ တိပိဋကဓရ ဖြစ်ခဲ့ကြသော အကျိုးဆက်

လည်း တူကြ၏။ ၎င်းအပြင် အဲ့ဖွယ်တစ်ခုမှာ ရောဂါဝေဒနာ ခံစားကြရကြောင်းလည်း တူညီကြောင်း အံ့ဖွယ်တွေ့ရ၏။ အံ့ဖွယ်ဖြစ်ပုံမှာ ဤသို့ဖြစ်သည်။ ဤနှစ်ပိုင်းအတွင်းမှာပင် ပခုက္ကူဆရာတော်က ခေါင်းကိုက်ရောဂါ ခံစားရချိန်တွင် ပြည်ဆရာတော်က ခါးကိုက်ရောဂါ ခံစားခဲ့ရ၏။ ထူးထူး ခြားခြားအားဖြင့် မွေးသောနှစ်လည်း တူ၏။ တိပိဋကဓရဘဝချင်းလည်း တူ၏။ ရောဂါဝေဒနာ ခံစားရပုံချင်းလည်း တူ၏။ ဤသို့ ဤသို့ ပြောဆိုကြပါ၏။ မှတ်သားဖွယ် ဖြစ်၏။

**ကျောက်ကပ်ဝေဒနာ**

တစ်နေ့သောအခါ တိပိဋကဓရ ဆရာတော် အရှင်ကောသလ္လသည် နာမကျန်းဖြစ်တော်မူသည်။ ကျွမ်းကျင်သော ဆရာဝန်ကြီးများ၏ စစ်ဆေးချက်များအရ ကျောက်ကပ်တွင် ချွတ်ယွင်းချက်တွေ့ရကြောင်း သိရ၏။ မင်္ဂလာဒုံစစ်ဆေးရုံဆီးနှင့်ကျောက်ကပ် ဌာနသို့ ပင့်ဆောင်ပြီး ကုသပေးကြ၏။ သို့သော် ဝေဒနာမှာ သက်သာ ပျောက်ကင်းခြင်း မရှိ။ ထို့ကြောင့် နိုင်ငံတော်အစိုးရ၏ စီစဉ်ပေးချက်အရ အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့သို့ ကြွရောက်ကုသခံယူခဲ့၏။

**ဘဝနတ်ထံ ပျံလွန်တော်မူ**

၁၉၉၅ (၁၉၉၅) ခုနှစ်၊ နိုဝင်ဘာလ (၁၆) ရက်၊ ကြာသပတေးနေ့သို့အဝင် နံနက်စောစော (၁) နာရီ (၄၅) မိနစ်အချိန်တွင် ဘဝနတ်ထံ စံလွန်တော်မူခဲ့ရလေသည်။

**ဆရာတော့် လမ်းစဉ်**

တိပိဋကဓရ အရှင်ကောသလ္လ၏ စာကျက်နည်းဟု ပြောလျှင် သေးသိမ်ရာ ရောက်ပါလိမ့်မည်။ သို့သော်လည်း သာသနာ့နယ်ပယ်တွင် နောင်သောအခါ ပွင့်ပေါ်လတ္တံ့သော တိပိဋကဓရ သာသနာ့အာဇာနည်များအတွက် မှတ်သားဖွယ်ရာ စကားများ မှတ်တမ်းရှိပါသည်။

ဆရာတော် တိပိဋကဓရ စာမေးပွဲ ဝင်ရောက်ဖြေဆိုရန် စာကျက်စဉ်က 'တစ်နေ့ဘယ်နှမျက်နှာရအောင် ကျက်နိုင်ခဲ့ရပါသလဲ ဘုရား'ဟု လျှောက်ထားသောအခါ 'ခက်ရင် ငါးမျက်နှာ၊ နည်းနည်းခက်ရင် ဆယ်မျက်နှာ၊ လွယ်ရင် စာမျက်နှာနှစ်ဆယ်အထိ ကျက်နိုင်ခဲ့ပါတယ်။ ဘုန်းကြီးတို့အနေနဲ့ကတော့ ပြည်မြို့၊ ပွင့်လှသိမ်ကုန်းကျောင်းတိုက်မှာ စာသင်တိုက်တာဝန်ကိုယူရင်း ဒီပိဋကတ်တော်ကိုလည်း

ကျက်မှတ်ရတယ်ဆိုတော့ တစ်နေ့မှာ ပိဋကတ်တော် ကျက်မှတ်ဖို့အချိန်ဟာ လေးနာရီလောက်သာ ရပါတယ်။ ရနိုင်တဲ့အချိန်ကလေးမှာ အပတ်တကုတ် အားထုတ်ပြီးတော့ ကြိုးစားခဲ့ရပါတယ်'ဟု ပြန်လည်ဖြေကြားတော်မူကြောင်း သိရ၏။ တိပိဋကဓရ ဉာဏ်ရည်ကို နောင်လာနောက်သားများ ကြည်ညိုနိုင်ရန် တင်ပြခြင်း ဖြစ်ပါသည်။

**ဆရာတော့် ဩဝါဒ**

ကြည်ညိုဖွယ်ရာ ဖြစ်တော်မူသော တိပိဋကဓရ ဆရာတော် အရှင် ကောသလ္လ မကြာ မကြာ ရွတ်ဆို ဟောကြားဆုံးမလေ့ရှိသည့် ဆောင်ပုဒ်ကလေးကား လွယ်လွယ်ရှင်းရှင်း ရှိ၏။ ထိထိမိမိ ရှိ၏။ နက်နက်နဲနဲ ရှိ၏။ စဉ်းစားကြည့်ပါ။ "ဟိုပုဂ္ဂိုလ်ကြီး မလျှချင်၊ အထုပ်ကလေး တပြင်ပြင်၊ အထုပ်ရှာမှာ သေလို့ သွား၊ ကျန်တဲ့သူတွေ အဝစား၊ ဘာကမှလည်း ပါမသွား၊ သေရွာကျတော့ အပါယ် လား" ဟူ၍ မှတ်သားဖွယ် တွေ့ရှိရ၏။

(ကျမ်းကိုး။ မောင်သုတ၊ သုတဗုဒ္ဓဝင်၊ သုတဗုဒ္ဓ မည်ရထင်ရှား တိပိဋကဓရ ဆရာတော်များ၏ ဘဝ ဖြစ်တော်စဉ်၊ စာ-၂၀၇၊ ၂၀၈၊ ၂၀၉၊ ၂၁၀၊ ၂၁၁၊ ၂၁၂၊ ၂၁၅၊ ၂၁၆၊ ၂၁၇၊ ၂၁၈၊ ၂၁၉၊ ၂၂၀၊ ၂၂၁၊ ၂၂၃။)

၁၉၉၅ ထို တိပိဋကဓရ ဆရာတော်ကြီး သီတင်းသုံးတော်မူသောကျောင်းမှာ ပွင့်လှ သိမ်ကုန်းကျောင်းတိုက်၊ ပြည်မြို့ ဖြစ်ကြောင်း သိရှိရပါသည်။ (၁၉၉၅) ခုနှစ်က ပျံလွန်တော်မူပြီး ဖြစ်သဖြင့် ဤဘဝ၊ ဤသံသရာတွင် ဆုံခဲ၊ ကြုံခဲသော အခွင့် အရေးကြီး လက်လွတ်သွားကြရပါသည်။

သက်တော် (၂၇-၂၈) နှစ်တွင် ပိဋကတ်သုံးပုံ အာဂုံရေးဖြေ နှစ်ထွေအောင်မြင်တော်မူသဖြင့်
သက်တော်အငယ်ဆုံး တိပိဋကဓရ ဖြစ်သလို သက်တော်အငယ်ဆုံး ခန္ဓာဝန်ချတော်မူသည့်
(၁၉၇၂) ခုနှစ်တွင် စတုတ္ထမြောက် အောင်မြင်တော်မူသော တိပိဋကဓရ သာသနာ့အာဇာနည်
စတုတ္ထ တိပိဋကဓရ မဟာဂန္ဓာရုံဆရာတော်ကြီး

# ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ

(၁၉၄၆ - ၂၀၀၆)





(သကျသီဟ) ပရိယတ္တိ သာသနာလင်္ကာရ အကျော်၊ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ အဘိဓမ္မ ပါဠိပါရဂူ၊ ဝိနယဓရ

ဝိနယကောဝိဒ၊ အာဘိဓမ္မိက အဘိဓမ္မ ကောဝိဒ၊ ဒီဃ ဘာဏက ဒီဃနိကာယ ကောဝိဒ၊

တိပိဋကဓရ တိပိဋက ကောဝိဒ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ နိကာယ်သာသနာတော်ထွန်းကားရေးအသင်း ဩဝါဒါစရိယ၊

ရန်ကုန်မြို့ ကမ္ဘာအေး မဟာဂန္ဓာရုံတိုက်သစ်ဆရာတော်

အရှင်သုမင်္ဂလာလင်္ကာရ (၁၉၄၆- ၂၀၀၆)

၁၉၇၄ ထူးဆန်းအံ့ဩဖွယ်ရာများမှာ ပိဋကတ်သုံးပုံလုံးကို သက်တော် (၂၈) နှစ်မှာပင် ပြီးစီးအောင်မြင်တော်မူသည်။ သက်တော် အငယ်ဆုံး တိပိဋကဓရ၊ သက်တော် အငယ်ဆုံး အဂ္ဂမဟာပဏ္ဍိတဘွဲ့ ရရှိခဲ့သော ဆရာတော်ဖြစ်သည်။

တတိယ တိပိဋကဓရဆရာတော် အရှင်ကောသလ္လ ပေါ်ထွန်းပြီးနောက် (၁၀) နှစ်ကြာသောအခါ နိုင်ငံတော်၌ စတုတ္ထမြောက် တိပိဋကဓရ သာသနာ့အာဇာနည် တစ်ပါး ပေါ်ထွန်းလာပြန်သည်။ ထိုအရှင်မြတ်ကား ရန်ကုန်ဆရာတော် ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရပင် ဖြစ်ပေသည်။

အရှင်သုမင်္ဂလာလင်္ကာရ၏ ထေရုပ္ပတ္တိကို ရှာကြံရာတွင် ပြည်မြို့နယ်လုံး ဆိုင်ရာ တိပိဋကဓရ အရှင်မြတ်လေးပါးအား ပူဇော်ရေးအဖွဲ့မှ ထုတ်ဝေသော တိပိဋကဓရ သာသနာ့အာဇာနည်လေးပါး၏ ထေရုပ္ပတ္တိအကျဉ်းနှင့် ချီးကျူးပူဇော်ပွဲ မှတ်တမ်း၊ (၁၉၇၈) ခု၊ ဧပြီလ (၈) ရက်၊ စနေနေ့ စာအုပ်ပါးပါး ကလေးကို ဦးစွာပထမ ဖတ်ရှုရ၍ ဝမ်းမြောက်ဝမ်းသာ ရှိမိပါသည်။ ထိုပထမ အကြိမ်ထုတ်စာအုပ်ကလေးကို ရန်ကုန်မြို့၊ ရွှေဂုံတိုင်စာတိုက်၊ အာဇာနည်ဗိမာန် လမ်း၊ အရှင်ဦးတိလောကသာရက ထုတ်ဝေသည်ဟု ရေးသားထားပါသည်။ လှိုင်ရတနာပုံနှိပ်တိုက်၊ ရန်ကုန်မြို့တွင် ပုံနှိပ်ခြင်းဖြစ်သည်။ (၁၉၇၈) ခုနှစ်၊ ပထမအကြိမ်ထုတ် စာစောင် စာ-၄၃၊ ၄၄ တွင် ထေရုပ္ပတ္တိအကျဉ်းကို ဖတ်ရှုရပါ သည်။ ၎င်းနောက် တိပိဋကဓရ ရွှေရတုစာစောင်၊ စာ-၄၈၊ ၄၉ တွင် ထေရုပ္ပတ္တိ အကျဉ်းကို ထပ်မံတွေ့ရှိရသည်။ ထို့ထက် ပြည့်ဝစုံလင်စွာ တွေ့ရှိရသည်မှာ မောင်သုတ စုစည်းပူဇော်သည့် သုတဗုဒ္ဓ မည်ရထင်ရှား တိပိဋကဓရ ဆရာတော် များ၏ ဘဝဖြစ်တော်စဉ်၊ သုတ ဗုဒ္ဓဝင် ဖြစ်၏။ ရန်ကုန်တက္ကသိုလ် အငြိမ်းစား ပါမောက္ခချုပ်၊ တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင်အေး ပြုစုရေး သားသည့် တိပိဋကဓရ သာသနာ့ဝင် သမိုင်းမှတ်တမ်း သုတေသနကျမ်းသည် လည်း ကြီးစွာသော အထောက်အပံ့ကို ပေးခဲ့ပါသည်။ ထိုစာအုပ်ကြီးကို (၂၀၀၆) ခုနှစ်၊ နိုဝင်ဘာလတွင် တက္ကသိုလ်များ ပုံနှိပ်တိုက်မှ ပထမအကြိမ် ရိုက်နှိပ်သည်ကို လေ့လာတွေ့ရှိရပါသည်။ ထိုစာအုပ်ကြီးတွင် ပါရှိသော အချက်အလက်များသည် မှတ်တမ်းဝင်၊ သမိုင်းဝင်၊ ဂန္ထဝင်မြောက် ခေတ်ပြိုင်မှတ်တမ်းများ ဖြစ်ပါသည်။ ထိုမှတ်တမ်းများကို ကောက်နုတ်လျက် အောက်ပါထေရုပ္ပတ္တိကို ရေးသားစီရင်ခြင်း ဖြစ်ပါသည်။

ဆရာတော်သည် နိုင်ငံတော်၌ ပေါ်ထွန်းခဲ့ပြီးသမျှသော တိပိဋကဓရဆရာတော်များအနက် သက်တော်အငယ်ဆုံးဖြင့် တိပိဋကဓရဘွဲ့တော်ကို ရရှိတော်မူသည့် ဆရာတော် ဖြစ်သည်။ တိပိဋကဓရဘွဲ့တော် ရရှိချိန်၌ ဆရာတော်၏သက်တော်မှာ (၂၇) နှစ်မျှသာ ရှိသေးသည်။

၁၉၄၆ ဆရာတော်သည် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ အင်ကြင်းပင်ဇာတိ ဖြစ်၏။ ဖခမည်းတော်မှာ ဦးအောင်၊ မယ်တော်မှာ ဒေါ်ခင်ကြည် ဖြစ်၏။ (၁၉၄၆) ခုနှစ်၊ မေလ (၁၀) ရက်၊ သောကြာနေ့တွင် ဖွားမြင်တော်မူ၏။ မွေးချင်း (၄) ယောက်ရှိ၏။ ဒုတိယမြောက်သားဖြစ်၏။ ငယ်မည် မောင်သောင်းတင်ဟု ခေါ်၏။

၁၉၅၄ (၈) နှစ်သားအရွယ်တွင် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ သို့ရာတွင် အရွယ်ငယ်သေးသဖြင့် ရှင်သာမဏေဘဝဖြင့် (၃) ရက်သာနေပြီး ရှင်လူထွက်ခဲ့သည်။

၁၉၅၈ အသက် (၁၂) နှစ်သားအရွယ်၊ (၁၉၅၈) ပြည့်နှစ်၊ ဇူလိုင်လ (၁) ရက်၊ အင်္ဂါနေ့တွင် ရွှေစည်းခုံဆရာတော်ကိုပင် ဥပဇ္ဈာယ်ပြု၍ မိဘများ၏ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ် ရောက်ရှိခဲ့၏။ ဒုတိယအကြိမ်ရောက်ခြင်းဖြစ်၏။ ရှင်သုမင်္ဂလဟု ဘွဲ့အမည် သတ်မှတ်ခဲ့၏။

ရှင်သုမင်္ဂလသည် ဇာတိရပ်ရွာ ဥပဇ္ဈာယ်ဆရာတော်ထံ၌ (၁) နှစ်ခန့်နေထိုင်၍ ပညာသင်ကြားခဲ့၏။ ၎င်းနောက် စစ်ကိုင်းတောင်ရိုး၊ တောင်ရေဦး အနောက်တိုက်ဝါကြီး ဆရာတော် အရှင်အရိယဝံသ၊ အရှင်သဒ္ဓမ္မာဘိဝံသတို့ထံ၌ ပိဋကတ်အခြေခံကျမ်းစာများကို သင်ကြားဆည်းပူးတော်မူခဲ့သည်။ ထိုဆရာတော်သည် နောင် အဘိဓဇမဟာရဋ္ဌဂုရု၊ သဒ္ဓမ္မနောဒယ ဆရာတော်ကြီး ဖြစ်လာတော်မူသော ဆရာတော်ကြီး ဖြစ်၏။ ထိုဆရာတော်ကြီးထံ တပည့်ခံတော်မူ၏။

၁၉၆၀ အသက် (၁၄) နှစ်သားအရွယ် (၁၉၆၀) ပြည့်နှစ်၊ ဇွန်လ (၂၄) ရက်နေ့တွင် အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်သို့ စာသင်သားဘဝဖြင့် ရောက်ရှိ၏။ ဆရာတော် အရှင်ဇနကာဘိဝံသ၏ ခြေတော်ရင်းသို့ ရောက်ရှိခိုလှုံကာ အခြေခံပညာများကို ဆက်လက်သင်ကြား အားထုတ်တော်မူခဲ့၏။ အရှင်သုမင်္ဂလာလင်္ကာရသည် မဟာဂန္ဓာရုံတိုက်ထွက် စာသင်သား ဖြစ်ခဲ့၏။

၁၉၆၁ (၁၉၆၁) ခုနှစ်၊ (၁၅) နှစ်သားတွင် သာမဏေကျော် စာမေးပွဲ ပထမအဆင့်ကို တတိယဂုဏ်ထူးဖြင့် အောင်မြင်၏။

၁၉၆၂ (၁၉၆၂) ခုနှစ်၊ (၁၆) နှစ်သားတွင် သာမဏေကျော် ဒုတိယအဆင့်ကို ဒုတိယ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့၏။ အစိုးရပထမငယ်တန်းကို ပါဠိဘာသာဖြင့် တစ်နိုင်ငံလုံး ပထမရလျက် အောင်မြင်ခဲ့ခြင်း ဖြစ်သည်။

၁၉၆၃ (၁၉၆၃) ခုနှစ်၊ (၁၇) နှစ်သားတွင် ပထမလတ်တန်းကို ပါဠိဘာသာဖြင့် တစ်နိုင်ငံလုံး ဒုတိယရလျက် အောင်မြင်ခဲ့ပြန်၏။

၁၉၆၄ (၁၉၆၄) ခုနှစ်၊ (၁၈) နှစ်သားတွင် ပထမကြီးတန်းကို ပါဠိဘာသာဖြင့် အောင်မြင်ခဲ့၏။ ဆက်တိုက် အောင်မြင်ခြင်း ဖြစ်၏။

၁၉၆၅ (၁၉၆၅) ခုနှစ်၊ (၁၉) နှစ်သားတွင် သာမဏေကျော် တတိယအဆင့်ကို ပထမ ဂုဏ်ထူးဖြင့် ဖြေဆိုအောင်မြင်တော်မူပြန်၏။ ပရိယတ္တိသာသနာလင်္ကာရ သာမဏေကျော် ဘွဲ့ကို ရရှိတော်မူပြန်၏။ ထိုအချိန်မှစ၍ မိမိ၏ရှိုးရိုးဘွဲ့ ဖြစ်သော သုမင်္ဂလနောက်တွင် အလင်္ကာရဘွဲ့တိုးကာ ရှင်သုမင်္ဂလာလင်္ကာရ ဟူ၍ ဖြစ်လာခဲ့လေသည်။

ရဟန်းဘဝ ဒုလ္လဘသို့

၁၉၆၆ ရှင်သုမင်္ဂလာလင်္ကာရသည် ရဟန်းပြုသောအခါ ရန်ကုန်သို့ ရောက်ရှိနေပြီ ဖြစ်သည်။ ရန်ကုန်၌ပင် ရဟန်းဘဝ ရောက်တော်မူ၏။ (၁၉၆၆) ခုနှစ်၊ ဇွန်လ (၂၆) ရက်နေ့တွင် ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မဟာဗောဓိကျောင်းတိုက်၊ ခဏ္ဍသိမ်တော်၌ အမရပူရမြို့၊ မဟာဂန္ဓာရုံဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ပထမကျော် ဓမ္မာစရိယဆရာကြီး ဒေါ်ရူပမာလာ၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ဒသမရွှေကျင်သာသနာပိုင် မြောင်းမြဆရာတော်ကြီး ကိုယ်တော်တိုင် ကမ္မဝါစာဖတ်၍ ချီးမြှောက်မှုဖြင့် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့လေသည်။

၁၉၆၆ ပါရမီထူးသော အရှင်သုမင်္ဂလာလင်္ကာရသည် ရဟန်းဖြစ်ခါစမှာပင် ထူးခြားသော ဘွဲ့တစ်ခုကို ရပြန်၏။ ရဟန်းဖြစ်ခါစ (၁) ဝါအရတွင် သီလက္ခန်ကျမ်းနှင့် ပါစိတျာဒိ မြန်မာဂုဏ်ထူးကျမ်းတို့ကို တစ်ပေါင်းတည်း ဖြေဆိုအောင်မြင်တော်မူသဖြင့် သာသနဓဇ သီရိပဝရ ဓမ္မာစရိယဘွဲ့ကို ရရှိတော်မူခဲ့ပြန်လေ၏။

အရှင်သုမင်္ဂလာလင်္ကာရသည် မဟာဝိသုဒ္ဓါရုံ ရွှေကျောင်းတိုက်သစ်၌ သီတင်းသုံး နေထိုင်တော်မူ၏။ ထိုစဉ်မှာပင် ဝိနည်းငါးကျမ်း ပါဠိတော်ကြီးများကို စတင် ကျက်မှတ်သည်ဟု ဆိုပါသည်။ ကျက်ဉာဏ်ကောင်း၊ မှတ်ဉာဏ်လည်း ကောင်း သဖြင့် အရှင်သုမင်္ဂလာလင်္ကာရသည် ဆဋ္ဌမူ ပါဠိတော်စာမျက်နှာ (၂၀) ခန့်ကို (၅) နာရီမျှဖြင့် ရအောင်ကျက်မှတ်နိုင်ခဲ့သည်ဟု အံ့ဖွယ် သိရှိရပါသည်။ ရပြီးသား စာများကိုလည်း နေ့စဉ် ပြန်ဆိုတော်မူကြောင်း သိရသည်။ ဤသို့ ပြန်ဆိုရာတွင် တစ်နေ့လျှင် တစ်နာရီလောက်သာ ထားရှိပြီး အလှည့်ကျ ပြန်ဆိုခဲ့သည်ဟု သိရပါသည်။ ဤသို့ စာကျက်များများကျက်၍ စာပြန်ချိန်နည်းနည်းရခဲ့သော်လည်း ရပြီးသားစာများ မေ့ပျောက်သွားသည် မရှိခဲ့ချေ။ မှတ်ဉာဏ်ကောင်းခြင်း၏ သက်သေပင် ဖြစ်၏။ ပါရမီကောင်း၊ ဝီရိယကောင်းတို့၏ သဘော၊ သဘာဝဖြစ် ကြောင်း လေ့လာတွေ့ရှိရပါသည်။ သာမန်လူတို့၏ ကိစ္စကား မဟုတ်ချေဟု ရိပ်စား မိနိုင်ပါသည်။

၁၉၆၈ (၁၉၆၈) ခုနှစ်၊ (၂၁) ကြိမ်မြောက် တိပိဋကစရ စာမေးပွဲကြီးတွင် ဝင်ရောက် ဖြေဆိုခဲ့ပါသည်။ အာဂုံရေးဖြေ နှစ်ထွေစလုံး အောင်မြင်တော်မူပြန်ခဲ့ပါသည်။ ထို့ကြောင့်ပင် ဝိနယဓရ ဝိနယကောဝိဒ ဘွဲ့တံဆိပ်တော် အပါအဝင် ပိဋကတ် တစ်ပုံအောင် ပုဂ္ဂိုလ်၏ အဆောင်အယောင်များကို ရရှိတော်မူခဲ့ပါသည်။ သည်လို နှင့်ပင် ပိဋကတ်တစ်ပုံဆောင် ရဟန်းထူး ဖြစ်လာပါသည်။

၁၉၆၉ (၁၉၆၉) ခုနှစ်၊ (၂၂) ကြိမ်မြောက် စာမေးပွဲတွင် အဘိဓမ္မာရှေ့ပိုင်း (၅) ကျမ်းကို အာဂုံရေးဖြေ နှစ်ထွေစလုံး အောင်မြင်တော်မူပြန်၏။ အသိအမှတ်ပြု အောင် လက်မှတ်တော်ကို ခံယူရရှိတော်မူပြန်၏။ ယင်းနှစ်မှာပင် နိုင်ငံတော်အစိုးရ ဓမ္မာစရိယစာမေးပွဲတွင် အဘိဓမ္မာ ဝိဘင်္ဂဒိ ပါဠိဂုဏ်ထူးတန်းကို ဖြေဆိုအောင်မြင် တော် မူပြန်၏။ 'သာသနဓဇ ဓမ္မာစရိယ အဘိဓမ္မပါဠိပါရဂူ' ဘွဲ့ကို ရရှိတော်မူ ခဲ့ပြန်သည်။ ပရိယတ္တိသာသနာဝင် သမိုင်းသည် ဌါ၊ လုံ့လ၊ ဝီရိယ အရင်းတည်ရ ကြောင်း သိရှိနိုင်ပါသည်။ ရှေးဘဝက ပါရမီ ရှိ၊ မရှိကား နားလည်နိုင်ပြီး ဖြစ်ပါသည်။ ရှေးဘဝ ပါရမီ မရှိပဲ လုပ်နိုင်သော ကိစ္စများ မဟုတ်ချေ။ ပါရမီကြီးသူ တို့၏ အရာသာ ဖြစ်ချေသည်။

၁၉၇၁ (၁၉၇၁) ခုနှစ်၊ (၂၄) ကြိမ်မြောက် စာမေးပွဲတွင် အာဂုံပြန်ရေး၊ သဘောရေးဖြေပါ နှစ်ထွေစလုံး အောင်မြင်တော်မူပြန်၏။ အဘိဓမ္မိက အဘိဓမ္မကောဝိဒ' ဘွဲ့ တံဆိပ်တော်နှင့်တကွ ပိဋကတ်နှစ်ပုံအောင်ပုဂ္ဂိုလ်၏ အဆောင်အယောင်များကို ရရှိတော်မူပြန်၏။ ဤသို့ဖြင့် ပိဋကတ်သုံးပုံ အာဂုံဆောင်လျက် ဘုရားရှင်အား ကျေးဇူးဆပ်တော်မူရန် ကြိုးပမ်းကြပေသည်။

ကျန်ရှိသော သုတ္တန် ပိဋက ဒီဃနိကာယ် (၃) ကျမ်းကို ကြိုးစားကျက်မှတ်ပြန်၏။ ဝင်ရောက်အာဂုံပြန်ဆိုတော်မူပြန်၏။ သို့သော်လည်း အမှတ်မထင် ကိစ္စကလေးများ ရှိခဲ့သည်မှာ လူ့လောက၏ သဘာဝ ဖြစ်၏။ မေ့ထား၍ မရချေ။ ထိုသို့ စာပြန်ဆိုနေစဉ်မှာပင် ကျန်းမာရေးချွတ်ယွင်းလာသဖြင့် တစ်ဝက်တစ်ပျက်နှင့်ပင် စာမေးပွဲမှ ထွက်ခွာခဲ့ရ၏။ စာကိစ္စကို တန်းလန်းကြီးထားခဲ့ရ၏။ ကျန်းမာရေးသည် မူလပထမ ဖြစ်လာပြန်၏။

၁၉၇၃ (၁၉၇၃) ခုနှစ်၊ (၂၆) ကြိမ်မြောက် စာမေးပွဲကြီးတွင် ဝင်ရောက်ဖြေဆိုခဲ့ပြန်၏။ သုတ္တန်ပိဋက ဒီဃနိကာယ် (၃) ကျမ်းကို အာဂုံပြန်ရေး သဘောရေးဖြေပါ အောင်မြင်တော်မူခဲ့ပြန်၏။ ဒီဃဘာဏက ဒီဃနိကာယ ကောဝိဒ ဘွဲ့တော်ကို ရရှိတော်မူခဲ့ပြန်၏။ ဤသို့ဖြင့် သာသနာ့သမိုင်းဝင်၊ ဂန္ထဝင်မြောက် တိပိဋကဓရ သာသနာ့အာဇာနည်သူရဲကောင်း စာရင်းဝင် ဖြစ်တော်မူခဲ့၏။

ဤသို့ဖြင့် အရှင်သုမင်္ဂလာလင်္ကာရသည် သင်ရိုးပိဋကတ်သုံးပုံလုံးကို အာဂုံရေး၊ သဘောရေးဖြေပါ ပြီးစီးအောင်မြင်တော်မူပြီဖြစ်သဖြင့် တိပိဋကဓရ တိပိဋက ကောဝိဒ ဘွဲ့တံဆိပ်တော်၊ အောင်လက်မှတ်တော်လည်း လက်ခံရရှိတော်မူ၏။ အရိုးဝါ ကနက္ကဒဏ် ထီးဖြူတော်သုံးလက် တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်လည်း လက်ခံရရှိတော်မူ၏။ ကုန်း-ရေ-လေ သုံးဌာနတို့၌ နောက်ပါတပည့် နှစ်ဦးနှင့်အတူ အခမဲ့အထက်တန်း ခရီးသွားလက်မှတ်နှင့်တကွ လစဉ် ဆွမ်းဆန်တော် ၁၅ဂို စသော ဒါတဗ္ဗဝတ္ထုအစုစုတို့ကို အလှူခံ ရရှိတော်မူခဲ့၏။ သာသနာ့သမိုင်းတွင် ပေါ်တောင့်ပေါ်ခဲ (၂၀) ရာစုမှာမှ ထူးထူးခြားခြား ပေါ်တော်မူလာသော နိုင်ငံတော်၌ စတုတ္ထမြောက် တိပိဋကဓရ ဆရာတော်တစ်ပါး ထွန်းကားပေါ်ထွက်ခဲ့ခြင်း ဖြစ်၏။ ရန်ကုန် တိပိဋကဓရဆရာတော် ဟု လူသိများ ကျော်ကြားထင်ရှားခဲ့လေသည်။

ထူးခြားလှသည့် တိပိဋကဓရ အရှင်
ရန်ကုန်တိပိဋကဓရဆရာတော်သည် တိပိဋကဓရဘွဲ့တော် ရရှိချိန်တွင် သက်တော် (၂၈) နှစ်သာ ရှိသေး၏။

လူ့ဘဝတွင် အသက် (၂၀) ကျော်၊ (၃၀) မရောက်သေးခင် ကာလများတွင် အချို့တို့က ဆိုးကောင်းတုန်း၊ မိုက်ကောင်းတုန်း ရှိသေး၏။ ရှေးဘုန်း၊ ရှေးကံ၊ ပါရမီထူးပါသော ပုဂ္ဂိုလ်တို့ကား အသက် (၃၀) မပြည့်ခင် မှာပင် စိတ်ကူး၍ပင် မရနိုင်သော ဘုရားဟော ပိဋကတ်သုံးပုံကြီးကို အာဂုံရေးဖြေ အောင်မြင်တော်မူသည်ဆိုသည်မှာ စဉ်းစားကြည့်လေလေ အံ့ဖွယ်ဖြစ်လေလေ ဖြစ်ပါသည်။

ရန်ကုန် တိပိဋကဓရ ဆရာတော်ကား အသက် (၂၈) နှစ်မှာ တိပိဋကဓရ ဘွဲ့တော်ရသည်ဆိုသဖြင့် မျက်မြင်ကိုယ်တွေ့ ဖြစ်သောကြောင့်သာ ယုံရခြင်း ဖြစ်သည်။ စိတ်ကူးကြည့်လျှင်ကား ယုံနိုင်စရာ မရှိချေ။

ဤအသက်အရွယ်ဖြင့် ဤဘွဲ့ထူး၊ ဂုဏ်ထူးကြီးကို ရရှိခဲ့ခြင်းမှာ အလွန်ထူးခြားသော အံ့ဩဖွယ်အချက်ပင် ဖြစ်၏။ ကြီးမားသည့် ဉာဏ်ပညာစွမ်းကို ပေါ်လွင်ထင်ရှားစေသည့် အချက်လည်း ဖြစ်၏။ သာသနာတစ်ခေတ်တွင် ဤအသက်အရွယ်ဖြင့် တိပိဋကဓရဘွဲ့ထူးကြီးကို ရရှိသူမှာ ဤဆရာတော်တစ်ပါးတည်းသာ ရှိခဲ့ပေ၏။ အနာဂတ်သာသနာတွင် ရဟန်းထူး၊ ရဟန်းမြတ်များ ပေါ်ဆဲ၊ ပေါ်လတ္တံ့သာ ဖြစ်ပါ၏။

အခြား အချက်တစ်ချက်ကို ပြောရလျှင် ထူးဆန်းသလား၊ မထူးဆန်းသလား ဟူ၍ပင် မသိပါ။ ထိုဆရာတော် တိပိဋကဓရဘွဲ့တော် ရရှိချိန်က ဆရာတော်တွင် အမိလည်း ရှိသေး၏။ အဖလည်း ရှိသေး၏။ ဆရာ့ဆရာများလည်း သက်ရှိထင်ရှား ရှိသေး၏။ မိစုံ၊ ဖစုံ၊ ဆရာသမားစုံ ရှိနေသေးခြင်းသည်လည်း ထူးခြားချက်များထဲမှ ထူးခြားချက်တစ်ခု ဖြစ်ပေသည်ဟု မှတ်တမ်းတင်ကြပါသည်။ အခြားဆရာတော်များမှာ တိပိဋကဓရဖြစ်ချိန်တွင် ထိုကဲ့သို့ မိဖ၊ ဆရာသမားများ အစုံအလင် ရှိမနေတော့ပေ ဟူ၍လည်း လေ့လာတွေ့ရှိရပါသည်။

၁၉၇၄ တိပိဋကဓရဖြစ်ပြီး၍ (၃) လကျော်ခန့် အကြာမှာပင် မဟာဂန္ဓာရုံ ပရိယတ္တိ စာသင်တိုက်ကို တည်ထောင်တော်မူ၏ဟု သိရပါသည်။ ထိုစဉ်က သက်တော် (၂၈) နှစ်ပင် မပြည့်သေးပါ။ (၂) ရက်လိုသေးသည်ဟု သိရှိရပါသည်။

၁၉၇၄ (၁၉၇၄) ခုနှစ်၊ ဧပြီလ (၂၈) ရက်နေ့၌ ရန်ကုန်မြို့၊ ကမ္ဘာအေး ရေကူး အရှေ့ ဝါယာလက် ၂-လမ်းဝယ်၊ ရဟန်းဒါယိကာမကြီး ပထမကျော်ဓမ္မာစရိယ ဒေါ်ရူပမာလာ လှူဒါန်းသော မာလာရာမ စာသင်တိုက်ကို အလှူခံပြီးလျှင် မဟာဂန္ဓာရုံတိုက် ပရိယတ္တိ စာသင်တိုက်ကို တည်ထောင်ကာ နောက်ပါ ရဟန်း တော် (၂) ပါး၊ သာမဏေ (၂) ပါး မျှဖြင့် စတင်၍ သာသနာ ပြုတော်မူခဲ့သည်။ ယခုအခါ ထို မဟာဂန္ဓာရုံ စာသင်တိုက်မှာ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက် ဟု အမည်တွင်လျက် ရှိပါသည်။

ကျမ်းစာများ ရေးသားပြုစု

ဆရာတော်အရှင်သုမင်္ဂလာလင်္ကာရသည် ကျမ်းပြုခြင်းကို နှစ်သက်၏။ ခရီးသွား ခြင်းကိုလည်း ဦးစားမပေးဟု ဆိုပါ၏။ တရားဟောသည်ကိုလည်း ဦးစားမပေးဟု ဆိုပါ၏။ အနှစ်သက်ဆုံးမှာ စာချခြင်းနှင့် ကျမ်းပြုခြင်း ဖြစ်သည်ဟု ဆိုပါသည်။ ကျောင်းတိုက် စီမံအုပ်ချုပ်မှု၊ စာပေပို့ချမှု လုပ်ငန်းများကြားမှပင် ပြုစုသော ကျမ်း တို့ကား မနည်းချေ။ တွေ့ရှိရသမျှတို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) ဝိနည်းဋီကာ ကောက်နုတ်ရှင်းလင်းချက် (ပထမတွဲ)။ (၂) ဝိနည်းဋီကာ ကောက်နုတ်ရှင်းလင်းချက် (ဒုတိယတွဲ)။ (၃) ဝိနည်းဋီကာ ကောက်နုတ်ရှင်းလင်း ချက်(တတိယတွဲ-ပထမပိုင်း)။ (၄) ဝိနည်းဋီကာ ကောက်နုတ်ရှင်းလင်းချက် (တတိယတွဲ-ဒုတိယပိုင်း)။ (၅) သီလက္ခန် ဋီကာသစ် ကောက်နုတ်ရှင်းလင်းချက်။ (၆) သုတ်မဟာဝါဋီကာ ပို့ချစဉ်ရှင်းလင်းချက် (ပထမတွဲ)။ (၇) သုတ်မဟာဝါဋီကာ ပို့ချစဉ်ရှင်းလင်းချက် (ဒုတိယတွဲ)။ (၈) ပါထိကဝဂ္ဂဋီကာ ပို့ချစဉ် ရှင်းလင်းချက် (ပထမတွဲ)။ (၉) ပါထိကဝဂ္ဂဋီကာပို့ချစဉ် ရှင်းလင်းချက် (ဒုတိယတွဲ)။ (၁၀) ဓမ္မ သင်္ဂဏီ မူလဋီကာ ပို့ချစဉ် ရှင်းလင်းချက်။ (၁၁) ဝိဘင်္ဂ မူလဋီကာ ပို့ချစဉ် ရှင်းလင်းချက်။ (၁၂) ပဋ္ဌာနပကရဏ မူလဋီကာ ပို့ချစဉ် ရှင်းလင်းချက် ဟူသော တိပိဋကဓရစာမေးပွဲဝင် အရှင်မြတ်များအတွက် အကျိုးများလှသည့် ပိဋကတ်သုံးပုံ ဋီကာစုံမှတ်တမ်းကျမ်းများနှင့် (၁၃) တိပိဋကံ၊ (၁၄) ပါရမီတော် စသော ကျမ်းစာ များကိုလည်း ကြိုးကြိုးစားစား ရေးသားပြုစုတော်မူခဲ့လေသည်။

၁၉၈၉ ဆရာတော်အရှင်သုမင်္ဂလာလင်္ကာရအား (၁၉၈၉) ခုနှစ်တွင် နိုင်ငံတော်အစိုးရက အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခဲ့သည်။ ဆရာတော်သည် တိပိဋကဓရဘွဲ့တော်ကို သက်တော်အငယ်ဆုံးဖြင့် ရရှိခဲ့သလို ယခု အဂ္ဂမဟာပဏ္ဍိတဘွဲ့တော်ကိုလည်း သက်တော်အငယ်ဆုံးဖြင့်ပင် ရရှိတော်မူသည်။ ထိုအချိန် ဆရာတော်ကြီး၏ သက်တော်မှာ (၄၄) နှစ်သာ ရှိသေးသည်။ နိုင်ငံတော်၏ (၃၁၆) ပါးမြောက် အဂ္ဂမဟာပဏ္ဍိတဆရာတော် ဖြစ်ပေသည်။

ဓမ္မဘဏ္ဍာဂါရိက၊ ဗုဒ္ဓစာပေပါရဂူ

၁၉၉၈ ဆရာတော်ကြီး၏ တိပိဋကဓရဂုဏ်နှင့် သိက္ခာဓမ္မ ပြည့်ဝစုံလင် သာသနာပြုဂုဏ်အင်တို့ကြောင့် (၁၉၉၈) ခုနှစ်တွင် နိုင်ငံတော်အစိုးရက တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော် ဆင်စွယ်ယပ်ဝန်းတော်နှင့် အဆောင်အယောင်များကို ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆရာတော်သည် ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ကို ရရှိသည်မှာ အလွန့် အလွန် နောက်ကျပေသည်။ ပိဋကတ်သုံးပုံ အာဂုံရေးဖြေ အောင်တော်မူသည်မှာကား အလွန့်အလွန် စောတော်မူကြောင်း တွေ့ရှိရသည်။ ပိဋကတ်သုံးပုံ အာဂုံရေးဖြေ အောင်တော်မူစဉ်က သက်တော် (၂၈) နှစ်မျှသာ ရှိကြောင်း တွေ့ရှိခဲ့ပြီး ဖြစ်ပါသည်။ အံ့ဖွယ်ဖြစ်၏။

(၂၅) နှစ်ကြာမှ ရတော်မူလာသော ဓမ္မဘဏ္ဍာဂါရိကဘွဲ့တော်

ယခုလည်း တိပိဋကဓရဖြစ်ပြီး၍ (၂၅) နှစ်ကြာမြင့်ကာ တိပိဋကဓရ ငွေရတုကာလ ကျော်လွန်မှ ထိုဘွဲ့ရရှိခြင်းဖြစ်ရာ များစွာနောက်ကျသည် ဟု ဆိုရမည်ဖြစ်ပေသည်။ ဤသည်မှာလည်း ထူးခြားချက်တစ်ခု ဖြစ်၏။

ထိုသို့ ဓမ္မဘဏ္ဍာဂါရိကဖြစ်သောနှစ်တွင်ပင် ထိုင်းနိုင်ငံက ပါရဂူဘွဲ့ ဆက်ကပ်လှူဒါန်းခဲ့သည်မှာလည်း ထူးခြားသော တိုက်ဆိုင်မှု ဖြစ်၏။ ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၊ မဟာချူလာလောင်ကွန်း ရာဇဝိဇ္ဇာလယ ယူနီဗာစီတီမှလည်း ဗုဒ္ဓစာပေဆိုင်ရာ ဂုဏ်ထူးဆောင် ပါရဂူ (Ph.D) ဒေါက်တာဘွဲ့ကို ဆက်ကပ်အပ်နှင်းခဲ့သည်။

ကျောင်းတိုက်ခွဲများ ထူထောင်

ဆရာတော်ကြီးသည် ကမ္ဘာအေး တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်ကြီးကို ထိပ်တန်းစာသင်တိုက်ကြီးတစ်တိုက်ဖြစ်အောင် ထိန်းသိမ်းကွပ်ကဲခဲ့၏။ အောင်အောင်မြင်မြင်လည်း ရှိ၏။

မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာစံပြကျေးရွာနှင့် မှော်ဘီမြို့တို့၌လည်း တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်ခွဲများ ထူထောင်တော်မူခဲ့၏။

ဆရာတော်၏ဇာတိကား အင်ကြင်းပင်ရွာကလေး ဖြစ်၏။ ဝက်လက်မြို့နယ်တွင် ရှိ၏။ ယခု စစ်ကိုင်းတိုင်းဒေသကြီးတွင် ရှိ၏။

ထိုမိမိ၏ဇာတိချက်ကြွေ မွေးရပ်မြေ ဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မြို့နယ်၊ အင်ကြင်းပင်ရွာကို အမှတ်တရ ကျေးဇူးဆပ်သောအားဖြင့် - ရပ်ရွာရှိ ရှေးဟောင်းစေတီတော် (၁၁) ဆူကို ထီးတော်အသစ်များ တင်လှူပူဇော်ခြင်း ပြုခဲ့၏။ ၎င်းအပြင် အခြေခံပညာ မူလတန်းကျောင်းကို ကျောင်းမြေ၊ အဆောက်အဦ စသည်များ ပြည့်စုံအောင်စီမံ၍ အခြေခံပညာအလယ်တန်းကျောင်းဖြစ်အောင် ဆောင်ရွက်ပေးခဲ့၏။ ၎င်းအပြင် ကျေးရွာ ဆေးပေးခန်းကို မြေကွက်သစ်ဝယ်ယူ၍ ဆေးခန်း ဆောက်လုပ်လှူဒါန်းခဲ့၏။ ရွာသူရွာသားများအတွက် ရေကောင်းရေသန့် ရရှိနိုင်အောင်လည်း စက်ရေတွင်းများ တူးဖော်ပေးခြင်း စသော ပရဟိတလုပ်ငန်းများကိုလည်း လုပ်ဆောင်တော်မူခဲ့ပေသည်ဟု ရပ်ဝေးရပ်နီး ကျော်ကြားတော်မူပါသည်။

ရောဂါဆိုးတစ်ခု

ဆရာတော်သည် ကျမ်းပြုသည်ကို နှစ်သက်ကြောင်း ဆိုခဲ့ပြီးဖြစ်၏။ ယခုလည်း အဘိဓမ္မာ၏ 'ပထမဆုံးကျမ်းစာ ဓမ္မသင်္ဂဏီဋီကာ ရှင်းလင်းချက်ကို အားစိုက်ခွန်စိုက် ရေးသားတော်မူနေစဉ် ပြီးဆုံးခါနီး တစ်လခန့်အလိုမှာပင် ခန္ဓာကိုယ်မှ ကိုက်ခဲသောဝေဒနာများကို သိသိသာသာခံစားလာရသည်ဟု ဆိုပါသည်။ ထို့ကြောင့်ပင် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၊ ချူလာလောင်ကွန်း ဘုရင့်ဆေးရုံတော်ကြီး၌ စစ်ဆေးခဲ့၏။ ထိုအခါ ထူးထူးဆန်းဆန်း ရောဂါတစ်ခု တွေ့ရ၏။ မာတေးဘဲလ် မိုင်လိုမာအမည်ရှိ ရောဂါဆိုးတစ်ခုဖြစ်ကြောင်း သိလာကြရသည်။

**ပိဋကတ်သုံးပုံ ဋီကာစုံ ရေးပြီးမှ သေပါရစေဟု ဆုတောင်း**

ထိုအခါ ဆရာတော်၏စိတ်တွင် စိတ်ကူးတစ်ခုပေါ် လာ၏။ မိမိသည် မိမိ မယ်တော်၏အရင် မသေလို။ မိမိ မယ်တော်ကြီး မရှိမှသာလျှင် မိမိသည် ဤခန္ဓာကို စွန့်ချင်သည်။ ထို့ကြောင့် "မယ်တော်ကြီး ကွယ်လွန်ပြီးမှ ငါ သေပါရစေ။ ပိဋကတ်သုံးပုံ ဋီကာစုံ ရေးပြီးမှ ငါ သေပါရစေ"ဟု မကြာ မကြာ တောင်းဆိုနေမိခဲ့သည် ဟူ၍ သိရှိရပါသည်။ ဤသို့ စိတ်ကူးသည်မှာ ထူးဆန်း ကြည်ညို ဖွယ်ရာ ဖြစ်၏။

ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၊ ချူလာလောင်ကွန်း ဘုရင့်ဆေးရုံတော်ကြီး၌ အကောင်းဆုံး အပြည့်စုံဆုံး ဆေးဝါးကုသမှုခံယူရ၍ ရောဂါများ အနည်းငယ် သက်သာလာသည်ဟု သိရပါသည်။ ထိုသို့ သက်သာလာသောအခါမှာ မိမိ ပြုစုလက်စဖြစ်သော ကျမ်းစာများကို ဆက်လက်ရေးသားပြုစုခဲ့ပြန်ပါသည်။ အံ့ဖွယ်ဖြစ်၏။

၂၀၀၅ (၂၀၀၅) ခုနှစ်တွင် ဆရာတော်ကြီး မျှော်မှန်းသလို ပိဋကတ်သုံးပုံလုံး၏ ဋီကာမှတ်တမ်းများ အလုံးစုံ ရေးသားပြုစုပြီးစီးခဲ့၏။ ဓမ္မဒါန လှူဒါန်းနိုင်ခဲ့၏ ဟု သိရှိရပါသည်။ အံ့ဖွယ် သာသနာ့အာဇာနည်တို့၏ သာသနာပြုလုပ်ငန်းများပင် ဖြစ်ပါတော့သည်။

**ပိဋကတ်သုံးပုံ ဋီကာစုံ မှတ်တမ်း ရေးပြီးခဲ့**

၂၀၀၆ (၂၀၀၆) ခုနှစ်၊ စက်တင်ဘာလ (၂၄) ရက်၊ တနင်္ဂနွေနေ့၊ နံနက်၊ ထိုင်းစံတော်ချိန် (၈) နာရီ၊ (၅) မိနစ်၊ (မြန်မာစံတော်ချိန် ၇-နာရီခွဲ) အချိန်တွင် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၌ ဘဝနတ်ထံ စံလွန်တော်မူရလေတော့သည်။

**သက်တော်အငယ်ဆုံး ဘွဲ့ရပုဂ္ဂိုလ်**

ပျံလွန်ချိန်တွင် သက်တော်မှာ (၆၁) နှစ်တွင်းသို့ ဝင်ရောက်ခါစ (၆၀-နှစ်၊ ၅-လ) သာ ရှိသေးပေသည်။

**သက်တော်အငယ်ဆုံး ပျံလွန်သောပုဂ္ဂိုလ်**

ဆရာတော်ကြီးသည် တိပိဋကရေဘွဲ့ရချိန်က သက်တော်အငယ်ဆုံးဖြင့် ဘွဲ့ရတော်မူခဲ့သလို ပျံလွန်သည့်အခါလည်း သက်တော်အငယ်ဆုံးဖြင့် ပျံလွန်တော်မူရသည့် တိပိဋကရေဆရာတော် ဖြစ်ခဲ့ရသည်။

**ရုပ်ကလာပ်တော်ကို မြန်မာပြည် ပြန်ပင့်**

ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို မြန်မာပြည်သို့ ပြန်လည်ပင့်ဆောင်ပြီး ခမ်းနားစည်ကားစွာ အန္တိမဈာပနပွဲ ကျင်းပပူဇော်ခဲ့ကြပါသည်ဟု သိရှိရပါသည်။

အသက်အငယ်ဆုံး တိပိဋကဓရ ဆရာတော်၏နည်းနိဿယကို ရဟန်းရှင်လူ ပရိသတ်တို့ သိချင်ပေလိမ့်မည်။ ထိုအချက်ကို ဆရာတော်လည်း ရိပ်စားမိခဲ့၏။ ထို့ကြောင့် အနာဂတ်သာသနာ တာဝန်ယူမည့် သာသနာ့အာဇာနည် တိပိဋကဓရ အကျော် အမော်များအတွက် အောက်ပါစကားကို လက်ဆောင်ထားခဲ့ပါ၏။

"စာကတော့ ကျက်ရင် ကျက်သလောက် ရမှာပါပဲ။ ဒါပေမယ့် ဘုန်းကြီးက အဲဒီလို တစ်နေကုန် စာမကျက်ခဲ့ဘူး။ အဋ္ဌကထာ၊ ဋီကာကြည့်ဖို့ ထားတာရယ်။ နောက် တစ်နေ့ကို အနည်းဆုံး စာ၀ါနှစ်ဝါ ပို့ချပေးတာရယ်၊ နှုတ်လိုက်ရင် စာကျက်တဲ့ အချိန်က နည်းနည်းပဲ ရှိမယ်။ အဲဒီ့အချိန်မှာ ကျက်ခဲ့တာ တစ်နေ့ကို ပျမ်းမျှ (၁၅) မျက်နှာ၊ စာမျက်နှာ (၂၀) လောက် ရှိပါလိမ့်မယ်"

"ရရင် ရသလို အလုပ်လုပ်ပါတယ်။ ဒါပေမယ့် ညဉ့်နက်သန်းခေါင်အထိ ဘယ် တော့မှ စာမကြည့်ဘူး။ (၉) နာရီခွဲ၊ (၁၀) နာရီဆိုရင် အိပ်စက်အနားယူတာပဲ။ ဘုန်းကြီးကို တချို့က စာမကျက်ပဲ စာမေးပွဲကိုတော့ အမြဲအောင်နေတယ်လို့ ပြောကြတယ်။ ဘုန်းကြီးက ညဉ့်နက်သန်းခေါင်အထိ စာမကြည့်ပေမယ့် ရတဲ့ အချိန်မှာ စာကြည့်၊ စာကြံတာပဲ။ စာထဲ အမြဲစိတ်ရောက်နေတယ်။ စာကို အကြွင်း မထားဘူး"

ဆရာတော်ကြီး ပြုစုခဲ့သော ကျမ်းတို့ကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါ သည်။ (၂၀) ရာစု ပရိယတ္တိသာသနာ၀င်ကျမ်းများ ဖြစ်၏။ ထိုကျမ်းများကို ခေတ်သစ်ပိဋကတ်သမိုင်းတွင် ဖြည့်စွက်ရပေလိမ့်မည်။

ဆရာတော်ကြီး ရေးသားပြုစုတော်မူသော ကျမ်းများမှာ - (၁) ဝိနည်းဋီကာ ကောက်နုတ်ရှင်းလင်းချက် (၃-တွဲ၊ ၄-အုပ်)၊ (၂) သီလက္ခန်ဋီကာသစ် ကောက်နုတ် ရှင်းလင်းချက်၊ (၃) သုတ်မဟာဝါဋီကာ ပို့ချစဉ်ရှင်းလင်းချက် (၂-တွဲ၊ ၂-အုပ်)၊ (၄) ပါထိကဝဂ္ဂဋီကာ ပို့ချစဉ် ရှင်းလင်းချက် (၂-တွဲ၊ ၂-အုပ်)၊ (၅) ဓမ္မသင်္ဂဏီ မူလဋီကာပို့ချစဉ် ရှင်းလင်းချက်၊ (၆) ဝိဘင်္ဂမူလဋီကာပို့ချစဉ် ရှင်းလင်းချက်။

(၇) ပဥ္စပကရဏ မူလဋီကာပို့ချစဉ် ရှင်းလင်းချက်။ (၈) တိပိဋကံ ပါရမီတော် စသည်တို့ဖြစ်ကြောင်း သိရှိရပါသည်။

(ကျမ်းကိုး။ မောင်သုတ၊ သုတဗုဒ္ဓဝင်၊ သုတဗုဒ္ဓ မည်ရထင်ရှား တိပိဋကဓရ ဆရာတော်များ၏ ဘဝဖြစ်တော်စဉ်၊ စာ-၂၂၆၊ ၂၂၇၊ ၂၂၈၊ ၂၂၉၊ ၂၃၀၊ ၂၃၁၊ ၂၃၂၊ ၂၃၃၊ ၂၃၄၊ ၂၃၅၊ ၂၃၇၊ ၂၃၈၊ ၂၃၉၊ ၂၄၂၊ ၂၄၃၊ ၂၄၄၊ ၂၄၅၊ ၂၄၆။)

၂၀၀၆ ထို တိပိဋကဓရ ဆရာတော်ကြီး သီတင်းသုံးတော်မူသောကျောင်းမှာ တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ ဖြစ်ကြောင်း သိရှိရပါသည်။ (၂၀၀၆) ခုနှစ်က ပျံလွန်တော်မူပြီးဖြစ်သဖြင့် ဤဘဝ၊ ဤသံသရာတွင် ဆုံခဲ့၊ ကြုံခဲ့သော အခွင့်အရေးကြီး လက်လွတ်သွားကြရပါသည်။

(၁၉၈၄) ခုနှစ်တွင် အောင်မြင်တော်မူသော တိပိဋကဓရ သာသနာ့အာဇာနည်

ပဥ္စမ တိပိဋကဓရ ယောဆရာတော်ကြီး

# ဘဒ္ဒန္တသိရိန္ဒာဘိဝံသ

(၁၉၄၃ ဖွား - ယခု သက်ရှိထင်ရှား)





မှတ်ဉာဏ်ကောင်းပုံ၊ တီကျပုံမှာ ပြောမဆုံးပေါင် တောသုံးတောင်ဟု တင်စားရသော

စတုတ္ထတိပိဋကဓရဆရာတော် အရှင်သုမင်္ဂလာလင်္ကာရ ပေါ်ထွန်းတော်မူလာပြီး နောက် (၁၁) နှစ်ကြာသောအခါ မြန်မာနိုင်ငံ၌ ပဉ္စမမြောက် တိပိဋကဓရ ဆရာ တော်တစ်ပါး ပေါ်ထွန်းလာပြန်သည်။ ထိုဆရာတော်သည်ကား 'ယောဆရာတော်' ဟု လူသိများ ထင်ရှားသော ဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသပင် ဖြစ်လေသည်။

အရှင်သိရိန္ဒာဘိဝံသ (ယောဆရာတော်) ၏ ထေရုပ္ပတ္တိကို ရှာကြံရာတွင် ပြည်မြို့နယ်လုံးဆိုင်ရာ တိပိဋကဓရ အရှင်မြတ်လေးပါးအား ပူဇော်ရေးအဖွဲ့မှ ထုတ်ဝေသော တိပိဋကဓရ သာသနာ့အာဇာနည်လေးပါး၏ ထေရုပ္ပတ္တိအကျဉ်းနှင့် ချီးကျူးပူဇော်ပွဲ မှတ်တမ်း၊ (၁၉၇၈) ခု ဧပြီလ (၈) ရက်၊ စနေနေ့၊ စာအုပ်ပါးပါး ကလေးကို ဦးစွာပထမ ဖတ်ရှုရ၍ ဝမ်းမြောက်ဝမ်းသာ ရှိမိပါသည်။ ထိုပထမ အကြိမ်ထုတ်စာအုပ်ကလေးကို ရန်ကုန်မြို့၊ ရွှေဂုံတိုင်စာတိုက်၊ အာဇာနည် ဗိမာန်လမ်း၊ အရှင်ဦးတိလောကသာရက ထုတ်ဝေသည်ဟု ရေးသားထားပါသည်။ လှိုင်ရတနာပုံနှိပ်တိုက်၊ ရန်ကုန်မြို့တွင် ပုံနှိပ်ခြင်းဖြစ်သည်။ ထိုစာအုပ်တွင် တိပိဋကဓရ သာသနာ့အာဇာနည် (၄) ပါးသာ ပါရှိ၍ ဆက်လက် ရှာဖွေရပါသည်။ ၎င်းနောက် တိပိဋကဓရ ရွှေရတုစာစောင်၊ စာ-၅၈၊ ၅၉ တွင် ထေရုပ္ပတ္တိအကျဉ်းကို ထပ်မံတွေ့ရှိရသည်။ ထို့ထက် ပြည့်ဝစုံလင်စွာ တွေ့ရှိရသည်မှာ မောင်သုတ စုစည်းပူဇော်သည့် သုတဗုဒ္ဓ မည်ရထင်ရှား တိပိဋကဓရ ဆရာတော်များ၏ ဘဝ ဖြစ်တော်စဉ်၊ သုတဗုဒ္ဓဝင် ဖြစ်၏။ ရန်ကုန်တက္ကသိုလ် အငြိမ်းစားပါမောက္ခချုပ်၊ တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင်အေး ပြုစုရေးသားသည့် တိပိဋကဓရ သာသနာဝင် သမိုင်းမှတ်တမ်း သုတေသနကျမ်းသည်လည်း ကြီးစွာ သော အထောက်အပံ့ကို ပေးခဲ့ပါသည်။ ထိုစာအုပ်ကြီးကို (၂၀၀၆) ခုနှစ်၊ နိုဝင်ဘာလတွင် တက္ကသိုလ်များ ပုံနှိပ်တိုက်မှ ပထမအကြိမ် ရိုက်နှိပ်သည်ကို လေ့လာတွေ့ရှိရပါသည်။ ထိုစာအုပ်ကြီးတွင် ပါရှိသော အချက်အလက်များသည် မှတ်တမ်းဝင်၊ သမိုင်းဝင်၊ ဂန္ထဝင်မြောက် ခေတ်ပြိုင်မှတ်တမ်းများ ဖြစ်ပါသည်။ ထိုမှတ်တမ်းများကို ကောက်နုတ်လျက် အောက်ပါထေရုပ္ပတ္တိကို ရေးသားစီရင်ခြင်း ဖြစ်ပါသည်။

၁၉၄၃ ယောဆရာတော်သည် လက်ပံရွာသား ဖြစ်၏။ ဂန့်ဂေါမြို့နယ်တွင် ရှိ၏။ မကွေးတိုင်းဒေသကြီးအပါအဝင် ဖြစ်၏။ ခမည်းတော်မှာ ဦးရဲနိုင် ဖြစ်၏။ မယ်တော်မှာ ဒေါ်တုတ်ခိုင်ဖြစ်၏။ (၁၉၄၃) ခုနှစ်၊ မတ်လ၊ (၂၆) ရက် သောကြာနေ့တွင် ဖွားမြင်၏။ မွေးချင်း (၆) ဦးရှိ၏။ ငယ်မည် မောင်သာမောင် ဟု ခေါ်လေ၏။

၁၉၅၇ (၁၄) နှစ်သားအရွယ်တွင် စတုတ္ထတန်းအောင်၏။ ၎င်းနောက် ကိုရင်အဖြစ်သို့ ရောက်ရှိ၏။ ဆရာတော် ဦးတိဿကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ပထမအကြိမ် ရှင်သာမဏေပြုခဲ့၏။ သာသနာ့ဘောင်မှာလည်း ပျော်ပိုက်ပါ၏။ သို့သော်လည်း မိဘတို့က စိုးရိမ်ကြ၏။ ထို့ကြောင့် ပညာရေး နှောင့်နှေးမည်စိုးသဖြင့် ကိုရင်ဘဝတစ်လခန့်နေပြီး လူဝတ်လဲစေ၏။

၁၉၅၉ ၎င်းနောက် ဂန့်ဂေါမြို့နယ်၊ ကန်ရွာ အစိုးရအထက်တန်းကျောင်းသို့ ပြောင်းရွှေ့ အပ်နှံကြ၏။ (၁၉၅၉) ခုနှစ်တွင် ထိုကျောင်းမှပင် သတ္တမတန်း အောင်မြင်ခဲ့၏။

၁၉၆၀ (၁၈) နှစ်သားအရွယ်ရောက်သောအခါ ကိုရင်ဝတ်ပြန်၏။ ဒုတိယအကြိမ် ဖြစ်၏။ ဂန့်ဂေါမြို့နယ်၊ ကန်တောရကျောင်းတိုက် ပထမဆရာတော်ကြီး ဦးကေတုကို ဥပဇ္ဈာယ်ပြု၍ မိဘဘိုးဘွားများ၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ဒုတိယအကြိမ်မြောက် သာသနာ့ဘောင် ဝင်ရောက်ခဲ့ခြင်း ဖြစ်သည်။ ရှင်ဘွဲ့တော်မှာ ရှင်သီရိန္ဒ ဖြစ်၏။

၁၉၆၂ (၁၉၆၂) ခုနှစ်၊ မေလ (၂၆) ရက်၊ စနေနေ့တွင် ကန်တောရကျောင်းတိုက်၊ ခဏ္ဍသိမ်တော်၌ ကန်တောရကျောင်းတိုက် တတိယဆရာတော်ကြီး ဦးဝိသုတကို ဥပဇ္ဈာယ်ပြု၍ မိဘဘိုးဘွားများ၏ ပစ္စယာနုဂ္ဂဟကိုပင် ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

၁၉၆၂ ထူးခြားသောအချက်မှာ အရှင်သီရိန္ဒမှာမူ ရဟန်းဖြစ်ပြီးမှ ပထမငယ်တန်းကို ဝင်ရောက်ဖို့ကြိုးစားခြင်း ဖြစ်၏။

၁၉၆၂ (၁၉၆၂) ခုနှစ်တွင် ပထမငယ်တန်း အောင်၏။

၁၉၆၃ (၁၉၆၃) ခုနှစ်တွင် ပထမလတ်တန်း အောင်၏။

၁၉၆၄ (၁၉၆၄) ခုနှစ်တွင် ပထမကြီးတန်း အောင်၏။ ဆက်တိုက်ပင် အောင်မြင်ခြင်း ဖြစ်၏။

၁၉၆၅ အရှင်သိရိန္ဒသည် (၁၉၆၅) ခုနှစ်တွင် ဓမ္မာစရိယစာချတန်းကိုလည်း ဆက်တိုက်ပင် ဖြေဆိုခဲ့ရာ ကျမ်းရင်းသုံးကျမ်းအနက် ပါရာဇိကဏ်နှင့် အဋ္ဌသာလိနီတို့ကို အောင်မြင်ခဲ့၏။

၁၉၆၆ (၁၉၆၆) ခုနှစ် စာမေးပွဲတွင် ဆက်လက်ဖြေဆိုရာ ပါစိတျာဒိ ပါဠိဂုဏ်ထူးဆောင်ကျမ်းကို အောင်မြင်ခဲ့၏။

ထူးခြားသောအချက်မှာ တိပိဋကဓရ ယောဆရာတော်ဟု ကျော်ကြားလာမည့် အရှင်သိရိန္ဒမှာမူ ကျမ်းရင်းသုံးကျမ်း မအောင်မြင်သေးမီ ဂုဏ်ထူးတန်းကျမ်းကို အရင်စောစောကတည်းက အောင်မြင်ထားခြင်းဖြစ်သည်ကို တွေ့ကြရ၏။ ဤသည်မှာလည်း ထူးဆန်းအံ့ဖွယ်တစ်ခုဖြစ်၏။ အောင်သည့်အခါမှာလည်း တစ်နိုင်ငံလုံး အမှတ်အများဆုံးဖြင့် အောင်မြင်ခြင်း ဖြစ်၏။ ထို့ကြောင့်လည်း သာသနဓဇ ဓမ္မာစရိယ အဂ္ဂမဟာအကျော်ဘွဲ့ကို ရရှိတော်မူခဲ့သည်ဟု မှတ်တမ်းတွင် တွေ့ရှိရပါသည်။ ယခင်နှစ်ကပင် ပါဠိဂုဏ်ထူးတန်းကို အောင်မြင်ထားခဲ့ပြီးဖြစ်ကြောင်း ဝိနယ ပါဠိ ပါရဂူဘွဲ့ကိုလည်း ရရှိတော်မူခဲ့ကြောင်း သိရှိရပါသည်။

၁၉၆၉ (၁၉၆၉) ခုနှစ်သို့ ရောက်သောအခါ လုပ်စရာ ရှိသေး၏။ ထိုကိစ္စမှာ အခြားမဟုတ်။ မပြီးပြတ်သေးသော သကျသီဟစာချတန်းအတွက် ကြိုးစားရင်း စာပေပို့ချရင်း ဝိနည်းငါးကျမ်းကို ဝင်ရောက်အာဂုံပြန်ဆိုခဲ့ခြင်း ဖြစ်၏။ သို့သော်လည်း ထိုသို့ ဝင်ရောက်ဖြေဆိုသည်မှာ အစမ်းသဘော ဝင်ရောက်ကြည့်ခြင်းဖြစ်၏ဟု သိရပါသည်။ သို့သော်လည်း ထိုစဉ်က စာမေးပွဲ အောင်မြင်မှု မရရှိခဲ့ချေ။

၁၉၇၀ (၁၉၇၀) ခုနှစ်သို့ ရောက်သောအခါတွင်ကား တိပိဋကရေစာမေးပွဲကြီးကို ဝင်ရောက်ဖြေဆိုတော်မူပါသည်။ ဦးစွာပထမအားဖြင့် ဝိနယပိဋက ဝိနည်းငါးကျမ်းကို အာဂုံပြန်ဆို အောင်မြင်ခဲ့၏။ ထိုအခါ ရေးဖြေစာမေးပွဲကို ဆက်လက်ဖြေဆိုပြန်၏။ သဘောရေးဖြေကိုလည်း ဆက်လက်ဖြေဆို အောင်မြင်တော်မူပြန်၏။ ဝိနယဓရ ဝိနယကောဝိဒ ဘွဲ့တံဆိပ်တော် လက်ခံရရှိတော်မူ၏။ ပိဋကတ် တစ်ပုံ အောင်ပုဂ္ဂိုလ် ဖြစ်လာ၏။ ထိုအခါ ပိဋကတ်တစ်ပုံဆောင် ပုဂ္ဂိုလ်တို့၏ အစဉ်အလာ အရ အဆောင်အယောင်များကို ခံယူရရှိတော်မူခဲ့သည်။

၁၉၇၀ ထိုနှစ်မှာပင် သကျသီဟ စာချတန်းကိုလည်း အောင်မြင်ခဲ့၏။ တိပိဋကရေ စာမေးပွဲကြီးကိုလည်း အောင်မြင်တော်မူခဲ့၏။ တစ်နှစ်တည်းမှာပင် ထူးထူးဆန်းဆန်း တိုက်တိုက်ဆိုင်ဆိုင် အောင်မြင်မှုနှစ်ခု ရရှိခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၁၉၇၁ (၁၉၇၁) ခုနှစ်တွင်ကား အဘိဓမ္မာရှေ့ပိုင်းငါးကျမ်းကို အာဂုံပြန်ဆိုအောင်မြင်ကြောင်း တွေ့ရှိရပါသည်။

၁၉၇၂ (၁၉၇၂) ခုနှစ်၊ အစိုးရဓမ္မာစရိယ စာမေးပွဲတွင် ပဋ္ဌိသမ္ဘိဒါမဂ် ပါဠိဂုဏ်ထူးဆောင်ကျမ်းကို ဖြေဆိုအောင်မြင်တော်မူပြန်၏။ ဤသည်မှာလည်း ထူးခြားချက် ဖြစ်၏။ ထို့ကြောင့်ပင်လျှင် ထပ်ဆင့်ပါဠိပါရဂူ ဖြစ်သည့် 'ပဋိသမ္ဘိဒါမဂ္ဂ ပါဠိပါရဂူ' ဘွဲ့ကို ရရှိတော်မူခဲ့ပါသည်။

၁၉၇၃ တစ်ဖန် (၁၉၇၃) ခုနှစ်တွင် ဝိဘင်္ဂါဒိ မြန်မာဂုဏ်ထူးဆောင်ကျမ်းကို ဖြေဆို အောင်မြင်ပြန်၏။ 'သိရိပဝရ ဓမ္မာစရိယ' ဘွဲ့ကို ရရှိတော်မူပြန်၏။

၁၉၇၄ (၁၉၇၄) ခုနှစ်တွင်ကား အဘိဓမ္မာရှေ့ပိုင်းငါးကျမ်း သဘောရေးဖြေကို ဖြေဆို အောင်မြင်ခဲ့ပြန်၏။

၁၉၇၅ သို့သော်လည်း (၁၉၇၅) ခုနှစ်တွင်ကား စာမေးပွဲဖြေဆိုသည်ကို မတွေ့ရချေ။

၁၉၇၆ (၁၉၇၆) ခုနှစ်သို့ ရောက်သောအခါတွင်ကား အဘိဓမ္မာ နောက်ပိုင်း၊ ယမိုက်၊ ပဋ္ဌာန်း ပါဠိတော်ကြီးများကို အာဂုံသဘောရေးဖြေ နှစ်ရပ်စလုံး အောင်မြင်သဖြင့် အာဘိဓမ္မိက အဘိဓမ္မကောဝိဒ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ရရှိခဲ့၏။ ပိဋကတ်နှစ်ပုံအောင်ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်အဖြစ်သို့ ရောက်ရှိတော်မူသည်။ ထို့ကြောင့်ပင် ပိဋကတ်နှစ်ပုံဆောင် အဆောင်အယောင်များကို နိုင်ငံတော်က ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

၁၉၇၈ (၁၉၇၈) ခုနှစ်တွင် သုတ္တန်ပိဋက ဒီဃနိကာယ်သုံးကျမ်းကို အာဂုံပြန်ဆိုအောင်မြင်ခဲ့ပြန်၏။ ထို့ကြောင့် ဒီဃဘာဏကဘွဲ့ ရရှိတော်မူပြန်၏။

ဤသို့ဖြင့် ခက်ခဲ နက်နဲလှစွာသော ပိဋကတ်သုံးပုံလုံးကို အာဂုံပြန်ဆိုအောင်မြင်ပြီးစီးခဲ့ပြီဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ထို့ကြောင့်ပင် တိပိဋကဓရဘွဲ့တံဆိပ်တော်ကိုပါ ခံယူရရှိတော်မူခဲ့လေ၏။

သက်တော် (၄၂) နှစ်ရှိ ယောဆရာတော်ကြီးသည် သင်ရိုးပိဋကတ်သုံးပုံလုံးကို အာဂုံရော၊ သဘောရေးဖြေပါ အကုန်အစင် ပြီးစီးအောင်မြင်တော်မူပြီဖြစ်သဖြင့် တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်၊ အောင်လက်မှတ်နှင့် အရိုးဝါ ကနက္ကဒဏ် ထီးဖြူတော်သုံးလက် တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်၊ နောက်ပါ တပည့်နှစ်ဦးနှင့်အတူ ကုန်း၊ ရေ၊ လေ သုံးဌာန အခမဲ့အထက်တန်းခရီးသွားလက်မှတ်၊ လစဉ် ဆွမ်းဆန်တော် ၁၅၀/- တို့ကို အလှူခံရရှိတော်မူသည်။

ဤသို့ဖြင့်ပင် (၂၀) ရာစုအတွင်းမှာ ထူးထူးခြားခြား ပေါ်ပေါက်တော်မူသော တိပိဋကဓရ သာသနာ့အာဇာနည်များစာရင်းတွင် တိပိဋကဓရ (၁) ပါး ပေါ်ထွန်းပွင့်ပေါ်လာခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

၁၉၇၅ ယောဆရာတော်သည် သက်သတ်လွတ်ဘုဉ်းပေးကြောင်း တွေ့ရှိရပါသည်။ အကြောင်းပြချက်မှာလည်း ရိုးရိုးရှင်းရှင်းပင် ဖြစ်ပါသည်။ မိမိသည် ကျန်းမာရေးကြောင့် ဘုဉ်းပေးခြင်းဖြစ်သည်ဟု ဆိုပါ၏။

၁၉၇၅ ယောဆရာတော်သည် (၁၉၇၅) ခုနှစ်မှစ၍ ကျန်းမာရေးအကြောင်းပြု၍ သားငါး စားသောက်ခြင်းမှ ရှောင်ကြဉ်ကာ သက်သတ် လွတ်သာ ဘုဉ်းပေးခဲ့သည်။ ထိုသို့ ဘုဉ်းပေးသဖြင့် အချို့ရောဂါများ လုံးဝပျောက်ကင်းခြင်း၊ စိတ်ကြည်လင် ခြင်း၊ သွေးသားစင်ကြယ်၍ ကျန်းမာခြင်း၊ အစားအသောက်တာဝန်ပေါ့ပါးခြင်း စသော ကောင်းကျိုးများ ရရှိခဲ့ပေသည်ဟု မှတ်တမ်းအရ သိရှိရပါသည်။

ယောဆရာတော်သည် တိပိဋကဓရ ဆရာတော်ကြီးဖြစ်သော်လည်း အများပြည်သူ တို့က ရိုသေမြတ်နိုးစွာဖြင့်ပင် ယောဆရာတော်ကြီးဟု ခေါ်ဆိုကြပါသည်။ ယော ဆရာတော်ဟု ဆိုလိုက်လျှင်ပင် ထိုယောဆရာတော် ဆိုသည်ကား အခြားမဟုတ်။ တိပိဋကဓရ ယောဆရာတော် အရှင်သိရိန္ဒာဘိဝံသ ဖြစ်ကြောင်း အားလုံးက သိရှိပြီး ဖြစ်ပါသည်။ ဆရာတော်၏ သာသနာပြုလုပ်ငန်းများမှာလည်း ရပ်ဝေး၊ ရပ်နီး ကျယ်ပြန့်လှပါသည်။ တောင်ပေါ်မြေအောက်မကျန် ပျံ့နှံ့နေပါသည်။

ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေးအတွက် ကလေးမြို့၌ သံဃာ (၂၀၀) ခန့်ရှိ မဟာဝိသုဒ္ဓါရုံတိုက်သစ်ကို တည်ထောင်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ ၎င်းအပြင် သံဃာ (၁၀၀) ကျော်ရှိ တောင်ဖီလာတောရ စာသင်တိုက်ကို တည်ထောင်ကြောင်းလည်း လေ့လာတွေ့ရှိရပါသည်။ ၎င်းအပြင် ရန်ကုန်တိုင်း ဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ (၄၂) ရပ်ကွက်တွင်လည်း ထေရဝါဒ ဓမ္မရောင်ခြည်စာသင်တိုက်ကို တည်ထောင် ဖွင့်လှစ်တော်မူထားကြောင်း လေ့လာ တွေ့ရှိရပါသည်။ အခြား အခြား ကျွန်ုပ်တို့ လက်လှမ်းမမီ၍ မသိသည်များလည်း အများအပြား ရှိပါသေးသည်။

ယောဆရာတော်သည် မိမိ၏ဇာတိရပ်ရွာကို မမေ့ချေ။ ထို့ကြောင့်လည်း မိမိ စွမ်းအားရှိသမျှ စွမ်းဆောင်ခဲ့ကြောင်း တွေ့ရှိရသည်။ မိမိဇာတိရွာကို ကျေးဇူးဆပ် သူ ဟူသော စကားကို သုံးလျှင် သင့်တော်မည်လား မသိပါ။ ဆရာတော်၏ ဇာတိရပ်ရွာမှာ လက်ပံရွာဖြစ်ကြောင်း ဆိုခဲ့ပြီးဖြစ်ပါသည်။

မိမိဖွားရာဇာတိ လက်ပံရွာ၌ စေတီတည် ဘုန်းတော်ကြီးကျောင်းလည်း ဆောက်၏။ ဓမ္မာရုံလည်း ဆောက်၏။ ဆေးရုံကြီးလည်း ဆောက်၏။ တံတိုင်းလည်း လှူ၏။ ရေတွင်းလည်း လှူ၏။ စာကြည့်တိုက်လည်း လှူ၏။ မီးစက်လည်း လှူ၏။ အလယ်တန်းကျောင်း (၂) ထပ် စာသင်ဆောင်ကြီး (၂) ဆောင်လည်း လှူ၏။ ၎င်းအပြင် သင်ထောက်ကူပြုပစ္စည်းများလည်း လှူဒါန်းခဲ့သေး၏။ မိမိကျောင်းသားဘဝက ပညာသင်ခဲ့ရာ ဇာတိဖြစ်သော ကန်ရွာတွင်လည်း အထက်တန်းကျောင်း၌ စာသင်ကျောင်းဆောင်ကြီးနှင့်တကွ လိုအပ်သည်များကို ကူညီဖြည့်ဆည်း လှူဒါန်းခဲ့သေးကြောင်း သိရှိရပါသည်။ ကန်ရွာ၌ လိုအပ်နေသော တိုက်နယ်ဆေးရုံသစ်ကြီးကိုလည်း လှူခဲ့သေး၏။ ဆေးရုံသပ်သပ်ပင် မဟုတ်သေး၊ ခွဲစိပ်ကိရိယာများနှင့်တကွ လိုအပ်သည့် အတွင်းပစ္စည်းများကို ဆောက်လုပ်လှူဒါန်းခဲ့သေးကြောင်း သိရှိရပါသည်။

၎င်းအပြင် ဆရာတော်၏ အလှူဒါနခန်းတွင် မှတ်သားဖွယ်ရာများ ရှိပါသေးသည်။ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် သံတော်ဆင့်ကျောင်း၌ သိပ္ပါလယ (၄) ထပ် ဆွမ်းစားကျောင်းဆောင်ကိုလည်း လှူခဲ့သေး၏။ မိမိ၏ (၆၆) နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ်အဖြစ်ဖြင့် ပြုလုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

မိမိသာမဏေဘဝက ပညာသင်ကြားခဲ့ရာဖြစ်သော ကန်တောရကျောင်းတိုက်၌လည်း ပိဋကတိုက်နှင့် လိုအပ်သည်များ လှူဒါန်းခြင်း ပြုခဲ့ပါသေးသည်။ ၎င်းအပြင် ကန်ရွာအနောက်ကျောင်း ကျေးဇူးရှင် ဘဒ္ဒန္တသာကိန္ဒ သီတင်းသုံးရန် စိန်ရတုကျောင်းဆောင်ကိုလည်း ဆောက်လုပ်လှူဒါန်းခဲ့သေးကြောင်း သိရှိရပါသည်။ ယောနယ်အသင်း ယောဓမ္မာရုံကိုလည်း ဆောက်လုပ်လှူဒါန်းခဲ့ပါသေးသည်။ ကုသိုလ်ကောင်းမှုများ ပြုလုပ်ခဲ့သည်။

မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် နှစ် (၁၀၀) ပြည့်ပွဲတော်ကိုလည်း ကျင်းပခဲ့သေး၏။ ဂန့်ဂေါမြို့ ကန်တောရ ကျောင်းတိုက်၊ နှစ် (၁၀၀) ပြည့်ပွဲတော်ကိုလည်း ကျင်းပခဲ့သေး၏။ ၎င်းအပြင် မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်၊ နှစ် (၁၀၀) ပြည့်ပွဲတော်ကိုလည်း ကျင်းပခဲ့သေး၏။ ၎င်းအပြင် ဗဟန်း မဟာဝိသုဒ္ဓါရုံတိုက်သစ်

တိုက်တည်ဆရာတော်ကြီး၏ သက်တော် (၁၀၀) ပြည့်နှင့် ကျောင်းတိုက်တည် နှစ် (၅၀) ပြည့် ရွှေရတုပွဲကိုလည်း ကျင်းပခဲ့သေး၏။ ၎င်းအပြင် ရွှေကျင်သာသနာပိုင် ဝါဆိုဆရာတော်ကြီး၏ သက်တော် (၉၀) ပြည့် နဝရတ်ရတုပွဲတော်ကိုလည်း ကျင်းပခဲ့သေး၏။ ၎င်းအပြင် သံတော်ဆင့် ဆရာတော်၏ သက်တော် (၈၀) ပြည့် ပတ္တမြားရတုပွဲတော်ကိုလည်း ကျင်းပခဲ့သေး၏။ ၎င်းအပြင် ဆရာတော် ဘဒ္ဒန္တသာကိန္ဒ၏ သက်တော် (၇၅) နှစ်ပြည့် စိန်ရတုပွဲတော်ကိုလည်း ကျင်းပခဲ့သေး၏။ ၎င်းအပြင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယကချုပ်ဆရာတော် ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ၏ သက်တော် (၇၅) နှစ်ပြည့် စိန်ရတုပွဲတော်ကိုလည်း ကျင်းပခဲ့သေး၏။ မယ်တော် ဒေါ်တုတ်ခိုင်၏ အသက် (၈၀) ပြည့် ပတ္တမြားရတုပွဲတော်ကိုလည်း ကျင်းပခဲ့သေး၏။ ၎င်းအပြင် မိမိ၏ သက်န်းသက် နှစ် (၅၀) ပြည့် ရွှေရတုပွဲ (၈) ပွဲကိုလည်း ကျင်းပခဲ့သေး၏။ ၎င်းအပြင် တိပိဋကဓရဘွဲ့ရ (၂၅) နှစ်ပြည့် ငွေရတုပွဲ (၅) ပွဲကိုလည်း ကျင်းပခဲ့သေး၏။ ဤသို့အားဖြင့် ဒါန အရာတွင် မှတ်သားစရာများ များစွာတွေ့ရှိရပါသေးသည်။

ဆရာတော်ကြီး၏ သာသနာပြုလုပ်ငန်းများတွင် စာအုပ်များ၊ တရားခွေများလည်း ပါဝင်နေကြောင်းကို မှတ်တမ်းတင်ရမည် ဖြစ်ပါသည်။

ယောဆရာတော်ကြီးသည် ဓမ္မလက်ဆောင်စာအုပ်ငယ် အမျိုး (၆၀) ကျော်ကို ရေးသား၍ အခမဲ့ရိုက်နှိပ်ဖြန့်ဝေ လှူဒါန်းခဲ့ကြောင်း စုံစမ်းသိရှိရပါသည်။ ၎င်းအပြင် မိမိ၏ ဟောတရားခွေများကိုလည်း စာအုပ်အဖြစ်သို့ပြောင်းလဲ၍ စာအုပ်အမျိုးပေါင်း (၃၀) ကျော် ရိုက်နှိပ် လှူဒါန်းခဲ့ကြောင်းလည်း လေ့လာတွေ့ရှိရပါသည်။ ၎င်းအပြင် အများအတွက် ဓမ္မာစရိယလမ်းပြကျမ်းကိုလည်း ရေးသားပြုစုတော်မူခဲ့ကြောင်း တွေ့ရှိရပါသည်။

၁၉၈၉ ယောဆရာတော်ကြီးကို (၁၉၈၉) ခုနှစ်တွင် နိုင်ငံတော်အစိုးရက အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့သည်။

ယောဆရာတော်ကြီးနှင့် စပ်လျဉ်း၍ ထူးထူးခြားခြား ပေါ်ပေါက်ခဲ့သော တိပိဋကဓရ သာသနာ့အာဇာနည် ရဟန်းထူး ဖြစ်ပေသောကြောင့် နောင်လာ နောက်သားများအတွက်သော် လည်းကောင်း၊ နောင် ပေါ်ထွန်းလတ္တံ့သော တိပိဋကဓရလောင်းလျာများအတွက်သော် လည်းကောင်း မှတ်သားစရာစကား များကိုလည်း တင်ပြမှသင့်တော်မည် ထင်ပါသည်။

ယောဆရာတော်သည် ငယ်စဉ်မှစ၍ ဘဝတစ်လျှောက်လုံး စာကျက်လျှင် အသံမထွက်ပဲ စာကျက်တတ်သည်ဟု သိရှိရပါသည်။ အော်ကျယ်၊ အော်ကျယ် ကျက်သည့် အလေ့အထ မရှိကြောင်း သတိထားစရာ ဖြစ်ပါသည်။

သို့သော်လည်း အခြား အချက်တစ်ချက် တွေ့ရပြန်ပါသည်။ ခက်ခဲသည့် ဂဏန်း သင်္ချာ သရုပ် စသည်တို့ ပါရှိလာလျှင် လက်ချောင်းကလေးများကိုချိုး၍ ချိုး၍ ရအောင်မှတ်တတ်သည်ဟု သိရှိရပါသည်။

၎င်းအပြင် မှတ်သားစရာတစ်ချက် ရှိပါသေးသည်။ ထိုအချက်မှာ အခြားမဟုတ်။ အသံတိတ်မှတ်၍ မရတော့ဘူးဆိုမှသာ အသံထွက်၍ မှတ်သည်ဟု သိရှိရပါသည်။ အသံထွက်သည့်အခါလည်း ခပ်တိုးတိုးသာ ထွက်သည်။ အများစုကို စိတ်ဖြင့်သာ မှတ်သည်ဟု မှတ်သားစရာ သိရှိရပါသည်။

ထူးဆန်းသော အတွေ့အကြုံတစ်ခုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။
ယောဆရာတော်သည် အမည်နာမများကို တစ်ကြိမ်ကြားမိလျှင် တစ်သက်လုံး မှတ်မိသည်ဟု ဆိုရပါမည်။ အဘယ့်ကြောင့်ဆိုသော် ရဟန်းရှင်လူ အများစုကိုပါ တစ်ကြိမ်တစ်ခါ မှတ်သားထားပြီးလျှင် နှစ်ပေါင်းများစွာ ကြာသည်အထိ မမေ့ ပျောက်ပဲ တွေ့လိုက်သည်နှင့် နာမည်ကို တန်းခေါ်နိုင်သည်ဟု မှတ်မှတ်သားသား မှတ်တမ်းရှိပါသည်။

ယောဆရာတော်၏ မှတ်ဉာဏ်ကောင်းပုံ၊ တိကျပုံတို့မှာ ပြောမဆုံးပေါင် တောသုံးတောင် ဖြစ်ပါသည်။ ရိုးရိုးနှင့် ဆန်းပါသည်။ အကယ်၍များ တစ်ယောက်

ယောက်က 'ဆရာတော်ဘုရား အသက်တော် ဘယ်လောက်ရှိပါပြီလဲ ဘုရား'ဟု မေးလျှောက်လိုက်လျှင် '၆၇ နှစ်၊ ၅-လနှင့် ၁၁-ရက် ရှိပါပြီ' စသည်ဖြင့် တိတိကျကျ ဖြေကြားတော်မူနိုင်သည်။ ဤသည်မှာလည်း အံ့ဖွယ်တစ်ရပ် ဖြစ်ပါသည်။

ယောဆရာတော်၏ ပိဋကသုံးပုံ အာဂုံဆောင် ရေးဖြေအတွေ့အကြုံအရ ပြောပြရလျှင် ထိုကိစ္စကို မေးလျှောက်သောအခါ ဤသို့ အဖြေထွက်ပါသည်။ 'ဆရာတော် တစ်နေ့ စာဘယ်နှမျက်နှာအထိ ရအောင်ကျက်နိုင်ခဲ့ပါသလဲ ဘုရား' ဟု လျှောက်ထားကြည့်ရာတွင် 'ခက်ရင် ၈ မျက်နှာ၊ လွယ်ရင် ၁၅- မျက်နှာအထိ ရပါတယ်'ဟု ပြန်လည် ဖြေကြားတော်မူခဲ့ပေသည်။ မှတ်သားစရာ ဖြစ်ပါသည်။

(ကျမ်းကိုး။ မောင်သုတ၊ သုတဗုဒ္ဓဝင်၊ သုတဗုဒ္ဓ မည်ရထင်ရှား တိပိဋကဓရ ဆရာတော်များ၏ ဘဝ ဖြစ်တော်စဉ်၊ စာ-၂၅၅၊ ၂၅၆၊ ၂၅၇၊ ၂၅၈၊ ၂၅၉၊ ၂၆၀၊ ၂၆၁၊၂၆၂၊ ၂၆၄၊ ၂၆၅၊ ၂၆၆၊၂၆၇၊ ၂၆၉၊ ၂၇၁၊ ၂၇၄။)

ထို တိပိဋကဓရ ဆရာတော်ကြီး သီတင်းသုံးတော်မူသောကျောင်းမှာ မဟာဝိသုဒ္ဓါရုံ ပါဠိတက္ကသိုလ်၊ ရွှေကျင်ကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ ဖြစ်ကြောင်း သိရှိရပါသည်။ သက်ရှိ ထင်ရှားဖြစ်သဖြင့် သွားရောက်ဖူးမြော် နိုင်ပါသည်။

(၁၉၉၄) ခုနှစ်တွင် အောင်မြင်တော်မူသော တိပိဋကဓရ သာသနာ့အာဇာနည်

ဆဋ္ဌမ တိပိဋကဓရ ရေစကြိုဆရာတော်ကြီး

# ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ

(၁၉၅၅ ဖွား - ယခု သက်ရှိထင်ရှား)





မင်းကွန်းတိပိဋက ဆရာတော်သည် မီးခြစ်ဆံတစ်ဆံကို ခြစ်၍ ဂါထာတစ်ပုဒ်ကို ကျက်ပါက

အလွတ်ရသကဲ့သို့ မီးခြစ်ဆံတစ်ဆံကို ဂါထာတစ်ပုဒ် အလွတ်ရသော

ယောတိပိဋကဓရဆရာတော် ပေါ်ထွန်းပြီးသည့်နောက် (၉) နှစ်၊ (၁၀) နှစ်လုံးလုံး တိပိဋကဓရ ဆရာတော် တစ်ပါးပါး ပေါ်လင့်နိုးနိုး မျှော်လင့်သော်လည်း ပေါ်ထွန်းသည်ကို မတွေ့ရပါ။ ထိုအသံသည် နောက် (၁၀) နှစ်ကြာသောအခါ တစ်ပြည်လုံး ကြားရပါသည်။ ထိုကြားရချက်ကား အခြားမဟုတ်။ ဆဋ္ဌမတိပိဋကဓရ သာသနာ့ အာဇာနည် သူရဲကောင်းတစ်ပါး ပေါ်ထွန်းလာခြင်း ဖြစ်သည်။

ပဉ္စမတိပိဋကဓရ ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ ပေါ်ထွက်ပြီး၍ (၁၀) နှစ်တာမျှ ကြာသွားသောအခါ နိုင်ငံတော်တွင် (၆) ပါးမြောက် တိပိဋကဓရ ဆရာတော်တစ်ပါး ထပ်မံပေါ်ထွန်းလာပြန်သည်ဟု မှတ်တမ်းတင်ကြရပါသည်။ ထိုဆရာတော်ကား ရေစကြိုဆရာတော်ဟု လူသိများထင်ရှားသော ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသပင် ဖြစ်သည်။

အထက် အထက် အခါကာလများက ပထမတိပိဋကဓရ ဆရာတော်ကြီးသည် မင်းကွန်း ဓမ္မနာဒဆရာတော်ဖြစ်ကြောင်း တင်ပြခဲ့ပြီး ဖြစ်ပါသည်။ (မောင်ပန်းမွှေး၊ မြန်မာနိုင်ငံ ရဟန္တာနှင့်ရဟန်းထူးများ၊ ပထမတွဲ၊ တော်ဝင်မြို့မစာအုပ်တိုက်)

ပထမမင်းကွန်းဆရာတော် ပေါ်ပြီးနောက် တိပိဋကဓရ ဆရာတော်များ တစ်ပါးပြီးတစ်ပါး ပေါ်ထွန်းလာခဲ့သည်မှာ မြန်မာနိုင်ငံတော်ကြီး ကံကောင်းခြင်းပင် ဖြစ်ပါသည်။ သို့သော်လည်း ဆဋ္ဌမ တိပိဋကဓရဆရာတော် ပေါ်ထွန်းလာသောအခါတွင်ကား တိပိဋကဓရ အာဇာနည် သာသနာ့အကျော်အမော် ဆရာတော်ကြီးတို့ ဖြစ်ကြသော ပခုက္ကူဆရာတော်ကြီးနှင့်မင်းကွန်းဆရာတော်ကြီးတို့ နှစ်ပါးမှာ ဘဝနတ်ထံ ဝင်စံတော်မူသွားကြပြီဖြစ်၍ တိပိဋကဓရဆရာတော် (၃) ပါးသာ သက်ရှိထင်ရှား ရှိကြတော့ချိန် ဖြစ်သည်။

ဆဋ္ဌမ တိပိဋကဓရ ရေစကြိုဆရာတော်သည် ပထမမင်းကွန်းဆရာတော်ကြီး တည်ထောင်ထားသည့် ကျောင်းတော်ကြီးမှ ထွက်ပေါ်လာသည့် ရဟန်းထူး၊ ရဟန်းမြတ် ဖြစ်ပါသည်။ ထိုအချက်ကို မှတ်တမ်းတို့တွင် ထင်ထင်ရှားရှား ဖော်ပြကြပါသည်။ မင်းကွန်းဆရာတော်ကြီး တည်ထောင်ထားသည့် တိပိဋကနိကာယ ကျောင်းတိုက်ကြီးမှ အောင်မြင်ခဲ့ခြင်းဖြစ်သည်ဟု တွေ့ရှိရပါသည်။

အရှင်ဝါယာမိန္ဒာဘိဝံသ၏ ထေရုပ္ပတ္တိကို ရှာကြံရာတွင် ပြည်မြို့နယ်လုံးဆိုင်ရာ တိပိဋကဓရ အရှင်မြတ်လေးပါးအား ပူဇော်ရေးအဖွဲ့မှ ထုတ်ဝေသော တိပိဋကဓရ သာသနာ့အာဇာနည်လေးပါး၏ ထေရုပ္ပတ္တိအကျဉ်းနှင့် ချီးကျူးပူဇော်ပွဲ မှတ်တမ်း၊ (၁၉၇၈) ခု၊ ဧပြီလ (၈) ရက်၊ စနေနေ့၊ စာအုပ်ပါးပါးကလေးကို ဦးစွာပထမ ဖတ်ရှုရ၍ ဝမ်းမြောက်ဝမ်းသာ ရှိမိပါသည်။ ထိုပထမအကြိမ်ထုတ်စာအုပ်ကလေး ကို ရန်ကုန်မြို့၊ ရွှေဂုံတိုင်စာတိုက်၊ အာဇာနည်ဗိမာန်လမ်း၊ အရှင်ဦးတိလောက သာရက ထုတ်ဝေသည်ဟု ရေးသားထားပါသည်။ လှိုင်ရတနာပုံနှိပ်တိုက်၊ ရန်ကုန်မြို့တွင် ပုံနှိပ်ခြင်းဖြစ်သည်။ ထိုစာစောင်တွင် တိပိဋကဓရ (၄) ပါးသာ ပါရှိပါသည်။ ထို့ကြောင့် ဆက်လက်ရှာဖွေရပြန်ပါသည်။ ၎င်းနောက် တိပိဋကဓရ ရွှေရတုစာစောင်၊ စာ-၇၄၊ ၇၅ တွင် ထေရုပ္ပတ္တိအကျဉ်းကို ထပ်မံတွေ့ရှိရသည်။ ထို့ထက် ပြည့်ဝစုံလင်စွာ တွေ့ရှိရသည်မှာ မောင်သုတ စုစည်းပူဇော်သည့် သုတဗုဒ္ဓ မည်ရထင်ရှား တိပိဋကဓရ ဆရာတော်များ၏ ဘဝဖြစ်တော်စဉ်၊ သုတ ဗုဒ္ဓဝင် ဖြစ်၏။ ရန်ကုန်တက္ကသိုလ် အငြိမ်းစားပါမောက္ခချုပ်၊ တရားရုံးချုပ် တရား သူကြီး ဒေါက်တာတင်အောင်အေး ပြုစုရေးသားသည့် တိပိဋကဓရ သာသနာဝင် သမိုင်းမှတ်တမ်း သုတေသနကျမ်းသည်လည်း ကြီးစွာသော အထောက်အပံ့ကို ပေးခဲ့ပါသည်။ ထိုစာအုပ်ကြီးကို (၂၀၀၆) ခုနှစ်၊ နိုဝင်ဘာလတွင် တက္ကသိုလ်များ ပုံနှိပ်တိုက်မှ ပထမအကြိမ် ရိုက်နှိပ်သည်ကို လေ့လာတွေ့ရှိရပါသည်။ ထိုစာအုပ်ကြီး တွင်ပါရှိသော အချက်အလက်များသည် မှတ်တမ်းဝင်၊ သမိုင်းဝင်၊ ဂန္ထဝင်မြောက် ခေတ်ပြိုင်မှတ်တမ်းများ ဖြစ်ပါသည်။ ထိုမှတ်တမ်းများကို ကောက်နုတ်လျက် အောက်ပါထေရုပ္ပတ္တိကို ရေးသားစီရင်ခြင်း ဖြစ်ပါသည်။

၁၉၅၅ တိပိဋကဓရ ရေစကြိုဆရာတော်မှာလည်း ရွှေကျောင်းရွာ ဇာတိဖြစ်ပါသည်။ ရေစကြိုမြို့နယ်တွင် ရှိပါသည်။ မကွေးတိုင်းဒေသကြီးတွင် ပါဝင်ပါသည်။ ထို့ကြောင့်ပင် ဘွဲ့တော်တွေ၊ ဘာတွေ အထွေအထူး ခေါ်မနေတော့ပဲ ကြည်ညို သော ပြည်သူပြည်သားတို့က ရေစကြိုတိပိဋကဓရ ဆရာတော်ဟုပင် ခေါ်ဝေါ် ခဲ့ကြပါသည်။

ရေစကြိုဆရာတော်ကြီးကို မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ရွှေကျောင်းရွာ၊ တွင် ဖွားမြင်ခဲ့၏။ ခမည်းတော်မှာ ဦးဘရီ ဖြစ်၏။ မယ်တော်မှာ ဒေါ်အုံးဖြစ်၏။ (၁၉၅၅) ခုနှစ်၊ မတ်လ (၁၆) ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်ခဲ့၏။ မွေးချင်း ညီအစ်ကို နှစ်ဦးရှိ၏။အငယ်ဖြစ်၏။ ငယ်မည်မှာ မောင်လှထွန်းဖြစ်၏။

ဖခင်ဖြစ်သူ ဦးဘရီသည် မောင်လှထွန်းမွေးပြီး (၄) ရက်အကြာတွင် ကွယ်လွန်သွားခဲ့ကြောင်း တွေ့ရှိရပါသည်။ ထိုအခါ မောင်လှထွန်းမှာ မိခင်သာ ကျန်ပါတော့သည်။ ထိုမိခင် ဒေါ်အုံးမှာလည်း မောင်လှထွန်း (၆) နှစ်သားအရွယ်ရောက်သော အခါ ကွယ်လွန်သွားပြန်ပါသည်။ ထိုအခါ မောင်လှထွန်းသည် ငယ်စဉ်ကပင် အမိမဲ့သား ဖြစ်ခဲ့၏။ အဖမဲ့သား ဖြစ်ခဲ့၏။

၁၉၆၆ သို့သော်လည်း တောက်မည့်မီးခဲ တရဲရဲဖြစ်၍ မည်သို့မှ ဖိနှိပ်ထား၍မရချေ။ ပိဋကတ်သုံးပုံ အာဂုံဆောင်မည့်ပုဂ္ဂိုလ်ဖြစ်သဖြင့် နတ်မသည်ဟုပြောလျှင် မည်သို့ ထင်မည် မသိချေ။ အဘယ်ကြောင့်ဆိုသော် မောင်လှထွန်းတို့ညီအစ်ကိုကို ဖခင်၏ အမေဖြစ်သူ အဘွားက ခေါ်ယူစောင့်ရှောက်ထားခဲ့သောကြောင့် ဖြစ်ပါသည်။ သို့သော်လည်း ထူးဆန်းသောအချက်မှာ ထိုသို့ စောင့်ရှောက်ခဲ့သော ထိုအဘွားမှာလည်း မောင်လှထွန်း (၁၂) နှစ်သားအရွယ်တွင် ကွယ်လွန်သွားခဲ့ခြင်း ဖြစ်ပါသည်။

သာမန်အားဖြင့်ဆိုလျှင် ထိုသို့သော အမိမဲ့သား၊ အဖမဲ့သား၊ အဘွားမဲ့မြေး တစ်ယောက်အနေဖြင့် တစ်နေ့သောအခါ ပိဋကတ်သုံးပုံ အာဂုံဆောင်မည့် ရဟန်းထူး၊ ရဟန်းမြတ် ဖြစ်လိမ့်မည်ဟူ၍ ဗေဒင်က ကြိုဟောခဲ့ပါလျှင် ထိုဗေဒင်ဆရာကို အများက ယုံကြည်ကြမည် မဟုတ်ချေ။ သို့သော်လည်း တကယ်အစစ်အမှန် ဖြစ်ရပ်ကို ရေစကြိုတိပိဋကဓရဆရာတော်က သက်သေခံလျက် ရှိပါသည်။

ဤသို့ဖြင့် ရေစကြိုတိပိဋကဓရ အလောင်းအလျာသည် (၁၃) နှစ်သားအရွယ်သို့ ရောက်ရှိလာခဲ့လေသည်။

၁၉၆၇ (၁၉၆၇) ခုနှစ်တွင် ရွှေကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ အဘွားဒေါ်ဉာဏ် အမှူးပြုသော ဒါယကာ၊ ဒါယိကာမများ၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေ အဖြစ်သို့ ရောက်ရှိခဲ့သည်။ ဘွဲ့တော်မှာ ရှင်ဝါယာမိန္ဒ ဖြစ်သည်။

ကိုယ်ချင်းစာကြည့်လျှင် စာအုပ်မရှိသူတစ်ယောက်သည် စာကို အဘယ်သို့ ကျက်ပါမည်နည်း။ စာအုပ်မရှိလျှင် စာမကျက်နိုင်ပါ။ ဤအဖြေသည် ရှင်းပါသည်။ သို့သော်လည်း ဤသို့ ကျက်စရာစာအုပ်မရှိသော ကလေးတစ်ယောက် ရှိခဲ့ဖူးပါသည်။ ထိုကလေးသည် နောင်သောအခါ ပိဋကတ်သုံးပုံ အာဂုံဆောင်သော ရဟန်းထူးဖြစ်လာသည်ဟု ဆိုလာသည်ဆိုလျှင် သင်သည် ယုံပါမည်လား။ ထိုဆရာတော်သည် အခြားမဟုတ်။ ရေစကြိုဆရာတော် ဖြစ်ပါသည်။ ထိုဆရာတော်၏ ငယ်စဉ်ဘဝကို ဤသို့ တွေ့ရပါသည်။

ဆရာတော်ကြီးသည် စာအုပ်ပင်မရှိသဖြင့် စာတတ်ဖို့ရာ အခက်ကြုံခဲ့ရ၏။ ဆွမ်း၊ ကွမ်း မပြည့်စုံသည်မှာ ထူးဆန်းလှသည် မဟုတ်ချေ။ စာသင်သားထုံးစံ လိုလို ဖြစ်နေ၏။ သို့သော် ထိုထုံးစံထက် ပိုလွန်သော ဖြစ်ရပ်များ ရှိခဲ့၏။ အကယ်၍ ပဲပြုတ်ဟင်းကလေးတစ်ခွက်ပင် မရဟု ဆိုလျှင် ယုံမည်လား မသိပါ။ တိပိဋကဓရ လောင်းလျာ ရေစကြိုဆရာတော်သည် ဤသို့ ကြုံခဲ့ဖူး၏။ ငယ်စဉ်အခါက ဖြစ်ပါသည်။ မိမိသည် အများနှင့်အတူ ဆွမ်းမစားရဲ၍ သီးသန့်ခွဲပြီး ဆွမ်းတစ်လုပ်၊ ထန်းလျက်တစ်ကိုက်၊ ရေတစ်ကျိုက်နှင့်ကြိတ်မှိတ်ကာ မျက်ရည် ကျခဲ့ရသည့်နေ့တွေလည်း ရှိခဲ့သည်ဟု ရင်နင့်ဖွယ်ရာ ဖတ်ရှုခဲ့ရပါသည်။ သို့သော် ထိုပုဂ္ဂိုလ်သည် ပိဋကတ်သုံးပုံ အာဂုံဆောင်ခဲ့သောအခါ အာဂလူဟု သတ်မှတ်ရပါတော့သည်။ အာဂုံဆောင်မှ အာဂလူ ဖြစ်သည်မဟုတ်ပါလော။

၁၉၆၉ ထိုသို့ မလျှော့သော ဇွဲသတ္တိဖြင့် ကြိုးစားခဲ့သည့်အတွက် ရေစကြိုတိပိဋကဓရ လောင်းလျာသည် လောကဓံမှုန်တိုင်းကြားကပင် (၁၉၆၉) ခုနှစ်တွင် ပထမငယ်တန်း အောင်ခဲ့၏။

၁၉၇၀ (၁၉၇၀) ခုနှစ်၊ (၁၅) နှစ်သားတွင် ပထမလတ်တန်း အောင်ခဲ့၏။

၁၉၇၁ (၁၉၇၁) ခုနှစ်၊ (၁၆) နှစ်သားတွင် ပထမကြီးတန်းတို့ကို ဆက်တိုက်အောင်မြင်ခဲ့၏။ ဤသို့ဖြင့် ယုံနိုင်စရာပင် မရှိချေ။

၁၉၇၂ (၁၉၇၂) ခုနှစ်၊ (၁၈) နှစ်သားအရွယ်ဝင်စမှာပင် ဓမ္မာစရိယ စာချတန်းသို့ ရောက်ရှိလာခဲ့လေသည်။

၁၉၇၂ သို့သော်လည်း လောကဓံသည် ညှာတာသည် မဟုတ်ချေ။ တိပိဋကဓရ လောင်းလျာသည် (၁၉၇၂) ခုနှစ်တွင် ဓမ္မာစရိယစာမေးပွဲ ဖြေဆိုခဲ့၏။ သို့သော်လည်း အောင်မြင်မှုမရခဲ့ပေ။

၁၉၇၃ (၁၉၇၃) ခုနှစ်တွင် ညောင်တုန်းမြို့၊ ရွှေဟင်္သာတောရကျောင်းတိုက်သို့ ပြောင်းရွှေ့ခဲ့ပြန်သည်။

ရေစကြိုတိပိဋကဓရလောင်းလျာ ရှင်ဝါယာမိန္ဒ ညောင်တုန်းမြို့၊ ရွှေဟင်္သာတောရသို့ ရောက်ခဲ့ပြန်၏။

ထိုနှစ်မှာပင် ထူးဆန်းသော တိုက်ဆိုင်မှုတစ်ခု ရှိ၏။ ထိုတိုက်ဆိုင်မှုမှာ အခြားမဟုတ်။ စတုတ္ထ တိပိဋကဓရဆရာတော် အရှင်သုမင်္ဂလာလင်္ကာရ ပိဋကတ်သုံးပုံအောင်မြင်ခဲ့သောကြောင့် ပူပူနွေးနွေးအောင်ခါစ တိပိဋကဓရ ဆရာတော်ကို ညောင်တုန်းသား သံအမတ်ကြီးဦးကြင်က ညောင်တုန်း မြို့သို့ ပင့်ဆောင်လာခဲ့ခြင်းဖြစ်၏။

စတုတ္ထတိပိဋကဓရ ဆရာတော်သည် ရွှေဟင်္သာတောရသို့လည်း ရောက်ရှိလာခဲ့သည်။ ဤသို့ဖြင့် စတုတ္ထ တိပိဋကဓရ ဆရာတော်၏ မိန့်ကြားသည်ကို တိပိဋကစာမေးပွဲအတွေ့အကြုံဩဝါဒများ မိန့်ကြားသည်ကို တိပိဋကဓရလောင်းလျာဖြစ်လာမည့် ရှင်ဝါယာမိန္ဒ နာကြား ခဲ့ရ၏။

"ငါလည်း တိပိဋကဓရ ဖြစ်အောင် ကြိုးစားအားထုတ်မည်"ဟု စိတ်ကူးများ ရလာသည်ဟု ဆို၏။ မှတ်တမ်းတွင် ဤသို့ တွေ့ရ၏။ ဤကား တိပိဋကဓရ ပုဂ္ဂိုလ်ထူး တစ်ဦး၏ စိတ်ကူးအစကို ခြေရာကောက်ခြင်း ဖြစ်၏။

၁၉၇၃ ရေစကြိုတိပိဋကဓရလောင်းလျာသည် (၁၉၇၃) ခုနှစ်တွင် အစိုးရဓမ္မာစရိယ စာမေးပွဲကို ဖြေဆိုခဲ့၏။ ကျမ်းရင်းသုံးကျမ်းလုံး ပြီးစီးအောင်မြင်ခဲ့၏။ ငယ်ငယ်က စာအုပ်မရှိခဲ့သော ထိုရှင်သူငယ်သည် ယခုအခါ တစ်နိုင်ငံလုံး အမှတ်အများဆုံး ရရှိသဖြင့် ဓမ္မာစရိယ အဂ္ဂမဟာအကျော် ဘွဲ့ကို ရရှိတော်မူသည်ဆိုလျှင် မယုံမဖြစ် ယုံရပေတော့မည်။

ထိုအချိန် တိပိဋကဓရ လောင်းလျာ ရေစကြိုဆရာတော် ရှင်ဝါယာမိန္ဒ၏ သက်တော်မှာ (၁၉) နှစ်သာ ရှိသေး၏။ အံ့စဖွယ် ဖြစ်၏။

သာသနာ့သမိုင်းတွင် ကိုရင်ဘဝဖြင့် ဓမ္မာစရိယ အဂ္ဂမဟာအကျော်ဘွဲ့ကို ရရှိသူမှာ (၄) ပါးသာ ရှိသေးသည်ဟု မှတ်တမ်းတွင် တွေ့ရှိရ၏။ ၎င်းတို့မှာ အောက်ပါအတိုင်း ဖြစ်၏။

(၁) ရှင်မင်္ဂလ၊ အရှေ့ လယ်တီတိုက်၊ မုံရွာဇာတိ ဖြစ်၏။ (၁၉၅၄)က ရခဲ့၏။ (၂) ရှင်ဝါယာမိန္ဒ၊ ရွှေဟင်္သာတောရ၊ ညောင်တုန်းဇာတိ ဖြစ်၏။ (၁၉၇၃)က ရခဲ့၏၊ (၃) ရှင်သဒ္ဓမ္မသိရီ၊ မိုးကောင်းတိုက်၊ မန္တလေးဇာတိ ဖြစ်၏။ (၁၉၈၈)က ရခဲ့၏။ (၄) ရှင်ဝိလာသာလင်္ကာရ၊ မဟာသုဗောဓာရုံ၊ စစ်ကိုင်းဇာတိ ဖြစ်၏။ (၁၉၈၉)က ရရှိခဲ့၏။

၁၉၇၄ ရေစကြိုတိပိဋကဓရလောင်းလျာသည် (၁၉၇၄) ခုနှစ်တွင် မဟာဝဂ္ဂါဒိ မြန်မာ ဂုဏ်ထူးတန်းကို အောင်မြင်ခဲ့၏။ သာသနဓဇ သိရိပဝရ ဓမ္မာစရိယ ဘွဲ့ကို ရရှိတော်မူခဲ့၏။ သို့သော် အထူးအဆန်း ရှိသေး၏။ စာဖြေတုန်းက ကိုရင်ဘဝနှင့် ဖြေဆိုခြင်း ဖြစ်၏။ အောင်စာရင်းထွက်သောအခါ ကိုရင်မဟုတ်တော့ချေ။ ဦးပဉ္စင်း ဖြစ်နေပြီ။ သို့သော် အောင်စာရင်း ထွက်သည့်အခါ ကိုရင်အမည်ဖြင့်ပင် အောင်စာရင်းထွက်လာ၏။

ယခုမှ ရေစကြိုတိပိဋကဓရလောင်းလျာသည် မြင့်မြတ်သောရဟန်းဘဝသို့ ရောက်၏။ ရောက်သောမှတ်တမ်းမှာ အောက်ပါအတိုင်း ဖြစ်၏။

၁၉၇၄ (၁၉၇၄) ခုနှစ်၊ ဒီဇင်ဘာလ (၈) ရက်၊ တနင်္ဂနွေနေ့တွင် ညောင်တုန်းမြို့နယ်၊ ဆားမလောက်ရွာ၊ ရွာလယ်ကျောင်း ခဏ္ဍသိမ်တော်၌ ရွာလယ်ကျောင်းဆရာတော် ဘဒ္ဒန္တဝိစာရကို ဥပဇ္ဈာယ်ပြုလျက် ဆားမလောက်ရွာ ကုန်သည် ဦးဖိုးဝ၊ ဒေါ်စိန်တင် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ် သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့၏။

၁၉၇၅ ရေစကြိုတိပိဋကဓရလောင်းလျာသည် ညောင်တုန်း ရွှေဟင်္သာတောရတွင် (၂) နှစ်မျှ သီတင်းသုံးခဲ့၏။ ထို့နောက် ဓမ္မာစရိယဘွဲ့များလည်း ရခဲ့၏။ ထို့နောက် (၁၉၇၅) ခုနှစ်တွင် ရေစကြိုသို့ ပြန်ကြွခဲ့၏။

ထိုအခါ ထူးဆန်းသည်မှာ အရင့် အရင်က ဖြစ်ပွားနေခဲ့သော ခါးနာရောဂါကို ဆေးကုသခံယူရင်း ဆရာသမားများကို ကူညီစာချပေးခဲ့ခြင်း ဖြစ်၏။ ခါးနာသော်လည်း မိမိအလုပ်ကို နားခဲ့သည် မဟုတ်ချေ။ တကယ့် ဇွဲသခင် ဖြစ်ပေ၏။

ရေစကြိုတိပိဋကဓရလောင်းလျာသည် ဓနုဖြူမြို့၊ မဟာဝိဟာရတောကျောင်းတွင် စာပို့ချပေးရင်း ဝိနည်း (၅) ကျမ်း ပါဠိတော်ကြီးများကိုလည်း မနားမနေ ကျက်မှတ်ခဲ့ကြောင်း သိရှိရပါသည်။

၁၉၇၇ ထို့နောက် (၁၉၇၇) ခုနှစ်တွင် ကျင်းပသော အကြိမ် (၃၀) မြောက် တိပိဋကစာမေးပွဲကြီးတွင် ဝင်ရောက်ပြန်ဆိုခဲ့၏ဟု မှတ်တမ်းအရ သိရှိရ၏။ သို့သော် လောကဓံ၏ အောက်တွင် အရှုံးပေးခဲ့ရ၏။ ထိုနှစ်တွင် အောင်မြင်မှုမရခဲ့ပေ။

မင်းကွန်း တိ–နိ ကျောင်းတိုက်သို့

၁၉၇၈ (၁၉၇၈) ခုနှစ်တွင် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးက မိုးမိတ်ကုန်းမြေဝယ် တိပိဋကနိကာယကျောင်းတိုက်ကြီးကို စတင်တည်ထောင်ခဲ့သည်။ ထိုအခါ တိပိဋကဖြေဆိုကြမည့် စာသင်သားများကို ဖိတ်ခေါ်ခဲ့၏။ လက်ခံ ပြုစုပေးခဲ့၏။

ထိုသို့သော သတင်းထူးကို တိပိဋကရေလောင်းလျာ အရှင် ဝါယာမိန္ဒာဘိဝံသသည် ကြားခဲ့၏။ ကြားလျှင်ကြားချင်းပင် ဓနုဖြူမှ မင်းကွန်း တိ-နိ ကျောင်းတိုက်သို့ ကြွရောက်ခဲ့၏။ ဤသို့ဖြင့် မင်းကွန်း တိ-နိ ကျောင်းတိုက်ကြီးသို့ ရောက်ရှိလာကြသော တိပိဋကရေလောင်းလျာ စာသင်သားများတွင် တစ်ပါး အပါအဝင်ဖြစ်၏။ ဦးဦးဖျားဖျား ဖြစ်၏။

၁၉၇၈ ရေစကြိုတိပိဋကရေလောင်းလျာသည် အကျပ်အတည်း အကျဉ်းအမြောင်းကြားမှပင် အခက်အခဲများကို ကျော်လွှားလျက် (၁၉၇၈) ပြည့်နှစ်တွင် ဝိနည်း (၅) ကျမ်း အာဂုံအောင်မြင်ခဲ့၏။ ဝိနယဓရ ဘွဲ့ရရှိခဲ့၏။

၁၉၈၀ (၁၉၈၀) ခုနှစ်တွင် ရေးဖြေ အောင်မြင်ခဲ့၏။ ဝိနယကောဝိဒ ဘွဲ့ရရှိခဲ့၏။ ပိဋကတ်တစ်ပုံအောင် ပုဂ္ဂိုလ်ထူး ဖြစ်လာခဲ့၏။

ထိုသို့ ဖြစ်သည်နှင့်အညီ ပိဋကတ်တစ်ပုံဆောင် ပုဂ္ဂိုလ်ထူးတို့၏ အဆောင်အယောင်များကို ခံယူရရှိခဲ့လေသည်။ ပိဋကတ်သုံးပုံ ပထမခြေလှမ်း အောင်မြင်မှုကြီးဖြစ်၏။

၁၉၈၀ ဤသို့အားဖြင့် အောင်ပွဲများ ဆက်တိုက်ဆင်ခဲ့၏။ (၁၉၈၀) ခုနှစ်မှာပင် အစိုးရဓမ္မာစရိယစာမေးပွဲ ပါစိတျာဒိပါဠိဂုဏ်ထူးတန်းကို ဖြေဆိုအောင်မြင်ခဲ့ပြန်၏။ ဝိနယပါဠိပါရဂူဘွဲ့ကို ရရှိခဲ့ပြန်၏။ မအောင်တုန်းကလည်း မအောင်။ ရှုံးတုန်းကလည်း ရှုံးခဲ့၏။ မယုံနိုင်စရာ။ အောင်ပြန်တော့လည်း တစ်နှစ်တည်း၌ ဝိနယကောဝိဒဘွဲ့နှင့် ဝိနယပါဠိပါရဂူဘွဲ့ကြီးနှစ်ခုကို ဆွတ်ခူးရရှိတော်မူခဲ့လေသည်။

၁၉၈၁ ရေစကြိုတိပိဋကရေလောင်းလျာသည် မင်းကွန်းဆရာတော်ကြီး၏ ထိုတိပိဋကကျောင်းတော်၌ သီတင်းသုံးနေထိုင်၍ တိပိဋကစာပေများ ဆက်လက် ကြိုးစားဖြေဆိုခဲ့၏။

၁၉၈၁ (၁၉၈၁) ခုနှစ်တွင် ဒီဃဘာဏက ဘွဲ့ ရခဲ့၏။ (၁၉၈၄) ခုနှစ်တွင် ဒီဃနိကာယ ကောဝိဒဘွဲ့နှင့် ပိဋကတ်နှစ်ပုံအောင် ပုဂ္ဂိုလ်၏ အဆောင်အယောင်များ ရခဲ့၏။ (၁၉၈၆) ခုနှစ်တွင် အဘိဓမ္မာရှေ့ပိုင်း (၅) ကျမ်း အာဂုံပြန်ဆို အောင်မြင်ခဲ့၏။ ဓမ္မာစရိယစာမေးပွဲတွင် အဘိဓမ္မာ ဝိဘင်္ဂဒိ ပါဠိဂုဏ်ထူးဆောင်ကျမ်းကို ဖြေဆို အောင်မြင်ခဲ့၏။ 'အဘိဓမ္မပါဠိပါရဂူ' ဘွဲ့ ရခဲ့ပြန်၏။ (၁၉၈၉) ခုနှစ်တွင် အဘိဓမ္မာ ရှေ့ပိုင်း (၅) ကျမ်း၊ ရေးဖြေတို့ကို အဆင့်ဆင့်အောင်မြင်ခဲ့ပြန်၏။

ဤသို့ဖြင့် ငယ်ငယ်က စာအုပ်မရှိသော ထိုကိုရင်ကလေးသည် ယနေ့ယခု ပိဋကတ် နှစ်ပုံခွဲအောင် ပုဂ္ဂိုလ်အဖြစ်သို့ ရောက်တော်မူခဲ့ကြောင်း ကမ္ဘာသို့ ကြေညာနိုင်ခဲ့လေသည်။

၁၉၉၁ ပိဋကတ်နှစ်ပုံခွဲ အောင်မြင်ပြီးသော အရှင်ဝါယာမိန္ဒာဘိဝံသသည် အဘိဓမ္မာ နောက်ပိုင်း (ပဋ္ဌာန်းကျမ်းကြီး) အာဂုံဆောင်နိုင်ရန်အတွက် ကြိုးစားရပြန်၏။ ဆရာ ရှာရပြန်၏။ ထိုအခါ သင်ဆရာ ရှာတွေ့၏။ ထိုဆရာမှာ အခြားမဟုတ်။ ပဋ္ဌာန်း အရာ လိမ္မာကျွမ်းကျင်သည့် မန္တလေးမြို့၊ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကုမာရာဘိဝံသ (သကျသီဟ ဝင့်သကာ၊ ပါဠိသိရောမဏိ၊ ဘီအေ၊ ဗုဒ္ဓစာပေ ပါရဂူ) ဖြစ်၏။ ထိုဆရာတော်ကြီးထံတွင် ပဋ္ဌာန်း စာဝါများ တက်ရောက် သင်ကြားခဲ့၏။ ကြိုးစားကျက်မှတ်ခဲ့၏။

၁၉၉၀ (၁၉၉၀) ခုနှစ် စာမေးပွဲကြီးတွင် ဝင်ရောက်ပြန်ဆိုခဲ့၏။ အစ-အဆုံး ပြန်ဆိုနိုင်ခဲ့ သော်လည်း အောင်မြင်မှုမရခဲ့ချေ။ ဤသို့ ရှုံးနိမ့်သည်ကား ရိုးနေပါပြီ။ ထို့ကြောင့် လည်း ထပ်မံကြိုးစားခဲ့၏။

၁၉၉၁ ကြီးကြီးကျယ်ကျယ် စာမေးပွဲကြီး ဖြေနေသည့်ကာလတွင် အသေးအမွှားကလေး တွေက နှောင့်ယှက်ကြပြန်၏။ ဖြစ်ပုံမှာ ဤသို့တည်း။
စာပြန်နေစဉ် သွားနာ၊ သွားကိုက်ရောဂါဝေဒနာများကို ပြင်းပြင်းထန်ထန် ခံစား ရသတဲ့။ ဤသို့ ကြိတ်မှိတ် ခံစားနေရသည့်ကြားမှ ကြိတ်မှိတ်ကြိုးစားပြီး အာဂုံ စာမေးပွဲကို ပြန်ဆိုခဲ့ရခြင်း ဖြစ်ပေသည်ဟု မှတ်တမ်းတွင် တွေ့ရှိရပါသည်။

ထူးဆန်းသော ဘဝဖြစ်စဉ်တွင် ထူးဆန်းသော ကြေကွဲဖွယ်ရာများ ဆုံဆည်းတတ်ကြ၏။ ယခုလည်း ကြုံဆုံရပြန်ပြီ။
ရေစကြို ဆရာတော် တိပိဋကဓရအဖြစ် ရောက်ရှိချိန်တွင် မိမိ၏ ကျေးဇူးတော်ရှင် မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီးမှာ ဘဝနတ်ထံ စံလွန်တော်မူခါနီး အိပ်ရာထက်တွင် လဲလျောင်းနေရချိန်ဖြစ်နေ၏။

ထိုအခါ တိပိဋကဓရ အာဂုံရေးဖြေ စာမေးပွဲကြီးကို အောင်မြင်တော်မူချိန်တွင် ထိုသတင်းကို ပြောပြရန်အလို့ငှာ လာသော်လည်း သေအံ့မူးမူး ဖြစ်နေတော်မူသော မင်းကွန်းဆရာတော်ကြီး အနီး အပါးဝယ် ရေစကြိုဆရာတော်၏ အောင်မြင်မှုသတင်းကို အနီးကပ်ပြုစုနေကြသော တပည့်များ လျှောက်ထားသဖြင့် မင်းကွန်းဆရာတော်ကြီး သိရှိတော်မူ သွားရသည်။

မိမိ တည်ထောင်ခဲ့သော ကျောင်းတော်ကြီးက မိမိကိုယ်စား ကိုယ်ပွားတော် (၁) ပါး မွေးထုတ်နိုင်ခဲ့သည်ကို သိရှိသွားခဲ့သည်မှာ ကျေနပ်စရာ သတင်းကောင်းဖြစ်ပါသည်။

၁၉၉၂ တိပိဋကဓရဖြစ်ပြီးသော ရေစကြိုဆရာတော်သည် တိပိဋကကောဝိဒဘွဲ့တော်အတွက် သဘောရေးဖြေအပိုင်းကို (၁၉၉၂) ခုနှစ်ကပင် တစ်ဆက်တည်း ဖြေဆိုခဲ့သော်၏။ သို့သော်လည်း မအောင်မြင်ခဲ့ချေ။

၁၉၉၃ (၁၉၉၃) ခုနှစ်တွင် ထပ်မံဖြေဆိုပြန်၏။ သို့သော်လည်း မအောင်မြင်ပြန်ခဲ့ချေ။ ဤသို့အားဖြင့် (၂) ကြိမ်တိုင်တိုင် ကျရှုံးမှုနှင့် ရင်ဆိုင်ခဲ့ရသည်။ (သုတဗုဒ္ဓဝင်၊ စာ-၂၉၁) ထိုအကြောင်းကို ပြောပြခဲ့ပြီး ဖြစ်ပါသည်။

ရေစကြိုဆရာတော်သည် မင်းကွန်းတိပိဋကနိကာယကျောင်းတိုက်ကြီးမှ ပထမဆုံးအောင်မြင်လာသည့် တိပိဋကဓရဆရာတော်ဖြစ်ပါ၏။ ထို့ကြောင့်လည်း မင်းကွန်းတိပိဋကဓရ ဆရာတော်၏ကိုယ်စား ကိုယ်ပွားတော် ဖြစ်ပါ၏ဟု ဆိုလျှင်သင့်တော်ပါ၏။

**အဂ္ဂမဟာပဏ္ဍိတ**

၁၉၉၈ ရေစကြို တိပိဋကဓရ ဆရာတော်ကြီးအား (၁၉၉၈) ပြည့်နှစ်တွင် နိုင်ငံတော်အစိုးရက 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခဲ့၏။ သက်တော်အငယ်ဆုံးစာရင်းဝင် အဂ္ဂမဟာပဏ္ဍိတဆရာတော် ဖြစ်ခဲ့၏။ ထိုအချိန်က ရေစကြို တိပိဋကဓရ ဆရာတော်၏သက်တော်မှာ (၄၄) နှစ်သာရှိသေး၏။

ဤအသက်အရွယ်ဖြင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့ရသူမှာ နှစ်ပါးသာ ရှိ၏။ ၎င်းတို့မှာ (၁) တိပိဋကမဟာဂန္ဓာရုံ ဆရာတော် ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရနှင့် (၂) ရေစကြို ဆရာတော်တို့ ဖြစ်ကြ၏။

**စာသင်တိုက်များ တည်ထောင်**

ရေစကြို တိပိဋကဓရ ဆရာတော်သည် တိ-နိ မဟာနာယက အကျိုးတော်ဆောင်အဖြစ်ဖြင့် တိပိဋက နိကာယကျောင်းတိုက်ကြီးကို ဦးဆောင်ခဲ့၏။ တိပိဋကနိကာယ သာသနာပြုအဖွဲ့များကို (၄) နှစ်တိုင်တိုင် ဦးဆောင်ခဲ့၏။

၂၀၀၀ ၎င်းနောက် ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) တွင် တိပိဋကမဟာဂန္ဓဝင် နိကာယ်စာသင်တိုက်၊ လှိုင်သာယာမြို့တွင် တိပိဋက ရွှေဥက္ကံစာသင်တိုက် တည်ထောင်တော်မူ၏။ ၎င်းနောက် မန္တလေးမြို့တွင်လည်း တိပိဋကသန္တာဝါသ စာသင်တိုက်ကို တည်ထောင်မူခဲ့၏။ ဦးစီးကွပ်ကဲ စီမံအုပ်ချုပ်ခဲ့၏။ သာသနာပြုခဲ့၏။

၂၀၀၀ (၂၀၀၀) ပြည့်နှစ်တွင် နိုင်ငံတော်အစိုးရက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်၊ ဘွဲ့လက်မှတ်တော်နှင့် တိပိဋကဓရဆရာတော်၏ အထိမ်းအမှတ် ဒုဆောင် အယောင် ဆင်စွယ်ယပ်ဝန်းတော်တို့ကို ဆက်ကပ်လှူဒါန်းခဲ့၏။

**သာသနာရေးဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုများ**

ရေစကြိုတိပိဋကဓရဆရာတော်သည် ရှေးရှေးက တိပိဋကဓရ ဆရာတော်များကဲ့သို့ပင် သာသနာ့အကျိုးကို သယ်ပိုးခဲ့၏။ ထိုစဉ်ကာလတွင် မိမိဇာတိရပ်ရွာကိုလည်း မေ့ခဲ့သည် မရှိချေ။ ထိုအချက်တို့ကို အောက်ပါသာသနာပြုလုပ်ငန်းများက သက်သေပြလျက် ရှိ၏။

ရေစကြို တိပိဋကဓရ ဆရာတော်သည် ရေစကြိုမြို့၊ အောင်မြေသာယာ သူဌေးတိုက်အတွင်း မီးဘေးသင့်ခဲ့ရသော ဆရာတော်၏ ကျောင်းကို တိုက်ကျောင်း အဖြစ် ဆောက်လုပ်လှူဒါန်းခဲ့၏။ ၎င်းအပြင် မိမိ၏ ဖွားဇာတိ ရေစကြိုမြို့နယ်၊ ရွှေကျောင်းရွာ၌ ဆောက်လက်စ မင်္ဂလာကန်တော်ကျောင်းကြီးကို အပြီးသတ် အောင် ဆောက်လုပ်လှူဒါန်းခဲ့၏။ ၎င်းအပြင် မိမိ၏ဇာတိဖြစ်သော ရွှေကျောင်းရွာ တွင် အစိုးရမူလတန်းကျောင်းကို ဆောက်လုပ်လှူဒါန်းခဲ့ပြန်၏။

၎င်းအပြင် မိမိ၏ဇာတိရွာရှိ မိဘမဲ့ကလေးများနှင့်တကွ အကြောင်းကြောင်းကြောင့် ရှင်မပြုနိုင်သည့် ကလေးပေါင်း (၁၀၀) ကျော်ကိုလည်း ရှင်ပြုပေးခဲ့၏။ ထို့မှသာ မကသေး၊ ရေစကြိုမြို့နယ်၊ မြေဖြူကျင်းရွာရှိ မိဘမဲ့ကလေးများနှင့် ရှင်မပြုနိုင်သည့် ကလေးပေါင်း (၁၀၀) ကျော်တို့ကို ရှင်ရဟန်းပြုပေးခဲ့၏။

၎င်းအပြင် မိမိဇာတိ ရွှေကျောင်းရွာတွင်ပင် မင်္ဂလာကျောင်းတိုက်အတွင်း၌ အဘွားဉာဏ် ဓမ္မသာလာ နှစ်ထပ်ကျောင်းဆောင် ဆောက်လုပ်လှူဒါန်းခဲ့၏။

၎င်းအပြင် မြေဖြူကျင်းကျေးရွာ အဘိုး၊ အဘွားများ တည်ထားကိုးကွယ်ခဲ့သည့် စေတီပေါင်း (၂) ဆူကို ရှေးမူ မပျက် ပြုပြင် လှူဒါန်းခဲ့သေး၏။

ထို့ပြင် ရေစကြိုတိပိဋကဓရ ဆရာတော်သည် ရန်ကုန်မြို့ နိကာယ်သာသနာတော် ထွန်းကားရေးအသင်း၊ ဆူးလေ အဘိဓမ္မာပြန့်ပွားရေးအသင်း၊ ရန်ကုန်တက္ကသိုလ် များ ဗုဒ္ဓဘာသာအသင်း စသည်တို့၏ ဩဝါဒါစရိယဆရာတော်အဖြစ်လည်း ဆောင်ရွက်တော်မူခဲ့၏။

ရေစကြိုတိပိဋကဓရဆရာတော် ပြုစုသော ကျမ်းဂန်များကိုလည်း တွေ့ရှိရ၏။ ပါရာဇိကဏ် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ ပါစိတ် ပါဠိ အဋ္ဌကထာ ဋီကာ ပို့ချစဉ်ကျမ်း စသည်တို့ကို ရေးသားပြုစုခဲ့ကြောင်း မှတ်တမ်းရှိ၏။

ဘဝနာခဲ့သည်ဟု ပြောရမည်ဖြစ်သော တိပိဋကဓရ ရေစကြိုဆရာတော်ကြီးထံမှ နည်းနာများကို သိလိုပေလိမ့်မည်။ ထိုအချက်ကိုလည်း နောင်လာနောက်သားများ အတွက် ဆရာတော်ကြီးက ဤသို့ မိန့်ကြားခဲ့ပါ၏။

"ပျမ်းမျှခန့်မှန်းခြေအားဖြင့် တစ်နေ့ စာမျက်နှာ (၁၄) မျက်နှာမှ စာမျက်နှာ (၂၀) အထိ ရတတ်ပါတယ်။ ပဌာန်းတို့ဆိုရင်တော့ စာမျက်နှာ (၂၀) မှ (၃၀) အထိ ကျက်မှတ်နိုင်ခဲ့ပါတယ်" ဟု ပြန်လည်ဖြေကြားတော်မူခဲ့၏။

ဂုဏ်အပြင် ရေစကြိုတိပိဋကဓရဆရာတော်၏ စာကျက်ပုံ၊ စာကျက်နည်းဟု ပြော ရမည်လား မသိပါ။ မိမိစာကို မိမိ၏စိတ်မျက်စိတွင် ထင်အောင်မြင်အောင် ကြည့်နည်းဟု ဆိုသင့်၏။ အောက်ပါစကားကို ထောက်ထားပါ။

"စာကျက်တဲ့နေရာမှာလည်း မိမိကျက်မှတ်ထားသောစာများကို မျက်စိထဲမှာ မြင် နေအောင် ကျက်မှတ်နိုင်ရင် ပိုပြီးအကျိုးရှိပါတယ်။ မိမိတို့ ကျက်မှတ်ထားသော စာများ မမေ့ပျောက်စေဖို့ ညဘက်မှာ စာပြန် (နွှေး) အံဖို့ရာလည်း လိုအပ်ပါ တယ်။ ဒါမှလည်း စာနဲ့လူ အဆက်အသွယ်မပြတ်ပဲ နီးနီးကပ်ကပ် ဖြစ်နေပါ့မယ်"

ဤသို့အားဖြင့် ငယ်ငယ်တုန်းက ကျက်စရာစာအုပ် မရှိခဲ့သော လူငယ်လေး တစ်ယောက်၏ ဇာတ်လမ်းသည် နောင်သောအခါတွင် အလွန်တရာ ပါရမီကြီး သော ပုဂ္ဂိုလ်များမှ ပြုလုပ်နိုင်စွမ်းရှိသော ပိဋကတ်သုံးပုံဆောင် တိပိဋကအကျော် အမော်တစ်ပါးအဖြစ် မြန်မာနိုင်ငံ ပရိယတ္တိသာသနာ့သမိုင်းတွင် သာသနာ့ အာဇာနည် တိပိဋကဓရ အကျော်အမော်အဖြစ် မှတ်တမ်းတင်ခဲ့ရသည်ကို ထောက်ရှု၍ ရှေးရှေးက ပါရမီနှင့်တကွ မျက်မှောက်ကာလ၏ ထွဲ လုံ့လ၊ ဝီရိယတို့၏ တန်ဖိုးနှင့်တန်ခိုးကို နှိုင်းချိန်သော သင်ခန်းစာကို ရေစကြိုတိပိဋကဓရ ဆရာတော် ထံမှ ကျွန်ုပ်တို့ ရရှိခဲ့ကြောင်း ဝန်ခံပြောဆိုရမည် ဖြစ်ပါသည်။

**ထူးခြားသော ဆရာတပည့်နှစ်ပါး**

၁၉၅၃ (၁၉၅၃) ခုနှစ်၌ မင်းကွန်းဆရာတော်ကြီး အရှင်ဝိစိတ္တသာရာဘိဝံသသည် ပထမဆုံး တိပိဋကဓရ ပိဋကတ်သုံးပုံဆောင်အဖြစ် ပေါ်ထွက်ခဲ့ပါသည်။

၂၀၀၀ ထို့နောက် (၂၀၀၀) ပြည့်နှစ်၌ မင်းကွန်းဆရာတော်ကြီး၏တပည့် ရေစကြို ဆရာတော် အရှင်ဝါယာမိန္ဒာဘိဝံသသည် တိပိဋကရေဘွဲ့ ရခဲ့ပါသည်။

မင်းကွန်း ဆရာတော်ကြီး၏ သီလ၊ သမာဓိ၊ ပညာဂုဏ်တို့မှာ အံ့ချီးမကုန်ရှိသကဲ့သို့ အရှင်ဝါယာမိန္ဒာဘိဝံသ စာသင်သားဘဝက နေပုံထိုင်ပုံ၊ ပရိယတ္တိပညာ ဖွေရှာပုံ တို့မှာလည်း အတုယူဖွယ် ကောင်းလှပါသည်။

အရှင်ဝါယာမိန္ဒာဘိဝံသသည် မင်းကွန်းဆရာတော်ကြီး၏ ခြေရာကို မမီသော် လည်း ထိုဆရာတပည့်နှစ်ပါးတို့၌ တူညီချက်များရှိနေပါသည်။

ယင်းတို့မှာ မင်းကွန်းဆရာတော်ကြီးသည် မီးခြစ်တစ်ဆံကိုခြစ်၍ ဂါထာတစ်ပုဒ် ကျက်လိုက်ပါက အလွတ်ရသကဲ့သို့ အရှင်ဝါယာမိန္ဒာဘိဝံသ၏ မှတ်ဉာဏ်စွမ်း သည်လည်း မီးခြစ်တစ်ဆံ ဂါထာတစ်ပုဒ် ရခဲ့ပါသည်။

မင်းကွန်းဆရာတော်ကြီးသည် ဗုဒ္ဓဟူးသား ဖြစ်သကဲ့သို့ အရှင်ဝါယာမိန္ဒာဘိဝံသ သည်လည်း ဗုဒ္ဓဟူးသားပင် ဖြစ်ပါသည်။

> (ကျမ်းကိုး။ မောင်သုတ၊ သုတဗုဒ္ဓဝင်၊ သုတဗုဒ္ဓ မည်ရ ထင်ရှား တိပိဋကရေ ဆရာတော်များ၏ ဘဝဖြစ်တော်စဉ်၊ စာ-၂၈၃၊ ၂၈၄၊ ၂၈၅၊ ၂၈၆၊ ၂၈၇၊ ၂၈၈၊ ၂၈၉၊ ၂၉၀၊ ၂၉၁၊ ၂၉၅၊ ၂၉၆၊ ၂၉၇၊ ၂၉၈။)

ထို တိပိဋကရေ ဆရာတော်ကြီး သီတင်းသုံးတော်မူသောကျောင်းမှာ တိပိဋက နိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့ ဖြစ်ကြောင်း သိရှိရပါသည်။ သက်ရှိ ထင်ရှားဖြစ်သဖြင့် သွားရောက်ဖူးမြော်နိုင်ပါသည်။

(၁၉၉၉) ခုနှစ်တွင် အောင်မြင်တော်မူသော တိပိဋကဓရ သာသနာ့အာဇာနည်

သတ္တမ တိပိဋကဓရ မော်ကျွန်းဆရာတော်ကြီး

# ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ

(၁၉၆၄ ဖွား - ယခု သက်ရှိထင်ရှား)





(၇) ရက်လုံးလုံး အာဂုံစာမေးပွဲကြီးကို ချောချောမောမော အာဂုံပြန်ဆိုနိုင်ခဲ့သော်လည်း
အမှတ်မထင် ရေချိုးမှားသောကြောင့် အာဂုံစာမေးပွဲ ဆက်မဖြေနိုင်တော့ပဲ
နုတ်ထွက်ခဲ့ရသော ဥွှသခင်

၁၉၄၈ တိပိဋကဓရ စာမေးပွဲကြီး (၁၉၄၈) ခုနှစ်တွင် စတင်ကျင်းပခဲ့စဉ်က အောင်သူမရှိသဖြင့် ပူညံ ပူညံ အသံတွေ ဆူဆူညံညံ ဖြစ်ခဲ့ဖူးလေသည်။ အကယ်၍များ (၁၉၄၉) ခုနှစ်တွင် ဒုတိယအကြိမ် တိပိဋကဓရ စာမေးပွဲကြီး ကျင်းပသောအခါ အောင်သူမရှိခဲ့ပဲ စာမေးပွဲကြီးကို ဖျက်ပစ်ရမည့်သဘော ဖြစ်နေသည်။ ထို့ကြောင့် အလွန့်အလွန် အရေးကြီးသောကာလကြီးကို ကြုံခဲ့ဖူးလေသည်။

၁၉၄၈ မြန်မာပြည်ကြီး ကံကောင်းလိုက်ပုံမှာ ထိုပထမအကြိမ် စာမေးပွဲကြီး (၁၉၄၈) ကာလမှ နှစ်ပေါင်း (၅၀) ပြည့်သည့် ကြာသောကာလတွင် ထူးထူးဆန်းဆန်း ခေါ်ရမည်လား။ ထူးထူးခြားခြား ဆိုရမည်လား မသိ။ မကြုံစဖူးသော ဖြစ်ရပ်ဆန်း ကြုံခဲ့လေသည်။ အဘယ်ကြောင့်ဆိုသော် ထိုတစ်နှစ်တည်းမှာပင် ပိဋကတ်သုံးပုံ အာဂုံဆောင် ရေးဖြေအောင် ရဟန်းထူး၊ ရဟန်းမြတ် တိပိဋကဓရ သာသနာ့ အာဇာနည် (၂) ပါး တစ်နှစ်တည်းမှာ တစ်ပြိုင်တည်း ပေါ်ပေါက်ခဲ့သောကြောင့် ဖြစ်လေသည်။ ထို့ကြောင့်ပင်လျှင် အထူးအဆန်းအားဖြင့် တိပိဋကဓရ အမြွှာညီနောင်ဟူသော စကား ကြားကြရလေသည်။ ထိုအချက်ကို ရှာဖွေသောအခါ အောက်ပါအတိုင်း တွေ့ရပါသည်။

ဆဋ္ဌမတိပိဋကဓရ ရေစကြိုဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ ပေါ်ထွက်ပြီး၍ (၅) နှစ်ကြာသောအခါ နိုင်ငံတော်တွင် တိပိဋကဓရ အမြွှာညီနောင်နှစ်ပါး ထူးထူးခြားခြား ပေါ်ပေါက်လာခဲ့သည်။ ယခင်က ဤသို့ တိပိဋကဓရ ဆရာတော်နှစ်ပါး တစ်ပြိုင်နက် ပေါ်ပေါက်ရိုးထုံးစံမရှိခဲ့ပဲ ယခုနှစ်တွင်မှ ထူးထူးခြားခြား နှစ်ပါးတွဲ ပေါ်ပေါက်လာခြင်း ဖြစ်သည်။ (ကျမ်းကိုး။ မောင်သုတ၊ သုတဗုဒ္ဓဝင်၊ သုတဗုဒ္ဓ မည်ရထင်ရှား တိပိဋကဓရ ဆရာတော်များ၏ ဘဝဖြစ်တော်စဉ်၊ စာ-၃၀၆)

၁၉၆၅ နှစ်ပါးလုံး (၁၉၆၅) ခုနှစ်တွင် စတင်ပြီး စာဖြေခဲ့ကြသည်။ တိုက်တိုင်ဆိုင်ဆိုင်ပင် နှစ်ပါးစလုံးသည်(၁၉၉၉) ခုနှစ်တွင် အောင်မြင်ပြီးစီးကြသည်။ အာဂုံပြန် တိပိဋကဓရဘွဲ့ကိုလည်း တစ်နှစ်တည်းမှာပင် နှစ်ပါးစလုံး အတူတူ ရခဲ့ကြသည်။

ထိုဆရာတော်နှစ်ပါးကား ရွှေရတုညီနောင်ဟု လူသိများ၏။ ထိုနှစ်ပါးမှာ - (၁)ရွှေရတု တိပိဋကဓရ မော်ကျွန်းဆရာတော် ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသနှင့် (၂) ရွှေရတု တိပိဋကဓရ မြင်းမူဆရာတော် ဘဒ္ဒန္တဝံသပါလာလင်္ကာရတို့ ဖြစ်ကြပေသည်။

နှစ်ပါးတွဲ အတူတူအောင်မြင်ကြခြင်းဖြစ်သော်လည်း ရှေ့နောက် အစီအစဉ်ကွာခြား၏။ ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ ဆရာတော်က သိက္ခာဝါကြီး၏။ ထို့ကြောင့် သတ္တမတိပိဋကဓရ ဆရာတော်ဟု သတ္တမနေရာ ပေးခဲ့ရ၏။ ဘဒ္ဒန္တဝံသပါလာလင်္ကာရမှာမူကား သိက္ခာဝါငယ်၏။ ထို့ကြောင့် အဋ္ဌမနေရာ ပေးခဲ့ရ၏။ အဋ္ဌမတိပိဋကဓရဆရာတော်ဟု သတ်မှတ်ခဲ့ကြလေသည်။

ထိုသို့ ရွှေရတုနှစ် (၅၀) မြောက်ကာလတွင် တစ်ပြိုင်တည်း ပေါ်ကြသောကြောင့် အခေါ်ရလွယ်အောင် ရွှေရတု တိပိဋကဓရ အမြွှာညီနောင်ဟု ခေါ်ဆိုကြကြောင်း သိရှိရပါသည်။

ထို ညီနောင်နှစ်ပါး မပေါ်ပေါက်မီက စာရင်းအရ တိပိဋကဓရ ဆရာတော် (၆) ပါး ရှိခဲ့၏။ သို့သော်လည်း (၃) ပါးမှာ ပျံလွန်တော်မူခဲ့ပြီ ဖြစ်၏။ တိပိဋကဓရ (၃) ပါးသာ ကျန်တော့၏။ ယခု ရွှေရတုညီနောင်နှစ်ပါး ပေါ်ပေါက်လာပြန်သည်။ ထို့ကြောင့် သက်ရှိထင်ရှား တိပိဋကဓရ ဆရာတော် (၅) ပါး ပြန်၍ဖြစ်လာကြပြန်၏။ အလွန် အားရဖွယ် ဖြစ်၏။ ကြည်ညိုဖွယ် ဖြစ်၏။ မြန်မာပြည်ကြီးအတွက် ကျေနပ်ဖွယ် ဖြစ်၏။

အရှင်သီလက္ခန္ဓာဘိဝံသ၏ ထေရုပ္ပတ္တိကို ရှာကြရာတွင် ပြည်မြို့နယ်လုံးဆိုင်ရာ တိပိဋကဓရ အရှင်မြတ်လေးပါးအား ပူဇော်ရေးအဖွဲ့မှ ထုတ်ဝေသော တိပိဋကဓရ သာသနာ့အာဇာနည်လေးပါး၏ ထေရုပ္ပတ္တိအကျဉ်းနှင့် ချီးကျူးပူဇော်ပွဲ မှတ်တမ်း၊ (၁၉၇၈) ခု၊ ဧပြီလ၊ (၈) ရက်၊ စနေနေ့၊ စာအုပ်ပါးပါးကလေးကို ဦးစွာပထမ ဖတ်ရှုရ၍ ဝမ်းမြောက်ဝမ်းသာ ရှိမိပါသည်။ ထိုပထမအကြိမ်ထုတ်စာအုပ်ကလေးကို ရန်ကုန်မြို့၊ ရွှေဂုံတိုင်စာတိုက်၊ အာဇာနည်ဗိမာန်လမ်း၊ အရှင်ဦးတိလောက

သာရက ထုတ်ဝေသည်ဟု ရေးသားထားပါသည်။ လှိုင်ရတနာပုံနှိပ်တိုက်၊ ရန်ကုန်မြို့တွင် ပုံနှိပ်ခြင်းဖြစ်သည်။ ထိုစာစောင်တွင် တိပိဋကဓရ (၄) ပါးသာ ပါရှိပါသည်။ ထို့ကြောင့် ဆက်လက်ရှာဖွေရပြန်ပါသည်။ ၎င်းနောက် တိပိဋကဓရ ရွှေရတုစာစောင်၊ စာ-၈၄၊ ၈၅ တွင် ထေရုပ္ပတ္တိအကျဉ်းကို ထပ်မံတွေ့ရှိရသည်။ ထို့ထက် ပြည့်ဝစုံလင်စွာ တွေ့ရှိရသည်မှာ မောင်သုတ စုစည်းပူဇော်သည့် သုတဗုဒ္ဓ မည်ရထင်ရှား တိပိဋကဓရ ဆရာတော်များ၏ ဘဝဖြစ်တော်စဉ်၊ သုတဗုဒ္ဓဝင် ဖြစ်၏။ ရန်ကုန်တက္ကသိုလ် အငြိမ်းစားပါမောက္ခချုပ်၊ တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင်အေး ပြုစုရေးသားသည့် တိပိဋကဓရ သာသနာဝင် သမိုင်းမှတ်တမ်း သုတေသနကျမ်းသည်လည်း ကြီးစွာသော အထောက်အပံ့ကို ပေးခဲ့ပါသည်။ ထိုစာအုပ်ကြီးကို (၂၀၀၆) ခုနှစ်၊ နိုဝင်ဘာလတွင် တက္ကသိုလ်များ ပုံနှိပ်တိုက်မှ ပထမအကြိမ် ရေးသားရိုက်နှိပ်သည်ကို လေ့လာတွေ့ရှိရပါသည်။ ထိုစာအုပ်ကြီးတွင် ပါရှိသော အချက်အလက်များသည် မှတ်တမ်းဝင်၊ သမိုင်းဝင်၊ ဂန္ထဝင်မြောက် ခေတ်ပြိုင်မှတ်တမ်းများ ဖြစ်ပါသည်။ ထိုမှတ်တမ်းများကို ကောက်နုတ်လျက် အောက်ပါထေရုပ္ပတ္တိကို ရေးသားစီရင်ခြင်း ဖြစ်ပါသည်။

၁၉၆၄ သတ္တမတိပိဋကဓရ ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသသည် မော်လမြိုင်ကျွန်းမြို့မှ ပေါ်ထွက်လာသောကြောင့် မော်ကျွန်းဆရာတော်ဟု အလွယ်ပင် ကြည်ညိုစွာ ခေါ်ဆိုကြကြောင်း သိရှိရပါသည်။

မော်ကျွန်းဆရာတော်သည် ပန်းတောစုရွာ ဇာတိဖြစ်၏။ အတိအကျပြောရလျှင် မြစ်ဝကျွန်းပေါ်ဒေသ၊ ဧရာဝတီတိုင်းဒေသကြီး၊ မော်ကျွန်း (မော်လမြိုင်ကျွန်း) မြို့နယ်၊ ပန်းတောစုရွာဇာတိ ဖြစ်၏။

၁၉၆၄ ခမည်းတော်မှာ ဦးထွန်းတင် ဖြစ်၏။ မယ်တော်မှာ ဒေါ်သန်းရီ ဖြစ်၏။ မော်ကျွန်းဆရာတော်၏ မွေးသက္ကရာဇ် အတိအကျမှာ (၁၉၆၄) ခုနှစ်၊ ဇန်နဝါရီလ (၁၀) ရက်၊ သောကြာနေ့ ဖြစ်၏။

မွေးချင်း (၇) ဦးရှိ၏။ မော်ကျွန်းတိပိဋကဓရ ဆရာတော်သည် အကြီးဆုံးဖြစ်၏။ ငယ်မည် မောင်ထွန်းသိန်း ဖြစ်၏။

ငယ်ငယ်ကပင်လျှင် မြတ်စွာဘုရားနှင့်ပတ်သက်သည့် အကြောင်းအရာများကို ဇိနတ္ထပကာသနီကျမ်းကို ဖတ်ဖူး၊ မှတ်ဖူးသောကြောင့် သိသင့်သလောက် သိပြီးဖြစ်၏ဟု ဆိုပါသည်။

၁၉၉၂ မော်ကျွန်း တိပိဋကဓရလောင်းလျာသည် (၁၉၉၂) ခုနှစ်၊ ဝါဆိုဦးတွင် ရန်ကုန်မြို့၊ တိပိဋကကျောင်းတော်သို့ ပြောင်းရွှေ့ သီတင်းသုံးခဲ့၏။ ထို (၁၉၉၂) ခုနှစ်မှာပင် စာမေးပွဲစတင်ဖြေဆိုခဲ့၏။ အဘိဓမ္မာရှေ့ပိုင်းရေးဖြေကို ဖြေဆိုခဲ့ခြင်း ဖြစ်၏။ သို့သော် မအောင်မြင်ခဲ့ဟု ဆိုပါသည်။ တိပိဋကဓရ လမ်းကြောင်းသည် လွယ်ကူသည်မဟုတ်ကြောင်း သက်သေပြလိုက်ခြင်း ဖြစ်သည်။ သို့သော် မလျှော့သောဇွဲကို စမ်းသပ်လိုက်ခြင်းလည်း ဖြစ်ပါလိမ့်မည်။

သို့သော် ဓမ္မာစရိယစာမေးပွဲတွင်မူကား အဘိဓမ္မာ ဝိဘင်္ဂဒိ ပါဠိဂုဏ်ထူးဖြင့် ဖြေဆိုအောင်မြင်ခဲ့၏။ ထို့ကြောင့်ပင် အဘိဓမ္မာပါဠိပါရဂူဘွဲ့ကို ရရှိခဲ့၏။ ထူးဆန်းသောအချက်မှာ (၄) ထပ်ကွမ်းပါဠိပါရဂူဘွဲ့ရ ဆရာတော်ဖြစ်ခဲ့၏။ မှတ်မှတ်သားသား ဆိုရလျှင် အရှင်သီလက္ခန္ဓာဘိဝံသည် သာသနာတော်တွင် ပါဠိပါရဂူဘွဲ့ အများဆုံးရရှိသူဖြစ်ကြောင်း မှတ်တမ်းတင်ကြရပေသည်။။

၁၉၉၃ တိပိဋကဓရလောင်းလျာ မော်ကျွန်းဆရာတော်သည် ရန်ကုန် တိပိဋကကျောင်းတော်၌ (၁) နှစ်မျှ နေထိုင်တော်မူဖူးကြောင်း သိရပါသည်။ တစ်ဖန် (၁၉၉၃) ခုနှစ် ဝါဆိုဦးကာလတွင်ကား စစ်ကိုင်း၊ မိုးမိတ်ကုန်းမြေသို့ ပြန်လည်ပြောင်းရွှေ့ခဲ့သည်ဟု ဆိုပါသည်။ ထို (၁၉၉၃) ခုနှစ်မှာပင် စာမေးပွဲ ဖြေဆိုခဲ့ပြန်သည်။ သို့သော် ထူးဆန်းသောအချက်မှာ စာမေးပွဲတွင် သေသေချာချာ ဖြေဆိုနိုင်ပါလျက်နှင့် စာမေးပွဲ မအောင်မြင်ခဲ့ဟုသိရပါသည်။။

၁၉၉၄ အားမလျှော့ပဲ ဆက်လက် ကြိုးစားခဲ့၏။ (၁၉၉၄) ခုနှစ်တွင်ကား အဘိဓမ္မာ ရှေ့ပိုင်းရေးဖြေစာမေးပွဲကြီးကို အောင်မြင်ခဲ့၏။ ထို့ကြောင့် ပိဋကတ်နှစ်ပုံခွဲအောင် ဖြစ်ခဲ့ရလေသည်။

၁၉၉၅ နောင်သောအခါ ကျန်သော လက်ကျန်စာမေးပွဲကို ဖြေဆိုရန်အတွက်(၁၉၉၅) ခုနှစ်တွင် ဗန်းမော်ဆရာတော်ထံသို့ သွားရောက် ပညာသင်ခဲ့သည်ဟု ဆိုပါသည်။ ထိုနှစ် ဝါတွင်းကာလတွင် ဗန်းမော်ဆရာတော်ထံမှာ ပဋ္ဌာန်းစာဝါများ လိုက်စားခဲ့ကြောင်း လေ့လာသိရှိရပါသည်။

၁၉၉၆ ၎င်းနောက် (၁၉၉၆) ခုနှစ်တွင် လက်ကျန်စာမေးပွဲကို ဝင်ရောက်ဖြေဆိုခဲ့၏။ အာဂုံဆောင် စာမေးပွဲကြီးကို ဖြေဆိုခဲ့ရာ (၇) ရက်လုံးလုံး အောင်အောင်မြင်မြင် ချောချောမောမော အာဂုံပြန်ဆိုနိုင်ခဲ့၏။ လူသိ၊ ရှင်သိ၊ နတ်သိ ဖြစ်ပေ၏။ သို့သော်လည်း ထူးဆန်းသော ဖြစ်ရပ်ဆန်းတစ်ခု ဖြစ်ပေါ်လာ၏။ ထိုဖြစ်ရပ်ဆန်းမှာ ထိုတိပိဋကဓရလောင်းလျာ မော်ကျွန်းဆရာတော်သည် စာမေးပွဲကြီး ဖြေဆိုနေစဉ်ကာလအတွင်းမှာ အမှတ်မထင် ရေချိုးမှားခဲ့သောကြောင့် အာဂုံ ရွတ်ဆိုဖြေဆိုရာတွင် အသံဝင်သွားသဖြင့် ဆက်လက်၍ အာဂုံစာမေးပွဲ မပြန်နိုင်တော့သဖြင့် နုတ်ထွက်ခဲ့ရကြောင်း ဝမ်းနည်းဖွယ်ရာ လေ့လာတွေ့ရှိခဲ့ရပါသည်။ သို့သော်လည်း မလျှော့သော ဇွဲသခင်ကို ဆက်လက် မှတ်တမ်းတင်ရမည် ဖြစ်ပါသည်။

၁၉၉၇ ၎င်းနောက် (၁၉၉၇) ခုနှစ်သို့ ရောက်ရှိလာခဲ့သည်။ ယခုအကြိမ်ကား ထူးထူးဆန်းဆန်းအားဖြင့် တိပိဋကဓရ စာမေးပွဲကြီး ကျင်းပလာခဲ့သည်မှာ အကြိမ်ပေါင်း (၅၀) တိတိ ရှိခဲ့ပေသည်။ နှစ်ပေါင်း (၅၀) တိတိ ကြာခဲ့ပေပြီ။ ထို့ကြောင့်လည်း ရွှေရတု တိပိဋကဓရ စာမေးပွဲကြီးဟု အများက ခေါ်ဆိုကြပါသည်။

ထို နှစ် (၅၀) မြောက် ရွှေရတုသဘင် တိပိဋကဓရစာမေးပွဲကြီးကို မော်ကျွန်းဆရာတော်သည် ဝင်ဖြေခဲ့ပြန်သည်။ ယခုနှစ်ကား အစစ အဆင်ပြေပါသည်။ အာဂုံပြန်ဆိုရသည့် စာမေးပွဲတွင် (၁၈) ရက်တိုင်တိုင် အာဂုံပြန်ဆို ဖြေဆိုခဲ့ပါသည်။ အများပရိသတ်ရှေ့မှောက်မှာပင် လူသိရှင်ကြား အကောင်းဆုံးပြန်ဆိုနိုင်

ခဲ့၏။ ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့၏။ ဟိုးရှေ့ပိုင်းတုန်းကလည်း ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ဖူး၏။ ထို့ကြောင့် ထူးထူးခြားခြားအားဖြင့် ဝိသိဋ္ဌအာဘိဓမ္မိကဘွဲ့ကို ရရှိတော်မူခဲ့၏။

အဘိဓမ္မာ အာဂုံဂုဏ်ထူးဆောင် ဝိသိဋ္ဌအာဘိဓမ္မိကဘွဲ့ ကြီး ဖြစ်၏။ ထိုဘွဲ့ကြီးမှာ နှယ်နှယ်ရရ မဟုတ်။ အလွန် ထူး၏။ အလွန် ခက်၏။ ယခုအချိန်အထိ သမိုင်း တစ်လျှောက်တွင် ရဖူးသူမှာ နှစ်ပါးသာရှိကြောင်း လေ့လာတွေ့ရှိရပါသည်။တစ်ပါး မှာ အများသိပြီးသော ဓမ္မနာဒ မင်းကွန်းဆရာတော်ကြီးဖြစ်၏။ အခြားတစ်ပါးမှာ ပခုက္ကူတိပိဋကဓရ ဆရာတော်ဖြစ်၏။ ထိုနှစ်ပါးမှာ ထိုဘွဲ့ထူးကြီးကို ရခဲ့ဖူး၏။ ထိုသို့သော ထူးခြားသည့် ဘွဲ့ထူးကြီးဖြစ်၏။ ထိုဘွဲ့ထူးကြီးကို ယခုမော်ကျွန်း ဆရာတော်က ရပြန်၏။ ထို့ကြောင့် ထိုဘွဲ့ထူးကြီးရ ရဟန်းထူးမှာ သုံးပါး ရှိသွားပါ သည်။ မော်ကျွန်းဆရာတော်သည် သုံးပါးမြောက်အနေဖြင့် ရရှိခြင်း ဖြစ်၏။

တိပိဋကဓရ စာမေးပွဲကြီးကို အားနှင့်အင်နှင့်၊ ဇွဲနှင့်မာန်နှင့် ဖြေဆိုခဲ့သော မော်ကျွန်းဆရာတော်သည် ယခုနှစ်တွင် သင်ရိုးပိဋကတ်သုံးပုံလုံးကို အာဂုံပြန်ဆို ခဲ့ပြီးဖြစ်၏။ ထို့ကြောင့် တိပိဋကဓရ ဘွဲ့တံဆိပ်တော်၊ အောင်လက်မှတ်တော်နှင့် တကွ အရိုးနီ ကနက္ကဒဏ်ထီးဖြူတော် သုံးလက်တံဆိပ် ပါရှိသော သာသနာ့ အောင်လံတော်တို့ကို လက်ခံရရှိတော်မူခဲ့၏။ သို့သော်လည်း ရေးဖြေက ကျန်နေ သေးသည် မဟုတ်ပါလော။ ထို့ကြောင့်ပင် ဆက်လက် ကြိုးစားရပြန်သည်ဟု ဆိုပါသည်။

၁၉၉၈ တိပိဋကဓရ ဖြစ်ပြီးသော ပိဋကတ်သုံးပုံ အာဂုံဆောင် အရှင်သီလက္ခန္ဓာဘိဝံသ သည် ရေးဖြေစာမေးပွဲကို နောက်ဆုံးအဆင့်အနေဖြင့် ဝင်ခဲ့ရပြန်သည်။ တိပိဋက ကောဝိဒဘွဲ့အတွက်ဖြစ်၏။ (၁၉၉၈) ပြည့်နှစ်တွင် ဖြေဆိုခဲ့၏။ အောင်မြင်မှု မရခဲ့ပေဟု မှတ်တမ်းရှိ၏။

ယမိုက်ကျမ်း (၂) ရက် ဖြေဆိုရ၏။ ပဋ္ဌာန်းကျမ်း (၂) ရက် ဖြေဆိုရ၏။ ထို့ကြောင့် (၄) ရက်တိတိဖြေဆိုရသော စာမေးပွဲကြီးတွင် ရှေ့ (၃) ရက်ကို ချောချောမောမော

အောင်မြင်ခဲ့၏။ နောက်ဆုံးနေ့၌ ကျရှုံးခဲ့၏ဟု မှတ်တမ်းတွင် တွေ့ရှိရပါသည်။ (သုတဗုဒ္ဓဝင်၊ စာ-၃၂၀)

မော်ကျွန်း တိပိဋကဓရလောင်းလျာအကြောင်း ပြောလျှင် မြင်းခြံကိုးဆောင် ဆရာတော်နှင့် အကြောင်းဆက်ရပေလိမ့်မည်။ သို့မှသာ ပြီးပြည့်စုံသော ဇာတ်လမ်းဖြစ်ပါလိမ့်မည်။

၁၉၉၉ ၎င်းနောက် (၁၉၉၉) ခုနှစ်တွင် တိပိဋကဓရ ရေးဖြေ စာမေးပွဲကြီးကို ဝင်ရောက်ဖြေဆိုခဲ့၏။ ဂုဏ်ထူး ဖြင့်အောင်မြင်တော်မူခဲ့၏။ ထို့ကြောင့် အဘိဓမ္မကောဝိဒ ဘွဲ့ကို ရတော်မူခဲ့၏။ ဤသို့ဖြင့် အာဂုံဆောင်လည်း အောင်ခဲ့ပြီ။ ရေးဖြေလည်း အောင်ခဲ့ပြီ။ ထို့ကြောင့် တိပိဋကဓရ၊ တိပိဋကကောဝိဒ ဖြစ်တော်မူ၏။

မော်ကျွန်းဆရာတော်သည် သင်ရိုးပိဋကတ်သုံးပုံလုံးကို အာဂုံရော၊ ရေးဖြေပါ အကုန်အစင် အောင်မြင်ပြီးဆုံးပြီဖြစ်သဖြင့် တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်လည်း ရတော်မူ၏။ အောင်လက်မှတ်တော်လည်း ရတော်မူ၏။ အရိုးဝါ ကနက္ကဒဏ် ထီးဖြူတော်သုံးလက် တံဆိပ်ပါရှိသည့် သာသနာ့အောင်လံယော်လည်း ရတော်မူ၏။ ကုန်း၊ ရေ၊ လေ သုံးဌာနတို့၌ နောက်ပါ တပည့်နှစ်ဦးနှင့်အတူ အခမဲ့ အထက်တန်းခရီးသွားလက်မှတ်နှင့် လစဉ် ဆွမ်းဆန်တော် (၁၄၄၅/-) စသော အဆောင်အယောင်များကို အလှူခံရရှိတော်မူ၏။

၎င်းနောက် မော်ကျွန်းဆရာတော်သည် စာမေးပွဲကိစ္စများ အားလုံးပြီးစီးပြီဖြစ်သဖြင့် ကျမ်းပြုသည့်ဘက်သို့ လှည့်ခဲ့လေသည်။

နိကာယ်စာသင်တိုက်ရောက်ပြီး ဒုတိယဝါကပ်ပြီးသည့်နှစ်တွင်ပင် ပါဠိပါရဂူစာဝါ စတင် ပို့ချခဲ့၏။ ထိုသို့ ပို့ချရင်းမှာပင် မှတ်တမ်းမှတ်စုကို ရေးသားပြုစုခဲ့၏။ စာဝါအပြီးမှာပင် ပါဠိပါရဂူ လေ့လာနည်း ဖြေဆိုနည်းတို့ကို အကျဉ်းချုပ် နည်းပေးညွှန်ပြသည့် ကျမ်းဖြစ်သော နည်းပြပါဠိပါရဂူ စာအုပ်ကို ထုတ်ဝေနိုင်ခဲ့၏။

၂၀၀၄ (၂၀၀၄) ခုနှစ်သို့ ရောက်သောအခါ နိကာယ်စာသင်တိုက်၌ပင် တိပိဋက စာသင်သားများကို စတင် လက်ခံခဲ့၏။ စတင် ပြုစုစောင့်ရှောက်ပေးခဲ့၏။ ပါဠိပါရဂူ စာဝါ ထပ်မံပို့ချခဲ့ပြန်၏။ ထိုအခါ ဒုတိယကျမ်းစာအုပ်ဖြစ်သည့် ဝိနယပါဠိပါရဂူ စာအုပ်ကို ရေးသားပြုစုခဲ့ပြန်၏။

၂၀၀၄ ထို (၂၀၀၄) ခုနှစ် တန်ဆောင်မုန်းလတွင်ပင် မြင်းခြံဆရာတော်ကြီး ဘဝနတ်ထံ စံလွန်တော်မူခဲ့ကြောင်း သိရှိရပါသည်။

၂၀၀၄ သို့ဖြင့် (၅) နှစ်ကြာသွားခဲ့ပါသည်။ (၅) နှစ်မြောက်သောကာလ (၂၀၀၄) ခုနှစ်တွင် နိုင်ငံတော်အစိုးရက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်၊ ဘွဲ့လက်မှတ် တော်နှင့် တိပိဋကဓရဆရာတော် တစ်ပါး၏ အထိမ်းအမှတ် အဆောင်အယောင် ဆင်စွယ်ယပ်ဝန်းတော်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရှိရပါသည်။

တိပိဋကစာသင်သားများထဲမှ ရေးဖြေအဆင့် ရောက်လာသူများအား ဝိနည်းဋီကာ စာဝါပို့ချခဲ့ကြောင်း သိခဲ့ပြီး ဖြစ်ပါသည်။ ထိုသို့ ပို့ချရာတွင် မှတ်စုများ ရေးသား ခဲ့ကြောင်းလည်း သိခဲ့ပြီး ဖြစ်ပါသည်။

ထို့ကြောင့်ပင် 'ပါရာဇိကကဏ္ဍဋီကာသာရ (ပထမအုပ်၊ ဒုတိယအုပ်)၊ ပါစိတ္တိယ ဋီကာသာရ၊ မဟာဝဂ္ဂဋီကာသာရ၊ စူဠဝဂ္ဂ ဋီကာသာရ၊ ပရိဝါရဋီကာသာရ' ဟူသော ဝိနည်းပိဋကဆိုင်ရာ ဋီကာမှတ်စု စာအုပ်များနှင့် 'ဓမ္မသင်္ဂဏီဋီကာသာရ၊ ဝိဘင်္ဂဋီကာသာရ၊ ဓာတုကထာ ဋီကာသာရ၊ ယမက- ပဋ္ဌာနဋီကာသာရ' ဟူသော အဘိဓမ္မာပိဋကဆိုင်ရာ ဋီကာမှတ်စုစာအုပ်များကို ရေးသားပြုစုခဲ့ပြီးကြောင်း လေ့လာတွေ့ရှိရပါသည်။

၎င်းနောက် သုတ္တန်ပိဋကအတွက် ဋီကာမှတ်စုများကို ဆက်လက်ပြုစုရေးသား တော်မူခဲ့ကြောင်း သိရှိရပါသည်။ ထိုအခါ ပြုစုပြီးသော ကျမ်းမှာ မဟာဝဂ္ဂ ဋီကာသာရ (သုတ်မဟာဝါ) ကျမ်းစာအုပ် ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ထို့ပြင် တိပိဋကဓရလောင်းလျာများအတွက် အကျိုးများလှသည့် ကျမ်းများကို ဆက်လက်ပြုစုခဲ့ပြန်ပါသည်။

တိပိဋကဓရစာမေးပွဲ ပုစ္ဆာပေါင်းချုပ် စာအုပ်များ ကိုလည်း ဝိနယပိဋက သုတ္တန္တပိဋက ဒီဃနိကာယ၊ အဘိဓမ္မပိဋက (ပထမပိုင်း)၊ (ဒုတိယပိုင်း)၊ မဇ္ဈိမ သံယုတ္တ အင်္ဂုတ္တရ- ဟူ၍ခွဲခြားပြီး ရိုက်နှိပ် လှူဒါန်းတော်မူခဲ့ကြောင်း သိရှိရပါသည်။ အစိုးရ တိပိဋကဓရ စာမေးပွဲကြီးတွင် မေးမြန်းခဲ့ဖူးသော မေးခွန်းဟောင်းများကို ခဲခဲယဉ်းယဉ်း လိုက်လံရှာဖွေစုဆောင်းရမည့်အစား လွယ်လွယ်ကူကူ ဖတ်ရှုနိုင်အောင် စာအုပ်ရိုက်နှိပ် ဓမ္မဒါနပြုခဲ့ကြောင်း သိရှိရပါသည်။

၂၀၀၉ တိပိဋကဓရ မော်ကျွန်းဆရာတော်သည် ရဟန်းတော်များအတွက်လည်း ကျမ်းများပြုစုပြီးသောအခါ လူပုဂ္ဂိုလ်များအတွက် ကျမ်းများ ဆက်ပြုပြန်၏။

လူပုဂ္ဂိုလ်များအတွက်လည်း 'ပွားများထိုက်စွာ မေတ္တာဘာဝနာ စာအုပ်ကိုလည်းကောင်း၊ သာသနာပြု မြတ်ကောင်းမှု စာအုပ်ကိုလည်းကောင်း၊ ညီတူဒါန ကျိုးကြီးလှ စာအုပ်ကိုလည်းကောင်း၊ ကုသိုလ်ထပ်ဆင့် စွမ်းအားမြင့်စာအုပ်ကိုလည်းကောင်း၊ ဓမ္မစကား လေးဆယ့်ငါး စာအုပ်ကိုလည်းကောင်း ရေးသားပြုစုတော်မူခဲ့ကြောင်း သိရှိရပါသည်။

တိပိဋကဓရ ဘွဲ့ရပြီးနောက် (၁၀) နှစ်ပြည့်မြောက်သည့် ကာလတွင် မိမိ၏ ဘဝနှင့်မှတ်တမ်းများ စာအုပ်ကိုလည်း ရေးသားပြုစုခဲ့ကြောင်း သိရှိရပါသည်။။

တိပိဋကဓရဘဝသို့ တက်လှမ်းခဲ့သော မော်ကျွန်းဆရာတော်သည် မိမိမွေးရပ်မြေအား မေ့သည် မဟုတ်ချေ။ ထို့ကြောင့်ပင်လျှင် မိမိဇာတိရပ်ရွာအတွက် လုပ်နိုင်သမျှကို စွမ်းစွမ်းတမံလုပ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

မွေးရပ်မြေရှိ မိမိ၏ မရမ်းဆရာတော်ကြီးအတွက် စက်လှေစက်၊ စပါးခွံမီးစက်၊ ရေစုပ်စက်၊ တယ်လီဖုန်းများ လှူဒါန်းခဲ့ကြောင်း သိရှိရပါသည်။

၎င်းအပြင် ပန်းတောစုရွာ၌ ရွာလမ်းခင်းပေးပြီး လျှပ်စစ်မီး ရရှိအောင် စပါးခွဲမီးစက် တည်ထောင်ပေးကြောင်း သိရှိရပါသည်။

၎င်းအပြင် သာယာကုန်းရွာ ရွာဦးစေတီတော် ရေတိုက်စား၍ မြစ်ထဲပြိုကျသွားသည်ကို ပြန်လည်တည်ထားကိုးကွယ်ကြောင်း သိရှိရပါသည်။
၎င်းအပြင် မရမ်းရွာ၌ အခြေခံပညာ မူလတန်းလွန်ကျောင်း၊ အလယ်တန်းကျောင်းခွဲများ ရရှိအောင် ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရပါသည်။

၎င်းအပြင် စာသင်ဆောင်များဆောက်လုပ်လှူဒါန်းခြင်း၊ လက်နှိပ်စက်၊ ကက်ဆက်၊ မီးစက်၊ အဝီစိရေတွင်း၊ ရေစုပ်စက်၊ ဗီရို စာသင်ခုံ စသော ကျောင်းအသုံးအဆောင်များ ပံ့ပိုးလှူဒါန်းခဲ့ပြန်ပါသည်။

၎င်းအပြင် မော်ကျွန်းမြို့နယ်၌ ပြည်သူ့ဆေးရုံကိုလည်းကောင်း၊ ဘိုကလေးမြို့တွင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့အတွက် မီးစက်ကြီးတစ်လုံးကိုလည်းကောင်း လှူဒါန်းခဲ့ပြန်ပါသည်။

၎င်းအပြင် ရှင်မပြုနိုင်သည့် ကလေးသူငယ် (၁၂၀) ကျော် တို့အား ရှင်သာမဏေအဖြစ် သွတ်သွင်းချီးမြှောက်၍ သာသနာ့အမွေ ခံယူပေးခဲ့ကြောင်း သိရှိရပါသည်။
၎င်းနောက် မမေ့မလျော့ပဲ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့လျက် လှူဒါန်းသင့်သည်တို့ကို လှူဒါန်းခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

၎င်းအပြင် မရမ်းရွာ၌ပင်လျှင် ကျန်းမာရေးဆေးခန်း ဆောက်လုပ်လှူဒါန်းခဲ့ခြင်း၊ ဆေးခန်းသုံး ပစ္စည်းများ ဖြည့်ဆည်းပံ့ပိုးပေးခြင်းများ ပြုလုပ်ခဲ့ပါသည်။
၎င်းအပြင် ကျိုက်ပိတိုက်နယ်၌ ကျောက်တော်ကြီးမြတ်စွာဘုရား တန်ဆောင်းတော်ကြီးကို တည်ဆောက်ပေးခဲ့ပါသည်။

၎င်းအပြင် မရမ်းရွာ၌ မဟာအောင်မြေဘုံသာကျောင်းအတွင်း၌ ရုပ်ပွားတော်ကြီးများ ကိန်းဝပ်စံပယ်ရန် တန်ဆောင်းတော်ကြီး ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရှိရပါသည်။

ဝင်းအပြင် ချောင်းငယ်၊ မြောင်းငယ်များ ပေါ်များပြီး အသွားအလာခက်သော အရပ်ဒေသအတွင်းဝယ် သွားရေးလာရေး လွယ်ကူစေရန်အတွက် ချောင်းကူး မြောင်းကူး တံတားကြီးများ တည်ဆောက်ပေးခဲ့ခြင်း စသော ကုသိုလ်ကောင်းမှုများ ပြုလုပ်ခဲ့သေးကြောင်း တအံ့တသြ တွေ့ရှိရပါသည်။ (သုတဗုဒ္ဓဝင်၊ စာ-၃၂၇)

၂၀၀၉ ဝင်းအပြင် (၂၀၀၈) ခုနှစ်၊ မေလ (၃/၄) ရက်တို့တွင် နာဂစ်မုန်တိုင်းကြီး ဝင်ရောက်တိုက်ခတ်ခဲ့ရချိန်တွင် လေဆင်နှာမောင်းဒဏ်ကြောင့် နာဂစ်ဒဏ်ခံ ပုဂ္ဂိုလ်များအတွက်လည်း ကူညီထောက်ပံ့ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဝင်းအပြင် ရန်ကုန်မြို့၊ တောင်ဒဂုံ ပိဋကတ်သုံးပုံနိကာယ် စာသင်တိုက်အတွင်း၌ 'ရွှေရတုကုသိုလ်ဖြစ်ဆေးခန်း' ကိုလည်း (၂၀၀၉) ခုနှစ် နှစ်ဦးမှစ၍ဖွင့်လှစ်ခဲ့ ကြောင်း၊ အခမဲ့ ဆေးဝါးကုသပေးခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ ဝင်းအပြင် မျက်စိဆေးခန်း၊ သွားဆေးခန်းများလည်း အခါအားလျော်စွာ ဖွင့်လှစ်ကုသပေးခဲ့ ကြောင်း၊ ဝင်းအပြင် စုပေါင်းသွေးလှူဒါန်းပွဲများကိုလည်း လေးလတစ်ကြိမ် ပြုလုပ်ပေးခဲ့ကြောင်း ကြည်ညိုဖွယ်ရာ လေ့လာတွေ့ရှိရပါသည်။

၂၀၁၀ ဝင်းအပြင် ဆင်းရဲ နွမ်းပါး၍ ကျောင်းနေရန် ခက်ခဲလျက်ရှိသော (၁၀) တန်း ကျောင်းသူ၊ ကျောင်းသားများအတွက်လည်း မိမိ တိပိဋကဓရ စာမေးပွဲတော်ကြီး အောင်မြင်ခဲ့သော ရွှေရတုကုသိုလ်တော်အဖြစ် ပညာဒါနစာသင်ကျောင်းကို (၂၀၁၀) ပြည့်နှစ်၊ ပညာသင်နှစ်မှစ၍ ဦးဆောင်ဖွင့်လှစ်ပေးခဲ့ကြောင်းလည်း သတင်းကောင်းများ ကြားသိရပါသည်။

ဤတွင် အမှတ်မထင် တွေ့ရှိရသော ထူးဆန်းသော ဖြစ်ရပ်မှန်များကို တင်ပြပါ ဦးမည်။ ထိုအချက်တို့မှာ အခြားမဟုတ်ပါ။ ထို ရွှေရတု တိပိဋကဓရ မော်ကျွန်း ဆရာတော်၏ စိတ်ဝင်စားမှုတို့ ဖြစ်ပါသည်။

မော်ကျွန်းဆရာတော်ကြီး၏ ထူးခြားချက်မှာ ရှေးဟောင်းသမိုင်းမှတ်တမ်းများကို အမြတ်တနိုး စုဆောင်းသိမ်းဆည်းထားခြင်း၊ ဖြစ်ရပ်မှန်ကို မခြွင်းမချန် မှတ်တမ်းပြုထားတတ်ခြင်း၊ ဂီတအနုပညာတွင် အလေ့အလာ ဝါသနာရှိခြင်း၊ စစ်တုရင်ကစားမှု၌ ဝါသနာပါခြင်းတို့ဖြစ်သည်ဟု မှတ်သားရပါသည်။

တိပိဋကဓရ မော်ကျွန်းဆရာတော်ထံမှ နောင် ပွင့်ပေါ်လတ္တံ့သော တိပိဋကဓရလောင်းလျာများအတွက်လည်း မှတ်သားဖွယ်ရာများ လေ့လာတွေ့ရှိရပါသည်။ စာသင်သားများအတွက်လည်း အကျိုးထူးများ ရှိနိုင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ခက်ခဲနက်နဲလှသော တိပိဋကဓရ အာဂုံဆောင် ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်တို့၏ နည်းဖြစ်သဖြင့် သေချာပေါက် အကျိုးရှိနိုင်ပါသည်။ တဆိတ်လောက်ဖတ်ကြည့်ပါ။

"စာကျက်တဲ့အခါ စာအသစ်ကိုချည်း တစ်နေကုန် ကျက်ခဲ့တယ်လို့ မရှိပါဘူး။ မနက်ပိုင်းမှာပဲ စာအသစ်ကိုကျက်ပြီး ကျန်တဲ့အချိန်ပိုင်းတွေမှာတော့ ကျက်ပြီးသားစာတွေကို ပြန်နွှေးခဲ့ပါတယ်။ စာအသစ်ကျက်တဲ့အခါ ဝဿုဒ္ဒါန် ဆိုတဲ့ ဥဒါန်းဂါထာတွေကလွဲလို့ ကျန်ပါဠိတော်တွေဆိုရင် (၁၅) မိနစ်ကို တစ်မျက်နှာနှုန်းရအောင် ကျက်နိုင်ခဲ့ပါတယ်။ မနက်ပိုင်း စာကျက်ချိန် (၄) နာရီမှာ (၁၆) မျက်နှာလောက်ရအောင် ကျက်နိုင်ခဲ့ပါတယ်" ဟု ဖြေကြားတော်မူသည်။ (သုတဗုဒ္ဓဝင်၊ စာ-၃၃၀) ဤအချက်သည် ယူတတ်လျှင် ရပါသည်။ မြင်တတ်လျှင် အကျိုးထူးပါလိမ့်မည်။

ထို တိပိဋကဓရ ဆရာတော်ကြီး သီတင်းသုံးတော်မူသောကျောင်းမှာ တိပိဋကကျောင်းတော်၊ (၁၂) စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ဖြစ်ကြောင်း သိရှိရပါသည်။ သက်ရှိ ထင်ရှားဖြစ်သဖြင့် သွားရောက်ဖူးမြော်နိုင်ပါသည်။

ကျမ်းကိုး။ မောင်သုတ၊ သုတဗုဒ္ဓဝင်၊ သုတဗုဒ္ဓ မည်ရထင်ရှား တိပိဋကဓရ ဆရာတော်များ၏ ဘဝဖြစ်တော်စဉ်၊ စာ-၃၀၆၊ ၃၁၈၊ ၃၁၉၊ ၃၂၀၊ ၃၂၁၊ ၃၂၂၊ ၃၂၄၊ ၃၂၅၊ ၃၂၆၊ ၃၂၈၊ ၃၂၉၊ ၃၃၀။

(၁၉၉၉) ခုနှစ်တွင် အောင်မြင်တော်မူသော တိပိဋကဓရ သာသနာ့အာဇာနည်

အဋ္ဌမ တိပိဋကဓရ မြင်းမူဆရာတော်ကြီး

# ဘဒ္ဒန္တဝံသပါလာလင်္ကာရ

(၁၉၆၅ ဖွား - ယခု သက်ရှိထင်ရှား)





ငယ်စဉ်က မျက်စိတစ်ဖက်ကို ကျောက်ဒိုးမှန်ခဲ့သောကြောင့် မျက်စိသိဝေအားနည်းနေသည့်ကြားမှ
တစ်နေ့လျှင် စာ-၁၅ မျက်နှာ ကျက်မှတ်ခဲ့ပြီး နှစ်ပေါင်း (၁၅) နှစ် ကြိုးစားခဲ့သောအခါ ပိဋကတ်သုံးပုံစလုံး
အာဂုံဆောင် ရေးဖြေအောင်ခဲ့သော ပုဂ္ဂိုလ်ထူး

၁၉၆၅ ပရိယတ္တိ သာသနာ့ဝင် သမိုင်းကြီးကို လေ့လာရာတွင် တိပိဋကဓရ သာသနာ့အာဇာနည်များကို လေ့လာခဲ့ပါသည်။ ထိုအခါ ပါရမီထူးသော ထိုရဟန်းထူးတို့သည်လည်း ထူးခြားချက်များ ရှိပါသည်။ ထိုထူးခြားချက်များမှာ မွေးလာသည်မှစ၍ တိပိဋကဓရ ရဟန်းထူးဘဝသို့ရောက်အောင် တစိုက်မတ်မတ် လုပ်ဆောင်လာခဲ့ကြောင်း အချက်တစ်ချက် တွေ့ရပါသည်။ ၎င်းအပြင် ခေတ်စကားနှင့် ပြောရလျှင် ကမ္ဘာမှာမရှိ၊ မြန်မာမှာသာ ရှိသော တိပိဋကဓရပုဂ္ဂိုလ်၏ ဘဝခရီးစဉ်မှာ တစ်လျှောက်လုံး ကိုရင်ဘဝ၊ ရဟန်းဘဝတို့တွင် မတိမ်းမစောင်း မယိမ်းမယိုင်နေခဲ့ပြီးနောက် ဘဝတစ်လျှောက်လုံး ပိဋကတ်စာတွေနှင့်သာ နေ့နေ့ညည နေထိုင်ကျင့်ကြံအားထုတ်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့်လည်း လူသာမန်တို့မလုပ်နိုင်သောအလုပ်ကို လုပ်ခဲ့သော သာသနာ့အာဇာနည်များအဖြစ် မှတ်တမ်းတင်ရခြင်း ဖြစ်ပါသည်။

ယခုတင်ပြမည့် တိပိဋကဓရ ဆရာတော်မှာ အဋ္ဌမ တိပိဋကဓရ ဆရာတော်ဟု သမိုင်းတင်ရသည့် ရဟန်းထူးဖြစ်ပါသည်။ မြန်မာနိုင်ငံတော်ကြီးတွင် ပေါ်ပေါက်ခဲ့သည့် (၈) ပါးမြောက် တိပိဋကဓရ ပုဂ္ဂိုလ်ကျော် ဟူ၍ အလွယ်တကူ ပြောဆိုနိုင်ပါသည်။ ဘွဲ့တော်မှာ ဘဒ္ဒန္တဝံသပါလာလင်္ကာရ ဟူ၍ ဖြစ်ပါသည်။ သို့သော်လည်း အများကမူကား မြင်းမူဆရာတော်ဟူ၍ လူသိများ ကျော်ကြားတော်မူပါသည်။ အချို့ကလည်း ရွှေရတု တိပိဋကဓရဆရာတော်ဟူ၍လည်း ခေါ်ဆိုကြပါသည်။

မြင်းမူဆရာတော် တိပိဋကဓရ ဖြစ်ချိန်တွင် သက်တော် (၃၄) နှစ်မျှသာ ရှိပါသေးသည်။ သို့သော်လည်း တိပိဋကဓရ စာမေးပွဲ ဖြေဆိုခဲ့ရသော နှစ်ပေါင်းမှာ (၁၅) နှစ်မျှဖြစ်ကြောင်း သိရပါသည်။ သက်တမ်းတစ်ဝက်ကျော်မျှ စာထဲတွင် နှစ်မြှုပ်ထားကြောင်း လေ့လာတွေ့ရှိရပါသည်။ အံ့ဖွယ်ဖြစ်ပါသည်။

အရှင်ဝံသပါလာလင်္ကာရ၏ ထေရုပ္ပတ္တိကို ရှာကြံရာတွင် ပြည်မြို့နယ်လုံးဆိုင်ရာ တိပိဋကဓရ အရှင်မြတ်လေးပါးအား ပူဇော်ရေးအဖွဲ့မှ ထုတ်ဝေသော တိပိဋကဓရ သာသနာ့အာဇာနည်လေးပါး၏ ထေရုပ္ပတ္တိအကျဉ်းနှင့် ချီးကျူးပူဇော်ပွဲ မှတ်တမ်း၊

(၁၉၇၈) ခု၊ ဧပြီလ (၈) ရက်၊ စနေနေ့၊ စာအုပ်ပါးပါးကလေးကို ဦးစွာပထမ ဖတ်ရှုရ၍ ဝမ်းမြောက်ဝမ်းသာ ရှိမိပါသည်။ ထိုပထမအကြိမ်ထုတ်စာအုပ်ကလေးကို ရန်ကုန်မြို့၊ ရွှေဂုံတိုင်စာတိုက်၊ အာဇာနည်ဗိမာန်လမ်း၊ အရှင်ဦးတိလောကသာရက ထုတ်ဝေသည်ဟု ရေးသားထားပါသည်။ လှိုင်ရတနာပုံနှိပ်တိုက်၊ ရန်ကုန်မြို့တွင် ပုံနှိပ်ခြင်းဖြစ်သည်။ ထိုစာစောင်တွင် တိပိဋကဓရ (၄) ပါးသာ ပါရှိပါသည်။ ထို့ကြောင့် ဆက်လက်ရှာဖွေရပြန်ပါသည်။ ၎င်းနောက် တိပိဋကဓရ ရွှေရတုစာစောင်၊ စာ-၈၉၊ ၉၀ တွင် ထေရုပ္ပတ္တိအကျဉ်းကို ထပ်မံတွေ့ရှိရသည်။ ထို့ထက် ပြည့်ဝစုံလင်စွာ တွေ့ရှိရသည်မှာ မောင်သုတ စုစည်းပူဇော်သည့် သုတဗုဒ္ဓ မည်ရထင်ရှား တိပိဋကဓရ ဆရာတော်များ၏ ဘဝဖြစ်တော်စဉ်၊ သုတဗုဒ္ဓဝင် ဖြစ်၏။ ရန်ကုန်တက္ကသိုလ် အငြိမ်းစားပါမောက္ခချုပ်၊ တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင်အေး ပြုစုရေးသားသည့် တိပိဋကဓရ သာသနာဝင် သမိုင်းမှတ်တမ်း သုတေသနကျမ်းသည်လည်း ကြီးစွာသော အထောက်အပံ့ကို ပေးခဲ့ပါသည်။ ထိုစာအုပ်ကြီးကို (၂၀၀၆) ခုနှစ်၊ နိုဝင်ဘာလတွင် တက္ကသိုလ်များ ပုံနှိပ်တိုက်မှ ပထမအကြိမ် ရေးသားရိုက်နှိပ်သည်ကို လေ့လာတွေ့ရှိရပါသည်။ ထိုစာအုပ်ကြီးတွင် ပါရှိသော အချက်အလက်များသည် မှတ်တမ်းဝင်၊ သမိုင်းဝင်၊ ဂန္ထဝင်မြောက် ခေတ်ပြိုင်မှတ်တမ်းများ ဖြစ်ပါသည်။ ထိုမှတ်တမ်းများကို ကောက်နုတ်လျက် အောက်ပါထေရုပ္ပတ္တိကို ရေးသားစီရင်ခြင်း ဖြစ်ပါသည်။

မြင်းမူ တိပိဋကဓရဆရာတော်၏ ဇာတိမှာ ခွက်ခွင်းရွာ ဖြစ်၏။ မြင်းမူမြို့နယ်တွင် ရှိ၏။ စစ်ကိုင်းတိုင်းဒေသကြီးတွင် ပါဝင်၏။ သို့သော်လည်း မြင်းမူဆရာတော်ဟူ၍ပင် လူသိများ ကျော်ကြားတော်မူပါသည်။ ထိုအချက်ကို မှတ်တမ်းများတွင် အောက်ပါအတိုင်း တွေ့ရပါသည်။

အဋ္ဌမ တိပိဋကဓရ မြင်းမူဆရာတော် ဘဒ္ဒန္တဝံသပါလာလင်္ကာရကို စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်၊ ခွက်ခွင်းရွာ၌ မွေးဖွားသန့်စင်ခဲ့၏။ ခမည်းတော်မှာ ဦးကျော် မယ်တော်မှာ ဒေါ်ကျင်မြိုင် ဖြစ်၏။
(ကျမ်းကိုး။ မောင်သုတ၊ သုတဗုဒ္ဓဝင်၊ သုတဗုဒ္ဓ မည်ရ ထင်ရှား တိပိဋကဓရ ဆရာတော်များ၏ ဘဝဖြစ်တော်စဉ်၊ စာ-၃၃၇)

၁၉၆၅ မွေးသက္ကရာဇ် အတိအကျမှာ (၁၉၆၅) ခုနှစ်၊ နှိုဝင်ဘာလ (၃) ရက်၊ ဗုဒ္ဓဟူးနေ့ ဖြစ်၏။ မွေးချင်း (၆)ဦး ရှိ၏။ တတိယမြောက်သား ဖြစ်၏။ ငယ်မည် မောင်ဝင်းအောင် ဖြစ်၏။

၁၉၇၆ အသက် (၁၁) နှစ်သားအရွယ်တွင် ကိုရင်ဖြစ်ခဲ့၏။ တိပိဋကဓရ အကျော်အမော်တို့၏ ထုံးစံပင် စာတော၊ ပေတောတွင်သာ မွေ့လျော် ပျော်ပါးကြောင်း တွေ့ရှိရပါသည်။

၁၉၇၆ (၁၉၇၆) ခုနှစ်၊ တပေါင်းလတွင် ခွက်ခွင်းရွာ၊ အောင်မြေဘုမ္မိကျောင်းဆရာတော် ဘဒ္ဒန္တပဝရကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့၏။ ကိုရင်၏ ဘွဲ့တော်မှာ ရှင်ဝံသပါလ ဖြစ်၏။

၁၉၇၈ ကိုရင်ဖြစ်ပြီး (၂) နှစ်အကြာ (၁၉၇၈) ခုနှစ်တွင် ပထမငယ်တန်း အောင်၏။

၁၉၇၉ နောက်တစ်နှစ် (၁၉၇၉) ခုနှစ်တွင် ပထမလတ်တန်း အောင်၏။ ၎င်းနောက် မန္တလေးမြို့သို့ ရောက်သွား၏။ ထိုမန္တလေးတွင်ပင် သာမဏေသကျသီဟစာမေးပွဲအတွက်ပါ ပူးတွဲ အားထုတ်ဖြေဆိုခဲ့ကြောင်း သိရပါသည်။

၁၉၈၀ ကိုရင်ဖြစ်ပြီး (၄) နှစ် အကြာတွင် (၁၉၈၀) ခုနှစ်၌ ဒုတိယဆင့်နှင့် အစိုးရပထမကြီးတန်းတို့ကို ပူးတွဲ အောင်မြင်ခဲ့ကြောင်း တွေ့ရပါသည်။

၁၉၈၂ ကိုရင်ဖြစ်ပြီး (၆) နှစ်အကြာ (၁၉၈၂) ခုနှစ်တွင် အစိုးရဓမ္မာစရိယ စာမေးပွဲ၌ အဋ္ဌသာလိနီကျမ်းကို အောင်မြင်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

၁၉၈၃ ကိုရင်ဖြစ်ပြီး (၇) နှစ်အကြာ (၁၉၈၃) ခုနှစ်တွင် သာမဏေသကျသီဟ တတိယဆင့်ကို အောင်မြင်၍ 'ပရိယတ္တိသာသနာလင်္ကာရ သာမဏေကျော်' ဘွဲ့ကို ရရှိခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ ထို့ကြောင့်ပင်လျှင် မိမိ၏ မူရင်းဘွဲ့ ရှင်ဝံသပါလ ဟူသော ဘွဲ့တော်ကို ပြောင်းလဲလျက် ရှင်ဝံသပါလာလင်္ကာရဟူ၍ပင် ဘွဲ့တော်

အသစ်ရခဲ့ပါ၏။ လူရိုးရိုးနှင့်မတူသော ဘဝတွေ ဖြစ်ပါသည်။ ကျွန်ုပ်တို့ငယ်စဉ် ကလေးဘဝတွေကို ပြန်တွေးလျှင် တအံ့တသြ ဖြစ်မိ၊ ကြည်ညိုမိပါသည်။

ဤသို့ဖြင့် နိုင်ငံတော်အစိုးရ ဓမ္မာစရိယစာမေးပွဲကိုလည်း ပြီးစီးအောင်မြင်သဖြင့် သာသနဓဇ ဓမ္မာစရိယဘွဲ့ကိုလည်း ရရှိတော်မူခဲ့ပြန်၏။

အသေအချာ တွက်စစ်လျှင် အသက် (၁၉) နှစ် (၂၀) ဆိုသည်မှာ ဘာမျှ ကြီးသေးသည် မဟုတ်ချေ။ ကျွန်ုပ်တို့တွေ ဆော့၍ကောင်းတုန်း၊ လျှောက်လည်၍ ကောင်းတုန်းအချိန် ဖြစ်သည်။ ပါရမီထူးလှသော ထိုကိုရင်ကလေးကား (၁၉) နှစ် မတိုင်မီကတည်းက တန်ခိုးပြခဲ့လေသည်။

သက်တော် (၁၉) နှစ်တွင်းသို့ ဝင်ရောက်ခါစသာ ရှိသေးသော ရှင်ဝံသပါလာလင်္ကာရသည် သာမဏေကျော်ဘွဲ့၊ ဓမ္မာစရိယဘွဲ့များဖြင့် သာသနာတော်၌ တင့်တင့်တယ်တယ် ထွန်းထွန်းပေါက်ပေါက် ဖြစ်ထွန်းခဲ့လေသည်။
(သုတဗုဒ္ဓဝင်၊ စာ-၃၃၈)

ကိုရင်ကလေးသည် အထက်၊ အထက်က ဘွဲ့တွေရသည်အထိ ရဟန်းဘဝသို့ မရောက်သေးချေ။ ရဟန်းဘဝသို့ရောက်သော မှတ်တမ်းကို ဤသို့တွေ့ရပါသည်။

၁၉၈၅ သာမဏေကျော် ဓမ္မာစရိယ ရှင်ဝံသပါလာလင်္ကာရသည် (၁၉၈၅) ခုနှစ်၊ မတ်လ (၅) ရက်၊ အင်္ဂါနေ့တွင် မုံရွာပဋ္ဌာနတာရုံကျောင်းတိုက်၏ တိုက်ခွဲတစ်ခုဖြစ်သော မန္တလေးမြို့၊ လောကမှန်ကင်းကျောင်းတိုက် ခဏ္ဍသိမ်တော်၌ မုံရွာမြို့၊ ပဋ္ဌာနတာရုံကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနာဂဝံသကို ဥပဇ္ဈာယ်ပြု၍ မန္တလေးမြို့၊ သူဌေးတန်းရပ် ဦးဘိုးမှိ၊ သုဓမ္မသိင်္ဂီ ဒေါ်ရွှေညွန့် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ကြောင်း မှတ်တမ်းတွင် ဖတ်ရှုရပါသည်။ (သုတဗုဒ္ဓဝင်၊ စာ-၃၃၉ ကိုကြည့်ပါ)

အံ့သြစရာကောင်းသော အချက်တစ်ချက်မှာ ဒီလောက်တောင် စာအုပ်တွေ အများကြီး စာမျက်နှာတွေအများကြီးကို အာဂုံဆောင်ခဲ့သော ရဟန်းထူး၊ ရဟန်းမြတ်

သည် မျက်စိကောင်းကောင်း ကောင်းလှသည် မဟုတ်ကြောင်း သတိထားမိသော အချက် ဖြစ်ပါသည်။ သာမန်အားဖြင့်ဆိုလျှင် မျက်စိအားနည်းသော လူတစ်ယောက်အဖို့ တိပိဋကဓရ ကျက်ဖို့၊ မှတ်ဖို့ဆိုသည်မှာ မစဉ်းစားဝံ့သောအလုပ် ဖြစ်လေသည်။

၁၉၇၀ ရှင်ဝံသပါလာလင်္ကာရသည် (၅) နှစ်သားအရွယ်လောက်တုန်းက ဖြစ်ခဲ့သော ဒဏ်ရာဒဏ်ချက် တစ်ခု ဖြစ်၏။ ရပ်ထဲရွာထဲ သွားသွားလာလာနေစဉ် အခြားကလေးငယ်များ ကျောက်ဒိုးပစ်၍ ကစားနေသည်ကို ငေးကြည့်နေသည်ဟု ဆိုပါသည်။ ထိုသို့ ငေးကြည့်၊ ငုံ့ကြည့်မိသောအချိန်တွင် မိမိ၏ မျက်စိကို တစ်ဖက်လူက ကစားနေသော ကျောက်ဒိုး လာပြီးမှန်သောကြောင့် မိမိမှာ ဒဏ်ရာရခဲ့သည်ဟု ဆိုပါသည်။ ထိုစဉ်က တောရွာမှာ ဖြစ်ခဲ့သော ကိစ္စဖြစ်ပါသည်။ တောရွာမှာ ဖြစ်သောကြောင့် မျက်စိကို စမ်းသပ်စစ်ဆေးမှု၊ ကုသမှု မပြုလုပ်ပဲ ဘာသိဘာသာ နေခဲ့ကြပါသည်။ ဤသို့ဖြင့် ကာလတွေကြာသည့်အခါ မိမိ၏မျက်စိ တစ်ဖက်မှာ ကောင်းကောင်း ကြည့်မကောင်းကြောင်း သိရှိလာရသည်ဟု ဆိုပါသည်။ သည်လိုသည်လို တော်တော်ကြီး ဆိုးတော့မှ မျက်စိဆရာဝန်များ ကို ပြသရန် သတိရသည်ဟု ဆိုပါသည်။ ထိုသို့ ပြကြည့်သည့်အခါ တွင်ကား မိမိ၏မျက်ကြောများမှာ အလုပ်မလုပ်ကြတော့ကြောင်း၊ မျက်စိအကြောတွေကလည်း အားနည်း၍ သေနေကြပြီ ဖြစ်ကြောင်း၊ ကုသ၍ မရနိုင်တော့ဟု သိလိုက်ရပါသည်။ (သုတပုဒ္ဓဝင်၊ စာ-၃၃၉) သို့သော်လည်း ဘာမှ မတတ်နိုင်တော့ပါ။

ထိုသို့သောကာလတွင် ဘုရားဖူးကိစ္စတစ်ခုနှင့် ကြုံခဲ့ရသည်။
ကျိုက်ထီးရိုးဘုရားသို့ ဘုရားဖူး ကြွရောက်ခဲ့၏။ ထိုစဉ်က ကျိုက်ထီးရိုးဘုရားပေါ်သို့ ကားလမ်းမပေါက်သေး။ တောစဉ်တောင်စဉ်တစ်လျှောက် တောင် (၃၃) လုံး ခြေလျင်လမ်းတစ်လျှောက် တစိုက်မတ်မတ် တက်ကြရသောအချိန် ဖြစ်၏။ တောင်ကြီး (၃၇) လုံး ကျော်ကြရ၏။ ကျိုက်ထီးရိုး ဆံတော်ရှင်တည်ရာတောင်သည် ပင်လယ်ရေမှ ပေပေါင်း (၃၆၀၀) မြင့်သည်ဟု ဆိုပါသည်။ ထိုသို့သော တောင်သို့ ဘုရားဖူးရန်အတွက် ခြေလျင်တက်ခဲ့ကြပါသည်။ ထိုသို့တက်ရာတွင် မိုးရွာသွန်းလိုက်၍ မိုးမိပြန်သည်ဟု ဆိုပါသည်။ ထိုအခါ အပြင်းအထန်ဖျားနာပြန်သည်။ ထိုအခါ ရက်ရှည်လများ ဆေးဝါးကုသ ကြရပြန်သည်။ ဤသို့ဖြင့် ဆေးကုရင်း

အချိန်ကုန်၍ ထိုနှစ်တစ်နှစ်လုံးလိုလိုပင် စာမကျက်နိုင်တော့ကြောင်း သိရပါသည်။ ထိုနှစ်သည် စာမှ အနားယူသောနှစ် ဖြစ်ခဲ့၏။(သုတပုဒ္ဓဝင်၊ စာ-၃၄၀)

၁၉၈၇ သို့နှင့်ပင် (၁၉၈၇) ခုနှစ်သို့ ရောက်ခဲ့၏။ ထိုအခါ သက်တော် (၂၂) နှစ်အရွယ် ရောက်ပြီ ဖြစ်၏။ ထိုနှစ်မှာပင် ပိဋကတ်သုံးပုံ စာမေးပွဲကြီးကို ဝင်ရောက်ဖြေဆိုခဲ့သည်ဟု ဆိုပါသည်။ အံ့ဖွယ်ကိစ္စကြီးများ ဖြစ်၏။ လူသာမန်ဆို စဉ်းစားရမည် မဟုတ်ချေ။

၁၉၈၇ မြင်းမူဆရာတော်သည် (၁၉၈၇) ခုနှစ်တွင် ဝိနည်းနောက်ပိုင်း အာဂုံ ဖြေဆိုခဲ့၏။ ဝိနယဓရ ဘွဲ့တော်ရခဲ့၏။

၁၉၈၈ (၁၉၈၈) ပြည့်နှစ်တွင် ဝိနည်းရှေ့ပိုင်းရေးဖြေ ဖြေဆိုခဲ့၏။

၁၉၈၉ ၎င်းနောက် (၁၉၈၉) ခုနှစ်တွင် ဝိနည်းနောက်ပိုင်းရေးဖြေတို့ကို ဆက်တိုက် အောင်မြင်တော်မူခဲ့၏။ ဝိနယကောဝိဒ ဘွဲ့တံဆိပ်တော် ရရှိခဲ့၏။ အရိုးဝါ ကနက္က ဒဏ် ထီးဖြူတော်တစ်လက် တံဆိပ်ပါရှိသော သာသနာ့အောင်လံတော် ဆက်ကပ်ခံရ၏။ ကုန်း၊ ရေ၊ လေ အံထက်တန်း အခလွတ် ခရီးသွားလက်မှတ်၊ ဆွမ်းဆန်တော် ဆက်ကပ်ခံရ၏။

ဤသို့ဖြင့် မျက်စိအားနည်းသော ထိုမြင်းမူ ဆရာတော်သည် ပိဋကတ်တစ်ပုံ အောင်ပုဂ္ဂိုလ်၏ အဆောင်အယောင်များကို ရရှိတော်မူခဲ့လေသည်။ (သုတပုဒ္ဓဝင်၊ စာ-၃၄၁) ထူးကဲသော ဘဝလမ်းကြောင်း ဖြစ်ပါသည်။ သာမန်ဆိုလျှင် မျက်စိ အားနည်းရောဂါကြောင့် ထိုတောင်ကို ကျော်နိုင်မည် မဟုတ်ခဲ့ပါ။

၁၉၉၀ (၁၉၉၀) ခုနှစ်တွင်ကား မြင်းမူဆရာတော်သည် သုတ္တန်ပိဋက ဒီဃနိကာယ် သုံးကျမ်း အာဂုံ ပြန်ဆိုခဲ့၏။ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့၏။ ဝိသိဋ္ဌ ဒီဃဘာဏက ဘွဲ့ကို ရရှိခဲ့၏။

၁၉၉၁ (၁၉၉၁) ခုနှစ်တွင်ကား ထိုမျက်စိ သီဝေသော ပုဂ္ဂိုလ်ကျော်သည် ဒီဃနိကာယ် သုံးကျမ်းရေးဖြေကို ဆက်လက်ဖြေဆိုပြန်၏။ အောင်မြင်ခဲ့ပြန်၏။ ဒီဃနိကာယ ကောဝိဒ ဘွဲ့တံဆိပ်တော် ရရှိခဲ့ပြန်၏။ ဤသို့ဖြင့် မျက်စိသီဝေသော ထိုမြင်းမူ ဆရာတော်သည် ပိဋကတ်နှစ်ပုံအောင်ပုဂ္ဂိုလ်ကျော် ဖြစ်ခဲ့လေသည်။ ထိုက်ထိုက် တန်တန်အားဖြင့်လည်း နိုင်ငံတော်ကဆက်ကပ်လှူဒါန်းသော အဆောင်အယောင် များကို လက်ခံရရှိခဲ့၏။ ဤသို့ဖြင့် ထိုမျက်စိသီဝေသော မြင်းမူဆရာတော် အရှင် ဝံသပါလာလင်္ကာရသည် (၇) နှစ်အတွင်း ပိဋကတ်နှစ်ပုံ ပြီးစီးအောင်မြင်သွားခဲ့လေ ပြီ။ (သုတဗုဒ္ဓဝင်၊ စာ-၃၄၁) အံ့ဖွယ်ဖြစ်ပေစွတကား။

ဤသို့ဖြင့် သာမန်လူတို့ မလုပ်နိုင်သောအလုပ်ကို မြင်းမူဆရာတော်က လုပ်ပြခဲ့ လေသည်။ လူရိုးရိုး စာသင်သားတစ်ယောက်ဆို နောက်ဆုတ်ပြေးတာ ကြာလှပြီ။ ယခု မြင်းမူဆရာတော်ကား ရှေ့သို့ဆက်၍ တိုး၏။

၁၉၉၂ ဤသို့ဖြင့် (၁၉၉၂) ခုနှစ်တွင် အဘိဓမ္မာရှေ့ပိုင်း (၅) ကျမ်း အာဂုံအောင်မြင်တော်မူ ပြန်၏။ ၎င်းနောက် (၁) နှစ်၊ (၂) နှစ် နားနားနေနေနေမှ ဖြစ်တော့မည်ဆိုပြီး နားနားနေနေ နေရ၏။ အားယူရ၏။ အားသစ်လောင်းရ၏။

၁၉၉၅ ဤသို့ဖြင့်နောက်ထပ် (၃) နှစ် အကြာကာလ (၁၉၉၅) ခုနှစ်သို့ ရောက်သောအခါ အဘိဓမ္မာရှေ့ပိုင်း (၅) ကျမ်းရေးဖြေကို ဖြေဆိုတော်မူပြန်သည်။ အောင်မြင်တော်မူ ပြန်သည်။ ဤသို့ဖြင့် မကြုံစဖူး ထူးကဲသော ပိဋကတ်နှစ်ပုံခွဲအောင် ပုဂ္ဂိုလ်အဖြစ်သို့ ရောက်ရှိတော်မူခဲ့ပြန်လေသည်။

မြင်းမူဆရာတော်သည် အရှင်ဝံသပါလာလင်္ကာရသည် ပိဋကတ်နှစ်ပုံခွဲ အောင်မြင် ပြီးနောက် ကျန်ရှိသော အဘိဓမ္မာနောက်ပိုင်း ယမိုက်-ပဋ္ဌာန်းကျမ်းကြီးများအတွက် ကြိုးစားရပြန်သည်။ ကြိုးစားသည် ဆိုသည်မှာလည်း နှစ်တွေ၊ နှစ်တွေ ကြာလှသည် မဟုတ်ချေ။

တစ်နှစ်တာမျှသာ အချိန်ယူ ကြိုးစားကျက်မှတ်ခဲ့ရကြောင်း မှတ်တမ်း တွေ့ရှိရပါသည်။ ယမိုက်စာဝါကို ဆဋ္ဌမတိပိဋကဓရ ရေစကြိုဆရာတော်ကြီးထံတွင် အချောသပ် သင်ကြားခဲ့ကြောင်း မှတ်မှတ်သားသား သိရှိရပါသည်။

၁၉၉၅ ပဋ္ဌာန်းဆိုင်ရာ စာဝါကိုမူ (၁၉၉၅) ခုနှစ်၌ပင် အရှင်သီလက္ခန္ဓာဘိဝံသနှင့်အတူ ဗန်းမော်ဆရာတော်ကြီးထံတွင် သင်ယူခဲ့ပြီးဖြစ်သည်။ ထို ဗန်းမော်ဆရာတော်ကြီး ဆိုသည်မှာ ယခင့်ယခင်မှ ယခုအထိ အကျော်အမော်တို့၏ ဆရာ့ဆရာဖြစ်ကြောင်း သတိထားမိလျှင် တွေ့ရှိပါလိမ့်မည်။

၁၉၉၇ ဤသို့ဖြင့် (၁၉၉၇) ခုနှစ်သို့ ရောက်လာပါသည်။ တိပိဋကဓရ စာမေးပွဲတော်ကြီးသည်လည်း အကြိမ် (၅၀) မြောက်ပြီ ဖြစ်ပါသည်။ ထို ကြုံတောင့်ကြုံခဲ ရွှေရတု စာမေးပွဲကြီးကို မြင်းမူဆရာတော်လည်း ဝင်ရောက်ဖြေဆိုတော်မူပါသည်။ အာဂုံပြန်ဆိုရာတွင် (၁၈) ရက်တိုင်တိုင် ကောင်းကောင်းမွန်မွန်၊ သေသေသပ်သပ်၊ ထူးထူးခြားခြား ချောချောမောမော ပြန်ဆိုနိုင်ခဲ့၏။ ထို့ကြောင့် 'အာဘိဓမ္မိက'နှင့် 'တိပိဋကဓရ' ဘွဲ့တံဆိပ်တော်ကို လက်ခံရရှိတော်မူ၏။ အရိုးနီ ကနက္ကဒဏ် ထီးဖြူတော်သုံးလက် တံဆိပ်ပါရှိသော သာသနာ့အောင်လံတော် ဆက်ကပ်ခြင်းတို့ကို အလှူခံရရှိခဲ့လေသည်။

၁၉၉၉ နောက်တစ်နှစ် (၁၉၉၉) ခုနှစ်၊ (၅၂) ကြိမ်မြောက် တိပိဋကဓရ စာမေးပွဲကြီးတွင် အဘိဓမ္မာ နောက်ပိုင်းရေးဖြေကို အောင်မြင်တော်မူခဲ့ပြန်သဖြင့် အားလုံးပြီးစီးခဲ့လေပြီဟု ဆိုရပါမည်။

ထို့ကြောင့်ပင်လျှင် အဘိဓမ္မကောဝိဒနှင့် တိပိဋကကောဝိဒ ဘွဲ့များ၊ အရိုးဝါ ကနက္ကဒဏ် ထီးဖြူတော်သုံးလက်တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်၊ နောက်ပါ တပည့်နှစ်ဦးနှင့်အတူ ကုန်း၊ ရေ၊ လေ သုံးဌာန အခလွတ် အထက်တန်းခရီးသွားလက်မှတ်၊ ဆွမ်းဆန်တော် (၁၀၀၀၀/-) စသည်တို့ကို အလှူခံရရှိတော်မူကြောင်း မှတ်တမ်းတွင် ဖတ်ရှုရပါသည်။

ထူးခြားတိုက်ဆိုင်မှုတစ်ခုမှာ ထိုနှစ်တွင် တိပိဋကဓရ စာမေးပွဲတော်ကြီးကို အောင်မြင်တော်မူရာတွင် တိပိဋကဓရ ရွေးချယ်စာမေးပွဲကြီး အာဂုံအောင်၊ ရေးဖြေအောင် နှစ်ပါးစလုံးအောင်သော သာသနာ့အာဇာနည် (၂) ပါး ပေါ်ထွက်ခဲ့ပါသည်။ တစ်ပါးမှာ မြင်းမူဆရာတော်ဖြစ်၏။ အခြားတစ်ပါးမှာ မော်ကျွန်းဆရာတော်ဖြစ်၏။

အရှင်သီလက္ခန္ဓာဘိဝံသနှင့် ပူးတွဲအောင်မြင်ခြင်း ဖြစ်သော်လည်း သိက္ခာဝါကြီးသူ အရှင်သီလက္ခန္ဓာဘိဝံသကို သတ္တမ တိပိဋကဓရ ဆရာတော်အဖြစ် သတ်မှတ်တော်မူကြသည်။ အရှင်ဝံသပါလာလင်္ကာရကို အဋ္ဌမ တိပိဋကဓရ ဆရာတော်အဖြစ် သတ်မှတ်တော်မူကြသည်။ ဤအချက်သည် မှတ်သားဖွယ်ရာတစ်ခု ဖြစ်ပါသည်။

တိပိဋကဓရ မြင်းမူဆရာတော်သည် မိမိဇာတိ မွေးရပ်မြေတွင် ကျေးဇူးရှင် ငယ်ဆရာဖြစ်သူ အောင်မြေဘုမ္မိဆရာတော်အတွက် ကျောင်းဆောင်များ ပြုပြင်ခဲ့ကြောင်း တွေ့ရှိရပါသည်။ လျှပ်စစ်မီး၊ တယ်လီဖုန်းများလည်း လှူဒါန်းခဲ့ကြောင်း တွေ့ရှိရပါသည်။

၎င်းအပြင် စစ်ကိုင်း-မုံရွာ ကားလမ်းမကြီးမှ မိမိဇာတိ ခွက်ခွင်းရွာသို့ သွားသည့် အရှည် (၁၀) မိုင်ခန့် ရှိ ရွာလမ်းကို လမ်းချောဖြစ်အောင် ဆောင်ရွက်ပေးခဲ့ကြောင်းလည်း ထူးထူးခြားခြား လေ့လာတွေ့ရှိရပါသည်။

၎င်းအပြင် အရှည် (၁၁) မိုင်ကျော် ရှိ စစ်ကိုင်း-မင်းကွန်း ကားလမ်းကို ကတ္တရာလမ်းချောဖြစ်အောင် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ ၎င်းအပြင် မိမိဇာတိရွာ ခွက်ခွင်းရွာ၌ လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးကြောင်းကို လည်းကောင်း၊ ထိုဇာတိရပ်ရွာ ခွက်ခွင်းရွာ၌ပင် အခြေခံပညာ အထက်တန်းကျောင်း ဖြစ်လာအောင် ဆောင်ရွက်ပေးကြောင်းကိုလည်းကောင်း၊ ၎င်းအပြင် စာသင်ဆောင်များ ဆောက်လုပ်လှူဒါန်းပေးခြင်း။ ကွန်ပျူတာ၊ မီးစက်၊ အဝီစိရေတွင်း၊ ရေစုပ်စက်၊ ဗီရို၊ စာသင်ခုံ စသော ကျောင်းအသုံးအဆောင်

ပစ္စည်းပစ္စယများ ဖြည့်ဆည်းပံ့ပိုး လှူဒါန်းခြင်း။ ရွာသူရွာသားတို့၏ ကျန်းမာရေးအတွက် သီတဂူ တိပိဋက အာယုပါလ ဆေးရုံတော်ကြီးကို ဆောက်လုပ်လှူဒါန်းပြီး ဆေးရုံသုံးပစ္စည်းများ ပြည့်ပြည့်စုံစုံ ဖြည့်ဆည်းပံ့ပိုးပေးခြင်း ၊ ရှင်မပြုနိုင်သည့် ကလေးသူငယ် (၁၂၀) ကျော်တို့အား ရှင်သာမဏေအဖြစ် သွတ်သွင်းချီးမြှောက်၍ သာသနာ့အမွေ ခံယူခဲ့ခြင်း။ ရပ်ရွာမှ ပညာရေးထူးချွန်ပြီး ကျောင်းမတက်နိုင်သော ကျောင်းသူ၊ ကျောင်းသားများအား ဘွဲ့ရသည်အထိ ကျောင်းထားပေးခြင်း စသည်တို့ကို ပြုလုပ်ခဲ့ကြောင်း လေ့လာတွေ့ရှိရသဖြင့် သာသနာ့သမိုင်းတွင် မှတ်တမ်းတင်ရမည် ဖြစ်ပါသည်။

၂၀၀၅ တိပိဋကဓရ မြင်းမူဆရာတော်အား စာမေးပွဲအောင်မြင်ပြီး၍ (၅) နှစ်ကြာသောအခါ (၂၀၀၅) ခုနှစ်၊ လွတ်လပ်ရေးနေ့တွင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်နှင့် ဓမ္မဘဏ္ဍာဂါရိကပုဂ္ဂိုလ်များ၏ အဆောင်အယောင် အမှတ်သင်္ကေတ ဆင်စွယ်ယပ်ဝန်းတော်တို့ကို နိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းကောင်းရရှိပါသည်။

တိပိဋကဓရ မြင်းမူဆရာတော်၏ ဩဝါဒတွင် အောက်ပါအချက်အလက်တို့မှာ နောင်ပေါ်လတ္တံ့သော တိပိဋကဓရလောင်းလျာများအတွက်သော်လည်းကောင်း၊ ကံအား၊ ဉာဏ်အား၊ အလေးထားကြသော စာသင်သားများအတွက် လည်းကောင်း အတုယူစရာ ဖြစ်ပါလိမ့်မည်။ ဖတ်ကြည့်ပါ။ ကြားနာကြည့်ပါ။ အတုယူကြည့်ပါဟု တိုက်တွန်းလိုပါသည်။

"တိပိဋကဓရ ဖြစ်ဖို့အထိ မရည်ရွယ်ပါ။ ဘုရားဟော ပိဋကတ်စာပေများကို ကျက်နေ၊ ကြည့်နေရလျှင် ကုသိုလ်တော့ ရမှာပဲ။ တိပိဋကဓရ ဖြစ်သွားလျှင်လည်း အမြတ်ပဲ ဆိုပြီး စာကျက်ရင်း ဖြေရင်းနဲ့ တိပိဋကဓရ ဖြစ်သွားခြင်း ဖြစ်ပါတယ်" (သုတဗုဒ္ဓဝင်၊ စာ-၃၄၈) ဟု ရိုးရိုးစင်းစင်း မိန့်ကြားခဲ့ပါသည်။ သို့သော် ထို အရိုးခံတွင် ဇွဲ၊ လုံ့လ၊ ဝီရိယတို့ အရင်းခံကြောင်း မမေ့သင့်ပါ။

"တိပိဋကဓရအတွက် စာကျက်ခဲ့စဉ်က တစ်နေ့ စာဘယ်နှမျက်နှာရအောင် ကျက်နိုင်ခဲ့ပါသလဲ ဘုရား" ဟုမေးရာ "တစ်နေ့ (၁၅) မျက်နှာခန့်ရအောင် ကျက်နိုင်ခဲ့ပါတယ်" ဟု ပြန်လည် ဖြေကြားတော်မူခဲ့သည်။ ထို အဆိုအမိန့်တွင် မိမိအတိုင်းအတာနှင့် နှိုင်းယှဉ်၍ ဆက်လက်ကြိုးစားလိုစိတ်ကို လှုံ့ဆော်သော သဘောရှိကြောင်း သတိထားရပါလိမ့်မည်။

"တိပိဋကဓရလောင်းလျာများအတွက် တိုက်တွန်းလိုတာကတော့ အဓိပတိတပ်၍ ကြိုးစားကြပါ။ တစ်နှစ်ပတ်လုံး အဓိပတိတပ်၍ အချိန်မှန်မှန်ကြိုးစားလျှင် တိပိဋကဓရပန်းတိုင်သို့ တက်လှမ်းနိုင်ပါလိမ့်မည်။ နေ့စဉ် နေ့စဉ် ပဋ္ဌာန်းပစ္စယနိဒ္ဒေသရွတ်ပါ။ မေတ္တာပို့ပါလို့လည်း တိုက်တွန်းလိုပါတယ်" (မိမိအလုပ်ထဲ၌ စိတ်စိုက်နှစ်မြှုပ်ပြီး အလုပ်လုပ်ရန်နှင့် နတ်များ၏အကူအညီကို ရယူထားရန်လိုကြောင်း သတိမူကြရမည်။ 'ငါ ကောင်းတာလုပ်နေတာပဲ' ဆိုပြီး အမှတ်တမဲ့မနေကြဖို့ အရေးကြီးသည်။ (သုတဗုဒ္ဓဝင်၊ စာ-၃၄၉) ဟူသော အဆိုအမိန့်တွင် အမှုမဲ့ အမှတ်မဲ့ မနေကြပဲ အမှုရှိ အမှတ်ရှိ အတွေးသတိတို့ ရှိကြရန် တိုက်တွန်း နှိုးဆော်ကြောင်းတွေ့ရပါလိမ့်မည်။ အယူသည်းသူများအတွက်လည်း စဉ်းစားစရာပါနေကြောင်း သတိထားမိပါလိမ့်မည်။

တိပိဋကဓရ မြင်းမူဆရာတော်သည် (၁၅) နှစ်သားမှစ၍ နေ့စဉ် ပဋ္ဌာန်း ပစ္စယနိဒ္ဒေသကို ရွတ်ဖတ်ခဲ့သည်။ မေတ္တာလည်း ပွားခဲ့သည်ဟု သိရှိရပါသည်။ ဤသို့ပြုလုပ်လျှင် အဘယ်သို့သော အကျိုးများရှိသနည်းဟု မမေးပါနှင့်။ အဖြေရှိပါသည်။

မေတ္တာပွားဖန်များလာသောအခါ သူတစ်ပါးကို အပြစ်ရှာလိုစိတ်များ ပျောက်သွားသည်။ ပျောက်သွားသည့်အတိုင်း ဆရာတော်သည် ဘယ်သောအခါမှ သူတစ်ပါးကို အပြစ်မရှာခဲ့ပေ။ ဆရာတော့်နှုတ်ဖျားမှ သူတစ်ပါးကို အပြစ်တင်သောစကားများ ထွက်မလာတတ်။ ချီးမွမ်းစရာပုဂ္ဂိုလ်ကို ချီးမွမ်းပြီး ကဲ့ရဲ့စရာပုဂ္ဂိုလ်ကိုမူ ဥပေက္ခာပြု၍သာ နေခဲ့သည်က များလေသည်။ (သုတဗုဒ္ဓဝင်၊ စာ-၃၄၉) ဟူသော မှတ်ချက်ကို သက်ဆိုင်ရာပုဂ္ဂိုလ်က မှတ်မှတ်ရရ မော်ကွန်းကမ္ပည်းတင်ထား

ကြောင်း ဖတ်ရှုရပါသည်။ သာမန်ဖတ်လျှင် သာမန်သာ ဖြစ်ပါလိမ့်မည်။ အလေးအနက်ထားလျှင် ထိုတိပိဋကဓရ သာသနာ့အာဇာနည်များသည် သုတဗုဒ္ဓများဟု ခေါ်ဆိုထားကြောင်းပင် တွေ့ရှိ သတိထားမိပါလိမ့်မည်။ ပူဇော်ထိုက်သူကို ပူဇော်ခြင်းဟု ပူဇော်လိုသူများအား ပူဇော်တတ်ရန် ဤစာရေးသူက တိုက်တွန်းလိုပါသည်။

ထို တိပိဋကဓရ ဆရာတော်ကြီး သီတင်းသုံးတော်မူသောကျောင်းမှာ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့ဖြစ်ကြောင်း သိရှိရပါသည်။ သက်ရှိ ထင်ရှားဖြစ်သဖြင့် သွားရောက်ဖူးမြော်နိုင်ပါသည်။

ကျမ်းကိုး။ မောင်သုတ၊ သုတဗုဒ္ဓဝင်၊ သုတဗုဒ္ဓ မည်ရထင်ရှား တိပိဋကဓရ ဆရာတော်များ၏ ဘဝဖြစ်တော်စဉ်၊ စာ-၃၃၇၊ ၃၃၈၊ ၃၃၉၊ ၃၄၀၊ ၃၄၁၊ ၃၄၂၊ ၃၄၃၊ ၃၄၄၊ ၃၄၅၊ ၃၄၇၊ ၃၄၈၊ ၃၄၉။

သက်တော် (၂၈) နှစ်တွင် ပိဋကတ်သုံးပုံ အာဂုံရေးဖြေ အောင်တော်မူသော

(၂၀၀၀) ပြည့်နှစ်တွင် အောင်မြင်တော်မူသော တိပိဋကဓရ သာသနာ့အာဇာနည်

နဝမ တိပိဋကဓရ မြင်းခြံဆရာတော်ကြီး

# ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရ

(၁၉၆၈ ဖွား - ယခု သက်ရှိထင်ရှား)





မျက်စိမကောင်းသောကြောင့် မျက်စိကုဖို့ ဆေးရုံတွင် စောင့်ရင်းမှာပင်

ယမိုက်ပါငွေတော်ကြီး (၃) အုပ်ကို ကျက်မှတ်ခဲ့သော ပုဂ္ဂိုလ်ထူး

တိပိဋကဓရ သာသနာ့ဝင် သမိုင်းကြီးတွင် တိပိဋကဓရ ဆရာတော်များ ပေါ်ထွန်းလာသည်မှာ ခေတ်သစ်မြန်မာနိုင်ငံတော်ကြီးအတွက် အထူးဂုဏ်ယူစရာဖြစ်ကြောင်း အားလုံးသိပြီး ဖြစ်ပါသည်။ ယခင့်ယခင် သမိုင်းစဉ်တစ်လျှောက် ပိဋကတ်သုံးပုံ နှံ့နှံ့စပ်စပ်၊ ကျွမ်းကျွမ်းကျင်ကျင်၊ ပေါက်ပေါက်မြောက်မြောက်ရှိသော ရဟန်းထူး၊ ရဟန်းမြတ် အကျော်များရှိခဲ့သောကြောင့် မြန်မာနိုင်ငံ ပဋိပတ္တိသာသနာ့ဝင် သမိုင်းတော်ကြီးသည်လည်းကောင်း၊ ပရိယတ္တိသာသနာ့ဝင် သမိုင်းတော်ကြီးသည်လည်းကောင်း၊ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာတော်ကြီး၏ တာဝန်ကြီးကို မြန်မာနိုင်ငံတော်ကြီးသည် ထူးထူးချွန်ချွန် ထမ်းဆောင်ခဲ့ကြောင်း သမိုင်းသက်သေပြပြီး ဖြစ်ပါသည်။

သာသနာနုဂ္ဂဟအသင်းကြီးဥက္ကဋ္ဌ သူဌေးကြီးဆာဦးသွင်အစပြုခဲ့သော တိပိဋကဓရ ရွေးချယ်ပွဲကြီးသည် အထူးအောင်မြင်ခဲ့ကြောင်း သက်သေကောင်းများ ရှိပါသည်။

အရှင်ဝနမာလာလင်္ကာရ၏ ထေရုပ္ပတ္တိကို ရှာကြံရာတွင် ပြည်မြို့နယ်လုံးဆိုင်ရာ တိပိဋကဓရ အရှင်မြတ်လေးပါးအား ပူဇော်ရေးအဖွဲ့မှ ထုတ်ဝေသော တိပိဋကဓရ သာသနာ့အာဇာနည်လေးပါး၏ ထေရုပ္ပတ္တိအကျဉ်းနှင့် ချီးကျူးပူဇော်ပွဲ မှတ်တမ်း၊ (၁၉၇၈) ခု၊ ဧပြီလ (၈) ရက်၊ စနေနေ့၊ စာအုပ်ပါးပါးကလေးကို ဦးစွာပထမ ဖတ်ရှုရ၍ ဝမ်းမြောက်ဝမ်းသာ ရှိမိပါသည်။ ထိုပထမအကြိမ်ထုတ်စာအုပ်ကလေးကို ရန်ကုန်မြို့၊ ရွှေဂုံတိုင်စာတိုက်၊ အာဇာနည်ဗိမာန်လမ်း၊ အရှင်ဦးတိလောကသာရက ထုတ်ဝေသည်ဟု ရေးသားထားပါသည်။ လှိုင်ရတနာပုံနှိပ်တိုက်၊ ရန်ကုန်မြို့တွင် ပုံနှိပ်ခြင်းဖြစ်သည်။ ထိုစာစောင်တွင် တိပိဋကဓရ (၄) ပါးသာ ပါရှိပါသည်။ ထို့ကြောင့် ဆက်လက်ရှာဖွေရပြန်ပါသည်။ ၎င်းနောက် တိပိဋကဓရ ရွှေရတုစာစောင်တွင်လည်း မပါရှိပါ။ ထို့ကြောင့် ဆက်လက်ရှာဖွေရပြန်ပါသည်။ ထိုအခါ (၆၃) ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ပွဲတွင် အောင်မြင်တော်မူကြသော သာသနာ့အာဇာနည် အရှင်သူမြတ်တို့၏ ထေရုပ္ပတ္တိများကို (၂၀၁၁) ခုနှစ်တွင် သာသနာရေးဦးစီးဌာနက ထုတ်ဝေခဲ့ရာ စာမျက်နှာ (ဂ) တွင် ထေရုပ္ပတ္တိ တစ်စိတ်တစ်ပိုင်းအညွှန်းကို တွေ့ရှိရပါသည်။ ထိုအညွှန်းကို အကြောင်းပြု၍ ဆက်လက်ရှာဖွေရပြန်ပါသည်။ ထိုအခါ ထို့ထက် ပြည့်ဝစုံလင်စွာ တွေ့ရှိရသည်မှာ မောင်သုတ စုစည်းပူဇော်သည့် သုတဗုဒ္ဓ မည်ရထင်ရှား တိပိဋကဓရ ဆရာတော်

များ၏ ဘဝဖြစ်တော်စဉ်၊ သုတဗုဒ္ဓဝင် ဖြစ်၏။ ရန်ကုန်တက္ကသိုလ် အငြိမ်းစား ပါမောက္ခချုပ်၊ တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင်အေး ပြုစု ရေးသားသည့် တိပိဋကဓရ သာသနာဝင် သမိုင်းမှတ်တမ်း သုတေသနကျမ်း သည်လည်း ကြီးစွာသော အထောက်အပံ့ကို ပေးခဲ့ပါသည်။ ထိုစာအုပ်ကြီးကို (၂၀၀၆) ခုနှစ်၊ နိုဝင်ဘာလတွင် တက္ကသိုလ်များ ပုံနှိပ်တိုက်မှ ပထမအကြိမ် ရေးသားရိုက်နှိပ်သည်ကို လေ့လာတွေ့ရှိရပါသည်။ ထိုစာအုပ်ကြီးတွင် ပါရှိသော အချက်အလက်များသည် မှတ်တမ်းဝင်၊ သမိုင်းဝင်၊ ဂန္ထဝင်မြောက် ခေတ်ပြိုင် မှတ်တမ်းများ ဖြစ်ပါသည်။ ထိုမှတ်တမ်းများကို ကောက်နုတ်လျက် အောက်ပါ ထေရုပ္ပတ္တိကို ရေးသားစီရင်ခြင်း ဖြစ်ပါသည်။

၁၉၆၈ နဝမတိပိဋကဓရ မြင်းခြံဆရာတော်မှာ ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရ ဖြစ်ပါသည်။ တိပိဋကဓရ အာဂုံရေးဖြေအောင်စဉ်က သက်တော် (၃၃) နှစ်မျှသာ ရှိသေးသည်။ ထိုပိဋကသုံးပုံကို အာဂုံဆောင်ခြင်း၊ ရေးဖြေခြင်း ပြုရာတွင် အချိန်ဘယ်လောက် ကြာကြာ ကျက်ရ၊ မှတ်ရပါသလဲဟု လေ့လာသောအခါ စာမေးပွဲဝင်သက်တမ်း မှာ စုစုပေါင်း (၁၄) နှစ်မျှ ကြာညောင်းကြောင်း တွေ့ရှိရပါသည်။ ထူးခြားသူတို့၏ ဇွဲကို သက်သေပြလျက်ရှိပါသည်။

၁၉၆၈ ထိုဆရာတော်ကို မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ လေးအိမ်တန်းကျေးရွာ အုပ်စု၊ ကျောင်းကုန်းရွာ၌ ခမည်းတော် ဦးထင်ပေါ်၊ မယ်တော် ဒေါ်ပွားတို့မှ (၁၉၆၈) ခုနှစ်၊ မတ်လ (၄) ရက်၊ တနင်္လာနေ့တွင် ဖွားမြင်သည်ဟု သိရှိရပါသည်။ (ကျမ်းကိုး။ မောင်သုတ၊ သုတဗုဒ္ဓဝင်၊ သုတဗုဒ္ဓ မည်ရထင်ရှား တိပိဋကဓရ ဆရာတော်များ၏ဘဝဖြစ်တော်စဉ်၊ စာ-၃၅၃)

မွေးချင်း (၄) ဦးရှိ၏။ ဒုတိယမြောက် သားဖြစ်၏။ ငယ်မည် မောင်ခင်မောင်အေး ဖြစ်၏။

၁၉၇၅ အသက် (၇) နှစ်သားအရွယ်ကပင် ဗုဒ္ဓဘာသာ အခြေခံများကို ထုံးစံအတိုင်း သင်အံကျက်မှတ်လာခဲ့သည်။ ကျောင်းကုန်းရွာ ရွှေညောင်ပင်ကျောင်းဆရာတော် ထံ ကျောင်းသားဘဝဖြင့် ရောက်ရှိကာ ဗုဒ္ဓဘာသာအခြေခံပညာများ သင်ကြားခဲ့ ကြောင်း သိရှိရသည်။

၁၉၇၆ (၁၉၇၆) ခုနှစ်၊ အသက် (၉) နှစ်သားအရွယ်တွင် ကျောင်းကုန်းရွာ၊ ရွှေညောင်ပင်ကျောင်း ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ကိုရင်ဘဝသို့ ရောက်ရှိခဲ့၏။ ကိုရင်ဘွဲ့မှာ ရှင်ဂန္ဓမာလာ ဖြစ်သည်။

အသက်ငယ်သေးသောကြောင့် ကိုရင်ဘဝ ကြာကြာမနေနိုင်။ တစ်နှစ်ခန့် ကိုရင်ဝတ်ပြီး လူထွက်ခဲ့၏။ သို့သော်လည်း မကြာမီပင် လူ့ဘဝ၏ ဒုက္ခများပုံ၊ ပင်ပန်းဆင်းရဲရပုံတို့ကို လက်တွေ့သိမြင်လာသဖြင့် ကိုရင်ပြန်ဝတ်ခဲ့ကြောင်း သိရှိရပါသည်။ နောက်ပိုင်းတွင် တောက်လျှောက် သာသနာ့ဘောင်၌ မြဲသွားတော့သည်ဟု သိရပါသည်။

၁၉၈၀ (၁၉၈၀) ခုနှစ်၊ အသက် (၁၂) နှစ်သားအရွယ်တွင် အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်သို့ရောက်ရှိခဲ့၏။ ထိုကျောင်းတိုက်မှာပင် ပညာများ သင်ကြားအားထုတ်ခဲ့၏။ ဤသို့ဖြင့် မဟာဂန္ဓာရုံ တိုက်၌ (၂) နှစ်တာမျှ ကြာညောင်းခဲ့၏။ ပညာသင်ကြားခဲ့၏။ (၁၉၈၂) ခုနှစ်တွင်ကား မုံရွာမြို့သို့ ရောက်ရှိခဲ့ပြန်သည်။ ထိုအခါ ပဏ္ဍောတာရုံကျောင်းတိုက်၌ နေထိုင်တော်မူခဲ့သည်။

၁၉၈၂ (၁၉၈၂) ခုနှစ် (၁၄) နှစ်သားတွင် ပထမငယ်တန်း အောင်၏။

၁၉၈၃ (၁၉၈၃) ခုနှစ် (၁၅) နှစ်သားတွင် ပထမလတ်တန်းအောင်၏။ တစ်နှစ်တည်းမှာပင် သာမဏေသကျသီဟ ပထမဆင့် အောင်ခဲ့၏။

၁၉၈၄ (၁၉၈၄) ခုနှစ်၊ (၁၆) နှစ်သားတွင်ကား ပထမကြီးတန်းနှင့် သာမဏေသကျသီဟ ဒုတိယဆင့် တို့ကို ဆက်တိုက်ဆိုသလို အောင်မြင်ခဲ့ပြန်၏။ ဤသို့ဖြင့် ထူးခြားသော ကိုရင်ဘဝကို လေ့လာတွေ့ရှိရ၏။

၁၉၈၆ (၁၉၈၆) ခုနှစ်တွင်ကား သာမဏေသကျသီဟ တတိယဆင့်ကို အောင်မြင်ခဲ့ပြန်၏။ ထို့ကြောင့်ပင်လျှင် သာမဏေဘဝနှင့်ပင် 'ပရိယတ္တိ သာသနာလင်္ကာရ သာမဏေကျော်' ဘွဲ့ကိုရရှိတော်မူခဲ့၏။ ဤသို့သော အကြောင်းများကြောင့် ကိုရင်ကလေး ရှင်ဂန္ဓမာလာသည် 'ရှင်ဂန္ဓမာလာလင်္ကာရ' ဖြစ်လာပါတော့သည်။

ထိုနှစ်မှာပင် အစိုးရဓမ္မာစရိယစာမေးပွဲ၌လည်း ကျမ်းရင်းသုံးကျမ်း ပြီးစီးအောင်မြင်ခဲ့ပြန်၏။ 'သာသနဓဇ ဓမ္မာစရိယ' ဘွဲ့ကို ရရှိတော်မူခဲ့ ပြန်၏။ ဤသို့ဖြင့် (၁၉)

နှစ်သား ကိုရင်ကလေး ရှင်ဂန္ဓမာလာလင်္ကာရသည် သာမဏေကျော် ဓမ္မာစရိယ ဖြစ်လာခဲ့ကြောင်း ထူးထူးခြားခြား မှတ်သားရပါသည်။

၁၉၈၇ (၁၉၈၇) ခုနှစ်၊ ဇူလိုင်လ (၃) ရက်၊ သောကြာနေ့တွင် မန္တလေးမြို့၊ မှန်ကင်း ပဋ္ဌာနတာရုံကျောင်းတိုက် ခဏ္ဍာသိမ်တော်၌ မုံရွာမြို့၊ သဒ္ဓမ္မပဋ္ဌာနတာရုံ ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနာဂဝံသကို ဥပဇ္ဈာယ်ပြု၍ မန္တလေးမြို့ ဒေါ်စိန်၊ သမီး-ဒေါ်စန်းရီ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ကြောင်း မှတ်တမ်းရှိပါသည်။

ပထမ တိပိဋကဓရ သာသနာ့အာဇာနည်ကြီး ဖြစ်တော်မူသော မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီးနှင့် ဖွားဇာတိ မြို့နယ်ချင်း အတူတူဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ပထမတိပိဋကဓရ ဆရာတော်ကြီး၏ ဂုဏ်သတင်းကို ကြားဖူးခဲ့၏။ အားကျစိတ်လည်း ဖြစ်ခဲ့ဖူး၏ ဟု ဆိုပါသည်။ သို့သော်လည်း မိမိသည် တိပိဋကဓရဆရာတော်တစ်ပါး ဖြစ်လာရန်ကိုကား မမျှော်မှန်းဝံ့ခဲ့ကြောင်း သိရှိရပါသည်။။

၁၉၈၈ သို့သော်လည်း တိုက်ဆိုင်မှုများ ရှိပါသည်။ ထို သာမဏေကျော်၊ ရဟန်းကျော်သည် မင်းကွန်းတိပိဋကဓရ ဆရာတော်နှင့် အလွန်ရေစက်ဆုံပါသည်။ ထို့ကြောင့်ပင်လျှင် (၁၉၈၈) ပြည့်နှစ်တွင် မင်းကွန်း မိုးမိတ်ကုန်းမြေ တိပိဋကနိကာယကျောင်းတိုက်ကြီးသို့ ပြောင်းရွှေ့သီတင်းသုံးတော်မူခဲ့ခြင်း ဖြစ်သည်ဟု မှတ်ယူနိုင်ပါသည်။

မိမိသည် ငယ်ငယ်ကတည်းက မျက်စိအားနည်းခဲ့၏။ ထို့ကြောင့်ပင် မိမိ၏ အားနည်းချက်ကို အခြေခံ၍ အရှင်ဂန္ဓမာလာလင်္ကာရသည် နေ့ခင်းဘက် နေ အလင်းရောင် ကောင်းကောင်းရသော အချိန်အခါတွင်သာ အဓိကကျသော အချက်အလက်များကို လေ့လာခြင်း၊ ကြည့်ရှုခြင်း ပြု၏ဟု ဆိုပါသည်။ အကာလ ညအခါတွင်ကား ပြန်လည်စဉ်းစားသောနည်းဖြင့်သာ နေ့ဘက်က စာများကို ပြန်လည်စဉ်းစားသည်ဟု သိရှိရပါသည်။ ဤသို့ဖြင့် မိုးမိတ်ကုန်းမြေ၌ တိပိဋက စာပေများ ဆက်လက်ကြိုးစားအားထုတ်ခဲ့ကြောင်း သိရှိရပါသည်။

၁၉၈၉ တိပိဋကဓရ စာမေးပွဲများကို ဖြေဆိုရာတွင်ကား နောင်လာနောက်သားတို့ အလွန် အားကျဖွယ်ရာ ကောင်းလှပါသည်။ ကျက်အား၊ မှတ်အားကလည်း ကောင်းလှ သဖြင့် စာမေးပွဲတွေ ဆက်တိုက်၊ ဆက်တိုက် အောင်မြင်ခဲ့၏။

၁၉၈၉ (၁၉၈၉) ခုနှစ်၊ (၂၁) နှစ်အရွယ်တွင် ဝိနည်း နောက်ပိုင်းသုံးကျမ်း အာဂုံပြန် ဝိနယဓရ ဖြစ်တော်မူ၏။

၁၉၉၁ (၁၉၉၁) ခုနှစ်တွင် ဝိနည်းရှေ့ပိုင်း ရေးဖြေ ဖြေဆိုပြန်၏။

၁၉၉၂ (၁၉၉၂) ခုနှစ်၊ (၂၄) နှစ်အရွယ်တွင် ဝိနည်းနောက်ပိုင်း ရေးဖြေတို့ကို ဖြေဆို အောင်မြင်တော်မူ ခဲ့ပြန်၏။ ဝိနယကောဝိဒ ဘွဲ့တံဆိပ်တော် ရရှိခဲ့၏။ ဤသို့ဖြင့် သာသနာ့သမိုင်းတွင် ပိဋကတ်တစ်ပုံအောင် ပုဂ္ဂိုလ်တစ်ပါး ထပ်မံ ပေါ်ပေါက် ခဲ့ပြန်သည်။

၁၉၉၃ (၁၉၉၃) ခုနှစ်၊ (၂၅) နှစ်အရွယ်တွင်ကား သုတ္တန်ပိဋက ဒီဃနိကာယ်သုံးကျမ်း အာဂုံပြန်ဆို အောင်မြင်တော်မူပြန်၏။ 'ဒီဃဘာဏက' ဘွဲ့ကို ရရှိပြန်၏။

၁၉၉၄ (၁၉၉၄) ခုနှစ်၊ (၂၆) နှစ်အရွယ်တွင် ဒီဃနိကာယ်သုံးကျမ်း ရေးဖြေကို ဆက်လက် ဖြေဆို အောင်မြင်ပြန်၏။ 'ဒီဃ နိကာယကောဝိဒ' ဘွဲ့တံဆိပ်တော် ရရှိပြန်၏။ ဤသို့ဖြင့် သာသနာ့ သမိုင်းတွင် ပိဋကတ်နှစ်ပုံအောင်ပုဂ္ဂိုလ်ထူးတစ်ဦး ပေါ်လာပြန် လေသည်။ ဤသို့ဖြင့် လေ့လာသိရှိရသမျှမှာ အရှင်ဂန္ဓမာလာလင်္ကာရသည် (၈) နှစ်အတွင်း ပိဋကတ်နှစ်ပုံ ပြီးစီး အောင်မြင်ပြီးခဲ့ကြောင်း ခိုင်ခိုင်မာမာ လေ့လာ တွေ့ရှိရပါသည်။

၁၉၉၅ (၁၉၉၅) ခုနှစ်တွင် အဘိဓမ္မာရှေ့ပိုင်း (၅) ကျမ်း အာဂုံအောင်မြင်ပြန်၏။

၁၉၉၇ (၁၉၉၇) ခုနှစ်၊ (၂၉) နှစ်အရွယ်တွင် အဘိဓမ္မာရှေ့ပိုင်း (၅) ကျမ်း ရေးဖြေကို အောင်မြင်တော်မူ ပြန်၏။ ဤသို့ဖြင့် သာသနာ့သမိုင်းတွင် ပိဋကတ် နှစ်ပုံခွဲအောင် ပုဂ္ဂိုလ်ထူးတစ်ပါး ပေါ်ပေါက် လာခဲ့ပြန်လေသည်။

အရှင်ဂန္ဓမာလာလင်္ကာရသည် ပိဋကတ်နှစ်ပုံခွဲ အောင်မြင်ပြီးနောက်တွင်ကား ကျန်ရှိနေသေးသော အဘိဓမ္မာနောက်ပိုင်း ယမိုက်-ပဋ္ဌာန်းကျမ်းကြီးများကို ဆက်လက်လေ့လာရပြန်၏။ ထိုအခါ ဆရာကောင်း ရှာရပြန်၏။ ထိုအခါ ရှေးရှေး က အစဉ်အလာကြီးမားခဲ့သော ဗန်းမော်ဆရာတော်ကြီးထံ၌ ပဋ္ဌာန်းဆိုင်ရာ စာဝါ များ သင်ကြားနည်းခံခဲ့သည်ဟု ဆိုပါသည်။ အချိန်ဘယ်လောက် ကြာကြာ လေ့လာခဲ့ရပါသနည်းဟု အသေအချာ ဆန်းစစ်သောအခါ ရက်ပေါင်း (၃၆၅)

ရက်သာသနာ တစ်နှစ်တာကာလမျှ အချိန်ယူ ကြိုးစားပြင်ဆင်ခဲ့ရကြောင်း အသေအချာ သိရှိရပါသည်။

ကျွန်ုပ်တို့သည် မျက်မှန်ထူထူကြီးများကို တွေ့ရနေကျ ဖြစ်ပါသည်။ ယခု တိပိဋကဓရ ဆရာတော်ကား တွေ့ဖူးသမျှ မျက်မှန်ထူထူထဲတွင် ပို၍ထူသော မျက်မှန်ကြီးကို တပ်ဆင်ထားပါသည်။ ထိုမျက်မှန်သည် ပါဝါ (၈၀၀) ကျော် (၉၀၀) ရှိကြောင်း သိရှိရပါသည်။

၁၉၉၉ (၁၉၉၉) ခုနှစ်တွင် ထိုင်းနိုင်ငံ၊ လန်ပန်းမြို့သို့ အလည်အပတ်ကြွရောက်ခဲ့သည်ဟု သိရှိရပါသည်။ ထိုအခါ မှတ်မှတ်ရရအားဖြင့် မျက်စိကုဖို့ရန် အဆင်ပြေခဲ့သည်ဟု ဆိုပါသည်။ ဤတွင် အံ့ဖွယ်အချက်တစ်ချက် ပြောပြရပါဦးမည်။ ထိုသို့ မျက်စိ မကောင်းသဖြင့် မျက်စိကောင်းအောင်လုပ်ဖို့ စောင့်စားနေစဉ်ကာလမှာပင် မိမိ ကိုယ်ကို မိမိ ညှာတာခြင်း မပြုပဲ မျက်စိမကောင်း၊ တကောင်းနှင့်ပင် ထိုမြို့၌ စောင့်ဆိုင်း၍ ကုသနေရင်း ယမိုက် ပါဠိတော်ကြီး (၃) အုပ်ကို ကျက်မှတ်ခဲ့ကြောင်း တအံ့တသြ သိရှိရပါသည်။

မျက်စိကုပြီး၍ မြန်မာပြည်သို့ ပြန်ရောက်သည့်အခါတွင်ကား မိမိလက်ကျန် တိပိဋကဓရ စာမေးပွဲအတွက် တအားသစ်ခဲ့ရပြန်သည်။ ပြင်ဦးလွင်မြို့၊ အနီးစခန်း တိပိဋကနိကာယကျောင်းတိုက်ခွဲ၌ သီတင်းသုံး၍ ပဋ္ဌာန်းပါဠိတော်ကြီးများကို အားကြိုးမာန်တက် ကျက်မှတ်ခဲ့သည်ဟု ဆိုပါသည်။ တိပိဋကဓရ အကျော်အမော် တို့၏ ဘဝသည် နာရီနှင့်အမျှ စာနှင့်သာ နပန်းလုံးနေရသည်ဟု ဆိုလိုက်ချင် ပါတော့သည်။

၁၉၉၉ ဤသို့ ပဋ္ဌာန်းကို ကျက်မှတ်လာခဲ့ရာ (၁၉၉၉) ခုနှစ်၊ ဝါဆိုဦးကာလသို့ ရောက်သွား ပါသည်။ စာမေးပွဲဖြေရဖို့ရန် အချိန်ကလည်း သိပ်ပြီးမလိုတော့ဟု ဆိုပါသည်။ ထို့ကြောင့် စာမေးပွဲအတွက် ပြင်ဆင်ရာတွင် အချိန်မီပြီးစီးနိုင်ရန် အစွမ်းကုန် ကြိုးစားကျက်မှတ်ခဲ့ရသည်ဟု ဆိုပါသည်။ စာမျက်နှာပေါင်း (၁၆၀၀) ကျော်ရှိ သော အလွန် ခက်ခဲနက်နဲလှပါသည်ဟု ကျော်ကြားသော ပဋ္ဌာန်းပါဠိတော်ကြီး များကို (၅) လခန့်ဖြင့် ပြီးအောင် ကျက်နိုင်သည်ဟု အံ့ဖွယ် လေ့လာတွေ့ရှိရပါ သည်။

၁၉၉၉ ဤသို့ဖြင့် (၁၉၉၉) ခုနှစ် စာမေးပွဲကြီးတွင် ဝင်ရောက်ဖြေဆိုခဲ့၏။ အာဂုံဆောင် စာမေးပွဲတွင် (၁၈) ရက်တိုင်တိုင် ချောချောမောမော ပြန်ဆိုနိုင်ခဲ့၏။ ဤသို့ဖြင့် မိမိသည် အမှတ်ထင်ထင်အားဖြင့် ပိဋကတ်သုံးပုံစလုံးကို အာဂုံပြန်ဆိုပြီးဖြစ်ကြောင်း မိမိကိုယ်ကိုမိမိ တွေ့ရှိရပါသည်။ ထို့ကြောင့်လည်း အာဘိဓမ္မိကဘွဲ့နှင့် တိပိဋကဓရ ဘွဲ့တံဆိပ်တော်တို့ကို လက်ခံရရှိတော်မူ၏။ အရိုးနီ ကနက္ကဒဏ် ထီးဖြူတော် သုံးလက်တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်တို့ကိုလည်း အလှူခံရရှိတော်မူခဲ့၏။

၂၀၀၀ သို့သော်လည်း တိပိဋကဓရ စာမေးပွဲကြီးမှာ နည်းနည်းကလေး တိုးလိုးတန်းလန်း ဖြစ်နေသည်။ ထိုအချက်ကား အခြားမဟုတ်။ နောက်ဆုံးရေးဖြေစာမေးပွဲ ဖြစ်၏။ ထို့ကြောင့် ထိုလက်စကို ဖြတ်သောအားဖြင့် (၂၀၀၀) ပြည့်နှစ်၊ တိပိဋကဓရ စာမေးပွဲကြီးတွင် ဆက်လက်ဝင်ရောက်ဖြေဆိုခဲ့၏။ အောင်မြင်ခဲ့၏။ အဘိဓမ္မ ကောဝိဒနှင့် တိပိဋကကောဝိဒဘွဲ့များ ရရှိခဲ့၏။ အရိုးဝါ ကနက္ကဒဏ်ထီးဖြူတော် သုံးလက် တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်လည်း လက်ခံရရှိခဲ့၏။ ကုန်း၊ ရေ၊ လေ သုံးဌာန အခလွတ် အထက်တန်းခရီးသွားလက်မှတ်၊ ဆွမ်းဆန်တော် စသည်တို့ကို အလှူခံရရှိတော်မူ၏။ ဤသို့ဖြင့် သာသနာ့သမိုင်းတွင် မြင်းခြံဆရာတော် ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရသည် နိုင်ငံတော်၏ (၉) ပါးမြောက် တိပိဋကဓရ ဆရာတော် ဖြစ်လာခဲ့လေ၏။

၁၉၈၇ ခြုံငုံ၍သုံးသပ်ရလျှင် မြင်းခြံတိပိဋကဓရ ဆရာတော်၏ တိပိဋကဓရ လမ်းကြောင်း တစ်လျှောက်မှာ ထူးခြားမှုများရှိခဲ့ကြောင်း သိရှိရပါသည်။ မြင်းခြံဆရာတော်သည် (၁၉၈၇) ခုနှစ်၌ တိပိဋကဓရစာမေးပွဲ စတင်ဝင်ရောက်ခဲ့၏။

၂၀၀၀ ထိုနှစ်မှစ၍ (၂၀၀၀) ပြည့်နှစ်အထိ ဆက်လက်ဖြေဆိုခဲ့ရာ (၁၄) နှစ်တာကာလ အတော အတွင်းမှာ တစ်ကြိမ်တစ်ခါမျှ စာမေးပွဲကျရှုံးမှုမရှိကြောင်း၊ ဆက်တိုက် အောင်မြင် ခဲ့ကြောင်း ထူးထူးခြားခြား လေ့လာတွေ့ရှိခဲ့ရပါသည်။

မိမိတို့ ဖြေဆိုခဲ့သည့် စာမေးပွဲသက်တမ်းတစ်လျှောက်လုံးတွင် ဖြေသမျှအောင်မြင်ပြီး အကျအရှုံး လုံးဝမရှိခဲ့သော တိပိဋကဓရဆရာတော်များကို လေ့လာသောအခါ လေးပါးတွေ့ရှိရသည်ဟု ဆိုပါသည်။ ပထမတစ်ပါးမှာ မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး ဖြစ်၏။ ဒုတိယတစ်ပါးမှာ ပခုက္ကူဆရာတော် ဖြစ်၏။ တတိယ

ဆရာတော်မှာ မဟာဂန္ဓာရုံဆရာတော်ဖြစ်၏။ စတုတ္ထဆရာတော်မှာ မြင်းခြံဆရာတော်ဖြစ်၏။

မြင်းခြံတိပိဋကဓရ ဆရာတော်သည် ပိဋကတ်သုံးပုံစလုံး အာဂုံရေးဖြေ နှစ်ထွေစလုံး ပြီးစီးအောင်မြင်ချိန်တွင် သက်တော် (၃၃) နှစ်သာ ရှိသေးကြောင်း လေ့လာတွေ့ရှိရပါသည်။

အစဉ်အလာအားဖြင့် ဆန်းစစ်လျှင် သက်တော်အငယ်ဆုံးဖြင့် ပိဋကတ်သုံးပုံ အောင်မြင်သည့် ဆရာတော်မှာ မဟာဂန္ဓာရုံဆရာတော်ဖြစ်ကြောင်း တွေ့ရှိရ၏။ ထို ဆရာတော်သည် သက်တော် (၂၈) နှစ်တွင် ပိဋကတ်သုံးပုံ အာဂုံရေးဖြေ နှစ်ထွေစလုံး ပြီးစီးအောင်မြင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ဒုတိယသက်တော်အငယ်ဆုံး ဆရာတော်မှာ ပခုက္ကူဆရာတော်ဖြစ်၏။ သက်တော် (၃၂) နှစ်တွင် ပိဋကတ်သုံးပုံစလုံး အာဂုံရေးဖြေ နှစ်ထွေစလုံး ပြီးစီး အောင်မြင်ခဲ့၏။

တိုက်တိုက်ဆိုင်ဆိုင် ခေါ်မည်လား သို့တည်းမဟုတ် ထူးထူးဆန်းဆန်း ခေါ်မည်လား မသိပါ။ နေရာတစ်နေရာ စာသင်တိုက်ကြီး တစ်တိုက်ထဲဝယ် တိပိဋကဓရ ဆရာတော် (၃) ပါး အတူတူနေကြသည်ဟူသော သတင်းဖြစ်ပါသည်။ ထိုသတင်းမှာ အခြားမဟုတ်။ ရွှေရတုညီနောင်နှစ်ပါးနှင့် မြင်းခြံဆရာတော်တို့ (၃) ပါး ကျောင်းတိုက် တစ်တိုက်ထဲဝယ် အတူနေကြကြောင်း သိရှိရသောကြောင့် ဖြစ်ပါသည်။

မြင်းခြံတိပိဋကဓရ ဆရာတော်၏ ထေရုပ္ပတ္တိကို လေ့လာရာတွင် ထူးဆန်းသော အချက်တစ်ချက်ကို (သုတပုဒ္ဓဝင် စာ-၃၆၄) အမှတ်မထင် တွေ့ရှိရပါသည်။ ထိုအချက်ကို ဆရာတော်၏ သတ္တိ၊ ဇွတ္တိဟူ၍ မှတ်တမ်းတင်ထားပါသည်။ အံ့ဖွယ်ကြည်ညိုဖွယ် ဖြစ်ပါသည်။ အောက်တွင် ဖတ်ကြည့်ပါ။

တစ်ချိန်တွင် မန္တလေးဘက်ကမ်းစပ်တွင် ရေတိမ်လာပြီး သင်္ဘောကြီးများ အသွားအလာခက်ခဲလာသဖြင့် ရေကြောင်းပို့ဆောင်ရေးဝန်ထမ်းများက မင်းကွန်းဘက်ကမ်းတွင် ရေကာတာပြုလုပ်ရန် စီမံကြသည်။ မင်းကွန်းဘက်ကမ်း၌ ရေကာတာရိုက်လိုက်လျှင် မန္တလေးဘက်ကမ်းသို့ ရေလမ်းကြောင်းပြောင်းပြီး ထိုးဆင်းသွား

ရန် ရည်ရွယ်ခြင်းဖြစ်သည်။ ဤသို့ လုပ်လိုက်လျှင် ရေလမ်းကြောင်းပြောင်းသွားမည် ဖြစ်သော်လည်း မင်းကွန်းဘက်ကမ်း ရွာများမှာမူ (သောင်ထွန်းပြီး ရေနှင့်ဝေးသွားကာ) ရေအခက်အခဲ ရှိလာနိုင်သဖြင့် မင်းကွန်းဘက်၌ ရေကာတာ မရိုက်ရန် ယခုသွားနေကျ လမ်းကြောင်းအတိုင်း သင်္ဘောကြီးများကို ခုတ်မောင်းခိုင်းစေရန် ရွှေရတုဆရာတော်များက မေတ္တာရပ်ခံ ပြောကြားကြည့်ရာ မအောင်မြင်ခဲ့ချေ။ မင်းကွန်းဘက်၌ ရေကာတာရိုက်ရန် ဗွတ်အတင်း စီမံကြသည်။ ထိုအခါ မြင်းခြံဆရာတော်က ထပ်တားသည်။ ဆိုင်ရာပုဂ္ဂိုလ်များက လက်မခံကြ။ "ဝန်ကြီး၏အစီအမံဖြစ်၍ ဝန်ကြီးထံ တင်ပြရမည် ဖြစ်ကြောင်း" ပြောလာကြသည်တွင် ဆရာတော်က "ဝန်ကြီးလောက်ကို စကားထဲထည့်ပြောမနေကြောင်း၊ ဝန်ကြီးထက်အများကြီး မြင့်သည့်နေရာသို့ တက်မည်ဖြစ်ကြောင်း" မိန့်ကြားလိုက်သဖြင့် ထိုရေကာတာ စီမံကိန်းကြီးမှာ ပျက်ပြားသွားပြီး မင်းကွန်းရွာသူရွာသားများ ရေဒုက္ခမှလွတ်ကင်းသွားခြင်း ဖြစ်သည်။

မြင်းခြံတိပိဋကဓရ ဆရာတော်၏ လုပ်ဆောင်ချက်များမှာ သာသနာရေးဆိုင်ရာကြိုးပမ်းမှုမှတ်တမ်းတွင် ဂုဏ်ယူလောက်သော အချက်အလက်များ ဖြစ်ပါသည်။ မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး၏ သာသနာပြုလုပ်ငန်းအရပ်ရပ်ကို အမိကဆက်ခံရသူအဖြစ် မှတ်တမ်းတင်ရမည် ဖြစ်ပါသည်။

မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး ဦးဆောင်ကျင်းပပေးခဲ့သည့် မင်းကွန်းတောင်ရိုးစာမေးပွဲကို ဆက်လက်တာဝန်ယူ ကျင်းပပေးခြင်းသည်လည်း ထူးခြားမှုတစ်ခု ဖြစ်ပါသည်။

မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး ဆောက်လုပ်ခဲ့သည့် စာသင်ကျောင်းများဆေးရုံ၊ ဆေးခန်းများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ မင်းကွန်းတောင်ရိုးတစ်ခုလုံး ရေလုံလောက်စွာ ရရှိရေးအတွက် ဓမ္မနာဒရေအလှူတော်စီမံကိန်းကို ဦးစီးဆောင်ရွက်ခြင်းတို့သည်လည်း ထူးခြားမှုတစ်ခု ဖြစ်ပါသည်။

ရန်ကုန်မြို့၊ နိကာယ်သာသနာတော်ထွန်းကားရေးအသင်း၊ မြန်မာပြည် ဗုဒ္ဓဘာသာပုညကုသလအသင်းတို့တွင်လည်း ဩဝါဒါစရိယတာဝန်တို့ကို ယူဆောင်ထမ်းရွက်ခဲ့ပါသည်။

မြင်းခြံတိပိဋကဓရ ဆရာတော်သည် ပြည်တွင်းပြည်ပ သာသနာရေးဆိုင်ရာ လုပ်ငန်းများကို ကြိုးကြိုးစားစား ဆောင်ရွက်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ဂျပန်နိုင်ငံ နာဂိုယာမြို့ ပြဟ္မဝိဟာရကျောင်းနှင့် စပ်လျဉ်း၍ လည်းကောင်း၊ အမေရိကန်နိုင်ငံ၊ အော်ရီဂွန်ပြည်နယ်၊ ပို့တလန်မြို့ သီရိမင်္ဂလာကျောင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ အမေရိကန်နိုင်ငံ၊ ဝါရှင်တန်မြို့ ဆီရယ်တယ်၊ မြန်မာ ဗုဒ္ဓဘာသာအသင်း တိပိဋကကျောင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ တောင်ကိုရီးယားနိုင်ငံ၊ အင်ချွန်းမြို့ ဗောဓိရိပ်သာနှင့် စပ်လျဉ်း၍လည်းကောင်း မြင်းခြံတိပိဋကဓရ ဆရာတော်သည် ဩဝါဒါစရိယအဖြစ် တာဝန်ယူထမ်းဆောင်တော်မူခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

မြင်းခြံတိပိဋကဓရ ဆရာတော်သည် မိမိမွေးဖွားရာ ဇာတိမြေကိုလည်း မမေ့မလျော့ ကျေးဇူးဆပ်ခဲ့ပါသည်။ ထို့ကြောင့်လည်း မိမိဇာတိရွာတွင် သိမ်သိမ်ငယ်ငယ် မရှိရအောင် မီးတိုင်၊ မီးကြိုး စသည် တို့နှင့်တကွ လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးတော်မူခဲ့ခြင်း ဖြစ်ပါသည်။

မိမိဇာတိရွာတွင် ရပ်သူရွာသားတို့ မျက်နှာမငယ်ရအောင် အခြေခံပညာအလယ်တန်း၊ အထက်တန်းကျောင်းများရရှိအောင် ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရပါသည်။

စာသင်ခန်း ကိစ္စနှင့်တကွ ကွန်ပျူတာ စသော သင်ထောက်ကူပြုပစ္စည်းများ ပြည့်ပြည့်စုံစုံဖြစ်အောင် ဖြည့်ဆည်းပေးခြင်း၊ ပညာရေး ထူးချွန်သူများအား ထောက်ပံ့ပေးခြင်း၊ ကျေးရွာ၌ ကျန်းမာရေး ဆေးခန်း တည်ဆောက်ပေးခြင်း၊ ဆေးဝါး ပစ္စည်းများ ထောက်ပံ့ဖြည့်ဆည်းပေးခြင်း၊ ကျေးရွာဝန်းကျင်မှ ရှင်မပြုနိုင်သော ကလေးသူငယ် (၂၀၀) ခန့်တို့အား ရှင်ပြုပေးခြင်း စသော လုပ်ငန်းဆောင်တာများကို ဆောင်ရွက်တော်မူသည်မှာလည်း ကျေနပ်ဖွယ်၊ ကြည်ညိုဖွယ် ဖြစ်ပါသည်။ ၎င်းအပြင် ထူးထူးခြားခြားအားဖြင့် စစ်ကိုင်း-မင်းကွန်း ကားလမ်း ကတ္တရာလမ်းခင်းပေးခြင်းလုပ်ငန်းကိုဆောင်ရွက်တော်မူခဲ့ခြင်း ဖြစ်သည်။

ထို့မျှမကသေး မိမိသီတင်းသုံးရာ မင်းကွန်းတိပိဋကဓရ ဓမ္မနာဒကျောင်းတိုက်အတွင်း၌လည်း မိမိတို့ ခေတ်အခါအလျောက် လိုအပ်လျက်ရှိသော ကွန်ပျူတာသင်တန်းများကို ခေတ်၏အလိုဆန္ဒနှင့်အညီ ဖွင့်လှစ်ပေးခဲ့ပါသည်။ ရပ်သူရွာသား

များကိုလည်း ခေတ်နှင့်အညီ ကွန်ပျူတာပညာ တတ်မြောက်ကျွမ်းကျင်စေရေး အတွက် ကြိုးပမ်းခဲ့ပါသည်။ ဤသည်တို့မှာလည်း စဉ်းစားလျှင် ကျေနပ်ဖွယ်၊ ကြည်ညိုဖွယ်တို့ ဖြစ်ပါသည်။

၂၀၀၆ ဤသို့ဖြင့် (၂၀၀၆) ခုနှစ်၊ လွတ်လပ်ရေးနေ့သို့ ရောက်သောအခါ မြင်းခြံဆရာတော် အား နိုင်ငံတော်မှ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်နှင့် ဓမ္မဘဏ္ဍာဂါရိက ပုဂ္ဂိုလ်များ၏ အဆောင်အယောင် အမှတ်သင်္ကေတ ဆင်စွယ်ယပ်ဝန်းတော်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း တွေ့ရှိရပါသည်။

မြင်းခြံတိပိဋကဓရ ဆရာတော်သည် အမှတ်မထင် ဖွဲ့၊ လုံ့လတစ်ခုကို အများ မြင်သာအောင် လုပ်ပြလိုက်သည်မှာ မထင်မှတ်သောကိစ္စတစ်ခု ဖြစ်သည်။ မိမိ သည် သာသနာ ကမ္ဘာသို့ပြန့်ရန်အတွက် နိုင်ငံရပ်ခြား ဘာသာစကားတစ်ခုကို ကျွမ်းကျင်အောင် ပြုလုပ်လိုသောစိတ်ထားဖြစ်၏။ သို့တတ်မြောက်မှသာလျှင် မိမိ သိထားသမျှကို ကမ္ဘာသို့ ဖြန့်ဝေနိုင်မည် ဖြစ်ပါသည်ဟု ခံယူချက်ရှိပုံ ရပါသည်။ ထိုအချက်ကို ဆရာတော်၏ ထေရုပ္ပတ္တိတွင် အသေအချာ လေ့လာတွေ့ရှိရပါ သည်။ သာမန်လူများအတွက် သာမန်ကိစ္စဖြစ်သော်လည်း သာမန်မဟုတ်သော အကျော်အမော်တစ်ပါးအတွက်ကား အလွန့်အလွန် ထူးခြားသောအချက် ဖြစ်ပါ သည်။

ဗုဒ္ဓတရားတော်ကို လေ့လာလိုသူ နိုင်ငံခြားသားများအား ပိဋကတ်သုံးပုံလာ၊ လူ အများစု ချမ်းသာသုခရရန် လက်တွေ့ဘဝ ကျင့်သုံးနေထိုင်ပုံ၊ ပေါင်းသင်းဆက်ဆံ ပုံ၊ စိတ်သဘောထားထားရှိပုံ၊ စီးပွားပျက်ကြောင်း၊ ကြီးပွားချမ်းသာကြောင်း၊ အချက်အလက်များ စသည်တို့ကို ကျကျနန ရှင်းလင်းဟောပြနိုင်ရန် အင်္ဂလန်နိုင်ငံ သို့ ကြွရောက်၍ ကမ္ဘာသုံး အင်္ဂလိပ်စာကို သင်ကြားဆည်းပူးတော်မူသည် ဟူ၍ သုတဗုဒ္ဓဝင်၊ စာ-၃၆၇ တွင် ဖတ်ရှုရပါသည်။ အံ့ဖွယ်ဖွဲ့ ဖြစ်ပါသည်။

နောင်လာနောက်သား စာသင်သားများအတွက်သော်လည်းကောင်း၊ နောင်လာ နောက်သား သာသနာ့အာဇာနည် တိပိဋကဓရ အကျော်အမော်လောင်းလျာများ အတွက်သော်လည်းကောင်း အကျိုးရှိနိုင်သည့်စကားတစ်ခွန်းကို ပြောပြလိုပါသေး သည်။ ထိုစကားမှာ အခြားမဟုတ်။ ဤသို့ ဖြစ်ပါသည်။

"ရေစကြိုမှာ နေစဉ်ကတည်းက မျက်စိက စပြီးမှုန်နေပြီ။ စာကျက်မှတ်နေရင်း မျက်စိအားက နည်းနည်းလာတယ်။ ကျန်းမာရေး အသိကြွယ်တဲ့ ပတ်ဝန်းကျင် မဟုတ်တော့ မျက်စိကိုစစ်ဆေးတာ ကုသတာတွေလည်း မလုပ်မိဘူး။ တောင်မြို့၊ မဟာဂန္ဓာရုံရောက်တော့လည်း မျက်စိမှုန်တာကို ဦးစားမပေးမိပဲ စာပဲ ဆက်ကျက်နေခဲ့တယ်"

"တိပိဋကစာတွေ ကျက်တော့ မျက်စိက တဖြည်းဖြည်းနဲ့ ပါဝါ (၈၀၀) ကျော် (၉၀၀) ဖြစ်လာတယ်။ စာကြာကြာကြည့်ရင် မျက်ရိုးတွေ ကိုက်၊ မျက်ရည်ပူတွေ ကျတယ်။ နေ့ခင်းမှာ စာကြည့်တဲ့အခါ အဓိကကျတဲ့အချက်တွေကို သေသေချာချာ ကြည့်ထားတယ်။ ညမှာ စာမကြည့်နိုင်တော့ မျက်စိကိုမှိတ်ပြီး နေ့ခင်းက ကြည့်ခဲ့တဲ့စာတွေကို စိတ်ထဲမှာ ပြန်စဉ်းစားတယ်။ တစ်ခါတွေးတာက စာကို သုံးလေးခါ ထပ်ကြည့်တာနဲ့ ညီမျှတယ်။ ပြန်တွေးတဲ့အခါ စိတ်ထဲမှာ ပေါ်မလာပဲ ထစ်နေတာမျိုးလည်း ကြုံတတ်တယ်။ စာအုပ်ကို ဘေးမှာချထားတော့ ပြန်လှန်ကြည့်တဲ့အခါလည်း ကြည့်တယ်။ မှတ်ထားလိုက်ပြီး နောက်မှပြန်ကြည့်တဲ့အခါလည်း ကြည့်တယ်။ စာအုပ်က အဝေးရောက်နေလို့ (ချက်ချင်း) ပြန်မကြည့်နိုင်တဲ့အခါမျိုးဆိုရင် မှတ်ထားလိုက်ပြီး နောက်ရက် စာပြန်ကြည့်တဲ့အခါ စိတ်ထဲမှာ ဇဝေဇဝါဖြစ်နေတာ၊ သံသယဖြစ်နေတာမျိုးကို ပြန်ကြည့်ပြီး မှတ်ထားလိုက်တော့ နောက်နေ့ စဉ်းစားတဲ့အခါ အဆင်ပြေသွားတတ်ပါတယ်"

> ကျမ်းကိုး။ မောင်သုတ၊ သုတဗုဒ္ဓဝင်၊ သုတဗုဒ္ဓ မည်ရထင်ရှား တိပိဋကဓရ ဆရာတော်များ၏ဘဝဖြစ်တော်စဉ်၊ စာ-၃၅၁၊ ၃၅၂၊ ၃၅၃၊ ၃၅၄၊ ၃၅၅၊ ၃၅၆၊ ၃၅၇၊ ၃၅၈၊ ၃၅၉၊ ၃၆၄၊ ၃၆၅၊ ၃၆၆၊ ၃၆၇၊ ၃၆၈၊ ၃၆၉။

ထို တိပိဋကဓရ ဆရာတော်ကြီး သီတင်းသုံးတော်မူသောကျောင်းမှာ တိပိဋက ကျောင်းတော်၊ (၁၂) စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ဖြစ်ကြောင်း သိရှိရပါသည်။ သက်ရှိ ထင်ရှားဖြစ်သဖြင့် သွားရောက်ဖူးမြော်နိုင်ပါသည်။

(၂၀၀၃) ခုနှစ်တွင် အောင်မြင်တော်မူသော တိပိဋကဓရ သာသနာ့အာဇာနည်

ဒသမ တိပိဋကဓရ စွန်းလွန်းဆရာတော်ကြီး

# ဘဒ္ဒန္တသုန္ဒရ

(၁၉၅၅ ဖွား - ယခု သက်ရှိထင်ရှား)





သက်တော် (၄၈) နှစ်မှသာ တိပိဋကဓရ ဖြစ်တော်မူသော ပရိယတ္တိ၊ ပဋိပတ္တိ စွယ်စုံ ငွဲသခင်

သာသနာ့အာဇာနည်သမိုင်းတွင် (၁၀) ပါးမြောက် တိပိဋကဓရ ဆရာတော်မှာ ဘဒ္ဒန္တသုန္ဒရ ဖြစ်၏။ သို့သော်လည်း ကြည်ညိုသူများကမူကား စွန်းလွန်းဆရာတော် ဟုပင် ခေါ်ဆိုလေ့ခေါ်ဆိုထ ရှိကြပါသည်။

အရှင်သုန္ဒရ၏ ထေရုပ္ပတ္တိကို ရှာကြံရာတွင် ပြည်မြို့နယ်လုံးဆိုင်ရာ တိပိဋကဓရ အရှင်မြတ်လေးပါးအား ပူဇော်ရေးအဖွဲ့မှ ထုတ်ဝေသော တိပိဋကဓရ သာသနာ့ အာဇာနည်လေးပါး၏ ထေရုပ္ပတ္တိအကျဉ်းနှင့် ချီးကျူးပူဇော်ပွဲ မှတ်တမ်း၊ (၁၉၇၈) ခု၊ ဧပြီလ (၈) ရက်၊ စနေနေ့၊ စာအုပ်ပါးပါးကလေးကို ဦးစွာပထမ ဖတ်ရှုရ၍ ဝမ်းမြောက်ဝမ်းသာ ရှိမိပါသည်။ ထိုပထမအကြိမ်ထုတ်စာအုပ်ကလေးကို ရန်ကုန် မြို့၊ ရွှေဂုံတိုင်စာတိုက်၊ အာဇာနည်ဗိမာန်လမ်း၊ အရှင်ဦးတိလောကသာရက ထုတ်ဝေသည်ဟု ရေးသားထားပါသည်။ လှိုင်ရတနာပုံနှိပ်တိုက်၊ ရန်ကုန်မြို့တွင် ပုံနှိပ်ခြင်းဖြစ်သည်။ ထိုစာစောင်တွင် မပါရှိပါ။ ထို့ကြောင့် ဆက်လက်ရှာဖွေရပြန် ပါသည်။ ၎င်းနောက် တိပိဋကဓရ ရွှေရတုစာစောင်တွင်လည်း မပါရှိပါ။ ထို့ကြောင့် ဆက်လက်ရှာဖွေရပြန်ပါသည်။ ထိုအခါ (၆၃) ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ပွဲ တွင် အောင်မြင်တော်မူကြသော သာသနာ့ အာဇာနည် အရှင်သူမြတ်တို့၏ ထေရုပ္ပတ္တိများကို (၂၀၁၁) ခုနှစ်တွင် သာသနာ ရေးဦးစီးဌာနက ထုတ်ဝေခဲ့ရာ စာမျက်နှာ (၁) တွင် ထေရုပ္ပတ္တိ တစ်စိတ်တစ်ပိုင်း အညွှန်းကို တွေ့ရှိရပါသည်။ ထိုအညွှန်းကို အကြောင်းပြု၍ ဆက်လက်ရှာဖွေရပြန်ပါသည်။ ထိုအခါ ထို့ထက် ပြည့်ဝစုံလင်စွာတွေ့ရှိရသည်မှာ မောင်သုတ စုစည်းပူဇော်သည့် သုတဗုဒ္ဓ မည်ရ ထင်ရှား တိပိဋကဓရ ဆရာတော်များ၏ ဘဝဖြစ်တော်စဉ်၊ သုတ ဗုဒ္ဓဝင် ဖြစ်၏။ ရန်ကုန်တက္ကသိုလ် အငြိမ်းစားပါမောက္ခချုပ်၊ တရားရုံးချုပ် တရားသူကြီး ဒေါက်တာ တင်အောင်အေး ပြုစုရေးသားသည့် တိပိဋကဓရ သာသနာဝင် သမိုင်း မှတ်တမ်း သုတေသနကျမ်းသည်လည်း ကြီးစွာသော အထောက်အပံ့ကို ပေးခဲ့ပါသည်။ ထိုစာအုပ်ကြီးကို (၂၀၀၆) ခုနှစ်၊ နိုဝင်ဘာလတွင် တက္ကသိုလ်များ ပုံနှိပ်တိုက်မှ ပထမအကြိမ် ရေးသားရိုက်နှိပ်သည်ကို လေ့လာတွေ့ရှိရပါသည်။ ထိုစာအုပ်ကြီး တွင် ပါရှိသော အချက်အလက်များသည် မှတ်တမ်းဝင်၊ သမိုင်းဝင်၊ ဂန္ထဝင်မြောက် ခေတ်ပြိုင်မှတ်တမ်းများ ဖြစ်ပါသည်။ ထိုမှတ်တမ်းများကို ကောက်နုတ်လျက် အောက်ပါ ထေရုပ္ပတ္တိကို ရေးသားစီရင်ခြင်း ဖြစ်ပါသည်။

၁၉၅၅ ဆရာတော် တိပိဋကဓရ ဖြစ်ချိန်တွင် သက်တော် (၄၈) နှစ်ရှိပါပြီ။ ထို့ကြောင့် ထိုဆရာတော့်လက်ထက်အထိ ရှိရှိသမျှ တိပိဋကဓရများတွင် သက်တော်အကြီးဆုံးဟု ဆိုရမည် ဖြစ်ပါသည်။ ဆရာတော်၏ ဥာဏ် လုံ့လ၊ ဝီရိယကို အကဲခတ်နိုင်ရန် အချက်တစ်ချက် ပြောကြားလိုပါသည်။ ထိုအချက်မှာ အခြားမဟုတ်ပါ။ စွန်းလွန်းတိပိဋကဓရဆရာတော်သည် တိပိဋကဓရဘဝသို့ရောက်အောင် စာမေးပွဲဝင် သက်တမ်းကာလ ဘယ်လောက်ကြာကြာ ကြိုးစားရမည်ဟု အသင်ထင်ပါသနည်း။ တကယ် အစစ်အမှန် စာမေးပွဲဝင်သက်တမ်းမှာ နှစ်ပေါင်း (၂၈) နှစ်မျှ ကြာခဲ့ပေသည်။ သာမန် ဥာဏ် သာမန် လုံ့လ၊ သာမန် ဝီရိယရှိသော သာမန်လူတို့လုပ်နိုင်သောအလုပ် မဟုတ်ပါဟု စဉ်းစားစေချင်ပါသည်။ အာဂုံရသော အာဂလူသားများအဖြစ် မှတ်တမ်းတင်ရမည် ဖြစ်ပါသည်။ တိပိဋကဓရ သာသနာဝင်တွင်ကား တိပိဋက သာသနာ့အာဇာနည် သူရဲကောင်းများအဖြစ် မှတ်တမ်းတင်ထားကြောင်း တွေ့ရှိရပါသည်။

စွန်းလွန်းတိပိဋကဓရ ဆရာတော်၏ ဇာတိမှာကျောက်တိုင်ရွာ ဖြစ်၏။ မြိုင်မြို့နယ်မှာ ရှိ၏။ မကွေးတိုင်းဒေသကြီးတွင်ပါဝင်၏။

၁၉၅၅ ခမည်းတော်မှာ ဦးသာဒွန်းဖြစ်၏။ မယ်တော်မှာ ဒေါ်ခင်ဖွားဖြစ်၏။ (၁၉၅၅) ခုနှစ်၊ ဧပြီလ (၂၉) ရက်၊ သောကြာနေ့တွင် စွန်းလွန်းတိပိဋကဓရ လောင်းလျာကို ဖွားမြင်ခဲ့၏။ မွေးချင်း (၄) ဦးရှိ၏။ စတုတ္ထမြောက် ဖြစ်၏။ အငယ်ဆုံးသားဖြစ်၏။ ငယ်မည်မှာ မောင်မြသင်း ဖြစ်၏။

၁၉၆၇ စွန်းလွန်းတိပိဋကဓရ လောင်းလျာသည် သက်တော် (၁၂) နှစ်အရွယ်မှာ ရှင်သာမဏေ ဖြစ်ခဲ့၏။ (၁၉၆၇) ခုနှစ်တွင် စိန့်ကန်တိုက် မန်ကျီးချိုကျောင်းဆရာတော် ဘဒ္ဒန္တကောဝိဒကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့၏ ဟု အတိအကျ သိရှိရပါသည်။

၁၉၇၀ ပိဋကတ်အခြေခံပညာများကို ဆက်လက်သင်ကြားခဲ့ရာ နေရာမှာ အမရပူရမြို့၊ တူးမောင်းတိုက် ဖြစ်၏။ ထိုသို့ ဆည်းပူးသင်ကြားရန် စွန်းလွန်း တိပိဋကဓရ လောင်းလျာသည် (၁၉၇၀) ခုနှစ်တွင် ညဝါအကျော် ဆရာတော် ဘဒ္ဒန္တနန္ဒိယ၊ ဘဒ္ဒန္တဇာဂရတို့ထံ ရောက်ရှိလာခဲ့၏။ ထိုနှစ်မှာပင် ပထမပြန်၊ ဓမ္မာစရိယ စာမေးပွဲများ ဖြေဆိုခဲ့၏။

၁၉၇၁ (၁၉၇၁) ခုနှစ်တွင်ကား ပထမငယ်တန်း အောင်ခဲ့၏။

၁၉၇၂ (၁၉၇၂) ခုနှစ်တွင် ပထမလတ်တန်း အောင်ခဲ့၏။

၁၉၇၃ (၁၉၇၃) ခုနှစ်တွင် ပထမကြီးတန်းတို့ကို ဆက်တိုက် အောင်မြင်တော်မူခဲ့၏။

၁၉၇၄ ထို့နောက် ဓမ္မာစရိယ စာချတန်းကို ဆက်လက်ဖြေဆိုခဲ့၏။ (၁၉၇၄) ခုနှစ်တွင် ကျမ်းရင်းနှစ်ကျမ်းကို အောင်မြင်တော်မူခဲ့၏။

၁၉၇၄ စွန်းလွန်းတိပိဋကဓရလောင်းလျာသည် ရဟန်းဖြစ်သောအခါမှာလည်း အမရပူရ တူးမောင်းကျောင်းတိုက်မှာပင် မြင့်မြတ်သောရဟန်းဘဝသို့ ရောက်ရှိခဲ့ခြင်း ဖြစ်သည်။ တိတိကျကျဆိုရလျှင် (၁၉၇၄) ခုနှစ်၊ နိုဝင်ဘာလ (၁၅) ရက်၊ သောကြာနေ့တွင် အမရပူရမြို့၊ တူးမောင်းတိုက်၊ ခဏ္ဍာသိမ်တော်၌ ဆရာတော် ဘဒ္ဒန္တကောဝိဒကို ဥပဇ္ဈာယ်ပြု၍ ရန်ကုန်မြို့၊ တာမွေ အသောကလမ်း ဦးသန်း၊ ဒေါ်ခင်လှမိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ကြောင်း သိရှိရပါသည်။

၁၉၇၅ စွန်းလွန်းတိပိဋကဓရ လောင်းလျာသည် တိပိဋကဓရ အာဂုံဆောင်ရေးဖြေ ကိစ္စကို ပြုလုပ်နိုင်ရန် မိမိလုပ်လက်စ ပဋိပတ္တိလမ်းကြောင်းမှ နောက်ထပ် ပရိယတ္တိလမ်းကြောင်းတစ်ခု ထပ်မံခွဲထွင်ရမည်ဖြစ်သဖြင့်အတော်ကလေး ခဲယဉ်းနေသည်ကို ရိပ်မိသဖြင့် မိမိ၏လုံ့လ၊ ဝီရိယကို နှစ်ဆတိုးပြီး လုပ်ကိုင်အားစိုက်နိုင်သောကြောင့်သာလျှင် ပဋိပတ္တိတစ်ဖက်၊ ပရိယတ္တိတစ်ဖက် စွယ်စုံ ပြုလုပ်နိုင်ခြင်းဖြစ်ကြောင်းကို စွန်းလွန်း တိပိဋကဓရလောင်းလျာ၏ ဘဝလမ်းကြောင်းကို လေ့လာသောအခါ တရေးရေး ပေါ်လာပါသည်။ တဖြည်းဖြည်း တွေးမိလာပါသည်။ ထိုအချက်ကို ကျွန်ုပ်တွင် သက်သေရှိပါသည်။

၁၉၇၅ (၁၉၇၅) ခုနှစ်တွင် သုတ္တန်ပိဋက ဒီဃနိကာယ်သုံးကျမ်းကို ကျက်မှတ်ပြီး ဝင်ရောက် အာဂုံပြန် ဖြေဆိုခဲ့၏။ အောင်မြင်သွား၏။ ဒီဃဘာဏက ဘွဲ့တံဆိပ်တော်ကို ရရှိခဲ့၏။ ဤသို့ဖြင့် ပရိယတ္တိလမ်းကြောင်းပေါ်က တိပိဋကစာမေးပွဲကို ပိုင်ပိုင် နိုင်နိုင်ကြီး ခြေချသွားနိုင်ခဲ့လေသည်။

ထိုကဲ့သို့ ပဋ္ဌိပတ္တိလမ်းကြောင်းပေါ်တွင် မားမားမတ်မတ် ရပ်နေသူ ပုဂ္ဂိုလ်တစ်ဦး သည် ပရိယတ္တိလမ်းကြောင်းပေါ်သို့ လမ်းကြောင်းတိုးချဲ့လိုက်ခြင်းမှာ ရှေးရှေးက ပါရမီသာမက ယခု မျက်မှောက်ဘဝ၏ ဖွဲ လုံ့လ၊ ဝီရိယတို့ကိုလည်း အလေးထား ပြောပြရပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ထိုနှစ်မှာပင် အစိုးရ ဓမ္မာစရိယ စာမေးပွဲကြီးကို ဖြေဆိုခဲ့သောကြောင့် ဖြစ်၏။ ဖြေရကျိုးလည်း နပ်ပါ၏။ ကျမ်းရင်း သုံးကျမ်း ပြီးစီးအောင်မြင်ခဲ့ပါ၏။ သာသနဓဇ ဓမ္မာစရိယဘွဲ့ကိုလည်း ရရှိတော် မူခဲ့ပါ၏။ မိမိကိုယ်ကိုမိမိ ကျေနပ်လောက်ပါ၏။

၁၉၇၈ (၁၉၇၈) ခုနှစ်သည်ကား ထူးခြားသောနှစ် ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် စွန်းလွန်းတိပိဋကဓရလောင်းလျာသည် ဒီဃနိကာယကောဝိဒ ဘွဲ့တံဆိပ်တော် ကြီးကို လက်ခံရရှိတော်မူခြင်းက သက်သေဖြစ်၏။ ဤသို့ဖြင့် ပဋ္ဌိပတ္တိလမ်းကြောင်း ပေါ်က စွန်းလွန်းဆရာတော်သည် ပိဋကတ်တစ်ပုံအောင်ပုဂ္ဂိုလ်ထူး ဖြစ်တော်မူ လာခဲ့လေသည်။

၁၉၈၀ (၁၉၈၀) ခုနှစ်တွင်ကား ဝိနယပိဋက ဝိနည်းငါးကျမ်း အာဂုံပြန် အောင်မြင်ခဲ့ပြန် သည်။ ထို့ကြောင့် ဝိနယဓရဘွဲ့တံဆိပ်တော်ကို ရရှိတော်မူပြန်သည်။ ဤသို့ဖြင့် ရှေ့သို့၊ ရှေ့သို့ တစ်လှမ်းချင်း၊ တစ်လှမ်းချင်း လျှောက်လှမ်းလာသည်ကို လေ့လာ တွေ့ရှိရပါသည်။

ဤသို့ဖြင့် တိပိဋကဓရလောင်းလျာ စွန်းလွန်းဆရာတော် အရှင်သုန္ဒရသည် ထိုသို့ ဒွိပိဋကဓရ ဖြစ်လာခဲ့လေသည်။ ထိုသို့ဖြစ်ပြီးချိန်မှစ၍ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်း စွန်းလွန်းရိပ်သာကြီး၏ တာဝန်ကိုလည်း လက်ခံဆောင်ရွက်တော်မူခဲ့၏။ ရှေးဆရာ စဉ်ဆက်က လုပ်ကိုင်မြဲဖြစ်သော လမ်းစဉ်အတိုင်း ပဋ္ဌိပတ္တိသာသနာပြုလုပ်ငန်းများ ကိုလည်း ဦးဆောင်ပူးတွဲ လုပ်ဆောင်တော်မူခဲ့ကြောင်း တွေ့ရှိရပါသည်။။

၁၉၈၄ (၁၉၈၄) ခုနှစ်တွင် ဝိနည်းရှေ့ပိုင်း နှစ်ကျမ်းရေးဖြေကို အောင်မြင်တော်မူခဲ့သည်။

၁၉၈၆ (၁၉၈၆) ခုနှစ်၊ အစိုးရဓမ္မာစရိယစာမေးပွဲတွင် ပါစိတျာဒိ မြန်မာဂုဏ်ထူးဆောင် ကျမ်းကို ဖြေဆိုအောင်မြင်၏။ သာသနဓဇ သိရီပဝရဓမ္မာစရိယဘွဲ့ကို ရရှိတော် မူခဲ့၏။

၁၉၈၉ (၁၉၈၉) ခုနှစ်တွင် ဝိနည်းနောက်ပိုင်းသုံးကျမ်း ရေးဖြေကို အောင်မြင်ခဲ့၏။ ဝိနယကောဝိဒ ဘွဲ့တံဆိပ်တော်ရရှိခဲ့၏။ ပိဋကတ်နှစ်ပုံအောင်ပုဂ္ဂိုလ်ထူးအဖြစ်သို့ ရောက်ရှိခဲ့၏။ ဖွဲ့သခင် အရှင်သုန္ဒရ ပိဋကတ်နှစ်ပုံဆောင် အောင်ခဲ့လေပြီ။

တရွေ့ရွေ့ သွား၏။ သွားရင်းနှင့်ပင် တိပိဋကဓရပန်းတိုင်ကြီးနှင့် နီးကပ်လာ၏။ ပိုမို အားစိုက် ကြိုးစားပါ၏။ ပဋိပတ္တိအလုပ်နှင့် တွဲလုပ်နေရ၏။ ထင်တိုင်း မပေါက်နိုင်ခဲ့။

၁၉၉၃ ဤသို့ဖြင့် (၁၉၉၃) ခုနှစ်တွင် အဘိဓမ္မာရှေ့ပိုင်း ငါးကျမ်းကို အာဂုံပြန်ဆို အောင်မြင်ခဲ့၏။ (၁၉၉၈) ခုနှစ်တွင် အဘိဓမ္မာရှေ့ပိုင်း ရေးဖြေ အောင်မြင်ခဲ့၏။ ပိဋကတ်နှစ်ပုံခွဲအောင် ပုဂ္ဂိုလ်အဖြစ်သို့ ရောက်ရှိခဲ့၏။

စွန်းလွန်းတိပိဋကဓရလောင်းလျာ၏ တိပိဋကဓရ လမ်းကြောင်းမှာ တစိုက်မတ်မတ်၊ ချောချောမွေ့မွေ့ ရှိလှသည် မဟုတ်ချေ။ ကုန်းဆင်းကုန်းတက် အကွေ့အကောက်တွေ များလှ၏။ အရှင်သုန္ဒရသည် စာမေးပွဲ ကျရှုံးမှုနှင့် အကြိမ်ကြိမ်တွေ့ကြုံခဲ့သော်လည်း စိတ်မပျက်ခဲ့။ အားမလျှော့ခဲ့။ စိတ်ဓာတ်မကျခဲ့။ ထို့ကြောင့် ပင်လျှင် နောင်သောအခါ တိပိဋကဓရ သာသနာ့အာဇာနည်ဘဝသို့ သမိုင်းဝင်၊ ဂန္ထဝင်မြောက် မှတ်တမ်းတင်ခြင်း ခံရခြင်း ဖြစ်သည်။

စွန်းလွန်း အရှင်သုန္ဒရသည် ပိဋကတ်နှစ်ပုံခွဲ အောင်မြင်ခဲ့ပြီးဖြစ်၏။ အရှင်သုန္ဒရသည် အဘိဓမ္မာနောက်ပိုင်း ယမိုက်-ပဋ္ဌာန်းကျမ်းကြီးများကို အာဂုံဆောင်နိုင်ရေးအတွက် ကြိုးစားပြန်၏။ ထိုအခါ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဗန်းမော်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံသို့ ရောက်ရှိလာ၏။ ပဋ္ဌာန်းစာဝါများ လေ့လာလိုက်စားခဲ့၏။

၂၀၀၀ (၂၀၀၀) ပြည့်နှစ် စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုခဲ့၏။ အာဂုံပြန်ဆိုရသော ရက်ပေါင်း (၁၈) ရက်လုံးလုံး အောင်အောင်မြင်မြင် ချောချောမောမော ပြန်ဆိုနိုင်ခဲ့၏။ဤသို့ဖြင့် အဘိဓမ္မိကဘွဲ့ ရရှိခဲ့၏။ တိပိဋကဓရ ဘွဲ့လည်း ရရှိခဲ့၏။ ပန်းတိုင်ကြီးနှင့် လက်တစ်ကမ်းသာ လိုတော့သည်။

၂၀၀၁ စွန်းလွန်းဆရာတော် အရှင်သုန္ဒရသည် တိပိဋကဓရဖြစ်ပြီးနောက် ယမိုက်-ပဋ္ဌာန်း ရေးဖြေအပိုင်းအတွက် အဌကထာ-ဋီကာ-အရကောက် နိဿယ စသော ကျမ်း အမျိုးမျိုးကို လေ့လာခဲ့ပြန်၏။ (၂၀၀၁) ခုနှစ်တွင်လည်း အောင်မြင်မှု မရခဲ့။

၂၀၀၂ (၂၀၀၂) ခုနှစ်တွင်လည်း အောင်မြင်မှု မရခဲ့။ သို့သော်လည်း လက်မလျှော့ခဲ့။ စိတ်မလျှော့ခဲ့ပေ။

၂၀၀၃ ဤသို့ဖြင့် (၂၀၀၃) ခုနှစ်၊ သက်တော် (၄၈) နှစ်အရွယ်သို့ ရောက်သောအခါမှ လွတ်လွတ်ကျွတ်ကျွတ်ကြီး အောင်မြင်ခဲ့၏။ အဘိဓမ္မကောဝိဒ ဖြစ်ခဲ့၏။ နှစ်ပေါင်း (၂၈) နှစ်လုံးလုံး ကြိုးစားခဲ့ရ၏။

ဤသို့ဖြင့် တိပိဋကဓရ လောင်းလျာ စွန်းလွန်းဆရာတော်သည် သင်ရိုးပိဋကတ် သုံးပုံလုံးကို အာဂုံရော၊ ရေးဖြေပါ ပြီးစီးအောင်မြင်တော်မူခဲ့၏။ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်လည်း လက်ခံရရှိတော်မူ၏။ အောင်လက်မှတ်လည်း ရရှိတော် မူ၏။ သာသနာ့အဆောင်အယောင်ဖြစ်သော အရိုးဝါ ကနက္ကဒဏ်ထီးဖြူတော် သုံးလက် တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်လည်း စိုက်ထူနိုင်ခဲ့၏။ ကုန်း၊ ရေ၊ လေ သုံးဌာနၵ္ဘ နောက်ပါတပည့်နှစ်ဦးနှင့်အတူ အခမဲ့ အထက်တန်း ခရီးသွား လက်မှတ်၊ လစဉ် ဆွမ်းဆန်တော် စသော အဆောင်အယောင်များကို နိုင်ငံတော် က အသိအမှတ်ပြု ပူဇော်တော်မူသဖြင့် လက်ခံရရှိတော်မူခဲ့၏။

တိပိဋကဓရ လောင်းလျာ စွန်းလွန်းဆရာတော်၏ တာဝန်ဝတ္တရားများသည် ကြီးမားလှ၏။ တိပိဋကဓရလမ်းကြောင်းပေါ်သို့ မရောက်ခင်ကပင် ပထမစွန်းလွန်း ဆရာတော်ကြီးလက်ထက်တော် လမ်းကြောင်းကို ဆက်လက်အမွေခံသော ပုဂ္ဂိုလ် ဖြစ်သဖြင့် သိပြီးလက်စ ကျင့်ဆဲလက်စ ပဋိပတ္တိလမ်းကြောင်းကလည်း ခိုင်ခိုင် ကြီးချခဲ့ပြီး ဖြစ်၏။ ထို့ကြောင့် အကျယ်ဆိုရလျှင် တိပိဋကဓရ မပြီးစီးသေးမီ အချိန်ကပင် စွန်းလွန်းဂူ ဝိပဿနာကျောင်းတိုက်၌ တပည့်ရဟန်းသာမဏေများ အား စာပေပို့ချပေးခြင်းကိုလည်း ပြုလုပ်ခဲ့ရ၏။ မိမိ၏ တာဝန်ဖြစ်သော ဂန္ထဓုရ တာဝန်နှင့်တကွ မိမိ၏တာဝန်အရပင် မိမိထံမှောက် တရားအားထုတ်သူ ယောဂီ များအား တရားပြပေးခြင်းကိုလည်း ဦးဆောင်ဦးရွက် ပြုခဲ့ရ၏။ ထိုမျှသာမကသေး တရား ဟောခြင်းကိုလည်း လက်လွှတ်ထား၍မရချေ။ ထိုမျှသာမကသေး စာတွေ့၊

လက်တွေ့ ကျင့်ကြံအားထုတ်ပြီးဖြစ်သဖြင့် မိမိ၏ ကိုယ်တွေ့တရားတော်များကိုလည်း ပရိသတ်အား သင်ကြားပေးရပြန်၏။ဟောပြောပို့ချရပြန်၏။ စာတွေ့သာမက ငါတွေ့ ဖြစ်နိုင်ရန် မိမိကိုယ်တိုင်လည်း တရားဘာဝနာများ ကြိုးစားပွားများ အားထုတ်ရပြန်၏။ ဝိပဿနာဓူရ တာဝန်ကိုလည်း လျှော့၍မရချေ။ ယခုတစ်ဖန် တိပိဋကဓရ တာဝန်ကြီးကလည်း မိမိပခုံးပေါ် ရောက်လာပြန်၏။ ဤသို့ဖြင့် မအားမလပ်၊ မပြတ်မလပ် ကြိုးစားခဲ့ရကြောင်း ထင်ထင်ရှားရှားကြီး လေ့လာသိရှိခဲ့ရပါသည်။ မြတ်ဗုဒ္ဓ ခွင့်ပြုခဲ့သည့် သာသနာပြု တာဝန်ကြီးနှစ်ရပ်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူခဲ့သည်။ ပြည်တွင်းပြည်ပ ယောဂီများ တရားအားထုတ်နိုင်စေရန် ယောဂီဆောင် (၉) ဆောင်နှင့် သံဃာဆောင်များကိုလည်း ဆောက်လုပ်ပေးတော်မူသည်။

စွန်းလွန်းတိပိဋကဓရ ဆရာတော်သည် မိမိ၏ဇာတိရပ်ရွာဖြစ်သော ကျောက်တိုင်ရွာတွင် အများအတွက် ပညာအလင်းပြရန် အလို့ငှာ ပညာအလင်းပြစာကြည့်တိုက်ကိုလည်း ဆောက်လုပ်လှူဒါန်းခဲ့၏။ ၎င်းအပြင် မိမိဇာတိ ကျေးရွာတွင် အခြေခံပညာ မူလတန်းကျောင်းကို ပြုပြင်ဆောက်လုပ်ပေးခဲ့၏။ ကျောင်းသုံးပရိဘောဂများနှင့် စာအုပ်၊ ခဲတံ၊ ဝတ်စုံ စသည်များ ဖြည့်ဆည်းလှူဒါန်းပေးခဲ့၏။ ထို့မျှသာမကသေး၊ ရွာဦးကျောင်းစေတီတော်ကို ဦးဆောင်တည်ထားကိုးကွယ်တော်မူ၏။ ထို့မျှသာမကသေး၊ ရပ်ကျေး၊ ရွာကျေးအတွက် လိုအပ်သော ဆေးဝါးများ လှူဒါန်းခဲ့၏။ ရွာသူရွာသား ကျေးလက်လူထုကိုလည်း ပြည်သူ့နီတိ တရားအသိ ဓမ္မအသိ သိနိုင်စေရန် စိတ်ကူးဖြင့် နှစ်စဉ်တရားပွဲများ ကျင်းပပေးခဲ့၏။ ထို့မျှသာမကသေး၊ သွားရေးလာရေးလွယ်ကူမှ ကျေးလက်ဖွံ့ဖြိုးမည်ဖြစ်သဖြင့် အနီးအနားရှိ ကျေးလက်ရွာပေါင်းများစွာကို ဆက်သွယ်ပေးသည့် ကားလမ်းကိုလည်းဖောက်လုပ်လှူဒါန်းခဲ့ကြောင်း တွေ့ရပါသည်။ လမ်းဖောက်သောကြောင့် လမ်းပေါက်၏။ လမ်းပေါက်သောကြောင့် အစစအရာရာ အဆင်ပြေ၏။ လောကီလောကုတ္တရာ နှစ်ဖြာသောကိစ္စဟူသမျှကို လမ်းပန်းဆက်သွယ်ရေးကောင်းခြင်းက အထောက်အကူပြုခဲ့၏။ ရွာသူရွာသားများ ရေရရှိနိုင်ရေးအတွက် တစ်ဖက် ဆည်ကန်ကြီးကိုလည်း ကျပ်ငွေသိန်းပေါင်း(၃၀၀)ကျော် အကုန်အကျခံ၍ တည်ဆောက်လှူဒါန်းခဲ့သည်မှာ အလွန်ထူးခြားသော လုပ်ငန်းကြီးတစ်ခု ဖြစ်ပေသည်။ ထို့မျှသာမကသေး၊ လောကီသဘောအရ တည်ဆောက်သော ထိုဆည်ဘောင်ပေါ်

တွင် လောကုတ္တရာကိစ္စပါ ပြုလုပ်နိုင်ရန်အတွက် အောင်တော်မူစေတီတော်ကို ဦးဆောင်တည်ထား ကိုးကွယ်ခဲ့၏။ ဤသို့ဖြင့် စွယ်စုံ ဆောင်ရွက်တော်မူခဲ့၏။

၂၀၁၀ ဤသို့ဖြင့် (၂၀၁၀) ပြည့်နှစ်၊ လွတ်လပ်ရေးနေ့တွင်ကား တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ကိုလည်း နိုင်ငံတော်က လျှုဒါန်းဆက်ကပ်တော်မူ၏။ ဤသို့ဖြင့် မြန်မာနိုင်ငံ တိပိဋကဓရသာသနာဝင်တွင် (၁၀) ပါးမြောက် တိပိဋကဓရ စွန်းလွန်းဆရာတော်ဟူ၍ ကမ္ပည်းမှတ်တိုင် စိုက်ထူတော်မူနိုင်ခဲ့ပါပေသတည်း။

ခေတ်ဆန်ဆန် ပြောရလျှင် တိပိဋကဓရ စွန်းလွန်းဆရာတော်နှင့် အင်တာဗျူးလုပ်သည်ဟု ပြောရမည်လားမသိပါ။ နောင်လာနောက်သားများအတွက် မှတ်တမ်းတင်ရမည့် လမ်းကြောင်းတစ်ခုကို အလင်းပြဖော်ထုတ်ရပါမည်။ ဤတွင် စွန်းလွန်းတိပိဋကဓရဆရာတော်၏ စိတ်နေစိတ်ထားကို ပေါ်လွင်စေမည့် အချက်တစ်ချက်ကို ဖော်ထုတ်ပြပါမည်။

"ဆရာတော် တိပိဋကဓရတစ်ပါးဖြစ်လာအောင် ဘယ်လိုစိတ်ထားမျိုး ထားရှိပြီး ကြိုးစားခဲ့ပါသလဲ ဘုရား"ဟု မေးလျှောက်သောအခါ ဆရာတော်က ဖြေဆိုသည့်အဖြေတွင် ရိုးရိုးစင်းစင်းကလေးနှင့် လှလှပပဖြစ်၏။ မှတ်သားလောက်၏။

"ကိုရင်မဝတ်ခင် ငယ်စဉ်က မိခင်အဖတ်ခိုင်းလို့ ဓမ္မပဒဝတ္ထုတော်ကြီးနဲ့ ဇိနတ္ထပကာသနီတို့ကို ဖတ်ပြခဲ့ရတယ်။ အရှင်သာရိပုတ္တရာ၊ အရှင်အာနန္ဒာတို့ရဲ့ ပညာကြီးပုံ ပိဋကတ်ဆောင်ပုံတွေကို ဖတ်ရတော့ ပညာကြီးလိုစိတ်တွေ ဖြစ်ခဲ့ပါတယ်။ ကိုရင်ဝတ်ပြီးနောက် အသက် (၁၈) နှစ်အရွယ်မှာ မင်းကွန်းတိပိဋကဓရဆရာတော်ကြီး မန္တလေး မဟာမြတ်မုနိဘုရားရင်ပြင်တော်မှာ ညတရား ဟောမယ့်အကြောင်းကြားသိရတော့ အမရပူရကနေ မန္တလေးဘုရားကြီးသို့ သွားရောက်တရားနာခဲ့ပါတယ်။ နိမိကဏ္ဍသုတ် အစ-အဆုံး နာယူပြီး ညကျတော့ အမရပူရကိုပြန်မယ့်ကားမရှိတော့လို့ လမ်းလျှောက်ပြန်ခဲ့ရတယ်။ ပင်ပန်းရမှန်း မသိခဲ့ဘူး။ တိပိဋကဓရဖြစ်လျှင် သာသနာပြုလို့ ပိုအောင်မြင်နိုင်မည်။ မိမိသူတစ်ပါးအကျိုး ပိုပြီးဆောင်ရွက်နိုင်မည်။ ဘုရားဟော စာပေတွေ ရွတ်အံရသဖြင့် ဘုရားနှင့်လည်း တွေ့ရာရောက်မည်ဆိုတဲ့ စိတ်ထားမျိုးထားရှိကာ ကြိုးစားခဲ့ပါတယ်" ဟူသောစကားမှာ ဆရာတော်၏ ဇွဲ၊ လုံ့လကိုသာမက လေးစားကြည်ညိုအပ်သောသာသနာ့စိတ်ဓာတ်ကိုလည်း အတုယူစဖွယ် မှတ်တမ်းတင်အပ်ပါသည်။

ဆရာတော်၏ စာကျက်နည်းဟု ဆိုရမည်လား။ သို့တည်းမဟုတ် ဆရာတော် ကျက်မှတ်ခဲ့သမျှကို ပြန်ပြောင်း နည်းယူစရာဟု ဆိုရမည်လား မသိပါ။ ပိဋကတ် သုံးပုံစလုံး အာဂုံဆောင်၊ ရေးဖြေအောင် ရဟန်းထူး၊ ရဟန်းမြတ်၏ နည်းနာကို ကား နောင်လာနောက်သားတို့ သိသင့်ပါသည်။ အောက်ပါအတိုင်း မှတ်သားစေ လိုပါသည်။ ဆရာတော်သည် ဤသို့ ကျက်မှတ်ခဲ့၏ဟု ဆိုပါသည်။

"မနက်ပိုင်း ၆-မျက်နှာ၊ နေ့လယ်ပိုင်း ၆-မျက်နှာ၊ နည်းနည်းလွယ်ကူတဲ့ ပါစိတ်၊ မဟာဝါ စူဠဝါ ပရိဝါတို့မှာ တစ်နေ့ (၁၈) မျက်နှာ၊ (၂၀) မျက်နှာ၊ ပဋ္ဌာန်းကျမ်း လွယ်ကူတဲ့ တချို့နေရာတွေမှာ စာမျက်နှာ (၂၀/၃၀) ကျော် ကျက်နိုင်ခဲ့ပါတယ်။ ညစဉ်မှန်မှန် စာပြန်ပါတယ်။ ကျက်ပြီးစာတွေ များလာတဲ့အခါ ကျက်ချိန်ကိုလျှော့ ပြီး စာပြန်ချိန်ကို တိုးကာပြန်ဆိုခဲ့ပါတယ်။ စာတွေ မမေ့အောင် ဘုရားဂုဏ်တော် (သမ္မာသမ္ဗုဒ္ဓ) ပွားပေးပါတယ်။ ဘုရားကို ခဏ ခဏ အမှတ်ရနိုင်ရန် အာရုံလည်း ပြောင်းနိုင်ရန် (၂) နာရီ၊ (၃) နာရီ တစ်ခါလောက် ဘုရားရှင်အား ရေတော်ကပ် တဲ့ အလေ့အကျင့် လုပ်ခဲ့ပါတယ်" ဟု ဆရာတော့်ထံမှ ကြားသိရကြောင်းကို သုတဗုဒ္ဓဝင်၊ စာ-၃၈၃ တွင် ဖော်ပြထားကြောင်း မှတ်သားရပါသည်။ ထိုမျှသာ မကသေးပါ။

"မနက်စောစောထပြီး ဘုရားဂုဏ်တော်၊ အာရုံပြုပွားများ၊ အာနာပါနသတိစတဲ့ ကာယဂတာသတိကိုလည်း ဆင်ခြင်နှလုံးသွင်းသင့်ပါတယ်။ ထို့နောက် ကိုယ်ကျက် မယ့်စာကို လေးလေးစားစားကျက်၊ ညပိုင်းမှာလည်း မပျင်းမရိ စာပြန်ရပါမယ်။ နေ့စဉ် သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာ ဗိုလ်ငါးဖြာကို အစွမ်းကုန်ထုတ်ကာ ဘုရားရှင် (၄၅) ဝါ ဟောကြားတော်မူခဲ့တဲ့ စကားတော်များ မကွယ်ပျောက်ရေး၊ အနှစ်သာရဖြစ်တဲ့ အမြိုက်နိဗ္ဗာန်အရသာကို သုံးဆောင်ရရှိရေး၊ ပြည်သူပြည်သား ကမ္ဘာသူ၊ ကမ္ဘာသားများအား ပိဋကတ်တော်လာ တရားတော်များကို သိရှိကျင့်ကြံ နိုင်အောင် ဖြန့်ဝေပေးနိုင်ရေး ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ငါ တိပိဋကဓရ ဖြစ်ကို ဖြစ်ရမည်လို့ စိတ်ထားပြီး ကြိုးစားအားထုတ်ခဲ့ကြောင်း" ဆရာတော့်ထံမှ သိရှိခဲ့ရ ပါသည်။

နောင်ပေါ်ထွန်းလတ္တံ့သော တိပိဋကဓရသာသနာ့အာဇာနည် သူရဲကောင်းများ အတွက် တိုက်တွန်းချက်တစ်ခုလည်း ဖြစ်နိုင်ပါသည်။ ယူတတ်လျှင် မြတ်ပါ၏။

ကျမ်းကိုး။ မောင်သုတ၊ သုတစုဒ္ဓဝင်၊ သုတစုဒ္ဓ မည်ရထင်ရှား တိပိဋကဓရ ဆရာတော်များ၏ ဘဝ ဖြစ်တော်စဉ်၊ စာ-၃၇၄၊ ၃၇၅၊ ၃၇၆၊ ၃၇၇၊ ၃၇၈၊ ၃၇၉၊ ၃၈၀၊ ၃၈၁၊ ၃၈၂၊ ၃၈၃၊ ၃၈၄ လည်း ကြည့်။

ထို တိပိဋကဓရ ဆရာတော်ကြီး သီတင်းသုံးတော်မူသောကျောင်းမှာ စွန်းလွန်းဂူ ဝိပဿနာကျောင်းတိုက်၊ (၁၆/၂) ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ ဖြစ်ကြောင်း သိရှိရပါ သည်။ သက်ရှိ ထင်ရှားဖြစ်သဖြင့် သွားရောက်ဖူးမြော်နိုင်ပါ သည်။

(၂၀၀၃) ခုနှစ်တွင် အောင်မြင်တော်မူသော တိပိဋကဓရ သာသနာ့အာဇာနည်

ဧကာဒသမ တိပိဋကဓရ ရမ္မာဝတီဆရာတော်ကြီး

# ဘဒ္ဒန္တဣန္ဒပါလ

(၁၉၆၀ ဖွား - ယခု သက်ရှိထင်ရှား)





ရခိုင်ရိုးမကြီးကို ကျော်ဖြတ်ကာ ရန်ကုန်အရောက်လာရုံသာမက ပိဋကတ်သုံးပုံစလုံး

အာဂုံရေးဖြေ အောင်မြင်တော်မူသော ရခိုင်ပြည်နယ် မထင်မရှား ကျေးတောသားဘဝမှ

မြန်မာသိ၊ ကမ္ဘာသိ တိပိဋကဓရသာသနာ့အာဇာနည် ဖြစ်လာသူ

ပုံပြင် မဟုတ်၊ တကယ့်ဖြစ်ရပ်မှန်

ကျွန်ုပ်တို့ မြန်မာနိုင်ငံ နယ်စပ်နှင့်တောင်တန်းဒေသ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်းကြီး ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊ ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေနှင့် ဗဟိုအသင်းကြီး အထွေထွေအတွင်းရေးမှူး ဦးခိုင်အောင် (ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော်ထွန်းကားပြန့်ပွားရေး) အပါအဝင် ဗဟိုကော်မတီဝင် ဦးသန်းရွှေ၊ ဗဟိုကော်မတီဝင် ဦးခင်မောင်ရင်တို့နှင့် တကွ၊ သာသနာ့အလင်းဂျာနယ် အယ်ဒီတာချုပ် မောင်ပန်းမွှေးတို့အပါအဝင်၊ အဖွဲ့ကြီးသည် ရခိုင်ပြည်နယ်သို့ အသင်းကိစ္စဖြင့် သွားရောက်ခဲ့စဉ်က ဝမ်းမြောက်ဝမ်းသာ ကြားခဲ့ရသော သတင်းစကားမှာ ရခိုင်ပြည်နယ်၊ တိပိဋကဓရဆရာတော် အကြောင်း ဖြစ်ပါသည်။

ထိုသတင်းကို ကျွန်ုပ်တို့လည်း ကြားခဲ့ပြီး ဖြစ်ပါသည်။ နယ်ခံ၊ ဒေသခံတို့၏ ဝမ်းမြောက်ခြင်းကို အကြောင်းပြု၍ ရခိုင်ပြည်နယ်မှ ပေါ်ထွန်းခဲ့သော တိပိဋကဓရ ဆရာတော် (၁) ပါးအကြောင်းကို အသေအချာ စဉ်းစားမိပါသည်။ အမှန်မှာ ရခိုင်ပြည်နယ်၏ ဂုဏ်ထူးဆောင်သာမက မြန်မာနိုင်ငံတော်၏ ဂုဏ်ထူးဆောင် ရဟန်းထူးတစ်ပါးလည်းဖြစ်၍ ကျွန်ုပ်တို့ လေးစားကြည်ညိုပြီး ဖြစ်ပါသည်။

ရခိုင်ပြည်နယ်ထွက် တိပိဋကဓရ သာသနာ့အာဇာနည် သူရဲကောင်းမှာ ရမ္မာဝတီဆရာတော် ဖြစ်၏။ ဘွဲ့တော်မှာ ဘဒ္ဒန္တကုက္ကုဋ္ဌပါလ ဖြစ်၏။ ထိုအချက်ကို ကောင်းကောင်းမှတ်မိပါသည်။

ထိုဆရာတော်ကို ရမ္မာဝတီဆရာတော်ဟူ၍ ကြည်ညိုစွာ ခေါ်ဆိုကြပါသည်။ ထိုဆရာတော် တိပိဋကဓရ ဖြစ်ချိန်တွင် သက်တော် (၄၃) နှစ်ရှိပါပြီ။ ထိုဆရာတော်၏ တိပိဋကဓရ စာမေးပွဲ ဝင်ရောက်ဖြေဆိုသော သက်တမ်းနှစ်ပေါင်းမှာ (၂၁) နှစ်မျှ ကြာညောင်းခဲ့ပါပြီ။ (၂၁) နှစ်တည်းဟူသော ရေရှည်လမ်းကြောင်းကြီးပေါ်တွင် မညောင်းမညာ မမောမပန်း လျှောက်လှမ်းခဲ့သော ဆရာတော်၏ မှတ်တမ်းသည် တိပိဋကဓရ သာသနာဝင်တွင် အထင်ကရ ပါရှိပြီးဖြစ်ပါသည်။

အရှင်ဣန္ဒပါလ၏ ထေရုပ္ပတ္တိကို ရှာကြံရာတွင် ပြည်မြို့နယ်လုံးဆိုင်ရာ တိပိဋကဓရ အရှင်မြတ်လေးပါးအား ပူဇော်ရေးအဖွဲ့မှ ထုတ်ဝေသော တိပိဋကဓရ သာသနာ့ အာဇာနည်လေးပါး၏ ထေရုပ္ပတ္တိအကျဉ်းနှင့် ချီးကျူးပူဇော်ပွဲ မှတ်တမ်း၊ (၁၉၇၈) ခု၊ ဧပြီလ (၈) ရက်၊ စနေနေ့၊ စာအုပ်ပါးပါးကလေးကို ဦးစွာပထမ ဖတ်ရှု ရှာဖွေပါသည်။ ထိုစာစောင်တွင် မပါရှိပါ။ ထို့ကြောင့် ဆက်လက်ရှာဖွေရပြန် ပါသည်။ ၎င်းနောက် တိပိဋကဓရ ရွေးရတုစာစောင်တွင်လည်း မပါရှိပါ။ ထို့ကြောင့် ဆက်လက်ရှာဖွေရပြန်ပါသည်။ ထိုအခါ (၆၃) ကြိမ်မြောက် တိပိဋကဓရ ရွေးချယ် ပွဲတွင် အောင်မြင်တော်မူကြသော သာသနာ့အာဇာနည် အရှင်သူမြတ်တို့၏ ထေရုပ္ပတ္တိများကို (၂၀၁၁) ခုနှစ်တွင် သာသနာရေးဦးစီးဌာနက ထုတ်ဝေခဲ့ရာ စာမျက်နှာ (ဂ) တွင် ထေရုပ္ပတ္တိ တစ်စိတ်တစ်ပိုင်းအညွှန်းကို တွေ့ရှိရပါသည်။ ထိုအညွှန်းကို အကြောင်းပြု၍ ဆက်လက်ရှာဖွေရပြန်ပါသည်။ ထိုအခါ ထို့ထက် ပြည့်ဝစုံလင်စွာ တွေ့ရှိရသည်မှာ မောင်သုတ စုစည်းပူဇော်သည့် သုတဗုဒ္ဓ မည်ရ ထင်ရှား တိပိဋကဓရ ဆရာတော် များ၏ ဘဝဖြစ်တော်စဉ်၊ သုတဗုဒ္ဓဝင် ဖြစ်၏။ ရန်ကုန်တက္ကသိုလ် အငြိမ်းစား ပါမောက္ခချုပ်၊ တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင်အေး ပြုစုရေးသားသည့် တိပိဋကဓရ သာသနာဝင် သမိုင်း မှတ်တမ်း သုတေသနကျမ်းသည်လည်း ကြီးစွာသော အထောက်အပံ့ကို ပေးခဲ့ပါ သည်။ ထိုစာအုပ်ကြီးကို (၂၀၀၆) ခုနှစ်၊ နိုဝင်ဘာလတွင် တက္ကသိုလ်များ ပုံနှိပ် တိုက်မှ ပထမအကြိမ် ရိုက်နှိပ်သည်ကို လေ့လာတွေ့ရှိရပါသည်။ ထိုစာအုပ်ကြီး တွင် ပါရှိသော အချက်အလက်များသည် မှတ်တမ်းဝင်၊ သမိုင်းဝင်၊ ဂန္ထဝင်မြောက် ခေတ်ပြိုင် မှတ်တမ်းများ ဖြစ်ပါသည်။ ထိုမှတ်တမ်းများကို ကောက်နုတ်လျက် အောက်ပါထေရုပ္ပတ္တိကို ရေးသားစီရင်ခြင်း ဖြစ်ပါသည်။

ဆရာတော်၏ဇာတိမှာ မန်ကျည်းရွာ ဖြစ်၏။ ထိုမန်ကျည်းရွာသည် ရမ်းပြဲမြို့နယ် တွင်ရှိကြောင်း သိရှိရပါသည်။ ပြည်နယ်ကား ရခိုင်ပြည်နယ် ဖြစ်ပါ၏။

၁၉၆၀ ခမည်းတော်မှာ ဦးငွေတင်အောင် ဖြစ်၏။ မယ်တော်မှာ ဒေါ်ပဲစိန်ဖြစ်၏။ ဖွားသက္ကရာဇ်မှာ (၁၉၆၀) ပြည့်နှစ်၊ ဇူလိုင်လ (၁၇) ရက် ဖြစ်၏။ တနင်္ဂနွေနေ့ဖွား ဖြစ်၏။ မွေးချင်း (၇) ဦး ရှိ၏။ သားဦး ဖြစ်၏။ ငယ်မည် မောင်အောင်ကျော်စိန် ဖြစ်၏။ (မွေးချင်း ၄-ဦးဟူလည်း မှုကွဲ ရှိ၏။)

၁၉၆၅ (၁၉၆၅) အသက် (၅) နှစ်သားအရွယ်တွင် မန်ကျည်းကျွန်းရွာ မြောက်ကျောင်း ဆရာတော် ဦးသာသနထံ စာသင်ရောက်ရှိခဲ့၏။ အခြေခံပညာများ သင်ခဲ့ရ၏။ အင်္ဂလိပ်စာလည်း သင်ခဲ့ရ၏။ သင်္ချာလည်း သင်ခဲ့ရ၏။ ၎င်းအပြင် စိတ်ဝင်စား ဖွယ်ရာကောင်းသော သစ်တန်တွက်၊ စပါးတွက်၊ ငွေတိုးတွက် စသော ပညာရပ် များကို သင်ကြားဆည်းပူးခဲ့ရသည်ဟု ဆိုပါသည်။

၁၉၇၂ ကိုရင်ဘဝရောက်ချိန်တွင် အသက် (၁၂) နှစ်ရှိနေပါပြီ။ (၁၉၇၂) ခုနှစ်၊ နိုဝင်ဘာလ (၂၀) ရက်၊ တနင်္လာနေ့တွင် မန်ကျည်းကျွန်းရွာ၊ မြောက်ကျောင်း ဆရာတော် ဦးသာသနကို ဥပဇ္ဈာယ်ပြု၍ အဘွားဖြစ်သူ ဒေါ်အေးမြဦးနှင့် မိဘများ၏ ပစ္စယာ နုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ် ရောက်ရှိခဲ့သည်ဟု သိရှိရပါသည်။ ဘွဲ့တော် မှာ ရှင်ကန္တပါလ ဖြစ်၏။

၁၉၇၆ စာသင်ရမှာ မက်မောလှသဖြင့် တောင်ကုတ်မြို့သို့ သွားရောက်ခဲ့သည်ဟု ဆိုပါ သည်။ ဇာတိရွာမှ တောင်ကုတ်သို့ မော်တော်ရေယာဉ်ဖြင့် သွားခဲ့ရ၏။ ၎င်းမှ တစ်ဖန် စာတတ်လိုသောစိတ်ကြောင့် ထိုနေရာမှာပင် မရောင့်ရဲနိုင်ပဲ ပဲခူးတိုင်း ဒေသကြီး၊ ပဲခူးမြို့သို့တက်ကာ စာသင်ခဲ့သည်ဟု မှတ်တမ်းတွင် ပါရှိပါသည်။ ထိုအချိန်က (၁၅) နှစ်သားအရွယ် ဖြစ်၏။

စာသင်ရန် ခရီးလမ်းတွင် တောင်ကုတ်မြို့သို့ ရောက်ရှိခဲ့၏။ တစ်ထောက် နားခဲ့ ရ၏။ ထိုမြို့တွင် ပွဲရုံတစ်ခုရှိ၏။ ထိုပွဲရုံတွင် ညအိပ်တည်းခိုခဲ့၏။ ၎င်းနောက် ခရီးဆက်ရ၏။ ခရီးဆက်သည်ဟု လွယ်လွယ်ပြောသော်လည်း တကယ့်ခရီးမှာ လွယ်လှသည် မဟုတ်ချေ။ တောင်ကုတ်မှ ပဲခူးရောက်အောင် အားတင်းပြီး လာ ရ၏။

တောင်ကုတ်မြို့မှ အထွက်တွင် ကားစီးခဲ့ရ၏။ ကားမှာ အမိုးမပါချေ။ ထိုအမိုး မပါသည့် အာရ်တီစီ ဟီးနိုးကားစီးကာ ရခိုင်ရိုးမကြီးကို ဖြတ်ကျော်ခဲ့၏။ ပြည်မြို့ တစ်ဖက်ကမ်းသို့ ရောက်ခဲ့၏။ ဧရာဝတီမြစ်ကြီးကို မော်တော်ဖြင့် ဖြတ်ကူး၏။ ပြည်သို့ရောက်၏။ ပြည်မှ ရန်ကုန်သို့ ရောက်၏။ မီးရထားဖြင့် ခရီးဆက်ခဲ့ခြင်း

ဖြစ်၏။ ရန်ကုန်ရောက်ပြီးသုံးလေးရက်နေခဲ့၏။ ထိုမှတစ်ဆင့် ပဲခူးမြို့သို့ သွားရောက်ခဲ့ရခြင်းဖြစ်၏။ သာမန်အားဖြင့်ဆိုလျှင် ကုန်းတစ်တန်၊ ရေတစ်တန်၊ ရိုးရိုးလမ်းကြောင်းပင် ဖြစ်ပါသည်။ သို့သော်လည်း စာသင်လိုစိတ်ကြောင့် ကုန်းတစ်တန်၊ ရေတစ်တန်၊ အားမာန်တင်းကာ လာခဲ့သည်ဟူသော သဘောမှာ စီးပွားရေးကိစ္စ မဟုတ်။ ပညာကိစ္စဖြစ်သဖြင့် ချီးကျူးမှတ်တမ်းတင်ရမည် ဖြစ်ပါသည်။

ပဲခူးရောက်သောအခါ မင်းကျောင်းတိုက်တွင် တည်းခို၏။ ထိုမင်းကျောင်းအတွင်း၌လည်း မမျှော်လင့်သော ပြဿနာများရှိနေသည်ဟု ဆိုပါသည်။ ထို့ကြောင့်ပင် ထိုကျောင်းတိုက်နှင့် ကားလမ်းသာခြားသည့် ဇရပ်တစ်ခုတွင် တည်းခိုခဲ့ရသည်ဟု ဆိုပါသည်။ ချောင်ချောင်ချိချိကား မဟုတ်ချေ။ ကျပ်ကျပ်တည်းတည်း နေခဲ့ရ၏ဟု သိရပါသည်။

ထိုအခါ ဆရာသစ်များကို တွေ့ခွင့်ရပါသည်။ ထိုဆရာများအနက် ပန်းကုံးကျမ်းပြုဆရာတော်လည်း ပါ၏။ ပန်းကုံးကျမ်းပြုဆရာတော်သည် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တကုမာရ ဖြစ်၏။ စာချဆရာတော်မှာ ဦးနန္ဒ (ပါဠိပါရဂူ) ဖြစ်၏။ထိုဆရာသမားများထံ နည်းခံသင်ကြားခဲ့ရ၏။ စာမေးပွဲဖြေဆိုခဲ့ရ၏။ သို့သော်လည်း ပင်ပန်းရကျိုးနပ်ပါသည်။

၁၉၇၈ (၁၉၇၈) ခုနှစ်တွင် ပထမကြီးတန်းကို အောင်မြင်ခဲ့၏။

၁၉၇၉ (၁၉၇၉) ခုနှစ်တွင် ဓမ္မာစရိယတန်းကို ဖြေဆိုခဲ့၏။ သို့သော်လည်း မအောင်မြင်ခဲ့ချေ။ ထိုအချိန်အထိ ကိုရင်ဘဝပင် ရှိသေး၏။ ရဟန်းဘဝသို့ မရောက်သေးချေ။

၁၉၈၀ (၁၉၈၀) ခုနှစ်၊ မေလ (၆) ရက်၊ အင်္ဂါနေ့တွင် မြင့်မြတ်သော ရဟန်းဘဝသို့ ရောက်ရှိ၏။ ရဟန်းဘဝရောက်ချိန်မှာ ပဲခူးမြို့တွင်ပင် ရှိ၏။ ပဲခူးတွင်ပင် သိမ်တက်၏။ ရဟန်းဖြစ်၏။ ဤသို့ဖြင့် ပဲခူးမြို့ မင်းကျောင်းစာသင်တိုက် ခဏ္ဍာသိမ်တော်၌ ပဲခူးမြို့ မျက်နှာတော်ကျောင်းဆရာတော် ဘဒ္ဒန္တနာဂိန္ဒကို ဥပဇ္ဈာယ်ပြု၍ ပဲခူးမြို့

ဦးသိန်းအောင်၊ ဒေါ်မေမေခင် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ကြောင်း မှတ်တမ်းရှိပါသည်။

၁၉၈၀ (၁၉၈၀) ခုနှစ်ကား ထူးခြားသောနှစ် ဖြစ်၏။ ကျမ်းရင်း သုံးကျမ်းလုံး တစ်နှစ်တည်းပြီးစီး အောင်မြင်ခဲ့၏။ ထို့ကြောင့်ပင် မျှော်လင့်ထားသည့်အတိုင်း မျှော်တော်ဇောဖြင့် မောခဲ့ရသော သာသနဓဇ ဓမ္မာစရိယဘွဲ့ထူးကို ရတော်မူ၏။ ခြေကျင်လမ်းလျှောက် ကုန်းတစ်တန်၊ ရေတစ်တန်၊ တောစဉ်၊ တောင်စဉ်ဖြတ်၍ မြို့တက်ပြီး စာသင်ခဲ့ရသော ရမ္မာဝတီဇာတိသား ကျေးတောသားတစ်ယောက်၏ ဘဝဇာတ်လမ်း ငယ်ဖြစ်ဟောင်း အောက်မေ့ဖွယ် ဖြစ်ပါသည်။ ထိုဘဝမှ တိပိဋကဓရ သာသနာ့အာဇာနည်ဘဝသို့ ရောက်ခဲ့ရခြင်းသည် အကယ်၍များ စောစောကတည်းက ဗေဒင်ဆရာက ဟောထားမည်ဆိုလျှင်လည်း ယုံသူရှိလိမ့်မည် မဟုတ်ချေ။ တကယ့်ဖြစ်ရပ်သည် ပုံပြင်ထက် ဆန်းကြယ်ပါ၏။

၁၉၈၃ (၁၉၈၃) ခုနှစ်ကား အပြောင်းအလဲကာလ ဖြစ်၏။ ကံဇာတာတက်သော နှစ်ဟုပင်ဆိုရမည်လား။ ထိုနှစ်တွင် သတင်းကောင်းတစ်ခု ကြားရ၏။ ထိုသတင်းကြောင့်ပင် တိပိဋကဓရဘဝသို့ ရောက်ခဲ့ရ၏။

၁၉၈၃ ထိုနှစ် (၁၉၈၃) ခုနှစ်၊ ဇူလိုင်လ (၂၂) ရက်၊ သောကြာနေ့တွင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီးကို ရန်ကုန်မှာ သွားရောက်ဖူးမြော်ခဲ့၏။ မင်းကွန်းတိပိဋကဓရဆရာတော်ကြီးသည် ရန်ကုန်မြို့၊ တိပိဋကကျောင်းတော်ကြီး၌ ကြွရောက်သီတင်းသုံးနေတော်မူသော ကာလဖြစ်၏။ ထိုသို့ မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးကို သွားရောက်ဖူးမြော်ရင်း ရမ္မာဝတီ တိပိဋကဓရဆရာတော်သည် ဘဝရှေ့ရေးကို ပြိုးပြိုးပြက်ပြက် မြင်ခဲ့ရလေသည်။

မင်းကွန်းတိပိဋကနိကာယကျောင်းတိုက်မှာ နေထိုင်လိုကြောင်း တိပိဋကစာပေများကြိုးစားကျက်မှတ် ဖြေဆိုလိုပါကြောင်းကို ရမ္မာဝတီ တိပိဋကဓရလောင်းလျာကလျှောက်ထားလိုက်သောအခါ မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးသည် လက်ခံတော်မူ၏။ လက်ခံတော်မူရုံမက အလာနှောင်းသည်ဟုပင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီးက ဆူလိုက်သေး၏။ ထိုအဆူသည်လည်း ဆုလာဘ်တစ်ခု ဖြစ်ပါ၏။

၁၉၈၀ (၁၉၈၀) ခုနှစ်ကတည်းက ဓမ္မာစရိယ အောင်ခဲ့ပါလျက် ဘာကြောင့် ယခုမှ တိပိဋကဓရကျောင်းသို့ ရောက်လာရပါသနည်း ဟူသော အဖြေဖြစ်၏။

ရမ္မာဝတီဆရာတော် တိပိဋကဓရလောင်းလျာ အရှင်ကဉ္စနပါလအား မင်းကွန်းဆရာတော်ကြီးက -
"ဘာလုပ်နေတာလဲ၊ ဘာဖြစ်လို့ ဒီလောက်ကြာနေရတာလဲ"ဟူ၍ပင် မေတ္တာဖြင့် မေးမြန်းတော်မူကြောင်း သိရှိရပါသည်။

"ပါဠိဂုဏ်ထူးတန်း မြန်မာဂုဏ်ထူးတန်းများ ဖြေဆိုဖို့ အားထုတ်နေလို့ပါ ဘုရား" ဟု လျှောက်ထားခဲ့သည်ဟု ဆိုပါသည်။ ထိုအခါကျမှ ဆရာတော်ကြီးက "အိမ်း အိမ်း အိမ်း" ဟု မနှစ်မြို့ဟန်ဖြင့် မိန့်တော်မူကြောင်း သုတဗုဒ္ဓဝင်၊ စာ-၃၉၁ တွင် ဖတ်ရှုရပါသည်။

"ဝါဆိုခါနီးပြီ။ နောက်တောင်ကျနေပြီ။ အမြန်သွား အမြန်သွား။ ဆရာသမား ထောက်ခံချက်ယူပြီး မနက်ဖြန် လာခဲ့။ ထောက်ခံချက် ရေးပေးလိုက်မယ်" ဟု အမိန့်ရှိတော်မူ၏ဟု ဆို၏။ ထိုစကားတစ်ခွန်းသည်ပင်လျှင် ရမ္မာဝတီ ဆရာတော်၏ ဘဝတစ်ခုလုံးကို ပြောင်းလဲလျက် ရိုးရိုးရမ္မာဝတီဆရာတော်ဘဝမှ တိပိဋကဓရ ရမ္မာဝတီဆရာတော်ဘဝသို့ အပြောင်းကြီး ပြောင်းစေခဲ့သော စကားတစ်ခွန်း ဖြစ်လေသည်။

၁၉၈၃ (၁၉၈၃) ခုနှစ်၊ ဇူလိုင်လ (၂၃) ရက်၊ တနင်္လာနေ့တွင် ထောက်ခံချက်များယူခဲ့၏။ ပဲခူးမှ မန္တလေးသို့ တက်ခဲ့၏။ (၁၉၈၃) ခုနှစ်၊ ဇူလိုင်လ (၂၄)ရက်၊ အင်္ဂါနေ့၊ ညနေပိုင်းတွင် မင်းကွန်း မိုးမိတ်ကုန်းမြေ တိပိဋက နိကာယကျောင်းတိုက်ကြီးသို့ ရောက်ရှိခဲ့၏။ ဤသို့ဖြင့် အောင်မြေနင်းခဲ့၏။

မိုးမိတ်ကုန်းမြေ ရောက်သည့်အခါမှာလည်း အံ့ဩဖွယ်ရာများကို တွေ့ရှိရ၏။ ထိုအံ့ဩဖွယ်ရာများမှာ အခြားမဟုတ်။ မိမိထက် စာတော်သူများကို တွေ့ရသောကြောင့် ဖြစ်သည်ဟု ဆိုပါသည်။

"ဒီကိုယ်တော်တွေ တယ်တော်ကြတာ။ ကိုယ့်ထက် သာတဲ့သူတွေချည်း ဖြစ်မှာပဲ။ ငါ စာမကျက်လို့ မဖြစ်တော့ဘူး" ဟု တွေးတောမိသည်ဟုဆိုပါသည်။ ထို့ကြောင့် လည်း ကြောက်ကြောက်နှင့် စိုးရိမ်စိတ်နှင့် မာန်တင်းကာ စာကို ဖိပြီးကြိုးစားခဲ့ သည်ဟု ဆိုပါသည်။ စိတ်ကလည်း သန်၏။ ဇောကလည်း ထက်သန်နေ၏။ သို့သော်လည်း စိတ်၏ အားမာန်ကို လူ၏အားမာန်က မခံနိုင်ချေ။ ထို့ကြောင့်ပင် မကြာခဏ ဖျားနာခဲ့ရသည်ဟု ဆိုပါသည်။ ဖျား၏။ ဆေးထိုး၏။ ကောင်း၏။ စာကျက်၏။ စာကျက်၏။ ပင်ပန်း၏။ ဖျားပြန်၏။ ဆေးထိုးပြန်၏။ ဤသို့ဖြင့် ချာလည်လည်ဘဝသို့ ရောက်နေပြီဟု ဆိုပါသည်။ သို့သော်လည်း စာမေးပွဲဖြေ ချိန်ရောက်၍ ဖြေဆိုသောအခါ တိပိဋက၏ ပထမဆုံးအပိုင်းဖြစ်သော ဝိနည်း ရှေ့ပိုင်း အာဂုံကိုပြန်ဆိုအောင်မြင်ခဲ့သည်ဟု မှတ်တမ်းတွင် ဖတ်ရှုရပါသည်။ လေးစားဖွယ်၊ မှတ်သားဖွယ်၊ ကြည်ညိုဖွယ် ဖြစ်၏။

၁၉၈၄ (၁၉၈၄) ခုနှစ်တွင် ကျန်းမာရေးမကောင်းသည့်ကြားထဲက ကြိုးစားရင်း ဝိနည်း နောက်ပိုင်းသုံးကျမ်းကို အာဂုံပြန်ဆိုအောင်မြင်ပြန်၏။ ဝိနယဓရ ဘွဲ့ကို ရရှိတော် မူခဲ့လေ၏။

၁၉၈၅ (၁၉၈၅) ခုနှစ်တွင်ကား ဓမ္မာစရိယ မြန်မာဂုဏ်ထူးတန်းကို ဖြေဆိုအောင်မြင် ပြန်၏။ သာသနဓဇ သိရီပဝရဓမ္မာစရိယ ဘွဲ့ကိုရရှိခဲ့ပြန်၏။

၁၉၈၇ (၁၉၈၇) ခုနှစ်တွင်ကား ဝိနည်းရှေ့ပိုင်းရေးဖြေ ဖြေဆိုခဲ့၏။

၁၉၈၉ (၁၉၈၉) ခုနှစ်တွင် ဝိနည်းနောက်ပိုင်း ရေးဖြေ ဖြေဆိုခဲ့၏။ အောင်မြင်တော်မူခဲ့၏။ ထို့ကြောင့်ပင် ဝိနယကောဝိဒ ဘွဲ့တံဆိပ်တော်ရရှိခဲ့၏။ ပိဋကတ်တစ်ပုံအောင် ခဲ့၏။ ဇာတ်လမ်းက ဤသို့ ဖြစ်ပါ၏။

၁၉၉၀ ဤသို့ဖြင့် ရမ္မာဝတီဇာတိ ရခိုင်ပြည်နယ်သားသည် သာသနာ့လောကတွင် နေတစ်ဆူ၊ လတစ်ဆူ ပေါ်ထွန်းလာခဲ့လေသည်။ အရှင်ကုဏ္ဍလပါလသည် ပိဋကတ် တစ်ပုံ အောင်မြင်ခဲ့ကြောင်း ဆိုခဲ့ပြီး ဖြစ်ပါသည်။ ထိုအခါ (၁၉၉၀) ခုနှစ်တွင်

ရန်ကုန်မြို့ တိပိဋကကျောင်းတော်သို့ ပြောင်းရွှေ့သီတင်းသုံးသည်ဟု ဆိုပါသည်။ ထိုအခါ ကျန်ရှိနေသေးသော ပိဋကတ်စာမေးပွဲများကို ဆက်လက်ဖြေဆိုရန် ကြိုးစားခဲ့သည်ဟု ဆိုပါသည်။ ဤသို့ဖြင့် ရန်ကုန်သို့ ရောက်လာပြန်သည်။

၁၉၉၁ (၁၉၉၁) ခုနှစ်တွင် ဒီဃနိကာယ်သုံးကျမ်း ရေးဖြေကို ဖြေဆိုခဲ့၏။ အောင်မြင်ခဲ့၏။ ဒီဃနိကာယကောဝိဒ ဘွဲ့တံဆိပ်တော်ရရှိခဲ့၏။ ဤသို့ဖြင့် ထိုက်ထိုက်တန်တန်ပင် ပိဋကတ်နှစ်ပုံ အောင်တော်မူ၏။ ကာလကို အသေအချာ တွက်စစ်သောအခါ ပိဋကတ်နှစ်ပုံ ပြီးစီးအောင်မြင်အောင် (၁၀) နှစ်တာမျှ မနားမနေ ကြိုးစားခဲ့ရကြောင်းကို လေ့လာတွေ့ရှိရပါသည်။

၎င်းနောက် ဗန်းမော်ဆရာတော်ကြီးထံတွင် ပဋ္ဌာန်းစာဝါများလိုက်ခဲ့သည်ဟု ဆိုပါသည်။ နည်းလမ်းကောင်းများလည်း ရရှိခဲ့သည်ဟု ဆိုပါသည်။ ထိုကာလသည် ကျန်းမာရေး ပြည့်စုံသော ကာလမဟုတ်ဟု ဆိုပါသည်။ ထိုသို့ မပြည့်စုံလှသည့်ကြားမှပင် ကြိုးကြိုးစားစား ကျက်ခဲ့၊ မှတ်ခဲ့၊ ရေးခဲ့၊ ဖြေခဲ့၊ အောင်ခဲ့ခြင်း ဖြစ်၏။

၂၀၀၀ (၂၀၀၀) ပြည့်နှစ်တွင် အဘိဓမ္မာ နောက်ပိုင်းကို ပြန်ဆိုအောင်မြင်ခဲ့ပြန်၏။ အာဘိဓမ္မိကဘွဲ့ ရတော်မူ၏။ တိပိဋကဓရ ဘွဲ့တော်ကြီး လက်ဝယ်ပိုင်ပိုင် ရပြီဖြစ်ပါသည်။ ထို့ကြောင့်ပင် အရိုးနီ ကနက္ကဒဏ်ထီးဖြူတော် သုံးလက်တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်ကိုလည်း ပိုင်ပိုင်နိုင်နိုင်ကြီး ထိုက်ထိုက်တန်တန် အလှူခံရရှိတော်မူခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

၂၀၀၃ (၂၀၀၃) ခုနှစ် စာမေးပွဲတွင် အဘိဓမ္မာကောဝိဒဘွဲ့နှင့် တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်လည်း ရတော်မူ၏။ အောင်လက်မှတ်တော်လည်း ရခဲ့၏။ အရိုးဝါ ကနက္ကဒဏ် ထီးဖြူတော်သုံးလက်တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်လည်း လက်ခံရရှိတော်မူ၏။ နောက်ပါတပည့် နှစ်ဦးနှင့်အတူ ကုန်း၊ ရေ၊ လေ သုံးဌာန အခမဲ့အထက်တန်းခရီးသွားလက်မှတ်၊ ဆွမ်းဆန်တော် စသော အဆောင်အယောင်များကို အလှူခံရရှိတော်မူခဲ့၏။

ထိုနှစ်တွင် စွန်းလွန်းဆရာတော်နှင့် အတူတူအောင်မြင်ခြင်း ဖြစ်၏။ သို့သော်လည်း ရှေ့နောက်ခွဲကြသောအခါ ဝါကြီးသူက ရှေ့သို့ ရောက်သွား၏။ ဝါငယ်သူက နောက်သို့ဆုတ်ရ၏။ မိမိသည် သိက္ခာဝါ ငယ်သဖြင့် (၁၁) ပါးမြောက် ဧကာဒသမ တိပိဋကဆရာတော်အဖြစ် သတ်မှတ်ခံခဲ့ရ၏။ စွန်းလွန်းတိပိဋကဓရ ဆရာတော်ကား မိမိထက် ဝါကြီးသဖြင့် (၁၀) ပါးမြောက် ဒသမတိပိဋကဓရ ဆရာတော်အဖြစ် သတ်မှတ်ခံရ၏။

ရမ္မာဝတီဆရာတော်သည် တိပိဋကဓရ ဖြစ်အောင် (၂၁) နှစ်တိုင်တိုင် ကြိုးစားခဲ့ရသည်မှာ မှတ်သားဖွယ်ရာ မှတ်တမ်းဖြစ်ပါသည်။

တိပိဋကဓရ ရမ္မာဝတီဆရာတော်သည် သာသနာရေးဆိုင်ရာ ကြိုးပမ်းမှုများကိုလည်း ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ မန္တလေးမြို့၊ မန္တလေးတောင်ခြေတွင် တိပိဋက ထိန်လင်း ပရိယတ္တိစာသင်တိုက်ကိုလည်း တည်ထောင်နိုင်ခဲ့၏။ ဓမ္မာစရိယ စာသင်သားများကို လက်ခံသင်ကြားပေးခဲ့၏။ ၎င်းအပြင် ရမ္မာဝတီဆရာတော်၏ သာသနာရေး ကြိုးပမ်းမှုများသည် ရန်ကုန်အထိ ကျယ်ပြန့်၏။ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်တွင်လည်း တိပိဋက ပုလဲရောင်ရှိန် စာသင်တိုက်ကို တည်ထောင်ခဲ့၏။ တိပိဋက စာသင်သားများအား လက်ခံသင်ကြားပေးခဲ့၏။ ဤသို့ဖြင့် တိပိဋကရောင်ရှိန်သည် ရမ္မာဝတီ ဆရာတော်၏ သာသနာရေးဆိုင်ရာ ကြိုးပမ်းမှုရောင်ရှိန်ပင် ဖြစ်တော့၏။

ရမ္မာဝတီဆရာတော်သည် ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ မန်ကျည်းကျွန်းရွာသားဖြစ်ကြောင်း ဆိုခဲ့ပြီး ဖြစ်၏။ မိမိ တိပိဋကဓရ ရမ္မာဝတီဆရာတော်ဟူ၍ ပေါ်ပေါက်ဖြစ်ထွန်းလာသောအခါ မိမိ၏စိတ်သည် အသွားအလာခက်ခဲနေသော ပင်လယ်ထဲက ကျွန်းကလေး မွေးဖွားရာ ဇာတိမြေကို သတိတရ ရှိလှ၏။ ကျေးဇူးဆပ်လိုလှ၏။ ထို့ကြောင့်လည်း တတ်စွမ်းသမျှ ကိုယ်ရောစိတ်ပါ အပင်ပန်းခံကာ ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

မိမိ၏ဇာတိရွာတွင် အခြေခံပညာ မူလတန်း၊ အလယ်တန်းကျောင်းများ ဖြစ်ပေါ်လာအောင် ဆောင်ရွက်ပေးခဲ့၏။ ကျောင်းအဆောက်အဦနှင့်တကွ ကျောင်းသုံးပစ္စည်းပစ္စယများ ထောက်ပံ့ဖြည့်ဆည်းပေးခဲ့၏။ ပညာရေးတိုးတက်မြင့်မားစေခဲ့၏။

မိမိ၏ဇာတိရွာတွင် ကျေးရွာဆေးရုံကြီးလည်း ဆောက်လုပ်လှူဒါန်းခဲ့၏။ဆေးရုံသုံးပစ္စည်းများ ထောက်ပံ့ ဖြည့်ဆည်းပေးခဲ့၏။ မိမိဇာတိ ရပ်ရွာလူထုအပေါင်းကျန်းမာရေးပြည့်စုံစေကြောင်း ဆောင်ရွက်ခဲ့၏။

'ရမ္မာဝတီ သဒ္ဓမ္မပါလ ပရိယတ္တိစာမေးပွဲအသင်း' ကို တည်ထောင်ပေးခဲ့၏။ စာမေးပွဲများလည်း ကျင်းပပေးခဲ့၏။ သာသနာရေးကို တိုးတက်မြင့်မားစေခဲ့၏။ ထိုအသင်းသည် ရမ်းဗြဲမြို့နယ်လုံးဆိုင်ရာ ဂိုဏ်းပေါင်းစုံ အမျိုးသားပရိယတ္တိစာမေးပွဲအသင်းဖြစ်၏။

မိမိ ရပ်ရွာအနီး စကုကျွန်းတွင်လည်း အရှည်ပေပေါင်း (၁၂၀) ရှိသော တံတားကြီးကိုလည်း ဆောက်လုပ်ခဲ့၏။ ထိုတံတားအမည်ကိုလည်း ရမ္မာဝတီ တိပိဋကရေကောင်းချောင်းတံတားဟုခေါ်ဝေါ်စေခဲ့၏။ ထိုက်ထိုက်တန်တန် အောင်အောင်မြင်မြင် လုပ်ဆောင်ချက်များ ဖြစ်ခဲ့ပါ၏။

ၚင်းအပြင် အောင်ချမ်းသာရွာထိပ်၌လည်း အရှည် (၅၄) ပေရှိ တံတားဆောက်လုပ်လှူဒါန်းခဲ့၏။ ထိုတံတားကို ရမ္မာဝတီတိပိဋက အောင်ချမ်းသာတံတားဟု ခေါ်ဆိုစေခဲ့၏။ ရာဇဝင် တွင်စေခဲ့၏။

ဤသို့ဖြင့် အသွားအလာ ခက်ခဲလှသော ပင်လယ်ထဲက ကျွန်းကလေးသည် ယခုအခါ များစွာတိုးတက်ပြောင်းလဲလာခဲ့ကြောင်း တွေ့ရှိရလေသည်။ ထိုသို့ဖြစ်အောင်လည်း ရမ္မာဝတီ တိပိဋကဓရ ဆရာတော်က အင်နှင့်အားနှင့်၊ ဇွဲနှင့်မာန်နှင့်၊ မေတ္တာနှင့်၊ စေတနာနှင့် သဒ္ဓါနှင့် ဆောင်ရွက်ခဲ့သောကြောင့် ဖြစ်သည်ဟု ဆိုလျှင် မှားလိမ့်မည် မဟုတ်ပါ။

၂၀၁၀ ဤသို့ဖြင့် (၂၀၁၀) ပြည့်နှစ်တွင်ကား တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့ တံဆိပ်တော်နှင့် ဓမ္မဘဏ္ဍာဂါရိကပုဂ္ဂိုလ်များ အဆောင်အယောင် အမှတ်သင်္ကေတ ဆင်စွယ်ယပ်ဝန်းတော်တို့ကို နိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းခဲ့ကြောင်း မှတ်တမ်းတင်ကြရပါသည်။

ဤသို့ဖြင့် ရခိုင်ပြည်နယ်က မထင်မရှား ကျေးရွာ ကလေးတစ်ရွာမှ ပေါ်ထွန်းလာခဲ့သော တိပိဋကဓရ အာဇာနည်တို့၏ ဘုန်းတန်ခိုး အရှိန်အဝါ အကျော်အစောသည် ယခုအခါ မြန်မာမက ကမ္ဘာအထိ လူသိများ ထင်ရှားကျော်ကြားနေပြီ ဖြစ်ပါသည်။

ရမ္မာဝတီ တိပိဋကဓရ ဆရာတော်နှင့် အင်တာဗျူးစကားသဖွယ် အောက်ပါစကား ကလေးတစ်ခုကို (သုတဗုဒ္ဓဝင်၊ စာ-၃၉၅ တွင်) တွေ့ရှိရပါသည်။

"တောင်ပေါ်တက်တဲ့ လူတိုင်းဟာ တစ်ယောက်နဲ့တစ်ယောက် မတူကြပါဘူး။ တချို့က မနားတမ်း တရစပ်တက်လို့ တောင်ပေါ်ရောက်တယ်။ သူ့မှာက အင်အားအပြည့်ရှိတယ်။ ပါရမီရှိတယ်။ တချို့က ဒီလောက်မြင့်တဲ့ တောင်ပေါ်ရောက်မှ ရောက်ပါ့မလား ဆိုတဲ့ သံသယနဲ့ နားနားပြီး တက်တယ်။ ဦးပဥ္စင်းက နံပါတ် (၂) စာရင်းဝင် ဖြစ်မယ် ထင်ပါတယ်။ ဘာပဲဖြစ်ဖြစ် တောင်ပေါ်ရောက်တဲ့အချိန်မှာ အမောပြေသွားတာပဲလေ" ဟူသော စကား ဖြစ်ပါသည်။

အဘယ်ကြောင့် မိမိသည် တိပိဋကဓရ သာသနာ့အာဇာနည် သူရဲကောင်း ဖြစ်ချင်ရပါသနည်း ဟူသော အဖြေကိုကား ရမ္မာဝတီဆရာတော်က ရိုးရိုးသားသား မြင့်မြင့်မြတ်မြတ် ဖြေဆိုခဲ့ပါသည်။

"သည်မျှ ခက်ခဲသော တိပိဋကဓရစာမေးပွဲကြီးကို အပင်ပန်းခံပြီး ဘာကြောင့် အားထုတ်နေကြပါသလဲ။ ဒီစာမေးပွဲအောင်ရင် မဖြစ်ဘူးလား ဟူသော မေးခွန်းကို ဗုဒ္ဓဘာသာ လေ့လာနေသူ ဂျပန်လူငယ်တစ်ယောက်က မေးခဲ့ဖူးတယ်။ မိမိက သာသနာပြုလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ချင်လို့ ဘုရားရှင်သာသနာတော်

ကို ဂုဏ်မြင့်စေချင်လို့ပါ" ဟူ၍ပင် ဖြေဆိုခဲ့ပါသည်။ ထိုစကားသည် ရိုးသားပါ၏။ မြင့်မြတ်ပါ၏။ ကြားရ၊ နာရသူတို့အဖို့ ကြည်ညိုဖွယ်ရာ ဖြစ်ပါပေ၏။

ကျမ်းကိုး။ မောင်သုတ၊ သုတဗုဒ္ဓဝင်၊ သုတဗုဒ္ဓ မည်ရထင်ရှား တိပိဋကဓရ ဆရာတော်များ၏ ဘဝ ဖြစ်တော်စဉ်၊ စာ-၃၈၉၊ ၃၉၀၊ ၃၉၁၊ ၃၉၂၊ ၃၉၃၊ ၃၉၄၊ ၃၉၅၊ ၃၉၆၊ ၃၉၇၊ ၃၉၈၊ ၃၉၉၊ ၄၀၀။

ထို တိပိဋကဓရ ဆရာတော်ကြီး သီတင်းသုံးတော်မူသောကျောင်းမှာ တိပိဋက ကျောင်းတော်၊ (၁၂) စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ဖြစ်ကြောင်း သိရှိရပါသည်။ သက်ရှိ ထင်ရှားဖြစ်သဖြင့် သွားရောက်ဖူးမြော်နိုင်ပါသည်။

(၂၀၁၀) ပြည့်နှစ်တွင် အောင်မြင်တော်မူသော တိပိဋကဓရ သာသနာ့အာဇာနည်

ဒွါဒသမ တိပိဋကဓရ စစ်ကိုင်းဆရာတော်ကြီး

# ဘဒ္ဒန္တအဘိဇာတာဘိဝံသ

(၁၉၆၇ ဖွား - ယခု သက်ရှိထင်ရှား)





(၅) နှစ် စာကျက်ရုံမျှဖြင့် ပိဋကတ် နှစ်ပုံအောင်မြင်ပြီး ဘွဲ့တံဆိပ်တော်ပေါင်း (၃၉) ဘွဲ့

ရရှိတော်မူသော ရဟန်းထူး

၂၀၀၇ (၂၀၀၇) ခုနှစ်၊ မေလ (၂၆) ရက်နေ့တွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေး ကုန်းမြေကြီးတွင်ရှိသော မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း၌ တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ အခမ်းအနားကြီး ခြိမ့်ခြိမ့်သဲသဲ လုပ်ဆောင်ကြလေသည်။

ထိုပွဲကြီးသည် (၅၉) ကြိမ်မြောက် တိပိဋကဓရ ပူဇော်ပွဲကြီးဖြစ်ကြောင်း သိရှိရပါသည်။ ထိုအခမ်းအနားတွင် တိပိဋကဓရ သာသနာ့အာဇာနည် ဆရာတော်အား နိုင်ငံတော်က တိပိဋကဓရ ဘွဲ့တံဆိပ်တော် လျှူဒါန်းဆက်ကပ်ခဲ့လေသည်။ ထိုစဉ်ကတည်းက သတိထားမိသောအချက်မှာ ထိုဆရာတော်သည် မြန်မာနိုင်ငံတော်ကြီး၏ (၁၂) ပါးမြောက် တိပိဋကဓရ ဆရာတော်ဖြစ်ကြောင်း သတင်းကောင်းဖြစ်ပါသည်။

ထိုဆရာတော်သည် စစ်ကိုင်းသားဖြစ်ကြောင်း၊ စစ်ကိုင်းသားတို့က ဂုဏ်ယူပြောဆိုကြ၏။ ယူလည်း ယူလောက်ပါပေသည်။ ထိုဆရာတော်၏ ဘွဲ့တော်မှာ ဘဒ္ဒန္တအဘိဇာတာဘိဝံသ ဟူ၍ ဖြစ်ပါသည်။ သို့သော်လည်း အခေါ်ရလွယ်အောင် အများက စစ်ကိုင်းဆရာတော်ဟူ၍ ကြည်ညိုစွာ ခေါ်ဝေါ်ကြပါသည်။

ကျွန်ုပ်သိရှိသလောက် ပြောပြရလျှင် ထိုဆရာတော်သည် ထိုအချိန်အထိ ဘွဲ့တံဆိပ်တော် (၃၉) ဘွဲ့ ဆွတ်ခူးရရှိပြီးသော ဆရာတော်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ထိုနေ့အထိ ထိုအရှင် အောင်မြင်ခဲ့သော စာမေးပွဲများမှာလည်း များပြားလှ၏။ ရရှိပြီးသော ဘွဲ့တံဆိပ်တော်များမှာလည်း များပြားလှ၏။ မှတ်မှတ်ရရအားဖြင့် ပေါင်းစုပြောဆိုရမည်ဆိုလျှင် ဓမ္မာစရိယဘွဲ့ (၉) ဘွဲ့ ရရှိခဲ့၏။ ပါဠိပါရဂူဘွဲ့ (၃) ဘွဲ့ ရရှိခဲ့၏။ ဝိဒူဘွဲ့ (၅) ဘွဲ့ ရရှိခဲ့၏။ မဟာဝိဒူဘွဲ့ (၅) ဘွဲ့ ရရှိခဲ့၏။ နိုင်ငံတော်အစိုးရ၏ တိပိဋကဆိုင်ရာဘွဲ့ (၁၈) ဘွဲ့ ရရှိခဲ့၏။ ယခု ပိဋကတ်သုံးပုံ အာဂုံဆောင် ရေးဖြေအောင် တိပိဋကဓရဘွဲ့ (၁) ဘွဲ့ ရရှိခဲ့၏။ အားလုံးပေါင်း ဘွဲ့တံဆိပ်တော်ပေါင်း (၃၉) ဘွဲ့ရှိကြောင်း ရေတွက်ရပါသည်။

ယခုအခါ ထိုဆရာတော်သည် စစ်ကိုင်းမြို့တွင်ပင် သီတင်းသုံးတော်မူကြောင်း သတင်းကောင်းများရရှိပါသည်။

ထိုဆရာတော် တိပိဋကဓရ ဖြစ်တော်မူချိန်တွင် သက်တော် (၄၁) နှစ်ရှိပြီးဖြစ်ပါသည်။ တိပိဋကဓရ စာမေးပွဲဝင်သက်တမ်းမှာ နှစ်ပေါင်း (၁၅) နှစ် ဖြစ်ပါသည်။ ဇွဲရှည်၊ စိတ်သန်၊ ချီတက်ခဲ့ရသော လမ်းကြောင်းကြီး ဖြစ်ပါသည်။ ဘဝတစ်ခု၏ မှတ်တိုင်ကြီးလည်း ဖြစ်ပါသည်။

အရှင်အဘိဇာတာဘိဝံသ၏ ထေရုပ္ပတ္တိကို ရှာကြံရာတွင် ပြည်မြို့နယ်လုံးဆိုင်ရာ တိပိဋကဓရ အရှင်မြတ်လေးပါးအား ပူဇော်ရေးအဖွဲ့မှ ထုတ်ဝေသော တိပိဋကဓရ သာသနာ့အာဇာနည်လေးပါး၏ ထေရုပ္ပတ္တိအကျဉ်းနှင့် ချီးကျူးပူဇော်ပွဲ မှတ်တမ်း၊ (၁၉၇၈) ခု၊ ဧပြီလ (၈) ရက်၊ စနေနေ့ စာအုပ်ပါးပါးကလေးကို ဦးစွာပထမ ဖတ်ရှုရ၍ ဝမ်းမြောက်ဝမ်းသာ ရှိမိပါသည်။ ထိုစာစောင်တွင် မပါခဲ့ပါ။ ထို့ကြောင့် ဆက်လက်ရှာဖွေရပြန်ပါသည်။ ၎င်းနောက် တိပိဋကဓရ ရွှေရတုစာစောင်တွင် လည်း မပါရှိပါ။ ထို့ကြောင့် ဆက်လက်ရှာဖွေရပြန်ပါသည်။ ထိုအခါ (၆၃) ကြိမ် မြောက် တိပိဋကဓရ ရွေးချယ်ပွဲတွင် အောင်မြင်တော်မူကြသော သာသနာ့ အာဇာနည် အရှင်သူမြတ်တို့၏ ထေရုပ္ပတ္တိများကို (၂၀၁၁) ခုနှစ်တွင် သာသနာ ရေးဦးစီးဌာနက ထုတ်ဝေခဲ့ရာ စာမျက်နှာ (၈) တွင် ထေရုပ္ပတ္တိ တစ်စိတ်တစ်ပိုင်း အညွှန်းကို တွေ့ရှိရပါသည်။ ထိုအညွှန်းကို အကြောင်းပြု၍ ဆက်လက်ရှာဖွေ ရပြန်ပါသည်။ ထိုအခါ ထို့ထက် ပြည့်ဝစုံလင်စွာ တွေ့ရှိရသည်မှာ မောင်သုတ စုစည်းပူဇော်သည့် သုတဗုဒ္ဓ မည်ရထင်ရှား တိပိဋကဓရ ဆရာတော်များ၏ ဘဝဖြစ်တော်စဉ်၊ သုတဗုဒ္ဓဝင် ဖြစ်၏။ ရန်ကုန်တက္ကသိုလ် အငြိမ်းစား ပါမောက္ခ ချုပ်၊ တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင်အေး ပြုစုရေးသားသည့် တိပိဋကဓရ သာသနာဝင် သမိုင်းမှတ်တမ်း သုတေသနကျမ်းသည်လည်း ကြီးစွာ သော အထောက်အပံ့ကို ပေးခဲ့ပါသည်။ ထိုစာအုပ်ကြီးကို (၂၀၀၆) ခုနှစ်၊ နိုဝင်ဘာလတွင် တက္ကသိုလ်များ ပုံနှိပ်တိုက်မှ ပထမအကြိမ် ရိုက်နှိပ်သည်ကို လေ့လာတွေ့ရှိရပါသည်။ ထိုစာအုပ်ကြီးတွင် ပါရှိသော အချက်အလက်များသည် မှတ်တမ်းဝင်၊ သမိုင်းဝင်၊ ဂန္ထဝင်မြောက် ခေတ်ပြိုင်မှတ်တမ်းများ ဖြစ်ပါသည်။ ထိုမှတ်တမ်းများကို ကောက်နုတ်လျက် အောက်ပါထေရုပ္ပတ္တိကို ရေးသားစီရင်ခြင်း ဖြစ်ပါသည်။

ထိုဆရာတော်မှာ ဆင်နင်းကျေးရွာသားဖြစ်၏ဟု ဆိုပါသည်။ ထိုဆင်နင်းကျေးရွာ သည် ဘယ်မှာရှိသလဲဟု စုံစမ်းသောအခါ ဝက်လက်မြို့နယ်တွင် ရှိသည်ဟု ဆိုပါ သည်။ ဤသို့ဆိုလျှင် ဝက်လက်မြို့နယ်သည် စစ်ကိုင်းတိုင်းဒေသကြီးက မြို့နယ် တစ်နယ်ပင် ဖြစ်ပါတော့သည်။

၁၉၆၈ ဆရာတော်၏ ဇာတိမှာ ဆင်နင်းရွာဇာတိဟု ဆိုခဲ့ပြီး ဖြစ်ပါသည်။ ဆရာတော် လောင်းလျာ၏ ခမည်းတော်မှာ ဦးတင်ရ ဖြစ်ပါ၏။ မယ်တော်မှာ ဒေါ်ညွန့်ခင် ဖြစ်ပါ၏။ ဖွားသက္ကရာဇ်မှာ (၁၉၆၈) ခုနှစ်၊ စက်တင်ဘာလ (၂၉) ရက် ဖြစ်ပါ၏။ မွေးနေ့မှာ တနင်္ဂနွေနေ့သား ဖြစ်ပါ၏။ မွေးချင်း (၇) ဦးရှိပါ၏။ တတိယမြောက် သား ဖြစ်ပါ၏။ ငယ်မည်မှာ မောင်အောင်မောင်းဟု ခေါ်ပါ၏။

၁၉၇၉ ဆရာတော် အသက် (၁၁) နှစ်သားအရွယ်တွင် ကိုရင်ဘဝသို့ ရောက်ခဲ့၏။ အတိအကျဆိုရလျှင် (၁၉၇၉) ခုနှစ်၊ နိုဝင်ဘာလ (၂၉) ရက်၊ ကြာသပတေးနေ့တွင် ဆင်နင်းကျေးရွာ၊ ဇမ္ဗူ့မင်္ဂလာရွှေရပ်သာကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့၏။ ကိုရင် ဘွဲ့တော်မှာ ရှင်အဘိဇာတ ဖြစ်၏။

၁၉၈၂ ထူးခြားချက်တစ်ခုမှာ (၁၄) နှစ်သား ကိုရင်ကလေးသည် (၁၉၈၂) ခုနှစ်တွင် ပထမငယ်တန်းလည်း အောင်ခဲ့၏။ သာမဏေသကျသီဟ စာမေးပွဲ ပထမဆင့်လည်း အောင်ခဲ့၏။

၁၉၈၃ (၁၉၈၃) ခုနှစ်၊ သက်တော် (၁၅) နှစ်တွင် ပထမလတ်တန်း အောင်မြင်ပြန်၏။

၁၉၈၄ (၁၉၈၄) ခုနှစ်၊ သက်တော် (၁၆) နှစ်တွင် ပထမကြီးတန်းနှင့် သာမဏေသကျသီဟ ဒုတိယဆင့် အောင်မြင်ပြန်၏။

၁၉၈၅ (၁၉၈၅) ခုနှစ်၊ သက်တော် (၁၇) နှစ်တွင် သာမဏေသကျသီဟ တတိယဆင့်ကို အောင်မြင်ပြန်၏။ ထို့ကြောင့်ပင် ပရိယတ္တိသာသနာလင်္ကာရ သာမဏေကျော်ဘွဲ့ ရရှိခဲ့၏။ ထို့ကြောင့်ပင် မူရင်းဘွဲ့တော် ရှင်အဘိဇာတသည် လင်္ကာရ ထပ်၍ ပေါင်းစပ်လိုက်ပြန်သဖြင့် ထိုကိုရင်ကလေး၏ ဘွဲ့တော်မှာ ရှင်အဘိဇာတာလင်္ကာရ ဖြစ်လာခဲ့လေသည်။

ထိုနှစ်မှာပင် နိုင်ငံတော်အစိုးရ ဓမ္မာစရိယ စာမေးပွဲတွင်လည်း ကျမ်းရင်းသုံးကျမ်း ပြီးစီး အောင်မြင်ခဲ့ပြန်၏။ သာသနဓဇ ဓမ္မာစရိယဘွဲ့ကိုလည်း ရရှိတော်မူခဲ့လေ၏။

၁၉၈၈ ကိုရင်ကလေး အသက် (၂၀) ပြည့်သောအခါ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့၏။ ထိုနေ့သည် (၁၉၈၈) ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်၊ တနင်္လာနေ့ဖြစ်၏။ ဝက်လက်မြို့၊ သီရိရပ်၊ ဓမ္မာရုံကျောင်း သာသနာဝိလာသသိမ်တော်၌ စစ်ကိုင်းမြို့၊ မဟာသုဘောဓာရုံ အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ဝက်လက်မြို့၊ ကြံခိုင်ရပ်၊ ဦးသန်းထွန်း၊ ဒေါ်ဟန်ညွန့် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ကြောင်း မှတ်တမ်းရှိပါသည်။

၁၉၈၈ (၁၉၈၈) ခုနှစ်တွင် အစိုးရဓမ္မာစရိယစာမေးပွဲ အင်္ဂုတ္တိုရ်၊ မြန်မာဂုဏ်ထူးဆောင်ကျမ်းကို ဖြေဆိုအောင်မြင်၏။ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ဘွဲ့ကိုရရှိတော်မူခဲ့၏။

၁၉၉၀ (၁၉၉၀) ခုနှစ်တွင် ပါစိတျာဒိပါဠိဂုဏ်ထူးဆောင်ကျမ်းကို ဖြေဆိုအောင်မြင်၏။ 'ဝိနယပါဠိပါရဂူ' ဘွဲ့ကို ရရှိတော်မူခဲ့၏။

၁၉၉၂ (၁၉၉၂) ခုနှစ်တွင် သုတ်မဟာဝါ ပါဠိဂုဏ်ထူးဆောင်ကျမ်းကို ဖြေဆိုအောင်မြင်၏။ 'ဒီဃနိကာယပါဠိပါရဂူ' ဘွဲ့များကို ရရှိတော်မူခဲ့၏။

၁၉၉၂ (၁၉၉၂) ခုနှစ်တွင် စေတိယင်္ဂဏစာချတန်း ပြီးစီးအောင်မြင်၏။ စေတီယင်္ဂဏ ပရိယတ္တိဓမ္မာစရိယ ဂဏဝါစက ဘွဲ့ကိုရတော်မူခဲ့၏။

၁၉၉၄ (၁၉၉၄) ခုနှစ်တွင် သက္ယ သီဟစာချတန်း ပြီးစီးအောင်မြင်ခဲ့၏။ ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယဘွဲ့ကို ရတော်မူခဲ့၏။

၁၉၉၅ ဤသို့ဖြင့် သက်တော် (၂၇) နှစ်အရွယ်သို့ ရောက်ရှိလာခဲ့လေသည်။ ထိုအချိန်တွင် တိပိဋကဓရ လမ်းကြောင်းပေါ်သို့ စတင်ရောက်ရှိသည်ဟု ဆိုနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် (၁၉၉၅) ခုနှစ်၊ တိပိဋကဓရ စာမေးပွဲတွင် စတင်ဝင်ရောက်ပြန်ဆိုခဲ့သောကြောင့် ဖြစ်ပါသည်။ အောင်လည်း အောင်မြင်ခဲ့ပါ၏။

၁၉၉၆ (၁၉၉၆) ခုနှစ်တွင်မူ ဝိနည်းနောက်ပိုင်းသုံးကျမ်းကို အာဂုံရော၊ ရေးဖြေပါ တစ်နှစ်တည်း ပူးတွဲအောင်မြင်ခဲ့ပြန်၏။ အလွန်ထူးခြားလှ၏။ တစ်နှစ်တည်း အောင်မြင်ခြင်း ဖြစ်၏။ တစ်ကြိမ်တည်း ဖြေ၊ တစ်ကြိမ်တည်း အောင်မြင်၏။ အလွန်ထူး၏။ သို့နှင့် ဝိနယဓရ ဝိနယကောဝိဒ ဘွဲ့ရရှိခဲ့၏။ စင်စစ်အားဖြင့် ပိဋကတ်တစ်ပုံအောင် ပုဂ္ဂိုလ်ထူးအဖြစ် မှတ်တမ်းတင်ခံရပေတော့သည်။

ဤသို့ဖြင့် မှတ်သားစရာမှာ အရှင်အဘိဇာတာဘိဝံသသည် ဝိနည်းပိဋကတ်တစ်ပုံကို (၃) နှစ်တည်းဖြင့် အပြီးဖြေဆိုနိုင်ခဲ့ခြင်း ဖြစ်သည်။ ထူးခြားသည်၊ မထူးခြားသည်ကို မိမိနှင့်နှိုင်း၍ စဉ်းစားလျှင် အဖြေပေါ်နိုင်ပါသည်။ ယခုနောက်ပိုင်းကာလတွင် အလွန်ထူးခြားသောဖြစ်ရပ်ဟု သတ်မှတ်နိုင်ပေသည်။

၁၉၉၈ (၁၉၉၈) ပြည့်နှစ်တွင်ကား သုတ္တန်ပိဋက ဒီဃနိကာယ်သုံးကျမ်းကို အာဂုံပြန်ဆိုအောင်မြင်ခဲ့ပြန်၏။ ထိုအချိန်တွင် သက်တော် (၃၀)မျှသာရှိသေး၏။ ဒီဃဘာဏက ဘွဲ့ရရှိခဲ့၏။

၁၉၉၉ (၁၉၉၉) ခုနှစ်တွင် ဒီဃနိကာယ်သုံးကျမ်း၏ သဘောရေးဖြေကို ဆက်လက်ဖြေဆိုအောင်မြင်ပြန်၏။ ဒီဃနိကာယကောဝိဒဘွဲ့ကို ရရှိပြန်၏။ ပိဋကတ်နှစ်ပုံအောင်

ပုဂ္ဂိုလ်ထူး ဖြစ်လေသည်။ ဤသို့ဖြင့် (၅) နှစ်အတွင်း ပိဋကတ်နှစ်ပုံ အောင်မြင်ခဲ့ကြောင်း မှတ်တိုင်အသစ် ထူနိုင်ခဲ့လေသည်။ အာဂပုဂ္ဂိုလ်ပင် ဖြစ်တော့၏။ ဘာမျှမကြာသော (၅) နှစ်ကာလအတွင်းမှာ သင်တို့၊ ကျွန်ုပ်တို့ ပိဋကတ် သုံးပုံ၊ နှစ်ပုံ အောင်အောင် ဖြေဆိုပါဆိုလျှင် ဘယ်သို့ဖြေရမည် မသိတော့ပါ။

၂၀၀၀ (၂၀၀၀) ပြည့်နှစ်တွင် အဘိဓမ္မာရှေ့ပိုင်းငါးကျမ်းကို အာဂုံဆောင်ပြန်၏။ ဤသို့ဖြင့် တိပိဋကဓရ စာမေးပွဲလောကတွင် (၆) နှစ်ဆက် အောင်မြင်ခြင်း ဖြစ်၏။ ထိုအချက်ကိုမှ ထူးခြားသည်ဟု မဆိုလျှင် ဘယ်အချက်ကို ထူးခြားသည်ဟု ဆိုရပါမည်နည်း။

၂၀၀၀ ထိုမျှမကသေး။ ထို (၂၀၀၀) ပြည့်နှစ်တွင်ပင် အစိုးရဓမ္မာစရိယစာမေးပွဲတွင်လည်း အောင်လိုက်သေးသည်။ အဘိဓမ္မာ ဝိဘင်္ဂဒိပါဠိဂုဏ်ထူးဆောင်ကျမ်းကိုလည်း ဖြေဆိုအောင်မြင်လိုက်ခြင်း ဖြစ်သည်။ ထို့ကြောင့် အဘိဓမ္မပါဠိပါရဂူ ဘွဲ့ကို ရခဲ့ပြန်၏။

အရှင်အဘိဇာတာဘိဝံသသည် ပိဋကတ်သုံးပုံ ပါဠိဂုဏ်ထူးဆောင် (၃) ကျမ်းကို ဖြေဆိုအောင်မြင်သဖြင့် တိပိဋကပါဠိပါရဂူ အရှင်မြတ် ဖြစ်ခဲ့၏။

၂၀၀၃ (၂၀၀၃) ခုနှစ်တွင် အဘိဓမ္မာရှေ့ပိုင်းငါးကျမ်း၏ သဘောရေးဖြေစာမေးပွဲကိုလည်း ဖြေဆို အောင်မြင်ပြန်၏။ ဤသို့ဖြင့် ပိဋကတ်နှစ်ပုံခွဲအောင် ပုဂ္ဂိုလ်ထူးအဖြစ်သို့ ရောက်ရှိသွားခဲ့၏။ ထိုအခါ အသက်က ဘာမျှမကြီးသေး။ (၃၅) နှစ်သာ ရှိသေး၏။

၂၀၀၃ အသက် (၃၅) နှစ်အရွယ်ဖြင့် ပိဋကတ်နှစ်ပုံခွဲ အောင်မြင်ပြီးသော ထို အရှင်အဘိဇာတာဘိဝံသသည် ကျန်ရှိနေသေးသော အဘိဓမ္မာနောက်ပိုင်း ယမိုက်-ပဋ္ဌာန်းကျမ်းကြီးများကို ကျက်မှတ်ပြန်ဆိုနိုင်ရန် ကြိုးစားလျက်ရှိသည်မှာ အံ့ဩစရာ မဟုတ်ချေ။

ထိုကိစ္စအတွက် မန္တလေးမြို့သို့ ရောက်တော်မူ၏။ ပဋ္ဌာန်း စာဝါလိုက်ခဲ့၏။ နည်းယူခဲ့၏။ ယမိုက်-ပဋ္ဌာန်းကျမ်းကြီးများကို ကျက်မှတ်ခဲ့၏။ ထိုစာသင်၊ စာချ အဓိပတိဆရာတော်ကြီးကား အခြားမဟုတ်။ ယခု ကျွန်ုပ်တို့၏ ဗန်းမော်ဆရာတော် ဝင်္ကသကာ ပါဠိသိရောမဏိ အဂ္ဂမဟာပဏ္ဍိတ ဗုဒ္ဓစာပေပါရဂူ ဘဒ္ဒန္တကုမာရာဘိဝံသ (ထေရဝါဒ ဗုဒ္ဓတက္ကသိုလ် ဒုတိယပါမောက္ခချုပ်၊ ယခု- နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ) ဖြစ်တော့၏။

၂၀၀၅ ကျက်မှတ်နေရင်း စာမေးပွဲများကိုလည်း ဖြေဆိုခဲ့ရာ (၂၀၀၅) ခုနှစ်တွင် ရန်ကုန် နိကာယ်အသင်း စာမေးပွဲ၌ ပဋ္ဌာန်းအထက်တန်းပိုင်းကျမ်းကြီးများကို ဖြေဆို အောင်မြင်ခဲ့သည်။ ဤရန်ကုန်နိကာယ်စာမေးပွဲသည် အစိုးရတိပိဋကဓရ စာမေးပွဲ ကြီးကို များစွာ အထောက်အကူပြုပေးသော စာမေးပွဲ ဖြစ်သော်လည်း စာမေးပွဲ ကျင်းပ၍ (၃၁) နှစ်ကြာသည်အထိ တိပိဋကဓရ ဘွဲ့ရသူဟူ၍ တစ်ပါးမျှ မပေါ် ထွက်ခဲ့ဖူးသေးပေ။

အစိုးရနိကာယ် စာမေးပွဲနှင့်တကွ မန္တလေး၊ မိုးကုတ်၊ ဘိုကလေး၊ ပဲခူး စသော နိကာယ်စာမေးပွဲများ၌လည်း တိပိဋကဓရဘွဲ့ရသူဟူ၍ တစ်ပါးမျှ မရှိခဲ့။ ယခု (၃၁) နှစ်မြောက် နှစ်တွင်မူကား အရှင်အဘိဇာတာဘိဝံသသည် အစိတ်အပိုင်း အားလုံးကို ဖြေဆိုအောင်မြင်ခဲ့သည်။ ထို့ကြောင့် နိကာယ်အသင်းကြီး၏ ပထမဦး ဆုံးသော တိပိဋကဓရဘွဲ့ထူးကို ဆွတ်ခူးရရှိတော်မူခဲ့သူဟု မှတ်တမ်းတွင် ဖတ်ရပါသည်။

၂၀၀၆ ထိုနှစ်တွင် တိပိဋကဓရစာမေးပွဲကြီး၌ အဘိဓမ္မာနောက်ပိုင်းကို ဝင်ရောက်ဖြေဆို သော်လည်း အောင်မြင်မှုမရခဲ့ပေ။ (၂၀၀၆) ခုနှစ် စာမေးပွဲတွင်ကား အောင်မြင် သဖြင့် အာဘိဓမ္မိကဘွဲ့နှင့် တိပိဋကဓရဘွဲ့များကို ရရှိတော်မူခဲ့၏။

၂၀၀၇/၂၀၀၈ (၂၀၀၇/၂၀၀၈) ခုနှစ်များတွင် ဝင်ရောက်ဖြေဆိုရာ မအောင်မြင်ခဲ့ချေ။

၂၀၀၉ (၂၀၀၉) ခုနှစ်စာမေးပွဲကြီးတွင်ကား အောင်မြင်တော်မူခဲ့၏။ အဘိဓမ္မကောဝိဒ ဘွဲ့ကို ရရှိ တော်မူ၏။

အရှင်အဘိဇာတာဘိဝံသသည် သင်ရိုးပိဋကတ်သုံးပုံကို အာဂုံဆော သဘော ရေးဖြေပါ အောင်မြင်တော်မူခဲ့၏။ တိပိဋကကောဝိဒဘွဲ့ တံဆိပ်တော်၊ အောင် လက်မှတ်တော်လည်း ရခဲ့၏။ အရိုးဝါ ကနက္ကဒဏ် ထီးဖြူတော်သုံးလက် တံဆိပ် ပါရှိသော သာသနာ့အောင်လံတော်လည်း ရခဲ့၏။ ကုန်း၊ ရေ၊ လေ အခမဲ့ အထက်တန်းခရီးသွားလက်မှတ်၊ လစဉ် ဆွမ်းဆန်တော် စသော အဆောင် အယောင်များကို အလှူခံရရှိတော်မူခဲ့၏။

သာသနာရေးဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုများမှာလည်း မှတ်သားလောက်ပါ၏။ ဆရာတော်သည် မွေးဇာတိရွာတွင် ပတ္တမြားရောင် စာကြည့်တိုက်ကို မ,တည် ဆောက်လုပ်လှူဒါန်းခဲ့၏။ ဇာတိရပ်ရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်းကို အလယ်တန်း ခွဲကျောင်းအဖြစ် ရောက်ရှိအောင် ကြိုးစားဆောင်ရွက်ပေးပြီး

ကျောင်းသုံးပရိဘောဂများ သင်ထောက်ကူပြုပစ္စည်းများ ဖြည့်ဆည်းပံ့ပိုးလှူဒါန်းခဲ့၏။ ရပ်ရွာတွင် ရေလျှံတွင်းရရှိအောင်လည်း ကြိုးစားဆောင်ရွက်ပေးတော်မူလေ၏။

နောင်လာနောက်သား မျိုးဆက်သစ် တိပိဋကဓရ သာသနာ့အာဇာနည်များ အတွက် လက်ဆောင်စကား ဓမ္မဒါနမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

"ဘုန်းကြီးအဖို့ စာကို တစ်နေ့တာလုံး အချိန်ယူပြီးကျက်ခဲ့ရတာ မဟုတ်ပါဘူး။ အချိန်ကို ကောက်သင်းကောက်သလို ရနိုင်သမျှ စုယူပြီး သွားရင်းလာရင်း လုပ်ရင်းကိုင်ရင်း ကျက်ခဲ့ရတာပါ။ ဒါကြောင့် တစ်နေ့ စာမျက်နှာပေါင်း ဘယ်လောက်ရတယ်လို့လည်း မမှတ်သားမိပါဘူး။ ရနိုင်သမျှအချိန်ကို စုယူရာမှာ တစ်နေ့ သုံးနာရီလောက် စာကျက်ချိန်ရပြီး ဝိနည်း-သုတ္တန်တို့လို ပိဋကမျိုးမှာ တစ်နေ့ (၁၀) မျက်နှာလောက် ရတယ်လို့ အောက်မေ့မိပါတယ်" ဟူ၍ လည်းကောင်း၊ "ပြဋ္ဌာန်းအာဂုံကျမ်းစာ ကျက်မှတ်လို့ မကုန်သေးမီ ကုန်အောင်သာ ဦးစားပေး ကျက်ပါတယ်။ နောက်စာအတွက် မလှည့်အားပါဘူး။ ပြဋ္ဌာန်းအာဂုံစာ ကျက်မှတ်မှု ကုန်ပြီးမှသာ နေ့စဉ် အချိန်တစ်နာရီခွဲလောက်ပေးပြီး မှန်မှန်ပြန်ဆိုရင်းနဲ့ ထိန်းသိမ်းခဲ့ပါတယ်။ ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာရှေ့ပိုင်း အာဂုံစာများကို ပြန်ဆိုရာမှာ ပျမ်းမျှ နှစ်ခေါက်ခန့်စီသာ ရှေ့နောက် ပလ္လင်ပေါက် ပြန်ဆိုခဲ့ရပါတယ်။ အဘိဓမ္မာနောက်ပိုင်းမှာတော့ သုံးနှစ်ပေါင်း တစ်အုပ်လျှင် ငါးခေါက်မျှ ပြန်ဆိုခဲ့ရပါတယ်" ဟူ၍ လည်းကောင်း၊ သုတဗုဒ္ဓဝင်၊ စာ-၄၁၂ တွင် မှတ်တမ်းတင်ထား၏။

တိပိဋကဓရဆရာတော်ကြီး (၁၂) ပါးအနက် (၄) ပါးမှာ ဘဝနတ်ထံ စံလွန်တော်မူသွားကြပြီဖြစ်၍ သက်တော်ထင်ရှား ဆရာတော် (၈) ပါးသာ ကျန်ရှိတော့၏။ သက်တော်ထင်ရှား တိပိဋကဓရဆရာတော် (၈) ပါးတို့အကြောင်းကို ဤသို့ ဆက်လက်သိရှိရပါသည်။

(၁) ယောဆရာတော် သည် ဗဟန်း မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ်၌ ပဓာနနာယက ဆရာတော်အဖြစ်ဖြင့် သာသနာပြုတော်မူနေသည်။

(၂) ရေစကြိုဆရာတော် သည် ရန်ကုန်၊ ဒဂုံမြို့သစ်အရှေ့ပိုင်း တိပိဋက မဟာဂန္ထဝင် နိကာယ်စာသင်တိုက်နှင့် မန္တလေး တိပိဋကသန္တာဝါသစာသင်တိုက်တို့၌ ပဓာနနာယကဆရာတော်အဖြစ်ဖြင့် သာသနာပြုတော်မူနေသည်။

(၃) မော်ကျွန်းဆရာတော် သည် ရန်ကုန်၊ ဒဂုံမြို့သစ်တောင်ပိုင်း ပိဋကတ်သုံးပုံ နိကာယ်စာသင်တိုက်၌ ပဓာနနာယကဆရာတော်အဖြစ်ဖြင့် သာသနာပြုတော်မူနေသည်။

(၄) မြင်းမူဆရာတော် သည် မင်းကွန်း၊ မိုးမိတ်ကုန်းမြေ၊ တိပိဋက နိကာယကျောင်းတိုက်၌ စံမံအုပ်ချုပ်မှု မဟာနာယကဆရာတော်အဖြစ်ဖြင့် သာသနာပြုတော်မူနေသည်။

(၅) မြင်းခြံဆရာတော် သည် မင်းကွန်း တိပိဋက ဓမ္မနာဒ ပရိယတ္တိစာသင်တိုက်၌ ပဓာန နာယကဆရာတော်အဖြစ်ဖြင့် သာသနာပြုတော်မူနေသည်။

(၆) စွန်းလွန်းဆရာတော် သည် သယ်န်းကျွန်း၊ စွန်းလွန်းဂူ ဝိပဿနာကျောင်းတိုက်၌ ပဓာနနာယကဆရာတော်အဖြစ်ဖြင့် သာသနာပြုတော်မူနေသည်။

(၇) ရမ္မာဝတီဆရာတော် သည် မန္တလေး တိပိဋက ထိန်လင်း ပရိယတ္တိစာသင်တိုက်နှင့် ရန်ကုန်၊ ပုလဲမြို့သစ်၊ တိပိဋက ပုလဲရောင်ရှိန် စာသင်တိုက်တို့၌ ပဓာန နာယကဆရာတော်အဖြစ်ဖြင့် သာသနာပြုတော်မူနေသည်။

(၈) စစ်ကိုင်းဆရာတော် သည် စစ်ကိုင်းမြို့ မဟာသုဗောဓာရုံကျောင်းတိုက်၌ တိုက်ကြပ်ဆရာတော်အဖြစ်ဖြင့် သာသနာပြုတော်မူနေသည်။ ထို တိပိဋကဓရ ဆရာတော်ကြီး သီတင်းသုံးတော်မူသောကျောင်းမှာ မဟာသုဗောဓာရုံကျောင်းတိုက်၊ စစ်ကိုင်းမြို့ဖြစ်ကြောင်း သိရှိရပါသည်။ သက်ရှိထင်ရှားဖြစ်သဖြင့် သွားရောက်ဖူးမြော်နိုင်ပါသည်။

> ကျမ်းကိုး။ မောင်သုတ၊ သုတဗုဒ္ဓဝင်၊ သုတဗုဒ္ဓ မည်ရထင်ရှား တိပိဋကဓရဆရာတော်များ၏ ဘဝဖြစ်တော်စဉ်၊ စာ-၄ဝ၃၊ ၄ဝ၄၊ ၄ဝ၅၊ ၄ဝ၆၊ ၄ဝ၇၊ ၄ဝ၈၊ ၄ဝ၉၊ ၄၁ဝ၊ ၄၁၁၊ ၄၁၂။ ၄၁၃၊ ၄၁၈၊ ၄၁၉၊ ၄၂ဝ။
> ၆၃-ကြိမ်မြောက်၊ တိပိဋကဓရ ရွေးချယ်ပွဲတွင် အောင်မြင်တော်မူကြသော သာသနာ့အာဇာနည် အရှင်သူမြတ်တို့၏ ထေရုပ္ပတ္တိများ။ ခရစ် (၂ဝ၁၁)၊ ကမ္ဘာအေးပုံနှိပ်တိုက်၊ စာ-၈။

(၂၀၁၂) ခုနှစ် ခေတ်သစ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌
ဦးစွာပထမ ပေါ်ထွက်အောင်မြင်တော်မူသော တိပိဋကဓရ သာသနာ့အာဇာနည်
တေဒသမ တိပိဋကဓရ

# ဘဒ္ဒန္တဣန္ဒာစရိယ

(၁၉၆၄ ခု ဖွား – ယခု သက်ရှိထင်ရှား)





စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်၊ မြူးတူးရွာဇာတိဖြစ်သောကြောင့်

ကျွန်ုပ်တို့က အလွန့်အလွန် လေးစားကြည်ညိုစွာဖြင့် ဘုတလင် တိပိဋကဓရ ဆရာတော်ဟု ပူဇော်အပ်သော

အရှင်ဣန္ဒာစရိယ

တိပိဋကကောဝိဒ ရေးဖြေစာမေးပွဲကြီးတွင် တိပိဋကကောဝိဒ တစ်ပါးကို အောင်စာရင်းတွင် တွေ့မြင်ရကြောင်းကို တော်ဝင်မြို့မစာအုပ်တိုက်မှ ကိုမိုး (အဋ္ဌာရသ မဂ္ဂဇင်း အယ်ဒီတာချုပ်) ထံမှ သတင်းထူးကို ကျွန်ုပ်တို့၏ သာသနာ့အလင်း ဂျာနယ် တာဝန်ခံအယ်ဒီတာကြီး မြေလတ်မြတ်သူက ဇမ္ဗူသီရိဗိမာန်သို့ သတင်းယူဆောင်လာခဲ့ပါသည်။ ထို့ကြောင့် သတင်းစာတွင် ကြည့်သောအခါ အမှန်တကယ်ပဲ အောင်စာရင်းကို တွေ့ရှိရသည်။ တိပိဋကကောဝိဒ ရေးဖြေစာမေးပွဲကြီး အောင်မြင်တော်မူသောကြောင့် တိပိဋကဓရ၊ တိပိဋကကောဝိဒတည်းဟူသော တိပိဋကသာသနာ့အာဇာနည် (၁) ပါး ပေါ်ထွန်းလာသဖြင့် မြန်မာ့သာသနာ့ဝင် သမိုင်းကြီးတွင် (၁၃) ပါးမြောက် တိပိဋကဓရ သာသနာ့အာဇာနည် အရှင်မြတ်တစ်ပါး ပေါ်ထွန်းလာခြင်း ဖြစ်သဖြင့် တော်ဝင်မြို့မ ကိုမိုးက ဝမ်းမြောက်ဝမ်းသာ သတင်းပို့ခြင်း ဖြစ်ပေလိမ့်မည်။

ကိုမိုး သတင်းပို့သည့်အတိုင်း လိုက်လံရှာဖွေရာ (၂၀၀၂) ခု၊ ဖေဖော်ဝါရီလ၊ (၁၀) ရက်၊ သောကြာနေ့ထုတ် ကြေးမုံသတင်းစာ၊ စာ-၂ တွင် အောင်စာရင်းကို တွေ့ရှိရပါသည်။ အောင်စာရင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

"(၆၄) ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲ သဘောရေးဖြေနှင့် အာဂုံပြန် အောင်စာရင်း
အဘိဓမ္မပိဋက၊ အဘိဓမ္မာ ဒုတိယပိုင်း နှစ်ကျမ်းသဘော ရေးဖြေအောင်
တိပိဋကကောဝိဒ (၁) ပါး
ပလ္လင်အမှတ် (၂၁၆) အရှင်ဣန္ဒာစရိယ၊ အသက် (၄၇) နှစ်၊ သိက္ခာ (၂၇) ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး ဟူ၍ ဖြစ်ပါသည်။"

အရှင်ဣန္ဒာစရိယ ဟူသော အရှင်မြတ်၏ အမည်စာရင်းကို ဤကျမ်းပြုသူသည် ဒေါက်တာတင်အောင်အေး၏ စာအုပ်တွင် တွေ့ခဲ့ဖူးသည်ဟု အမှတ်ထင်ထင် တွေးမိပါသည်။ ထို့ကြောင့်ပင်လျှင် သမိုင်းဝင်မှတ်တမ်း၊ သုတေသနကျမ်း တိပိဋကဓရ သာသနာ့ဝင်ကို ပြန်လည်ရှာဖွေရပါသည်။ ဆရာတင်အောင်အေး၏ စာအုပ်တွင် ပိဋကတ်သုံးပုံ အာဂုံဆောင် တိပိဋကဓရ ဘွဲ့တံဆိပ်တော်ရ ဆရာတော် စာရင်းကို စာမျက်နှာ (၁၇၀) ဇယား (က-၂) တွင် တွေ့ရှိရပါသည်။ တွေ့ရှိပုံမှာ ဤသို့ ဖြစ်ပါသည်။

အရှင်ဣန္ဒာစရိယ ဘုတလင်သည် အဘိဓမ္မပိဋကတော်ကို ဖြေဆိုရာတွင် (၁၉၉၉) ခုနှစ် (၅၂) ကြိမ်မြောက် စာမေးပွဲကြီးတွင် မူလအဘိဓမ္မစာမေးပွဲကို အောင်မြင်ခဲ့ကြောင်း တွေ့ရှိရ၏။ ၎င်းနောက် (၅၃) ကြိမ်မြောက် စာမေးပွဲကြီးကို (၂၀၀၀) ခုနှစ်တွင် ကျင်းပပြန်သောအခါ မူလ အဘိဓမ္မကောဝိဒ ဘွဲ့တံဆိပ်တော်ကို ဆွတ်ခူး ရရှိတော်မူကြောင်း တွေ့ရှိရပါသည်။ ၎င်းနောက် (၂၀၀၃) ခုနှစ်တွင် (၅၆) ကြိမ်မြောက် စာမေးပွဲကြီးကို ကျင်းပပြန်သောအခါ အာဘိဓမ္မိက ဘွဲ့တံဆိပ်တော်ကြီးကို ဆွတ်ခူးရရှိကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် အရှင်ဣန္ဒာစရိယသည် ထိုစဉ်က ဘွဲ့တံဆိပ်တော်ရစဉ်က သက်တော် (၃၉) နှစ်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ထိုစဉ်အခါက လိပ်စာမှာ အရှင်ဣန္ဒာစရိယ (ဘုတလင်) ပဋ္ဌာနတာရုံ၊ လောကမှန်ကင်းကျောင်းတိုက်၊ မန္တလေး။ တိပိဋကနိကာယ ကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်း။ တိပိဋကကျောင်းတော်၊ စကားဝါလမ်း၊ ဒဂုံမြို့နယ် ဟူ၍ တွေ့ရှိရပါသည်။

**ဖွားရာဇာတိနှင့် မွေးသက္ကရာဇ်**

အရှင်ဣန္ဒာစရိယသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်၊ မြူးတူးရွာ၊ ခမည်းတော် ဦးဘိုဟန်၊ မယ်တော် ဒေါ်မြို့ကြည်တို့မှ (၁၉၆၄) ခု၊ ဒီဇင်ဘာလ၊ (၂၇) ရက်၊ တနင်္ဂနွေနေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

**ဥပသမ္ပဒမင်္ဂလာ**

(၁၉၅၈) ခုဧပြီလ၊ (၁၁) ရက်၊ ကြာသပတေးနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ပဋ္ဌာနတာရုံကျောင်းဆရာတော် ဘဒ္ဒန္တနာဂဝံသ (အဂ္ဂမဟာပဏ္ဍိတ) ကို ဥပဇ္ဈာယ်ပြု၍ မန္တလေးမြို့၊ ဦးကျော်သန်း+ဒေါ်ငွေးတင် သားသမီးများ ဖြစ်ကြသော မကြိုင်ကြိုင်သန်း၊ မောင်ကျော်စိုးမိုး၊ မောင်ကျော်နိုင်မိုး၊ မောင်ကျော်စွာမိုး၊ မနေဇာသန်း (ဦးကျော်သန်းနှင့်သားများ ကားဘော်ဒီ) မိသားစု ၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

သယ်န်းကျွန်းမြို့နယ် ဦးကျော်လွင်+ဒေါ်စန်းစန်းငွေး (အတ်ဒီကော်ရေးရှင်း ကုမ္ပဏီ) မိသားစု။ တောင်ဥက္ကလာပမြို့ မိဘများကို အမှူးထား၍ ဒေါ်မြင့်ရီ၊ ဒေါ်အေးရီ၊ ဒေါ်မြင့်မြင့်ရွှေ၊ ဒေါ်ညွန့်ညွန့်ဝေ၊ ဦးမျိုးညွန့်၊ ဦးခင်မောင်သန်း၊

ဒေါ်ဥမ္မာကြည် မောင်နှမတစ်စု။ တောင်ဥက္ကလာပမြို့ ဦးစိုးဝင်း+ဒေါ်ရင်နု မိသားစု။ ကမာရွတ်မြို့ ဦးကြည်သိန်း+ဒေါ်သန်းညွန့် မိသားစု။ တာမွေမြို့၊ ဒေါ်အုန်းကြည် သမီး - ဒေါက်တာမိုးမိုးလွင် မိသားစု။ သယ်န်းကျွန်းမြို့ ဦးတင်ဝင်း +ဒေါ်ခင်နိုင်မိသားစု။ ကြည့်မြင်တိုင်မြို့၊ ဦးကျော်ဟိုး+ဒေါ်သင်းရီ (မိဘမေတ္တာ ဆေးဆိုင်) မိသားစု။ တောင်ဥက္ကလာပမြို့ ဦးသန်းလွင်+ဒေါ်မူမူရှိန် မိသားစု။ လသာမြို့၊ ဦးလှဝင်းနိုင်+ဒေါ်တင်တင်ခိုင် (စိန်ရွှေဖူး စိန်ရွှေရတနာရောင်းဝယ် ရေး) မိသားစု။ ရွှေဘိုမြို့၊ ဦးလှပေါ်+ဒေါ်နုနုအောင် (ကံသာဦးကံသာအောင် ဆန်စက်) မိသားစု။ ဘုတလင်မြို့၊ ဇီးကုန်းရွာ၊ ဦးထွန်းငြိမ်း+ဒေါ်ခင်ညိမ့် မိသားစု။ တောင်ငူမြို့၊ ဦးအက်ဒွက်စိန်+ဒေါ်ခင်မာအေး သား- မောင်တိုးပြည့်စိန် (စိန်ရွှေတိုး ရွှေဆိုင်) မိသားစု။ ဖြူးမြို့၊ ညောင်ပင်သာရွာ ဦးတင်စိုး+ဒေါ်သန်းစိန်၊ သမီး- မချိုချိုခိုင် (ချယ်ရီစတိုး) မိသားစု။ မရမ်းကုန်းမြို့၊ ဦးကျော်မြင့်+ဒေါ်တင်တင်အေး (ထိပ်တန်းမုန့်ဟင်းခါး) မိသားစု။ မန္တလေးမြို့၊ ဒေါ်ကြည်မိသားစု။ မန္တလေးမြို့၊ ဦးသန်းချောင်း+ဒေါ်မော်မော်ဦး မိသားစု။ သပိတ်ကျင်းမြို့၊ ဇရပ်ကွင်းရွာ၊ ကိုဝင်းထိုက်+မသန်းသန်းခိုင် (ရွှေပန်းထိမ်) မိသားစု။ တောင်ကြီးမြို့၊ သိပ္ပံလမ်း၊ ဒေါ်ချိုချို မိသားစု။ စဉ့်ကိုင်မြို့၊ ဦးမောင်မောင်+ဒေါ်ခင်ဆွေဝင်း (ရတနာလှိုင်) မိသားစု။ လားရှိုးမြို့၊ ဦးခင်စိုး+ဒေါ်သစ်သစ် မိသားစု။ မတ္တရာမြို့၊ ဦးချော+ ဒေါ်သောင်းကြည် (ရွှေဆိုင်) မိသားစု။ မန္တလေးမြို့၊ ဦးတင်စိုး+ဒေါ်ခင်မျိုးဝင်း မိသားစု။ မင်္ဂလာတောင်ညွန့်မြို့၊ ဦးအောင်ကြည်+ဒေါ်အုန်းခင် မိသားစု။ လမ်းမတော်မြို့၊ မအေးအေးသက် (မြတ်မွန်ရတနာ စိန်ရွှေရတနာရောင်းဝယ်ရေး) တို့မှလည်း သိက္ခာထပ်မင်္ဂလာ ပြုလုပ်ကြပါသည်။

**ကျေးဇူးရှင်ဆရာတော်ကြီးများ**

ကျေးဇူးရှင်ဆရာတော်ကြီးများ ဟူသော စာရင်းတွင် ဘုတလင်မြို့၊ သခွတ္တနယ် ရွာ၊ ကျောင်းကြီးကျောင်းဆရာတော် ဘဒ္ဒန္တဝဏ္ဏသိရီ ဟူ၍တွေ့ရ၏။ ၎င်းအပြင် မုံရွာမြို့၊ ပဋ္ဌာနတာရုံ ဆရာတော် ဘဒ္ဒန္တနာဂဝံသ (အဂ္ဂမဟာပဏ္ဍိတ) နှင့် စာချ ဆရာတော်များ မိုင်းလုံမြို့ သဒ္ဓမ္မဇောတိကျောင်း ဆရာတော် ဘဒ္ဒန္တဉာဏိဿရ ဟူ၍တွေ့ရ၏။ ၎င်းအပြင် စစ်ကိုင်းမြို့၊ ကြခင်း ပဋ္ဌာနတာရုံဆရာတော် ဘဒ္ဒန္တဝိသုတ ဟူ၍တွေ့ရ၏။ ၎င်းအပြင် ပုသိမ်ကြီးမြို့၊ မြကန်သာရွာ ဆရာတော် ဘဒ္ဒန္တစန္ဒသိရီ ဟူ၍တွေ့ရ၏။ ၎င်းအပြင် ဆပ်သွားမြို့၊ ဂန္ဓာရုံဘုံကျော်တောရ

ဆရာတော် ဘဒ္ဒန္တဝိလာသဟူ၍တွေ့ရ၏။ ၎င်းအပြင် (ဝိသိဋ္ဌတိပိဋကဓရ မဟာတိပိဋကကောဝိဒ၊ အဘိဓဇ မဟာရဋ္ဌဂုရု) ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဆရာတော်ဘုရားကြီးနှင့် မန္တလေးမြို့ ဗန်းမော်ကျောင်းဆရာတော် ဘဒ္ဒန္တကုမာရာဘိဝံသ (Ph.D) ဝဋ္ဋသကာ ပါဠိသိရောမဏိ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ နိုင်ငံတော်သံဃမဟာနာယကဥက္ကဋ္ဌ) ဆရာတော်ကြီးဟူ၍တွေ့ရ၏။ ဤသို့ဖြင့် ဘုတလင်တိပိဋကဓရ ဆရာတော်၏ ဆရာစဉ်ဆက်စာရင်းကို လေ့လာတွေ့ရှိရပါသည်။

**အောင်မြင်ခဲ့သော စာမေးပွဲများ**

တိပိဋကဓရ၊ တိပိဋကကောဝိဒတည်း ဟူသော တိပိဋကဓရ သာသနာ့အာဇာနည်ရဟန်းထူး ရဟန်းမြတ်၏ အောင်မြင်ခဲ့သော စာမေးပွဲများကို လေ့လာသောအခါ မှတ်တမ်းကို အောက်ပါအတိုင်း တွေ့ရှိရပါသည်။

၁၉၈၇ (၁၉၈၇) ခုနှစ် တိပိဋက စာမေးပွဲ၌ ဥဘတောဝိဘင်္ဂဓရဘွဲ့ ရရှိအောင်မြင်ခဲ့၏။

၁၉၈၉ (၁၉၈၉) ခုနှစ်တွင် ဝိနယဓရဘွဲ့ ရရှိအောင်မြင်ခဲ့၏။

၁၉၈၉ (၁၉၈၉)ခုနှစ်တွင် နိကာယဗ္ဗေတကဝိနယဓရ (ရန်ကုန် နိကာယ်) ဘွဲ့ ရရှိအောင်မြင်ခဲ့၏။

၁၉၉၃ (၁၉၉၃) ခုနှစ်တွင် ဝိနယဝိဒူဘွဲ့ ရရှိ အောင်မြင်ခဲ့၏။

၁၉၉၅ (၁၉၉၅) ခုနှစ်တွင် သာသနဓဇ ဓမ္မာစရိယဘွဲ့ ရရှိအောင်မြင်ခဲ့၏။

၁၉၉၅ (၁၉၉၅) ခုနှစ်တွင် ဥဘတောဝိဘင်္ဂကောဝိဒဘွဲ့ ရရှိအောင်မြင်ခဲ့၏။

၁၉၉၅ (၁၉၉၅) ခုနှစ်တွင် နိကာယဝုပိုသမိတိဝိနယကောဝိဒ (မိုးကုတ်နိကာယ်) ဘွဲ့ ရရှိ အောင်မြင်ခဲ့၏။

၁၉၉၅ (၁၉၉၅) ခုနှစ်တွင် မန္တလေးနိကာယ် ပရိယတ္တိသာသနာဟိတဝိနယဓရဘွဲ့ ရရှိအောင်မြင်ခဲ့၏။

၁၉၉၆ (၁၉၉၆) ခုနှစ်တွင် ရန်ကုန်နိကာယ် နိကာယဗ္ဗောတက ဝိနယဓရ ဓမ္မာစရိယဘွဲ့ ရရှိအောင်မြင်ခဲ့၏။

၁၉၉၇ (၁၉၉၇) ခုနှစ်တွင် အစိုးရတိပိဋက စာမေးပွဲ၌ ဝိနယကောဝိဒဘွဲ့ ရရှိအောင်မြင်ခဲ့၏။

၁၉၉၈ (၁၉၉၈)ခုနှစ်တွင် ဒီဃဘာဏကဘွဲ့ ရရှိအောင်မြင်ခဲ့၏။

၁၉၉၉ (၁၉၉၉) ခုနှစ်တွင် ဒီဃနိကာယကောဝိဒဘွဲ့ ရရှိအောင်မြင်ခဲ့၏။

၂၀၀၀ (၂၀၀၀) ပြည့်နှစ်တွင် မူလအာဘိဓမ္မိကဘွဲ့ ရရှိအောင်မြင်ခဲ့၏။

၂၀၀၁ (၂၀၀၁) ခုနှစ်တွင် မူလအဘိဓမ္မကောဝိဒဘွဲ့ ရရှိအောင်မြင်ခဲ့၏။

၂၀၀၄ (၂၀၀၄) ခုနှစ်တွင် တိပိဋကဓရဘွဲ့ ရရှိအောင်မြင်ခဲ့၏။

**အဘိဓမ္မကောဝိဒ ဘွဲ့တံဆိပ်တော်**

(၆၄) ကြိမ်မြောက် တိပိဋက ရွေးချယ်ရေးစာမေးပွဲတွင် အဘိဓမ္မပိဋက နောက်ပိုင်းနှစ်ကျမ်းသဘော ရေးဖြေပွဲကို ဖြေဆိုအောင်မြင်တော်မူသဖြင့် အဘိဓမ္မကောဝိဒ ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်တို့ကို ခံယူရရှိတော်မူကြောင်း သိရှိရပါသည်။

**တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်**

အရှင်ကုဏ္ဍလာစရိယသည် သင်ရိုးပိဋကသုံးပုံလုံး အာဂုံရော၊ သဘောရေးဖြေပါ အောင်မြင်တော်မူပြီးဖြစ်သဖြင့် ‘တိပိဋကဓရ တိပိဋကကောဝိဒ’ ဘွဲ့တံဆိပ်တော် အောင်လက်မှတ်တော်ကိုလည်း အပူဇော်ခံ ဆက်ကပ်လှူဒါန်းခြင်း ခံရမည်ဖြစ်ကြောင်း သိရှိရပါသည်။ ၎င်းအပြင် ဂုဏ်ထူးဆောင် အရိုးဝါကနက္ကဒဏ် ထီးဖြူတော် (၃) လက်တံဆိပ် ပါရှိသော သာသနာ့အောင်လံတော်များအပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရက ဆက်ကပ်လှူဒါန်းသော ကုန်း၊ ရေ၊ လေ သုံးဌာန အခမဲ့ အထက်တန်း ခရီးသွားလက်မှတ် (အဖော်နှစ်ဦး အပါအဝင်) လစဉ် ဆွမ်းဆန်တော် စသည်တို့ကို အလှူခံရရှိတော်မူမည်ဖြစ်ကြောင်း သိရှိရပါသည်။

**ခေတ်သစ်၏ ပထမဦးဆုံး တိပိဋကဓရ အာဇာနည်**

ခေတ်ပြောင်းခေတ်လွဲ ခေတ်သစ်ကာလကြီးဟု မြန်မာ့သမိုင်းတွင် မှတ်တမ်းတင်ရမည်ဖြစ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သမိုင်းဝင်၊ ဂန္ထဝင် မြောက် ပထမဦးဆုံး တိပိဋကအာဇာနည်အဖြစ် မှတ်တမ်းတင်ရမည် ဖြစ်ပါသည်။

# တော်ဝင်မြို့မစာအုပ်တိုက် မှရရှိနိုင်သောစာအုပ်များ

အမှတ်-၁၅၉၊ ၃၉လမ်း(လယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း-၃၈၈၆၂၃၊၃၇၉၂ ၃၈။

လင်းငြိုက်မောင်းဆုံး – ၁၀၀၀ကျပ်

| | | | |
|---|---|---|---|
| ၁။ | မဏိရေတနပတ္တပြားရတနာဂါထာတော် | ဘဒ္ဒန္တဝေပုလ္လ | ၄၀၀ |
| ၂။ | ဣန္ဒာသယ ငွေလာဘ်ခေါ် ယတြာအစီအရင် | ဘဒ္ဒန္တဝေပုလ္လ | ၅၀၀ |
| ၃။ | ဣန္ဒာသယ မဟာသိဒ္ဓိကျင့်စဉ် | ဘဒ္ဒန္တဝေပုလ္လ | ၅၀၀ |
| ၄။ | ရတနတ္တယ မဟာသိဒ္ဓိဂါထာမန္တာန်ကျမ်း | ဘဒ္ဒန္တဝေပုလ္လ | ၁၅၀၀ |
| ၅။ | သမ္ဗုဒ္ဓေဂါထာတော်အဖွင့်ကျမ်း | ဘဒ္ဒန္တဝေပုလ္လ | ၁၅၀၀ |
| ၆။ | မဟာသရဏဂုံအဖွင့်ကျမ်း | ဘဒ္ဒန္တဝေပုလ္လ | ၁၅၀၀ |
| ၇။ | သစ္စာအဓိဋ္ဌာန်ပညာအကျင့်လမ်း | ဘဒ္ဒန္တဝေပုလ္လ | ၁၅၀၀ |
| ၈။ | စကြဝဠာသိဒ္ဓိပေါက်ကျမ်း | ဘဒ္ဒန္တဝေပုလ္လ | ၁၅၀၀ |
| ၉။ | ကျန်းမာရေး ၁ သနအမြင် | ဘဒ္ဒန္တဝေပုလ္လ | ၁၅၀၀ |
| ၁၀။ | ဟိတသိဒ္ဓိပကာသနီကျမ်း (ပ) | ဘဒ္ဒန္တဝေပုလ္လ | ၁၅၀၀ |
| ၁၁။ | ဟိတသိဒ္ဓိပကာသနီကျမ်း (ဒု) | ဘဒ္ဒန္တဝေပုလ္လ | ၁၅၀၀ |
| ၁၂။ | မေတ္တာသိဒ္ဓိဘာဝနာကျမ်း | ဘဒ္ဒန္တဝေပုလ္လ | ၂၀၀၀ |
| ၁၃။ | ဝိဇ္ဇာဓရပကာသနီကျမ်း | ဘဒ္ဒန္တဝေပုလ္လ | ၃၀၀၀ |
| ၁၄။ | ဘဝဖြစ်စဉ်နှင့်ထေရုပ္ပတ္တိကထာ | ဘဒ္ဒန္တဝေပုလ္လ | ၃၀၀၀ |
| ၁၅။ | နှလုံးသားရွှေအိမ်၌မနေခဲ့တတ်ဘုရားတည်ဆောက်ခြင်း | ဘဒ္ဒန္တဝေပုလ္လ | ၁၅၀၀ |
| ၁၆။ | အရဟံ (၈၄၀၀၀) ကျင့်ဆောင်ပုံ | ဘဒ္ဒန္တဝေပုလ္လ | ၇၀၀ |
| ၁၇။ | ပဟာသုခဓနသိဒ္ဓိလာဘ်ဖွင့်မင်္ဂလာနှင့်အမင်္ဂလာကျမ်း | ဘဒ္ဒန္တဝေပုလ္လ | ၅၀၀ |
| ၁၈။ | မဟာအတိသုခယတြာကျမ်း | ဘဒ္ဒန္တဝေပုလ္လ | ၃၅၀၀ |
| ၁၉။ | ပြေလည်စေလိုလျှင် ပြည်ကိုလာလည်ပါလား | ဘဒ္ဒန္တဝေပုလ္လ | ၅၀၀ |
| ၂၀။ | သရဏဂုံအစွမ်းဂုဏ်တော်မှန်းလျှက် | ဘဒ္ဒန္တဝေပုလ္လ | ၂၀၀၀ |
| ၂၁။ | မဏိဇောတပတ္တမြားဂါထာတော်လေးပုဒ်၏သိဒ္ဓိဝင်ကျင့်စဉ် | ဘဒ္ဒန္တဝေပုလ္လ | ၁၅၀၀ |
| ၂၂။ | တည်ငြိမ်အေးချမ်းသောဘဝကျင့်စဉ် | ဘဒ္ဒန္တဝေပုလ္လ | ၈၀၀ |
| ၂၃။ | ဝိဇ္ဇာမဟိဒ္ဓိဂါထာကျင့်စဉ် | ဘဒ္ဒန္တဝေပုလ္လ | ၅၀၀ |
| ၂၄။ | သံဝေဂသတိ ဩဝါဒကထာ | ဘဒ္ဒန္တဝေပုလ္လ | ၁၀၀၀ |
| ၂၅။ | အန္တရာယ်ကင်းသိဒ္ဓိကြီးလေးပါးဂါထာများ | ဘဒ္ဒန္တဝေပုလ္လ | ၇၀၀ |
| ၂၆။ | ဆရာ့ခြေရာ | ဘဒ္ဒန္တဝေပုလ္လ | ၁၀၀၀ |
| ၂၇။ | ခင်ပွန်းကြီးဆယ်ပါး ပုဇော်ကျိုး နှင့်ပြစ်မှားကျိုး | သစ္စာဝါဒီဦးမြင့်အောင် | ၆၀၀ |
| ၂၈။ | ခင်ပွန်းကြီးဆယ်ပါး ကန်တော့ကျိုးနှင့်သစ္စာတိုင်ကျင့်စဉ် | သစ္စာဝါဒီဦးမြင့်အောင် | ၃၀၀ |
| ၂၉။ | ခင်ပွန်းကြီးဆယ်ပါးပုဇော်ကျိုး၊ပြစ်မှားကျိုး၊တောင်းပန်ကန်တော့ကျိုး၊<br>နှင့် ဇာတ်နိပါတ်ထုံးသက်သေဝတ္ထုသာဓကဖြစ်ရပ်များ | သစ္စာဝါဒီဦးမြင့်အောင် | ၂၀၀၀ |
| ၃၀။ | မြန်မာနိုင်ငံ ရဟန္တာနှင့်ရဟန်းထူးများ (ပထမတွဲ / ဒုတိယတွဲ) | မောင်ပန်းမွှေး | ၁၂၀၀၀ |
| ၃၁။ | ဝဋ္ဋသုတ်ပရိတ်တော်၏ ကိုယ်တွေ့အကျိုးဖြစ်ရပ်ထူးများ | တည်ကြည် | ၂၀၀၀ |
| ၃၂။ | ရှင်သီဝလိ လာဘ်မိုးရွာအစီအရင်ဂါထာများ | သစ္စာဝါဒီဦးမြင့်အောင် | ၅၀၀ |
| ၃၃။ | စူဠဝေဒလ္လနှင့်မဟာဝေဒလ္လမန္တန်တော် (ငါးနှစ်စာစန်းယှဉ်အစါတော်) | သစ္စာဝါဒီဦးမြင့်အောင် | ၈၀၀ |
| ၃၄။ | အရှင်ဥပဂုတ္တရဟန္တာကိုးကွယ်နည်းနှင့်ပရိတ်ဂါထာအစီအရင်များ | သစ္စာဝါဒီဦးမြင့်အောင် | ၈၀၀ |
| ၃၅။ | မြန်မာမျိုးရာရှေးဟောင်းရုပ်ပုံဟောဗေဒင်ပညာနှင့်ရုပ်တုယတြာ | သစ္စာဝါဒီဦးမြင့်အောင် | ၁၀၀၀ |
| ၃၆။ | မဟာတိကိစ္စကသမားတော်ကြီး၏လက်တွေ့ကုထုံးများ | အဌာရသဆရာသောင်း | ၁၅၀၀ |
| ၃၇။ | သုခသမ္ပတ္တိကျမ်း | ဘဒ္ဒန္တဝေပုလ္လ | ၁၅၀၀ |

အမှတ် ၂၈၂၁၈
ရက်စွဲ ...... ...... .... ....

ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးဖြစ်သော
စကားလုံးပေါင်း (၂၁)သန်း (၅)သိန်းကျော် (၂၁,၅၂၁,၈၁၉) ပါဝင်သည့်
ပိဋကတ်သုံးပုံ စာအုပ်ကြီးကို အာဂုံ–ရေးဖြေ အောင်မြင်တော်မူသောကြောင့်
ကမ္ဘာမှာ မရှိ – မြန်မာမှာသာရှိသည့် ရဟန်းထူး ရဟန်းမြတ်များကို
မှတ်တမ်းတင်ထားသည့်

မြန်မာနိုင်ငံ ပရိယတ္တိသာသနာဝင်

# တိပိဋကဓရ သာသနာ့အာဇာနည် ရဟန်းထူးများ

(၁) မင်းကွန်းဆရာတော်ကြီး ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ (၁၉၁၁ - ၁၉၉၃)
(၂) ပခုက္ကူဆရာတော်ကြီး ဘဒ္ဒန္တနေမိန္ဒ (၁၉၂၈ - ၁၉၉၁)
(၃) ပြည်ဆရာတော်ကြီး ဘဒ္ဒန္တကောသလ္လ (၁၉၂၇ - ၁၉၉၅)
(၄) မဟာဂန္ဓာရုံဆရာတော်ကြီး ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ (၁၉၄၆ - ၂၀၀၆)
(၅) ယောဆရာတော်ကြီး ဘဒ္ဒန္တသိရီန္ဒာဘိဝံသ (၁၉၄၃ - ဖွား)
(၆) ရေစကြိုဆရာတော်ကြီး ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ (၁၉၅၅ - ဖွား)
(၇) မော်ကျွန်းဆရာတော်ကြီး ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ (၁၉၆၄ - ဖွား)
(၈) မြင်းမူဆရာတော်ကြီး ဘဒ္ဒန္တဝံသပါလာလင်္ကာရ (၁၉၆၅ - ဖွား)
(၉) မြင်းခြံဆရာတော်ကြီး ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရ (၁၉၆၈ - ဖွား)
(၁၀) စွန်းလွန်းဆရာတော်ကြီး ဘဒ္ဒန္တသုန္ဒရ (၁၉၅၅ - ဖွား)
(၁၁) ရမ္မာဝတီဆရာတော်ကြီး ဘဒ္ဒန္တကုန္ဒပါလ (၁၉၆၀ - ဖွား)
(၁၂) စစ်ကိုင်းဆရာတော်ကြီး ဘဒ္ဒန္တအဘိဇာတာဘိဝံသ (၁၉၆၈ - ဖွား)
(၁၃) ဘုတလင်ဆရာတော်ကြီး ဘဒ္ဒန္တကုန္ဒာစရိယ (၁၉၆၄ - ဖွား)

Zaw Graphic Design - 09 5182377